# “ကျွန်ုပ်တို့ ရွာသားများ ပြောသည့် အသံ တစ်ခုတည်းဖြင့် ဘာများဖြစ်လာနိုင်မည်နည်း”

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာသိမ်းဆည်းမှုနှင့် ဒေသခံတို့ ၏တုံ့ပြန်မှုများ




KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# "ကျွန်ုပ်တို့ ရွာသားများ ပြောသည့် အသံ တစ်ခုတည်းဖြင့် ဘာများဖြစ်လာနိုင်မည်နည်း"

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာသိမ်းဆည်းမှုနှင့်ဒေသခံတို့ ၏တုံ့ပြန်မှုများ

ကရင်လူ့အခွင့်အရေးအဖွဲ့

ဇွန်လ၊ ၂၀၁၅ ခုနှစ်

# “ကျွန်ုပ်တို့ ရွာသားများ ပြောသည့် အသံ တစ်ခုတည်းဖြင့် ဘာများဖြစ်လာနိုင်မည်နည်း”

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာသိမ်းဆည်းမှုနှင့်ဒေသခံတို့၏တုန့်ပြန်မှုများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရေးသား ဖြန့်ဖြူးသည်။

KHRG #2015-01, ဇွန်လ၊ ၂၀၁၅

**Front cover photo:**
၂၀၁၄ခုနှစ် ဧပြီလ ၂၇ရက်တွင် (ကရင်ပြည်နယ် မြောက်ပိုင်း)၊ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ ရွာသူရွာသားများစုရုံးပြီး သောက်ရေခပ်မြစ်ပေါ်တွင် ဒုတိယရေကာတာတစ်ခု ထပ်မံ တည်ဆောက်ခြင်းအား ဆန့်ကျင်ဆန္ဒပြကြပြီး ၎င်းတို့အတွက် ပဲလဲဝါး တံတားအား ပြန်လည်တည်ဆောက်ပေးရန် တောင်းဆိုခဲ့ကြသည်။ သောက်ရေခပ်မြစ်တွင် ဆောက်လုပ်ခဲ့သော ပထမ ရေကာတာတစ်ခု ဖြစ်သည့် ထိုးဘိုရေကာတာကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပြီး ထိုရေလွှမ်းမိုးမှုကြောင့် ဒေသတွင်းရှိ လူထုများ နေရာပြောင်းရွှေ့ခဲ့ရပြီး မြေယာပျက်စီးမှုများ ကြီးကြီးမားမားဖြစ်ပေါ်ခဲ့သည်။ ထိုကဲ့သို့ ထိုးဘိုရေကာတာ၏ ရေကြီးခြင်းကြောင့် ဘောဂလီ ဒေသရှိ ရွာသူရွာသားများ၏ သွားလာရေးအတွက် အသုံးများသည့် ပဲလဲဝါးတံတားသည်လည်း ပျက်စီး၍ ဒေသတွင်းနေထိုင်သော လူထုများ သွားလာရန်အတွက် အခက်အခဲဖြစ်စေပါသည်။ [ပုံ-KHRG]

**Back cover photo:**
ဤပုံကို ၂၀၁၃ ခုနှစ် ဧပြီလ ၂၇ ရက်၌ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း ဒွယ်လိုးမြို့နယ်၊ မ--- ကျေးရွာအနီးတွင် ရိုက်ယူခဲ့သည်။ ပုံမှာ ရွှေတူးဖော်ရေး လုပ်ငန်းကြောင့် အကျိုးဆက်အနေဖြင့် ကြီးမားကျယ်ပြန့်စွာ ထိခိုက်ပျက်စီးသွားသည့် သဘာဝ ပတ်ဝန်းကျင်ကို ပြသော ပုံဖြစ်သည်။ [ပုံ-KHRG]

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG) သည် လွတ်လပ်သောအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့တွေ့ကြုံခံစားနေရသော အဖြစ်အပျက်များနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို စုစည်းမှတ်တမ်းယူနိုင်စေရန် သင်တန်းပို့ချခြင်းနှင့် လိုအပ်သည့် အထောက်ကူပစ္စည်းများ ပံ့ပိုးပေးလျက်ရှိသည်။ ထို့အပြင် ရရှိသည့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကို ကာကွယ်လျက်ရှိသည့် ရွာသားများ၏ နည်းဗျူဟာများ ပိုမိုကောင်းမွန်စေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများ လုပ်ခြင်းဖြင့် မြန်မာပြည်ရှိ လူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက် ကောင်းမွန်လာစေရန် ကြိုးပမ်းလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းများကို အသေးစိတ်သိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါသည်။

ဤအစီရင်ခံစာကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ထုတ်ဝေပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ မူပိုင်ဖြစ်ပါသည်။ အစီရင်ခံစာတွင် ပါရှိသော အကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက် မဟုတ်ဘဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင် ဖော်ပြလိုပါက ထပ်မံကူးယူအသုံးပြု၊ ဖြန့်ဖြူးနိုင်ပါသည်။ သို့သော် စီးပွားရေးအကျိုးအမြတ်အတွက် ပုံနှိပ်ထုတ်ဝေလိုပါက ကရင်လူ့အခွင့်အရေးအဖွဲ့ထံမှ ခွင့်ပြုချက်ရယူရန် လိုအပ်ပါသည်။

**ဤစာအုပ်သည်ရောင်းရန်မဟုတ်ပါ။**

# စကားဦး

မြန်မာပြည် အရှေ့တောင်ပိုင်း ကရင်ဒေသရှိ ရွာသူ ရွာသားများ၏ လယ်ယာမြေများသည် မြေယာသိမ်းယူသူ အမျိုးမျိုး၏ သိမ်းယူခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ ဤမြေယာသိမ်းမှု အများစုသည် မြန်မာအစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံးကေအဲန်ယူ တို့အကြား အပစ်ခတ်ရပ်စဲရေးမူကြမ်း သဘောတူညီမှု လက်မှတ်ရေးထိုးပြီးသည့် ၂၀၁၂ခုနှစ် ဇန်နဝါရီလ မှစတင်၍ မြန်မာပြည် အရှေ့တောင်ပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ လျှင်မြန်စွာ ကြီးမားများပြားလာမှုကြောင့် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ၏ ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေသည့် [Losing Ground] "ရပ်တည်ရာပျောက်ဆုံးခြင်း" ခေါင်းစဉ် အမည်ရှိ ပထမ အစီရင်ခံစာတွင် အစီရင်ခံစာပြုစုသည့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ မှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ကြားကာလအတွင်း မြေယာသိမ်းဆည်းခြင်း အကြောင်းကို သတင်းမှတ်တမ်း ပြုစုခဲ့ပြီး ဖြစ်ပါသည်။ ဤ **"ကျွန်ုပ်တို့ ရွာသားများ ပြောသည့် အသံ တစ်ခုတည်းဖြင့် ဘာများဖြစ်လာနိုင်မည်နည်း"** ဟူသည့် အစီရင်ခံစာတွင်မူ ယခင် ထုတ်ဝေခဲ့သည့် အစီရင်ခံစာတွင် တွေ့ရှိရသည့်အတိုင်း ဆက်လက်ဖြစ်ပွားလျက်ရှိသော မြေယာသိမ်းဆည်းမှုပုံစံများအပြင် မြေယာပဋိပက္ခနှင့် ပတ်သက်သည့် ပုံစံသစ်များကိုပါ ဖော်ပြထားခြင်းဖြစ်ပါသည်။

ဤအစီရင်ခံစာသည် ဒေသခံများ၏ လူ့အခွင့်အရေး အခြေအနေကို စောင့်ကြည့်ရန် လေ့ကျင့်သင်ကြား ပေးထားသော ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလုပ်သားများထံမှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ အထိ ရရှိထားသော အစီရင်ခံစာမူကြမ်း ၄၈၄ စောင်မှ ၁၂၆စောင် အား ရယူတင်ပြထားခြင်း ဖြစ်ပါသည်။ ကွဲပြားသော မြေယာသိမ်းဆည်းခြင်း အကြောင်းအရင်းများမှ မြေယာအသုံးပြုခြင်း အမျိုးအစား၊ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ကွင်းဆင်း လေ့လာမှု ပြုလုပ်သော နယ်မြေ ၇ခု၊ ပါဝင်ပါတ်သက်ခဲ့သော မြေယာ သိမ်းဆည်းသူများ၊ နစ်နာမှုလျော်ကြေးနှင့် အသိပေး တိုင်ပင်ဆွေးနွေးမှု ရှိခြင်း/ မရှိခြင်း၊ မြေယာ သိမ်းဆည်းမှုကြောင့် ဒေသခံများအပေါ် အကျိုးသက်ရောက်မှုများ စသည်ဖြင့် စီစစ် စိတ်ဖြာထားပြီး ဤအစီရင်ခံစာတွင် ပြုစုတင်ပြထားခြင်းပင် ဖြစ်ပါသည်။ ထို့ပြင် ဤအစီရင်ခံစာတွင် ဒေသခံတို့၏ မြေယာသိမ်းဆည်းခြင်းအပေါ် တုန့်ပြန်မှုများ၊ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ဒေသခံ လူမှုအသိုင်းအဝိုင်းနှင့် တစ်ဦးချင်းဆီမှ အသုံးပြုနှင့်ပြီးသော နည်းဗျူဟာများနှင့် ထိုကဲ့သို့ ၎င်းတို့၏ ကိုယ်ပိုင် အခွင့်အရေးအား ကြိုးစားပြီး ကာကွယ်နေချိန်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အဟန့်အတားများ စသည်အားဖြင့် မီးမောင်းထိုးပြရန် အချက်အလက်များ ရှာဖွေထောက်ပြထားပါသည်။

ဤအစီရင်ခံစာသည် ဒေသခံတို့၏ အမြင်ရှုထောင့်နှင့် ရွာသူရွာသားများ၏ အသံများကို ဦးစားပေး ဖော်ပြထားပါသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းမှာ မြန်မာပြည် အရှေ့တောင်ဘက်ရှိ ဒေသခံ လူထုများ ရင်ဆိုင်ကြုံတွေ့နေရသည့် အတွေ့ အကြုံနှင့် ပူပင်သောကများအတွက် ဒေသခံအဖွဲ့အစည်းများ၊ အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ မြေယာမူဝါဒများ ရေးဆွဲရာတွင်လည်းကောင်း၊ စနစ်တကျ ဆွဲထားသည့်

စီမံကိန်းဆိုးဖြတ်ချက်များ ပြုလုပ်သည့်အခါတွင်လည်းကောင်း ပိုမိုထိရောက်စွာ အကျိုးသက်ရောက်မှု ပြုစေရန် ရည်ရွယ်ပါသည်။

# မာတိကာ

**စကားဦး ........................................................................................ ၁**

မာတိကာ ........................................................................................ ၃

မြေပုံ (၁) ဒေသနေရာများသတ်မှတ်ထားသောကရင်ပြည်နယ် နှင့်
မြန်မာအစိုးရသတ်မှတ်ထားသောကရင်ပြည်နယ် ........................................ ၅

အသုံးပြုထားသော ဝေါဟာရများနှင့် အတိုကောက် အသုံးအနှုန်းများ ........................ ၆

အဓိကကျသောအချက်အလက်များအကျဉ်းချုပ် ........................................... ၉

အဓိကတွေ့ရှိချက်များ.............................................................................. ၁၃

အကြံပြုတင်ပြချက်များ........................................................................... ၁၅

**အခန်း I. နိဒါန်း.................................................................................. ၁၈**

အစီရင်ခံစာပြုစုပုံ နည်းစနစ် .................................................................... ၂၂

လက်ရှိမြန်မာနိုင်ငံအခြေအနေ ................................................................... ၃၁

**အခန်း II. မြေယာအသုံးပြုပုံများ ........................................................... ၃၅**

[က] အခြေခံအဆောက်အအုံဆောက်လုပ်ခြင်း ................................................ ၃၅

အဓိကရှာဖွေတွေ့ရှိချက်များ ............................................................... ၃၅

မြေပုံ (၂) လမ်းဆောက်လုပ်ခြင်း............................................................. ၃၉

မြေပုံ (၃) ဟတ်ကြီးရေကာတာကြောင့်ရေလွှမ်းမိုးမှုခံရနိုင်သည့်နေရာများ .................. ၄၃

ဓါတ်ပုံများ .................................................................................... ၄၉

[ခ] သဘာဝသယံဇာတ တူးဖော်ခြင်းလုပ်ငန်းများ ........................................... ၅၁

အဓိကရှာဖွေတွေ့ရှိချက်များ ............................................................... ၅၁

မြေပုံ (၄) မှတ်တမ်းတင်ထားသောရွှေတူးဖေါ်သည့်နေရာများ.................................. ၅၇

ဓါတ်ပုံများ .................................................................................... ၇၃

[ဂ] စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ ........................................................................ ၇၇
အဓိကရှာဖွေတွေ့ရှိချက်များ ........................................................................ ၇၇
မြေပုံ (၅) ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ ........................................................................ ၈၇
ခါတ်ပုံများ ........................................................................ ၁၀၁
[ဃ] စစ်ဘက်ဆိုင်ရာအသုံးပြုရန်အတွက်မြေယာသိမ်းဆည်းခြင်း ........................................ ၁၀၃
အဓိကရှာဖွေတွေ့ရှိချက်များ ........................................................................ ၁၀၃
ခါတ်ပုံများ ........................................................................ ၁၁၆
**အခန်း III. ရွာသားများ၏တုံ့ပြန်မှု နည်းဗျူဟာများ........................................................................ ၁၁၉**
အဓိကရှာဖွေတွေ့ရှိချက်များ ........................................................................ ၁၂၀
ခါတ်ပုံများ ........................................................................ ၁၃၆




မြေပုံ(၁) ဒေသခံများ သတ်မှတ်ထားသောကရင်ပြည်နယ်နှင့် မြန်မာအစိုးရသတ်မှတ်ထားသောကရင်ပြည်နယ်

# အသုံးပြုထားသော ဝေါဟာရများနှင့် အတိုကောက် အသုံးအနှုန်းများ

| | |
|---|---|
| ADB | အာရှဖွံ့ဖြိုးရေးဘဏ် |
| AHN | အာရှလမ်းမကြီး ကွန်ယက် |
| AHRD | အာရှ လူ့အခွင့်အရေးကြေငြာစာတမ်း |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအစည်းအရုံး |
| BEWG | မြန်မာ့သဘာဝပတ်ဝန်းကျင်အလုပ်အဖွဲ့ |
| BGF | နယ်ခြားစောင့်တပ်ဖွဲ့ |
| CBO | လူထု အခြေပြုအဖွဲ့အစည်း |
| CFC | ဘုံပိုင်သစ်တော လက်မှတ်အထောက်အထား |
| DDA | ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအရုံး |
| DKBA | ဒီမိုကရက်တစ် ကရင်အကျိုးပြု တပ်မတော် |
| EAG | တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ |
| EIA | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ |
| FD | သစ်တောဌာန |
| FPIC | လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူခွင့်ပြုချက် |
| FSWG | စားနပ်ရိက္ခာဖူလုံမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ |
| HRW | လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ |
| IDP | ပြည်တွင်းစစ်ပြေးဒုက္ခသည်များ |
| ILO | အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ |
| KHRG | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KNLA | ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် |
| KNLA/KNU-PC | ငြိမ်းချမ်းရေးကောင်စီ |
| KNU | ကရင် အမျိုးသားအစည်းအရုံး |
| KPF | ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ |
| LCG | မြေယာ ဗဟိုဌာန |
| LIB | တပ်မတော် ခြေမြန်တပ်ရင်း |
| LID | တပ်မတော် ခြေမြန်တပ်မ |
| LUC | တရားဝင်မြေအသုံးပြုမှု အထောက်အထားလက်မှတ် |
| MNHRC | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် |
| MoAI | စိုက်ပျိုးရေး စီမံကိန်း ဦးစီးဌာန |
| MoF | မြန်မာ့သစ်တောဝန်ကြီးဌာန |
| MOU | နားလည်မှုစာချွန်လွှာ |
| MTE | မြန်မာ့သစ်လုပ်ငန်း |
| NCCT | တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| NLUP | အမျိုးသားမြေယာအသုံးပြုမှု မူဝါဒ |

| | |
|---|---|
| NRE | သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်မှု |
| SLRD | ကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာန |
| SPDC | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| TNI | Transnational Institute |
| UDHR | တစ်ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေငြာ စာတမ်း |
| UNDRIP | ကုလသမဂ္ဂ ဒေသခံတိုင်းရင်းသားလူမျိုးများ အခွင့်အရေး ဆိုင်ရာ ကြေငြာစာတမ်း |
| UPWC | ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(EAG)**
ပြည်တွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့များ ကိုဆိုလိုပြီး၊ ဤအစီရင်ခံစာတွင် အမျိုးသားရေးနှင့် ပတ်သတ်၍ နက်နက်နဲနဲ ခံယူးထားသောလက်နက်ကိုင်တပ်ဖွဲ့များ ဟုဖော်ပြရာတွင်၊ DKBA ၊ KNU/KLNA ၊ KNU/KNLA-PC ၊ နှင့် KPF တို့ကိုဆိုလိုသည်။

**လက်နက်ကိုင်အာဏာပိုင်များ**
လက်နက်ကိုင်အာဏာပိုင်များအားလုံးကိုဆိုလိုပြီး၊ မြန်မာ့လုံခြုံရေးတပ်များ (တပ်မတော်နှင့် ကရင်နယ်ခြား စောင့်တပ်) ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်သူ့စစ်တို့ပါဝင်သည်။

**နယ်ခြားစောင့်တပ်များ (BGFs)**
နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် (၁၀၁၁) မှ တပ်ရင်း အမှတ် (၁၀၂၃) အထိကိုဆိုလိုခြင်းဖြစ်ပြီး DKBA နှင့် BGF တို့၏ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ နယ်ခြားစောင့်တပ် BGF ဖွဲ့စည်းမှု အစီအစဉ်သည် ၂၀၀၉ မှစ၍စတင်ခဲ့ခြင်းဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား မြန်မာအစိုးရ၏ အုပ်ထိန်းမှု အောက်တွင်ထားရှိရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAG) ၏ အဖွဲ့ဝင်များဖြင့် တပ်ရင်း (၁၀) ခုကို ကရင်နီ၊ ကချင်၊ နှင့် ရှမ်းပြည်နယ်များ၌ ၂၀၀၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး တပ်ရင်း (၁၃) ခုကို ယခင်က ကရင်တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဝင်များဖြင့် ၂၀၁၀ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့သည်။

**ငွေကြေးနှင့်အတိုင်းအတာများ**

| | |
|---|---|
| ဘတ် | ထိုင်းနိုင်ငံသုံးငွေကြေး။ အမေရိကန် ၁ ဒေါ်လာလျှင်စျေးကွက်ပေါက်စျေး အရထိုင်းဘတ်ငွေ ၃၃ ဘတ်နှင့် အနီးစပ်ဆုံးညီမျှသည်။ (မေလ ၂၀၁၅ခုနှစ်) |
| တင်း | စပါးဆန်နှင့်အစေ့များကိုချိန်တွယ်ရာတွင်အသုံးပြုသောထုထည်တိုင်း ယူနစ်။ စပါးတစ်တင်းလျှင် အလေးချိန်၂၀.၉ ကီလိုဂရမ်/ ၄၆.၀၈ ပေါင် နှင့်ညီမျှသည်။ဆန်တစ်တင်းလျှင် အလေးချိန် ၃၂ ကီလိုဂရမ်/ ၇၀.၄ ပေါင် နှင့်ညီမျှသည်။ |

| | |
|---|---|
| တစ်ခွဲ | စပါးဆန်နှင့် အစေ့များကို ချိန်တွယ်ရာတွင်အသုံးပြုသောထုထည်တိုင်း ယူနစ်။ စပါးတစ်ခွဲလျှင် အလေးချိန်၁၀.၄၅ ကီလိုဂရမ်/ ၂၃.၀၄ ပေါင် နှင့်ညီမျှသည်။ ဆန်တစ်တင်းလျှင် အလေးချိန် ၁၆ ကီလိုဂရမ်/ ၃၅.၂ ပေါင် နှင့်ညီမျှသည်။ |
| ကျပ် | မြန်မာနိုင်ငံသုံးငွေကြေး။ အမေရိကန် ၁ ဒေါ်လာလျှင် ဈေးကွက်ပေါက်ဈေး အရမြန်မာငွေ ၁၀၉၃ ကျပ် နှင့်အနီးစပ်ဆုံး ညီမျှသည်။ (မေလ ၂၀၁၅ခုနှစ်) |
| ပိဿာ | အလေးချိန်တိုင်းတာသည့် စံယူနစ်၊ တစ် ပိဿာ လျှင် ၁.၆ ကီလိုဂရမ်/ ၃.၅ ပေါင်နှင့် ညီမျှသည်။ |

**ကရင်ဘာသာစကားအသုံးအနှုန်းများ**

| | |
|---|---|
| ဂါဒါး | မိမိတို့ရပ်ရွာကိုမိမိတို့ကိုယ်တိုင်ကာကွယ်စောင့်ရှောက်ရန်ဒေသခံ ရွာသားများစုစည်းပြီးဖွဲ့စည်းထားသောကျေးရွာစောင့်အုပ်စုများ။<br>KNLAတပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုရှိနိုင်သော်လည်း ၎င်းတို့၏ တိုက်ရိုက် အမိန့်ပေးမှုအောက်တွင် မရှိပေ။ |
| နော် | စကောကရင် အမျိုးသမီးများ၏ နာမည်ရှေ့တွင် ခေါ်ဝေါ်သုံးစွဲ သော အသုံးအနှုန်း။ |
| သရာ/သရာမူ | ဆရာ/ဆရာမ။ အမျိုးသား သို့မဟုတ် အမျိုးသမီးကို လေးစားသမှု ဖြင့်ခေါ်သောအသုံး။ |
| စော | စကောကရင်အမျိုးသားများ၏နာမည်ရှေ့တွင် ခေါ်ဝေါ်သုံးစွဲ သော အသုံးအနှုန်း။ |
| *ကဆောဝါး* | *ဤအစီရင်ခံစာတွင် "ဆင်ဖြူ"* ဟူသော အခေါ်အဝေါ်သည် ထူလူး မှ ဦးဆောင်သော DKBA တပ်ရင်းဟောင်းကို ဆိုလိုသည်။ |

# အဓိကကျသော အချက်အလက်များ အကျဉ်းချုပ်

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် ၂၀၁၂ခုနှစ် ဒီဇင်ဘာလမှ၂၀၁၅ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကရင်လူမျိုးများနေထိုင်ရာ ဒေသများမှ ရရှိခဲ့သော သတင်းအချက်အလက် မှတ်တမ်းများ (၄၈၄) ခုကို စီစစ်ဝေဖန်ပိုင်းခြားမှုများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ သတင်းအချက်အလက်မှတ်တမ်း (၄၈၄) ခုတွင်၊ (၁၂၆) ခုသည် မြေယာသိမ်းဆည်းမှုများနှင့် ထိုမြေယာသိမ်းဆည်းမှုများကြောင့် ရွာသားများအပေါ် သက်ရောက်သော ဆိုးကျိုးများကို အသေးစိတ်ဖော်ပြထားပါသည်။ အဆိုပါမြေယာသိမ်းဆည်းမှုများကို အဓိကအားဖြင့်ဖော်ပြပါက စီမံကိန်း အမျိုးအစား သုံးမျိုးကြောင့် ဖြစ်ပေါ်သည်ဟု တွေ့ရှိရပါသည်။ ၎င်းစီမံကိန်းအမျိုးအစား သုံးမျိုးမှာ လမ်း၊ တံတား၊ ဆည်မြောင်းကဲ့သို့သော အခြေခံ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ခြင်းနှင့် စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းများ ဖြစ်ကြပါသည်။ ထို့အပြင် သတင်းအချက်အလက်မှတ်တမ်း (၁၂၆) ခုမှ (၁၈) ခုတွင် လက်နက်ကိုင် အဖွဲ့အစည်းများမှ စစ်ဘက်ဆိုင်ရာအတွက် အသုံးပြုရန် မြေယာများ သိမ်းဆည်းခဲ့ခြင်းကို ဖော်ပြထားပါသည်။

**အခြေခံအဆောက်အအုံများ**

- ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် အစီရင်ခံစာရေးသားသော ကာလတွင် အခြေခံအဆောက်အအုံ ဆောက်လုပ်ရန်အတွက် မြေယာသိမ်းဆည်းမှု (၆၈) ခု ပါဝင်သောအစီရင်ခံစာ (၅၆) စောင်ကို လက်ခံ ရရှိခဲ့ပါသည်။ အထက်ပါမြေယာသိမ်းဆည်းမှု (၆၈) ခုတွင် (၃၁) ခုသည် လမ်းဖောက်လုပ်ရန် သိမ်းယူခဲ့ခြင်း ဖြစ်ပြီး (၁၈) ခုမှာ ဆည်မြောင်း ရေကာတာဆောက်လုပ်ရန် အတွက် သိမ်းယူခဲ့ခြင်းဖြစ်ပါသည်။ (၉) ခုမှာမူ တံတားဆောက်လုပ်ရန်အတွက် သိမ်းယူခဲ့ခြင်းဖြစ်ပြီး (၁၀) ခုမှာ အများနှင့် သက်ဆိုင်သော အဆောက် အဦးများ ဆောက်လုပ်ရန် သိမ်းဆည်းခဲ့ခြင်းဖြစ်သည်ဟု အစီရင်ခံစာများတွင် ဖော်ပြထားပါသည်။ နိုင်ငံတော် အစိုးရမှ အဓမ္မမြေယာသိမ်းဆည်းမှု အများဆုံး ပြုလုပ်ခဲ့ပြီး ရံဖန်ရံခါတွင် စီးပွားရေးကုမ္ပဏီ နှင့်လည်းကောင်း၊ ကရင်နယ်ခြားစောင့်တပ်နှင့် လည်းကောင်း ပူးပေါင်း၍ မြေသိမ်းယူခဲ့ခြင်းများကို ပြုလုပ်ခဲ့သည်ဟု ရွာသားများမှ ထုတ်ဖော် ပြောကြားခဲ့ပါသည်။ မြေယာသိမ်းဆည်းမှု၏ ဆိုးကျိုးသည် ကြီးမားခဲ့ပြီး ရွာသားများအတွက် စားဝတ်နေရေး အကျပ်အတည်း ဖြစ်ပေါ်စေခဲ့ပါသည်။ ထို့အပြင် မြေယာသိမ်းဆည်းမှုကြောင့် အဓမ္မ နေရာရွှေ့ပြောင်းခံရခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းနှင့် အခြားသောဆိုးကျိုးများလည်း ဖြစ်ပေါ်စေခဲ့ပါသည်။

- မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတစ်လျှောက်တွင် လမ်းဖောက်လုပ်ခြင်းကြောင့် မြေယာသိမ်းဆည်းမှု အများအပြား ဖြစ်ပေါ်ခဲ့ကြောင်း ရွာသားများမှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။ အထူးသဖြင့် ကရင်ပြည်နယ် တောင်ပိုင်းတွင် အာရှလမ်းမကြီးကဲ့သို့သော လမ်းများဖေါက်လုပ်ခဲ့ခြင်းကြောင့် မြေယာသိမ်းဆည်းမှုများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ လမ်းဖေါက်လုပ်သော ကုမ္ပဏီများသည် လမ်းဖေါက်လုပ်သောအခါ မူလမြေပိုင်ရှင်များနှင့်

တိုင်ပင်ဆွေးနွေးခြင်း လုံးဝပြုလုပ်ခြင်းမရှိပါ။ မြေယာသိမ်းဆည်းခံရသူ အများစုမှာ လျော်ကြေးငွေများ မရရှိကြပါ။ ရရှိသောသူအနည်းစုမှာလည်း ကာလတန်ဖိုးအောက် နည်းပါးသော လျော်ကြေးငွေကိုသာရရှိပါသည်။

**သဘာဝသယံဇာတ တူးဖော်ခြင်း**

- သဘာဝသယံဇာတတူးဖော်ခြင်းကြောင့် မြေယာသိမ်းဆည်းမှုဖြစ်ပေါ်ခဲ့ခြင်းကို အစီရင်ခံစာ (၅၅)ခုတွင် ဖော်ပြထားပါသည်။ အစီရင်ခံစာ(၂၆)ခုတွင် ရွှေတူးဖော်ခြင်းကို ဖော်ပြထားပြီး (၁၇)ခုတွင် ကျောက်တူးဖော်ခြင်း အကြောင်းကို ဖော်ပြထားပါသည်။ အစီရင်ခံစာ(၈)ခုတွင် သစ်ထုတ်လုပ်ခြင်းနှင့် ကျန်အစီရင်ခံစာများတွင် ခဲသတ္တုတူးဖော်ခြင်း၊ သဲထုတ်ယူခြင်း၊ အုတ်ဖုတ်ခြင်း စသည့်အကြောင်းအရာများကို ဖော်ပြထားပါသည်။ အထက်ပါ သယံဇာတ တူးဖော်ခြင်းများတွင် နိုင်ငံတော်အစိုးရ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် တပ်မတော်၊ ကရင်နယ်ခြားစောင့်တပ်၊ ကရင်အမျိုးသားအကျိုးပြုတပ်မတော်၊ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့၊ ကေအဲန်ယူ/ ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီကဲ့သို့သော လက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်ပတ်သက်လျက်ရှိကြောင်း ရွာသားများမှပြောဆိုပါသည်။

- သဘာဝသယံဇာတတူးဖော်ခြင်းနှင့် သက်ဆိုင်သော အစီရင်ခံစာအများစုတွင် ကရင်ပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ရွှေတူးဖော်ခြင်းအကြောင်းကို အဓိကဖော်ပြထားပြီး မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကရင်လူမျိုးများ နေထိုင်ရာဒေသများတွင် ဖြစ်ပေါ်နေသော ရွှေတူးဖော်ခြင်း အကြောင်း ကိုလည်း ဖော်ပြထားပါသည်။ အထက်ပါ သတ္တုတူးဖော်ခြင်း လုပ်ငန်းများကြောင့် ဒေသခံရွာသားများသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း အန္တရာယ်နှင့်လည်းကောင်း ကျန်းမာရေး၊ စားဝတ်နေရေး ပြဿနာများနှင့်လည်းကောင်း၊ အတင်းအကျပ် နေရာရွှေ့ပြောင်းခံရခြင်းနှင့် သွားလာခွင့် ပိတ်ပင်ခံရခြင်း အန္တရာယ်များနှင့်လည်းကောင်း ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ ပြည်တွင်း စီးပွားရေးကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတော်အစိုးရ သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAGs)နှင့် ပူးပေါင်းပြီး သတ္တုတူးဖော်ရန် မြေယာများကို သိမ်းယူထားပါသည်။ မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်သော အစီရင်ခံစာ (၅၅)ခုတွင် အစီရင်ခံစာ (၆)ခုကသာ မြေယာသိမ်းဆည်းမှု မပြုလုပ်မီ မြေပိုင်ရှင်ရွာသားများကို ကုမ္ပဏီများက ကြိုတင်အသိပေးဆွေးနွေးခဲ့ကြောင်း ဖော်ပြထားပါသည်။ ရွာသားများက ၎င်းတို့၏မြေယာများ သိမ်းဆည်းခြင်း မခံရစေရန် ကာကွယ်ခုခံခြင်း ပြုလုပ်သည့်အခါ လက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက် ခြိမ်းခြောက်မှုကို ခံရကြပါသည်။ အချို့ ရွာသားများမှာ အသက်အန္တရာယ်နှင့်ပင် ကြုံတွေ့ခဲ့ရပါသည်။

## စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ

- စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းစီမံကိန်းများကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများနှင့် မြေယာသိမ်းဆည်းမှု (၂၁)ခုအကြောင်းကို အစီရင်ခံစာ (၁၈) ခုတွင် တွေ့ရှိရပါသည်။ အထက်ပါ အစီရင်ခံစာများမှ (၁၅)ခုတွင် ရာဘာစိုက်ပျိုးရေး စီမံကိန်းအကြောင်းကို ဖော်ပြထားပြီး ကျန်အစီရင်ခံစာများတွင် ရှားဇောင်းလက်ပတ်၊ ကျွန်း၊ ပဲ၊ ကွမ်းသီး၊ ကော်ဖီနှင့် ဖာလာစသည့်အပင်များ စိုက်ပျိုးသည့် စီမံကိန်းလုပ်ငန်းများအကြောင်းကို ဖော်ပြထားပါသည်။ ဤစိုက်ပျိုးရေး လုပ်ငန်းစီမံကိန်းများတွင် နိုင်ငံတော်အစိုးရ၊ အစိုးရကျောထောက်နောက်ခံ ပေးထားသော လက်နက်ကိုင်အဖွဲ့များ သို့မဟုတ် ပြည်တွင်းစီးပွားရေး ကုမ္ပဏီများပါဝင်ပတ်သက်နေကြောင်းကို အထက်ပါအစီရင်ခံစာ အများစုတွင် ဖော်ပြထားပါသည်။ အဆိုပါ အဖွဲ့အစည်းများသည် မြေယာသိမ်းဆည်းခြင်းများအား အတူတကွပါဝင်လုပ်ဆောင်ကြပါသည်။

- ရွာသားများက ၎င်းတို့ပိုင်ဆိုင်သောမြေများ သာမက ရှေးရိုးရာ အစဉ်အလာအရ မျှဝေသုံးစွဲခဲ့ကြသော စားကျက်မြေများနှင့် သစ်တောများပါ မကျန်သိမ်းဆည်းခံခဲ့ရပုံကိုပါ မီးမောင်းထိုး ဖော်ပြထားပါသည်။ ထိုကဲ့သို့ အများနှင့် သက်ဆိုင်သောမြေများကို သိမ်းဆည်းခဲ့ခြင်းကြောင့် ရွာသားများအတွက် ဆိုးကျိုးသက်ရောက်စေခဲ့ပါသည်။ အဓိကအားဖြင့် ရွာသားများ၏ စားဝတ်နေရေးကို ထိခိုက်စေပါသည်။ အထက်ပါ မြေယာသိမ်းဆည်းမှုများကြောင့် ရွာသားများ မိမိတို့၏ လယ်ယာမြေများတွင် ထွန်ယက်စိုက်ပျိုးမှု မပြုလုပ်နိုင်ခြင်း၊ ကျွဲနွားထိန်းကျောင်းရန် စားကျက်မြေဆုံးရှုံးရခြင်း၊ အိမ်ဆောက်ပစ္စည်းအဖြစ် အသုံးပြုရန် သစ်၊ဝါးများ ခုတ်ယူမှု မပြုလုပ်နိုင်ခြင်းနှင့် ချက်ပြုတ်စားသောက်ရန် ထင်းခုတ်ယူမှု မပြုလုပ်နိုင်ခြင်း စသည့် အသက်မွေးဝမ်းကြောင်း ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ကြရပါသည်။

## စစ်ဘက်ဆိုင်ရာအတွက်အသုံးပြုရန် မြေယာသိမ်းဆည်းခြင်း

- ၂၀၁၂ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလအတွင်း ကရင်လူ့အခွင့်အရေးအဖွဲ့သည် တပ်မတော်၊ ကရင်နယ်ခြားစောင့်တပ်နှင့် ကရင်ငြိမ်းချမ်းရေး တပ်ဖွဲ့များမှ ၎င်းတို့ စစ်ရေးစစ်ရာအတွက် အသုံးပြုရန် မြေယာများ သိမ်းဆည်းခဲ့မှု (၂၂)ခု ပါဝင်သော အစီရင်ခံစာများကို လက်ခံရရှိခဲ့ပါသည်။ အထက်ဖော်ပြပါ တပ်ဖွဲ့များသည် အဓိကအားဖြင့် ၎င်းတို့၏ ရှိရင်းစွဲ စစ်စခန်း အဆောက်အအုံများကို ခိုင်မာတောင့်တင်းစေရန် (သို့မဟုတ်) ထပ်မံတိုးချဲ့ရန်၊ အသစ်ဆောက်လုပ်ရန်နှင့် တပ်ရံပုံငွေအတွက် မြေငှားရမ်းခြင်း ပြုလုပ်ရန် မြေယာများကို သိမ်းယူခဲ့ခြင်းဖြစ်ပါသည်။

- မြေယာသိမ်းဆည်းခြင်း ခံရသောကြောင့် ရွာသားများသည် စားဝတ်နေရေး ပြဿနာများနှင့် အဓိကရင်ဆိုင်ရကြောင်း အစီရင်ခံစာ အများစုတွင် ဖော်ပြထားပါသည်။ ရွာသားများသည် မြေယာသိမ်းဆည်းခံရသဖြင့် ၎င်းတို့၏ လယ်ယာမြေများကို ထွန်ယက်စိုက်ပျိုးခြင်း မပြုလုပ်နိုင်သောကြောင့် လယ်သမားဘဝမှ နေ့စားအလုပ်သမား ဘဝသို့ရောက်ရှိကြရပါသည်။ ရွာသားများက ၎င်းတို့သည် လက်နက်ကိုင်တပ်ဖွဲ့များ၏

လုပ်ဆောင်မှုများကြောင့် အမြဲတစေ စိုးရိမ်ပူပန်နေရပြီး ဘဝမလုံခြုံသကဲ့သို့ခံစားရကြောင်း အစဉ်ထုတ်ဖော်ပြောကြားပါသည်။

**ရွာသားများ၏ တုန့်ပြန်လုပ်ဆောင်မှုများ**

- မြေယာသိမ်းဆည်းခြင်းများနှင့် ၎င်း၏ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားနေကြရသော်လည်း မြန်မာနိုင်ငံ အရှေ့တောင်ဘက်မှ ကရင်လူမျိုးများ နေထိုင်ရာ ဒေသရှိရွာသားများသည် ၎င်းတို့ပိုင်ဆိုင်သော မြေယာများ ဆက်လက်အနိုင်ကျင့် သိမ်းဆည်းခြင်းမခံရစေရန် သို့မဟုတ် လျော်ကြေးငွေ ရရှိရန် အစုအဖွဲ့ အနေဖြင့်သော်လည်းကောင်း တစ်ဦးခြင်း အနေဖြင့်လည်းကောင်း နည်းလမ်းမျိုးစုံ အသုံးပြု၍ လုပ်ဆောင်လျက်ရှိပါသည်။ ဤကဲ့သို့ ရွာသားများအနေနှင့် မိမိပိုင်မြေယာနှင့် မိမိကိုယ်ကို ကာကွယ်ရန်အတွက် နည်းမျိုးစုံအသုံးပြုလျက် လုပ်ဆောင်နေကြပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဤအစီရင်ခံပြုစုနေစဉ် ကာလအတွင်းရရှိခဲ့သော အစီရင်ခံစာ အစောင်(၉၀)တွင် တွေ့ရှိရပါသည်။ အစီရင်ခံစာ (၂၄)စောင်တွင် မြေယာသိမ်းဆည်းခံရွာသားများက သိမ်းဆည်းသူများနှင့် တိုက်ရိုက်တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခြင်းကို ဖော်ပြထားပြီး အစီရင်ခံစာ(၂၃)စောင်တွင် ရွာသားများက အစိုးရအဖွဲ့များထံ တင်ပြတောင်းဆိုမှုများ ပြုလုပ်ကြခြင်းကို ဖော်ပြထားပါသည်။ အစီရင်ခံစာ (၁၇)စောင်တွင် ရွာသားများက ဒေသခံလူမှုရေးအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် တွေ့ဆုံတင်ပြပုံကိုတင်ပြထားပါသည်။ အစီရင်ခံစာ(၁၂) စောင်တွင်မူ ရွာသားများက ကေအဲန်ယူ/ကေအဲန်အယ်လ်အေ တပ်ဖွဲ့ထံ တင်ပြတောင်းဆိုပုံကို ဖော်ပြထားပါသည်။ အစီရင်ခံစာ (၈) ခုတွင်မူ ရွာသားများက မိမိပိုင်မြေယာများ သိမ်းဆည်းခြင်း မခံရစေရန် တရားဝင်မြေယာပိုင်ဆိုင်မှုဥပဒေအသုံးပြု၍ အကာအကွယ် ရယူပုံကို ဖော်ပြထားပါသည်။ အစီရင်ခံစာ(၁၂)စောင်တွင်မူ အခြားနည်းလမ်းများဖြစ်သော ဆန္ဒဖော်ထုတ်ခြင်း၊ သတင်း မီဒီယာများနှင့် တွေ့ဆုံတင်ပြခြင်း စသည့်နည်းများဖြင့်မိမိပိုင်မြေယာများ သိမ်းဆည်းခြင်း မခံရစေရန် ရွာသားများ၏ ကြိုးပမ်းလုပ်ဆောင်ပုံကို ဖော်ပြထားပါသည်။

- ရွာသားများသည် ၎င်းတို့အတွက် အန္တရာယ်ရှိသော်လည်း မိမိပိုင်မြေယာများ သိမ်းဆည်းခံရမှုမရှိစေရန် လက်နက်ကိုင်အဖွဲ့များနှင့်သော်လည်းကောင်း၊ မြေယာသိမ်းဆည်းသူများနှင့်သော်လည်းကောင်း တိုက်ရိုက်တွေ့ဆုံ ရင်ဆိုင်ညှိနှိုင်းမှုများ ပြုလုပ်ကြပါသည်။ ဤကဲ့သို့ တိုက်ရိုက်တွေ့ဆုံ ရင်ဆိုင်ညှိနှိုင်းမှုများကြောင့် ရွာသားများသည် အကြမ်းဖက်ခြိမ်းခြောက် တိုက်ခိုက်မှုများနှင့် ကြုံတွေ့ရသကဲ့သို့ အချို့သောရွာသားများမှာ အောင်မြင်မှုများ ရရှိခဲ့ကြပါသည်။ ရွာသားများ၏ တွေ့ဆုံညှိနှိုင်းမှုကြောင့် မြေယာသိမ်းဆည်းသူများသည် ၎င်းတို့၏ စီမံကိန်းများကို ဆက်လက် လုပ်ဆောင်ခြင်းမရှိပဲ ရပ်ဆိုင်းလိုက်ခြင်း သို့မဟုတ် အသစ်စမည့် စီမံကိန်းများကို ရပ်ဆိုင်းလိုက်ခြင်း စသည့်အောင်မြင်မှုများကို ရွာသားများရရှိခဲ့ပါသည်။

# အဓိကရှာဖွေတွေ့ရှိချက်များ

ဤအစီရင်ခံစာ ပြုစုနေစဉ် ကာလအတွင်း မြန်မာနိုင်ငံ အရှေ့တောင်ဘက်မှ ကရင်လူမျိုးများ နေထိုင်ရာ ဒေသများရှိ ရွာသားများက စီးပွားရေးနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် အဓမ္မ မြေယာ သိမ်းဆည်းမှုနှင့် နောက်ဆက်တွဲဆိုးကျိုးများ သက်ရောက်ခြင်း အကြောင်းကို များစွာ တင်ပြလာကြပါသည်။ အထက်ပါ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများမှာ လမ်း၊တံတားကဲ့သို့သော အခြေခံအဆောက်အအုံဆောက်လုပ်ခြင်း၊ သဘာဝသယံဇာတ တူးဖော်ထုတ်ယူခြင်း၊ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ဖြစ်ပြီး စစ်ဘက်ဆိုင်ရာ အသုံးပြုမှုအတွက်လည်း ပါဝင်ပါသည်။ ရွာသားများက မြေယာသိမ်းဆည်းမှုများကြောင့် ဆိုးကျိုးများစွာ ဖြစ်ပေါ်လာပုံကို တင်ပြလာကြရာတွင် အထူးသဖြင့် စားဝတ်နေရေး အခက်အခဲများ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများ၊ အဓမ္မနေရာရွှေ့ပြောင်းခံရခြင်းများ၊ ကျန်းမာရေးပြဿနာများ စသည့်အရာများကို တင်ပြလာကြပါသည်။ ဤဆိုးကျိုးများသည် ရံဖန်ရံခါဆိုသလို တစ်ပြိုင်နက် ဖြစ်ပေါ်သောကြောင့် ရွာသားများအတွက် ဘူးလေးရာဖရုံဆင့်ဆိုသကဲ့သို့ ပိုမိုခက်ခဲစေပါသည်။ မြေယာများ သိမ်းဆည်းခံရခြင်းကြောင့် ရွာသားများက ဝင်ငွေနှင့်အလုပ်အကိုင် ဆုံးရှုံးကြရခြင်း၊ ပိုင်ဆိုင်သော ဥစ္စာပစ္စည်းကျွဲ၊ နွားများကို ထုတ်ရောင်းရခြင်း၊ ဘုံပိုင်ဆိုင်သောစားကျက်မြေဆုံးရှုံးရခြင်း၊ သစ်၊ဝါးကဲ့သို့သော အိမ်ဆောက်ပစ္စည်းများနှင့် ထင်းကဲ့သို့သော လောင်စာများရရှိရန် ခက်ခဲခြင်း၊ ရေလွှမ်းမိုးခြင်းကြောင့် လယ်ယာမြေနှင့် စားကျက်မြေများ ဆုံးရှုံးရခြင်း၊ မြစ်ချောင်းများသို့ စွန့်ပစ်ပစ္စည်းများကြောင့် ရေအဆိပ်သင့်ခြင်း၊ အရေပြားနှင့် အသက်ရှုလမ်းကြောင်း ရောဂါများရရှိခြင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်ရခြင်းနှင့် အခြားဒေသ(သို့) နိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင် အလုပ်လုပ်ကိုင်ရခြင်း စသည့်ဆိုးကျိုးများကို ခံစားရကြောင်း တင်ပြကြပါသည်။

မြေယာသိမ်းဆည်းမှု ကျူးလွန်သူများ အမျိုးမျိုးရှိကြောင်းနှင့် ၎င်းတို့သည်တစ်ဦးချင်း(သို့မဟုတ်) အတူတကွပူးပေါင်း၍ မြေယာသိမ်းဆည်းမှု ကျူးလွန်ခဲ့ကြကြောင်း ရွာသားများကပြောကြားပါသည်။ မြေယာသိမ်းဆည်းမှု ကျူးလွန်သူများမှာ အစိုးရသို့မဟုတ် အစိုးရကျောထောက်နောက်ခံပေးထားသောအဖွဲ့များ ဖြစ်သည့် အစိုးရအရာရှိများ၊ တပ်မတော်၊ ကရင်နယ်ခြားစောင့်တပ်၊ ပြည်တွင်းပြည်ပ စီးပွားရေးကုမ္ပဏီများ၊ ချမ်းသာကြွယ်ဝသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဖြစ်ကြောင်း ရွာသားများ၏ ပြောဆိုချက်များတွင် တွေ့ရှိရပါသည်။ ရွာသားများ၏ ထုတ်ဖော်ပြောဆိုချက်အများစုတွင် ကျူးလွန်သူများသည် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းစုများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့တွင် ပြည်တွင်းစီးပွားရေးကုမ္ပဏီများ၊ တပ်မတော်နှင့် အစိုးရအာဏာပိုင်များ ပါဝင်ကြောင်း အစီရင်ခံစာအများစုတွင် ဖော်ပြထားပါသည်။

ရွာသားများက မြေယာသိမ်းဆည်းသူများသည် ၎င်းတို့၏ စီမံကိန်းလုပ်ငန်းများ မစတင်မီ ရွာသားများအား ခေါ်ယူတွေ့ဆုံ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခြင်းမရှိကြောင်း၊ လျော်ကြေးငွေများလည်း ပေးအပ်ခြင်း မရှိကြောင်း အစဉ်ထုတ်ဖော် ပြောကြားကြပါသည်။ အချို့သော စီမံကိန်းလုပ်ဆောင်သူများသည် ရွာသားများအား ခေါ်ယူတွေ့ဆုံသော်လည်း ရွာသားများ၏ တင်ပြတောင်းဆိုချက်များကို လျစ်လျူရှုကာ အရေးယူ

ဆောင်ရွက်ပေးခြင်း မရှိပေ။ အချို့အဖြစ်အပျက်များတွင် လျော်ကြေးငွေရရှိသည်ဟု ဆိုသော်လည်း လုံလောက်စွာ ရရှိမှုမရှိခြင်း၊ ပေးမည်ပြောပြီးလက်တွေ့တွင် မရရှိခြင်းများရှိကြောင်း ရွာသားများကပြောပါသည်။ အဖြစ်အပျက်အတော်များများတွင် ရွာသားများသည် လျော်ကြေးငွေမရရှိသည့်အပြင် ၎င်းတို့ပိုင်မြေများ သိမ်းဆည်းခြင်းမခံရစေရန် သိမ်းယူမည့်သူများကို ငွေကြေးအမြောက်အမြားပေးဆောင်ရန် ဖိအားပေးခံရပါသည်။ အဖြစ်အပျက်တစ်ခုတွင် ရွာသားများသည် ၎င်းတို့ပိုင်ဆိုင်သော မြေများအား ပေးဆောင်ရန် သဘောတူညီကြောင်း လက်မှတ်ရေးထိုးရန် အကွက်ကျကျ လိမ်လည်လှည့်ဖျားခြင်းနှင့် စည်းရုံးခြင်းခံခဲ့ရပါသည်။

ရွာသားများသည် အမျိုးမျိုးသော အလွဲသုံးစားပြုမှုကို ခံစားကြရသော်လည်း နည်းလမ်းမျိုးစုံ အသုံးပြု၍ သော်လည်းကောင်း စုပေါင်းဆောင်ရွက်ခြင်းဖြင့် သော်လည်းကောင်း ၎င်းတို့ရင်ဆိုင်ကြုံတွေ့ရသော ဆိုးကျိုးများကို ကာကွယ်ရန်နှင့် လျှော့ချရန် လုပ်ဆောင်လျက်ရှိကြပါသည်။ ရွာသားများသည် မိမိတို့ ပိုင်ဆိုင်သော မြေယာများ သိမ်းဆည်းခြင်းမခံရစေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် မီဒီယာများအား တွေ့ဆုံရှင်းလင်းခြင်း၊ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများထံ သွားရောက်တင်ပြ တောင်းဆိုခြင်း၊ မြေယာများကို ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရန် ပြုလုပ်ခြင်း စသည့် နည်းလမ်းများစွာဖြင့် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။ ရွာသားများအနေဖြင့် မြေယာသိမ်းဆည်းမှု မခံရစေရန် လုပ်ဆောင်သည့်အခါ ဥပဒေနှင့်အညီ မိမိတို့ပိုင်ဆိုင်သော မြေယာများကို မည်ကဲ့သို့ မှတ်ပုံတင်ရမည်ကို သိရှိနားလည်မှုမရှိခြင်း မြေယာသိမ်းဆည်းသူများ၏ လျစ်လျူရှုမှုကို ခံရခြင်းစသည့် အတားအဆီးများနှင့် ရင်ဆိုင်နေကြရပါသည်။ အထူးသဖြင့် ရွာသားများသည် ၎င်းတို့အတွက် အသက်အန္တရာယ်ရှိနိုင်သော်လည်း အခြားရွေးချယ်ရန် နည်းလမ်းမရှိသဖြင့် မြေယာသိမ်းဆည်းရာတွင် ပါဝင်သော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုက်ရိုက်တွေ့ဆုံ ညှိနှိုင်းကြရပါသည်။ ထိုသို့တွေ့ဆုံရာတွင် ရွာသားများနှင့် ၎င်းတို့၏ အသိုက်အဝန်းအတွက် အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ရကြောင်း ဖော်ထုတ်ပြောကြားပါသည်။ အဖြစ်အပျက်တစ်ခုတွင် ဘုန်းကြီးတစ်ပါးသည် သစ်ထုတ်လုပ်ငန်းတစ်ခုအား ဆန့်ကျင်ပြောကြားပြီး မကြာမီအချိန်တွင် သတ်ဖြတ်ခြင်းခံခဲ့ရပါသည်။ ရွာသားများသည် မြေယာသိမ်းဆည်းမှု မခံရစေရန် နည်းမျိုးစုံသုံးပြီး လုပ်ဆောင်ရာတွင် အခက်အခဲ၊ အန္တရာယ်များစွာနှင့် ကြုံတွေ့နေရသော်လည်း အချို့အဖြစ်အပျက်များတွင် ရွာသားများသည် စီမံကိန်းများ ရပ်တန့်သွားရန် လုပ်ဆောင်နိုင်ခဲ့ကြပါသည်။

# အကြံပြုတင်ပြချက်များ

***အောက်ပါ အကြံပြုချက်များသည် ၂၀၁၄ခုနှစ် နိုဝင်ဘာလ ဖာပွန်ခရိုင်တွင် ပြုလုပ်ခဲ့သော အစည်းအဝေးတွင် KHRG ကွင်းဆင်းလုပ်သားများ၏ ဆွေးနွေးတင်ပြချက်များအပေါ် အခြေခံပြီး ယခင် KHRG မှ ထုတ်ပြန်သော အစီရင်ခံစာမှ အကြံပြုချက်များဖြင့် ပေါင်းစည်း၍ ရေးသားဖော်ပြထားသော အကြံပြုချက်များ ဖြစ်သည်။***

**ဆွေးနွေးတိုင်ပင်ခြင်းနှင့် သဘောထားရယူခြင်း**

- ရွာသားများသည် ၎င်းတို့၏ အကျိုးစီးပွားနှင့် ၎င်းတို့စားဝတ်နေရေးအပေါ် သက်ရောက်မည့် ဆိုးကျိုးများအတွက် အဓိကဆုံးဖြတ်ကြရမည့်သူများ ဖြစ်သောကြောင့် ဖွံ့ဖြိုးရေးစီမံကိန်းများကို စတင်ရေးဆွဲသည်နှင့် တစ်ပြိုင်နက် ဒေသခံပြည်သူများကို ခေါ်ယူတွေ့ဆုံကာ လုပ်ဆောင်မည့် စီမံကိန်းသည် ဒေသခံများ၏ မြေယာနှင့် စားဝတ်နေရေးအပေါ် မည်ကဲ့သို့ သက်ရောက်မှုရှိနိုင်ကြောင်း ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ရှင်းလင်းပြရပါမည်။ လုပ်ဆောင်မည့် စီမံကိန်း၏ အရွယ်အစား၊ အကျယ်အဝန်း၊ ပေးဆောင်မည့် လျော်ကြေးငွေပမာဏနှင့် စီမံကိန်းအား အကောင်အထည်ဖော်မည့် နည်းလမ်းများ စသည့်အချက်အလက်များအတွက် ဆုံးဖြတ်ချက်ချရာတွင် ရွာသားများကိုပါ ပါဝင်စေသင့်ပါသည်။ စီမံကိန်းလုပ်ဆောင်မည့်သူများသည် လုပ်ငန်းအတွက် ဆုံးဖြတ်ချက် ချရာတွင်လည်း ရွာသားများ၏ ရှုထောင့်နှင့် သဘောထားများကို ဦးစားပေးထည့်သွင်း စဉ်းစားသင့်ပေသည်။

- စီမံကိန်းလုပ်ဆောင်မည့်သူများသည် စီမံကိန်းမစတင်မီ လုပ်ဆောင်မည့်စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်အပေါ်ကိုသော်လည်းကောင်း ဒေသခံလူထု၏ ကျန်းမာရေးနှင့် လူ့အခွင့်အရေးအပေါ် မည်ကဲ့သို့အကျိုးသက်ရောက်နိုင်သည်ကို စစ်တမ်းကောက်ယူသင့်ပေသည်။ ဤကဲ့သို့ စစ်တမ်းကောက်ယူရာတွင် သီးခြားလွတ်လပ်သော အဖွဲ့မှ လုပ်ဆောင်သင့်ပြီး စစ်တမ်းကောက်ယူမည့် သူများသည်လည်း ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး တိုင်ပင်ရပါမည်။ ထို့နောက် ကောက်ယူရရှိသော စစ်တမ်းပါ အချက်အလက်များကို လူတိုင်းသိရှိစေရန် ဒေသခံလူထု၏ ဘာသာစကားဖြင့် ထုတ်ဝေ ဖြန့်ချီပေးရမည်ဖြစ်သည်။

## ဓလေ့ရိုးရာ အစဉ်အလာအရ မြေယာအသုံးပြုခွင့်နှင့် နိုင်ငံတော်၏ မြေယာအသုံးပြုခွင့် မူဝါဒ

- နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့၏ မြေယာအသုံးပြုခွင့်မူဝါဒနှင့် ဥပဒေများသည် လက်ရှိတောင်သူများ ကျင့်သုံးနေသော မြေယာပိုင်ဆိုင်ခွင့် ထုံးစံများကို အကာအကွယ်ပေးနိုင်ရန် လုပ်ဆောင်သင့်ပေသည်။ ထို့အပြင် ဒေသခံရွာသားများသည် ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းခဲ့သော နည်းဖြင့်လည်းကောင်း၊ ကိုလိုနီခေတ်နှင့် ဒေသတွင်း အာဏာပိုင်များက ချပေးထားသော မြေယာလုပ်ပိုင်ခွင့် အထောက်အထားဖြင့်လည်းကောင်း မိမိပိုင်မြေယာများကို ပိုင်ဆိုင်ကြောင်း တင်ပြခြင်းကိုလည်း နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုသင့်ပေသည်။
- မြေယာအသုံးချမှုမူဝါဒများကို ပြန်လည်ပြင်ဆင်ရေးဆွဲရာတွင်လည်း ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေရသူများနှင့် နိုင်ငံပြင်ပရောက်ရှိနေသော ဒုက္ခသည်များအတွက်ပါ ထည့်သွင်းစဉ်းစားသင့်ပေသည်။ ရွာသားအနေဖြင့် ၎င်းတို့ပိုင်ဆိုင်သောမြေယာများကို တရားဝင်မှတ်ပုံတင်ခြင်းများ ပြုလုပ်လိုသည့် အခါတွင်လည်း အစိုးရအနေဖြင့် ပွင့်လင်းမြင်သာသောနည်းလမ်းများဖြင့် ပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးသင့်ပါသည်။

## ဒေသတွင်းရှိ ပြည်သူများ၏ လုပ်ဆောင်ချက်များကို ကူညီထောက်ပံ့ပေးခြင်း

- စီမံကိန်းလုပ်ဆောင်မည့်သူများသည် မြေယာပြဿနာဖြေရှင်းရန် ဖွဲ့စည်းထားသော ဒေသခံရွာသားများပါဝင်သည့် အဖွဲ့အစည်းများနှင့်လည်းကောင်း ဒေသခံလူမှုအဖွဲ့အစည်းများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးအကြံဉာဏ် ရယူသင့်ပါသည်။
- ဒေသခံပြည်သူလူထုသည် ၎င်းတို့အချင်းချင်းအကြား အသိပညာဝေမျှပေးရန် လိုအပ်ပြီး တိုင်းပြည်တစ်ဝှမ်းရှိ လွတ်လပ်သောအဖွဲ့အစည်းများကိုလည်း ဒေသခံအဖွဲ့အစည်းများမှ ကူညီထောက်ပံ့ရန် လိုအပ်ပါသည်။
- သတင်းမီဒီယာများသည်လည်း မြန်မာနိုင်ငံအရှေ့တောင်ဘက်တွင် ဖြစ်ပေါ်နေသော မြေယာသိမ်းဆည်းမှုများ အကြောင်းကို ရေးသားဖော်ပြ ထုတ်လွှင့်သင့်ပါသည်။ ထို့အပြင် မီဒီယာများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည်လည်း အစိုးရအနေဖြင့် လက်ရှိပြုလုပ်နေသော ပြုပြင်ပြောင်းလဲမှုများတွင် မြေယာသိမ်းဆည်းခြင်းပြဿနာများကို အဓိကထား ထည့်သွင်းစဉ်းစားသင့်ကြောင်း အစိုးရအပေါ် အစဉ်အမြဲ ဖိအားပေး ပြောဆိုသင့်ပါသည်။
- နိုင်ငံတော်အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ဒေသခံလူထုအား တိုင်ကြားမှုများနှင့် ပတ်သက်၍သော်လည်းကောင်း တရားစီရင်ရေးနှင့် ပတ်သက်၍သော်လည်းကောင်း သိရှိနားလည်စေရန် သင်တန်းများပေးခြင်းနှင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသင့်ပေသည်။
- လက်နက်ကိုင်တပ်ဖွဲ့များဖြစ်ကြသော တပ်မတော်၊ ကရင်နယ်ခြားစောင့်တပ်ဖွဲ့များ၊ ကေအဲန်ယူ/ကေအဲန်အယ်အေ၊ ဒီကေဘီအေနှင့် အခြားသောတပ်ဖွဲ့များသည် ဒေသခံပြည်သူများ၏ မြေယာပိုင်ဆိုင်ခွင့်နှင့် ထွန်ယက်စိုက်ပျိုးလုပ်ပိုင်ခွင့်ကို ထောက်ခံအားပေးသင့်ပြီး ၎င်းတို့ထိန်းချုပ်နယ်မြေများတွင် ဤအစီရင်ခံစာပါ အကြံပြုချက်များအတိုင်း ကြိုးစားလုပ်ကိုင်သင့်ပေသည်။

- နိုင်ငံတော်အစိုးရအနေဖြင့် ရွာသားများသည် မြေယာကိစ္စနှင့် ပတ်သက်၍ ဒေသတွင်း အလွယ်တကူ တိုင်ကြားတင်ပြနိုင်ရန်နှင့် တရားရုံးများသို့လည်း အလွယ်တကူ တင်ပြတိုင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသင့်ပေသည်။ ထို့အပြင် မြေယာအငြင်းပွားမှု ဖြေရှင်းမှုနည်းလမ်းများသည် ဒေသအခြေအနေနှင့် ကိုက်ညီရန်လိုအပ်ပြီး ဒေသခံများ ရိုးရာအစဉ်အလာအရ ကျင့်သုံးလျက်ရှိသော မြေယာပိုင်ဆိုင်ခွင့်များ အပေါ်တွင် အခြေခံသင့်ပေသည်။

**အပစ်အခတ်ရပ်စဲရေး ရှုထောင့်**

- စီမံကိန်းလုပ်ဆောင်မည့်သူများသည် လူ့အခွင့်အရေးအား အလွဲသုံးစားပြုသူများ မဖြစ်စေရန် ၎င်းတို့နှင့် လက်တွဲလုပ်ဆောင်နေသောသူများသည် ဒေသခံများ၏ အခွင့်အရေးနှင့်လုံခြုံရေးကို ချိုးဖောက်နေသူများ မဟုတ်ကြောင်း သေချာစွာသိရှိရန် လိုအပ်ပါသည်။
- လက်နက်ကိုင်တပ်ဖွဲ့များအားလုံးသည် မြန်မာနိုင်ငံအရှေ့တောင်ဘက်ရှိ ယခင် ပဋိပက္ခ ဖြစ်ပွားခဲ့ရာ ဒေသများမှ ပြန်လည်ဆုတ်ခွာပေးရန် လိုအပ်ပြီး စစ်စခန်းများ၊ စစ်တန်းလျားများ၊ စစ်သားများ၏ မိသားစုများ နေထိုင်ရန်အိမ်ခန်းများ ဆောက်လုပ်ရန်၊ သို့မဟုတ် စစ်တပ်ရံပုံငွေရရှိရေး အတွက် အငှားချထားရန် မြေယာသိမ်းဆည်းမှုများ ပြုလုပ်ခြင်း အားလုံးကို ချက်ခြင်းရပ်တန့်ပေးရန် လိုအပ်ပါသည်။
- နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံအရှေ့တောင်ဘက်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ ရှေ့ဆက်လုပ်ဆောင်မည့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများတွင် ဒေသခံပြည်သူများ (ပြည်တွင်းနေရာရွှေ့ပြောင်းနေထိုင်သူများနှင့် ပြည်ပတွင်ခိုလှုံနေရသော ဒုက္ခသည်များအပါအဝင်)၏ မြေယာရပိုင်ခွင့်များကို အကာအကွယ်ပေးမည့် အကြောင်းအရာများကို ထည့်သွင်းဆွေးနွေးသင့်ပါသည်။

# I. နိဒါန်း

*"အခုကြည့်ပါလား၊ ကျွန်မတို့ရဲ့ အဘိုးအဘွားတွေ ပေးထားတဲ့မြေတွေ၊ အကုန်လုံးပျက်စီးကုန်ပြီ။ သူတို့ကတော့ ပိုက်ဆံယူပြီး စီးပွားရေးတွေလုပ်တယ်၊ ကျွန်မတို့က အရှုံးခံရတယ်၊ အနာခံရတယ်။ ကျွန်မတို့ ဘာမှလည်းမရဘူး။ အနစ်နာခံရတယ်။ ကျွန်မတို့ကို ဘယ်လောက်အထိတောင် အနိုင်ကျင့်လဲ ။ လူဆိုတာဘာလဲ။ လူချင်းအတူတူဘဲ၊ သူများထိမလား၊ နာမလား သူတို့မသိဘူး။ သူတို့ကတော့ တခြားလူတွေ ဘယ်လိုခံစားရမလဲဆိုတာ မသိကြဘူး။ သူတို့ပိုက်ဆံရရင်တော်ပြီး၊ သူတို့အမြတ် ရဖို့ဘဲ သိတယ်၊ တခြားလူတွေဘယ်လိုခံစားရလဲ၊ အဲဒါ သူတို့ အဘိုးအဘွားရဲ့လယ်လား ။ ပြောလိုက်ရင် တစ်ယောက်မှ မဟုတ်ဘူး။ အဲ့ဒါလူလား၊ လူမဟုတ်ဘူး တိရစ္ဆာန်တွေ... သူတို့အတွက်ကတော့ သူတို့လုပ်ချင်တာကို ပိုက်ဆံအိတ်တွေနဲ့ လုပ်လို့ရတယ်။ ကျွန်မတို့ကတော့ ပါးစပ်နဲ့ပြောနေရုံနဲ့ ဘာဖြစ်လာနိုင်မလဲ။"*

နော်တ--- (မ)၊ ဒ--- ကျေးရွာ၊ ကျုံဒိုးမြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း

(၂၀၁၄ခုနှစ် နိုဝင်ဘာလ တွင်တွေ့ဆုံမေးမြန်းထားသည်)[1]

၂၀၁၂ခုနှစ် ဒီဇင်ဘာလမှစ၍ မြန်မာနိုင်ငံအရှေ့တောင်ဘက်တွင်နေထိုင်သော ဒေသခံကရင်ရွာသားများသည် ၎င်းတို့၏ဒေသတွင်း၌ ကျယ်ကျယ်ပြန့်ပြန့်နှင့် အများအပြားဖြစ်ပေါ်လျက်ရှိသော မြေယာသိမ်းဆည်းခံရမှုနှင့် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်နေကြောင်းကို တင်ပြလာကြပါသည်။ ဤအစီရင်ခံစာသည် ၂၀၁၂ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလအထိ ကရင်လူ့အခွင့်အရေး အဖွဲ့မှ ကွင်းဆင်းလုပ်သားများက ကောက်ယူထားသော သတင်းအချက်အလက် (၄၈၃) ခုအပေါ် ဝေဖန်သုံးသပ်မှုများ ပြုလုပ်ထားခြင်း ဖြစ်ပါသည်။ ဤသတင်းအချက်အလက် (၄၈၃) ခုတွင် (၁၂၅) ခုသည် မြေယာသိမ်းဆည်းခြင်းနှင့် ၎င်း၏ ဆိုးကျိုးများကိုသာမက ရွာသားများ၏ တုန့်ပြန်လုပ်ဆောင်မှုအကြောင်းများကိုပါ ဖော်ပြထားပါသည်။

ဤမြေယာသိမ်းဆည်းမှုများသည် စီးပွားရေးနှင့် ဖွံ့ဖြိုးရေး လုပ်ဆောင်မှုများ ခေါင်းစဉ်အောက်မှ စီမံကိန်း အမျိုးအစား (၃) မျိုးနှင့် ဆက်စပ်ပတ်သက်နေပါသည်။ ထို အမျိုးအစား(၃)မျိုးမှာ အခြေခံအဆောက်အဦးများ ဆောက်လုပ်ခြင်း၊ သဘာဝသယံဇာတ တူးဖော်ခြင်း နှင့် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း စသည်တို့ဖြစ်ပါသည်။ ထို့အပြင် ရွာသားများက လက်နက်ကိုင်အဖွဲ့အစည်းများမှ စစ်ရေးအတွက်အသုံးပြုရန် မကြာခဏ မြေယာများကို သိမ်းဆည်းကြကြောင်း ထုတ်ဖော်ပြောကြားလာပါသည်။ ဤစီမံကိန်းကြီးများကို ရေးဆွဲရာတွင်ဖြစ်စေ နောက်ဆုံးအကောင်အထည်ဖော် လုပ်ဆောင်ရာတွင်ဖြစ်စေ ဒေသခံရွာသားများ၏ အမြင်သဘောထားများကို တောင်းခံခြင်းမရှိ၊ အသိအမှတ်ပြုစဉ်းစားပေးခြင်း မရှိသည်သာမက ဆုံးရှုံးနစ်နာမှု အတွက်လျော်ကြေးငွေများ ပေးဆောင်ခြင်းလည်းမရှိခဲ့ပါ။ လျော်ကြေးများကို ပေးဆောင်သော်လည်း များသောအားဖြင့် တန်ရာတန်ကြေး ထက်လွန်စွာ နည်းပါးပါသည်။

[1] source #113 ကိုကြည့်ရှုနိုင်။

မြေယာများ အသိမ်းဆည်းခံရခြင်းကြောင့် စားဝတ်နေရေးအခက်အခဲများနှင့် ကြုံလာရခြင်း၊ နေရာများ ရွှေ့ပြောင်းနေထိုင်ရခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးဆုံးရှုံးသွားခြင်းအပြင် အခြားပြဿနာပေါင်း များစွာနှင့်လည်း ကြုံတွေ့နေရကြောင်း ရွာသားများက ထုတ်ဖော်ပြောကြားလာကြပါသည်။ ရွာသားများက ဤအရာများအားလုံးကို တုန့်ပြန်သောအားဖြင့် တစ်ဦးတစ်ယောက်အနေနှင့်လည်းကောင်း အစုအဖွဲ့အနေနှင့် လည်းကောင်း နည်းလမ်းများစွာသုံး၍ လုပ်ဆောင်လျက်ရှိပါသည်။ ထိုနည်းလမ်းများမှာ တွေ့ဆုံညှိနှိုင်း အဖြေရှာခြင်း၊ လူစုလူဝေးဖြင့် ဆန္ဒများ ထုတ်ဖော်ခြင်း၊ သတင်းမီဒီယာများနှင့် ဒေသခံအဖွဲ့အစည်းများထံ တွေ့ဆုံအကူအညီရယူခြင်း စသည့်နည်းလမ်းများ ဖြစ်ကြပါသည်။ ဤကဲ့သို့ နည်းမျိုးစုံဖြင့် ကြိုးစားတုန့်ပြန် လုပ်ဆောင်လျက်ရှိသော ရွာသားများအား ကူညီပေးရန် လိုအပ်ပါသည်။ ထိုသို့ရွာသားများ၏ တုန့်ပြန်လုပ်ဆောင်မှုများကို နေရာပေးခြင်းအားဖြင့် ထိုလုပ်ဆောင်ချက်များ ပိုမိုကျယ်ပြန့်လာနိုင်မည် ဖြစ်သည်။ သို့မှသာ နောက်ဆုံးတွင် ရွာသားများသည် နေရာရွှေ့ပြောင်းနေထိုင်ရခြင်း၊ မြေယာများ သိမ်းဆည်းခံရခြင်း မရှိတော့ဘဲ မိမိတို့၏ မြေယာပိုင်ဆိုင်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ဤအချက်များသည် မြန်မာနိုင်ငံ အရှေ့တောင်ဘက်တွင် စစ်မှန်သော၊ မျှတသော၊ အားလုံး၏ အမြင် သဘောထားဖြင့် ပါဝင်ဖွဲ့စည်းထားသော ငြိမ်းချမ်းရေး အမြစ်တွယ်စေရန် အဓိကကျသော အချက်များ ဖြစ်ပေသည်။

ဤအစီရင်ခံစာသည် ၂၀၁၃ခုနှစ်တွင် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ထုတ်ဝေခဲ့သော "ရပ်တည်ရာ ပျောက်ဆုံးခြင်း"[2] ဟူသည့်အစီရင်ခံစာ၏ နောက်ဆက်တွဲဟုဆိုနိုင်ပါသည်။ ထို့အပြင် ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ အရှေ့တောင်ဘက်တွင် နေထိုင်ကြသောရွာသားများ၏ စာအားဖြင့်လည်းကောင်း နှုတ်အားဖြင့်လည်းကောင်း သက်သေခံပြောဆိုထားသည်များအား ဝေဖန်သုံးသပ်ထားသော အချက်များအပေါ် အခြေခံထားပါသည်။ ထို့နည်းတူ ဒေသတွင်း လူ့အခွင့်အရေးအခြေအနေများကို သတင်းပေးနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ သင်တန်းပေးထားသောသူများက စုစည်းပေးပို့သော ဓာတ်ပုံ၊ ဗီဒီယို၊ အသံဖိုင်များအပေါ်တွင်လည်း အခြေခံထားပါသည်။ ဤအစီရင်ခံစာထဲ၌ ဝေဖန်သုံးသပ်ထားသော အချက်အလက်များတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကရင်လူမျိုးများနေထိုင်ရာ ဒေသများတွင် ၂၀၁၂ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော မြေယာသိမ်းဆည်းမှုနှင့် ၎င်း၏ ဆိုးကျိုးများ အကြောင်းကို အသေးစိတ်ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ဘက်ဟုဆိုရာတွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းအရှေ့ဘက်ရှိအချို့ဒေသများ၊ မွန်ပြည်နယ်မြောက်ပိုင်းဒေသများနှင့် တနင်္သာရီတိုင်း တစ်ခုလုံးကို ဆိုလိုပါသည်။[3]

[2] ရပ်တည်ရာပျောက်ဆုံးခြင်း - မြန်မာပြည်အရှေ့ပိုင်းရှိ မြေယာအပြောင်းအလဲမှုများနှင့် စုပေါင်းဆောင်ရွက်မှုများ၊ KHRG မတ်လ ၂၀၁၃ခုနှစ်။

[3] နယ်မြေဒေသအခေါ်အဝေါ်များအကြောင်းပိုမိုသိလိုပါက အစီရင်ခံစာပြုစုပုံ နည်းစနစ် ဆိုသည့်အခန်းတွင် ဖတ်ရှုနိုင်ပါသည်။

ဤအစီရင်ခံစာ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် နေထိုင်သော ရွာသားများ၏ မြေယာသိမ်းဆည်းခံရမှုအပေါ် အမြင်သဘောထားများနှင့် ရွာသားများ၏ တုန့်ပြန်လုပ်ဆောင်ချက်များကို ရေးသားတင်ပြလိုခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ၂၀၁၂ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ရွာသားများ၏ ပြောပြချက်များကိုအခြေခံပြီး ယခင်က ဖြစ်ပေါ်ခဲ့သော ပြဿနာများမှာ ယခုအချိန်ထိဖြစ်နေကြောင်းကို အဓိကမီးမောင်းထိုး ဖော်ပြရန်နှင့် ပြဿနာအသစ်များကို တင်ပြရန် ရည်ရွယ်ပါသည်။ ဤအစီရင်ခံစာတွင် တင်ပြထားသည့် သက်သေခံချက်များသည် မြန်မာနိုင်ငံအရှေ့တောင်ဘက်ရှိ ကိုယ်တိုင်ကြုံတွေ့ခဲ့ကြရသော ရွာသားများမှ တိုက်ရိုက်ပြောပြထားခြင်းဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပရှိ မြန်မာနိုင်ငံအရေး စိတ်ဝင်စားသူများမှ ယခုကဲ့သို့မြေယာသိမ်းဆည်းမှုနှင့် ဆိုးကျိုးများအကြောင်းကို ပိုမိုနားလည် သဘောပေါက်လာစေရန် ရွာသားများ၏ နှုတ်မှ တိုက်ရိုက်ထွက်ဆိုလာသည့် သက်သေခံချက်များက လွန်စွာအရေးကြီးပါသည်။ ဤအစီရင်ခံစာပါ တွေ့ရှိချက်များနှင့် တိုက်တွန်းနိုးဆော်ချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်လာကြမည့် နိုင်ငံတော်အစိုးရ၊ လက်နက်ကိုင်အဖွဲ့များ၊ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းစုများ သာမက အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက်ပါ အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ သို့မှသာလျှင် အထက်ပါ အဖွဲ့အစည်းအားလုံးက ဒေသခံပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို နားလည်သဘောပေါက်လာနိုင်ပြီး နောက်နောင်တွင် မြေယာသိမ်းဆည်းမှုများကို ရှောင်ကျဉ်ခြင်းနှင့် ရေ့အနာဂတ် ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ဒေသခံများကိုပါ ပါဝင်စေခြင်း၊ စီမံကိန်းများ၏ ရေရှည်တည်တံ့မှုကို ထည့်သွင်းစဉ်းစားခြင်း စသည်ဖြင့် သင့်လျော်သော လုပ်ဆောင်မှုများကို လုပ်ဆောင်လာနိုင်ကြပါမည်။

အခန်း I. *နိဒါန်း* တွင် အစီရင်ခံစာတစ်ခုလုံးကို ယေဘုယျအားဖြင့် ခြုံငုံဖော်ပြထားပြီး အစီရင်ခံစာပြုစုပုံ နည်းစနစ်များစသည့် အကြောင်းအရာအသေးစိတ်ကို ဖော်ပြထားပါသည်။ ထို့အပြင်လက်ရှိမြေယာနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေနှင့် ဥပဒေပြောင်းလဲမှုများကို ပြန်လည်သုံးသပ်ထားသည့် လက်တလော အခြေအနေများဟု ခေါ်သော အခန်းငယ်ကဏ္ဍတစ်ခုလည်း ပါဝင်ပါသေးသည်။

အခန်း II. *မြေယာသိမ်းဆည်းမှုများကို ဖြစ်ပေါ်စေသော စီမံကိန်းအမျိုးအစားများ* ဟူသည့်အခန်းတွင် ရွာသားများ၏ ထွက်ဆိုချက်များအား ပြန်လည်ဆန်းစစ်တွေ့ရှိချက်အရ မြေယာသိမ်းဆည်းမှုများ ဖြစ်ပွားရခြင်းမှာ အကြောင်းရင်း (၄) မျိုးကြောင့် ဖြစ်သည်ကို ဖော်ပြထားပါသည်။ ၎င်းအကြောင်းရင်း (၄)မျိုးမှာ လမ်း၊ တံတား၊ ဆည်မြောင်း စသည့်အရာများဆောက်လုပ်သည့် အခြေခံအဆောက်အဦး ဆောက်လုပ်ခြင်း၊ ရွှေ၊ငွေ၊ကျောက်၊သတ္တုတူးဖော်ခြင်း နှင့် သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပါဝင်သော သဘာဝသယံဇာတ တူးဖော်ခြင်း၊ ကျွန်း၊ ရာဘာ၊ ဆီအုန်းနှင့် အခြားစိုက်ပျိုးရေးများ ပါဝင်သော စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်း နှင့် လက်နက်ကိုင်များမှ စစ်ဘက်ဆိုင်ရာ အသုံးပြုရန် မြေယာ သိမ်းဆည်းသော စစ်တပ်၏စီမံကိန်း စသည်တို့ဖြစ်ကြပါသည်။ အထက်ပါ စီမံကိန်းတစ်ခုစီ၏ အကြောင်းနှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို ရွာသားများ၏ ထုတ်ဖော်ပြောဆိုချက်များနှင့်တကွ ဆက်လက် ဖော်ပြပေးသွားပါမည်။ ။

အခန်း III. *ရွာသားများ၏တုန့်ပြန်လုပ်ဆောင်မှု* ဟူသည့်အခန်းကဏ္ဍတွင် ရွာသားများက ၎င်းတို့အား အနိုင်ကျင့် ကျူးလွန်မှုများကို တုံ့ပြန်ရာတွင် အသုံးပြုသော အဓိကကျသော နည်းလမ်းများ အကြောင်းကို

တင်ပြထားပါသည်။ ထိုနည်းလမ်းများမှာ ဒေသခံလူမှုအဖွဲ့အစည်း၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ မတရားကျူးလွန်မှုများအား တင်ပြခြင်း၊ မြေယာသိမ်းဆည်းသူများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များထံ တွေ့ဆုံတင်ပြခြင်း၊ အဖွဲ့လိုက်ဆန္ဒဖော်ထုတ်ခြင်း၊ မြေယာများအား တရားဝင် မှတ်ပုံတင်ခြင်း နှင့် အခြားသော နည်းလမ်းများလည်း ပါဝင်ပါသည်။

ဤအစီရင်ခံစာကို ရေးသားရာတွင် အသုံးပြုသော သတင်းအချက်အလက် (၁၂၆)စောင်ကို နောက်ဆက်တွဲ စာမူ(၁)။ ။သတင်းအချက်အလက် မူကြမ်းများ *(Appendix 1: Raw Data)* နှင့် နောက်ဆက်တွဲစာမူ(၂)။ ။ မြေယာသိမ်းဆည်းမှု မှတ်တမ်းစာမူ(သို့)ဖောင် *(Appendix 2: Land Grabbing Form)* တွင် ကြည့်ရှုနိုင်ပါသည်။[4] နောက်ဆက်တွဲစာမူ(၃) မှာမူ နောက်ခံသမိုင်းအကြောင်းအရာများရေးသားထားသည့် စာမူတွင် ကြည့်ရှုနိုင်ပါသည်။

[4] စာမူကြမ်းများ အပြည့်အစုံကို khrg.org တွင်ရယူနိုင်ပါသည်။

# အစီရင်ခံစာပြုစုပုံ နည်းစနစ်

## သတင်းအချက်အလက်များကို ကွင်းဆင်းရယူခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG သည် ၁၉၉၂ခုနှစ်မှစ၍ မြန်မာနိုင်ငံအရှေ့တောင်ဘက်တွင် ဖြစ်ပေါ်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှု အဖြစ်အပျက်တစ်ခုခြင်း၏ သက်သေအချက်အလက်များကို ရှာဖွေစုဆောင်းပြီး မှတ်တမ်းတင်ထားခဲ့ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၎င်းတို့၏ သတင်းအချက်အလက်များ ကောက်ယူစုဆောင်းပုံ နည်းစနစ်များကို ရွာသားများအား သင်ကြားပို့ချပေးပြီး ၎င်းရွာသားများဖြင့် ဖွဲ့စည်းထားသော သတင်းရယူသူများ ကွန်ယက်သည် ဤအစီရင်ခံစာ ရေးသားပြုစုရန်အတွက် သတင်းအချက်အလက်များကို ရယူပေးခဲ့ကြပါသည်။[5] သတင်းအချက်အလက် ကောက်ယူပုံ နည်းစနစ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- မြန်မာနိုင်ငံ အရှေ့တောင်ဘက်တွင် နေထိုင်သောရွာသားများ၏ အဖြစ်အပျက်များကို အသံသွင်းယူ တွေ့ဆုံမေးမြန်းခြင်းဖြင့် ရွာသားများကိုယ်တိုင် ပြောဆိုချက်များကို စုဆောင်းရယူပါသည်။ တွေ့ဆုံမေးမြန်းမှု ပြုလုပ်သော ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဝန်ထမ်းများကို မေးခွန်းမေးရာတွင် လမ်းညွှန်ချက် ပေးထားသည့် အတိုင်း မေးမြန်းရန်နှင့် ရွာသားများကို လက်ရှိအခြေအနေတွင် ဖြစ်ပေါ်နေသော အကြောင်းအရာများကို လွတ်လပ်စွာထုတ်ဖော်ပြောကြားရန် အားပေးစေပါသည်။ ထို့အပြင် ရွာသားများမှ အရေးကြီးသည်ဟု ထင်မြင်သော အကြောင်းအရာများကိုလည်း ထုတ်ဖော်ပြောကြားရန်၊ လူ့အခွင့်အရေး ချိုးဖောက်မှု ပြုခံနေရခြင်းနှင့် ပတ်သက်၍လည်း ရွာသားများ၏အမြင်၊ ရှုထောင့်ကို မျှဝေပြောကြားရန် အားပေး စေပါသည်။

- လူ့အခွင့်အရေးချိုးဖောက်မှုခံရခြင်း အဖြစ်အပျက်တစ်ခုချင်းကို သတ်မှတ်ထားသောပုံစံဖြင့် စနစ်တကျ မှတ်တမ်းတင်စေပါသည်။ ချိုးဖောက်ခံရခြင်း အဖြစ်အပျက်များကို မှတ်တမ်းတင်ရေးသားရာတွင် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဝန်ထမ်းရွာသားများအား ၎င်းတို့မှအရေးပါသည်ဟု ယူဆသောအကြောင်းအရာများကို မှတ်တမ်းတင်ရေးသားရန် အားပေးပါသည်။ ဤသို့ရေးသားရာတွင်လည်း မှန်ကန်မှုရှိစေရန်အတွက် သတင်းအချက်အလက်များကို လူအများနှင့် တိုက်ဆိုင်စစ်ဆေး အတည်ပြုရန်လိုအပ်ပြီး ဘက်လိုက်မှုရှိမရှိလည်း စစ်ဆေးရန်လိုအပ်ပါသည်။ ထို့အပြင် ၎င်းတို့ရေးသားသော အဖြစ်အပျက်ကိုလည်း ဒေသတွင်းဖြစ်ပေါ်နေသော ချိုးဖောက်မှုခံရခြင်းနှင့် နှိုင်းယှဉ်ကြည့်ရပါမည်။

- ရွာသားများအကျွမ်းဝင်သော နယ်မြေဒေသများ၏ ယေဘုယျအခြေအနေများကို မျက်ခြေမပြတ်စေရန် ရေးသားစေပါသည်။ ဤသို့ရေးသားရာတွင်လည်း ဒေသခံကရင်လူ့အခွင့်အရေးအဖွဲ့မှ ဝန်ထမ်းများအား လတ်တလော အဖြစ်အပျက်များအကျဉ်းချုပ်၊ အရေးပါသည်ဟုယူဆသော အကြောင်းအရာများ၊ လူ့အခွင့်

[5] *KHRG Field Documentation Philosophy ကိုသိရှိလိုပါက တောင်းယူကြည့်ရှုနိုင်ပါသည်။*

အရေး ချိုးဖောက်မှုခံရခြင်းနှင့် ပတ်သက်၍ ၎င်းတို့၏ ထင်မြင်ယူဆချက်ရှုထောင့်များ၊ ဒေသတွင်း ဖြစ်ပေါ်နေသော အပြောင်းအလဲများ စသည့်တို့ကို ရေးသားတင်ပြရန် အားပေးပါသည်။

- ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများလည်း ရယူစုဆောင်းစေပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် ဒေသခံများကို ၎င်းတို့အတွက်အန္တရာယ်မရှိပါက အဖြစ်အပျက်များဖြစ်ပေါ်လျှင် ဓာတ်ပုံ သို့မဟုတ် ဗီဒီယို မှတ်တမ်း ရိုက်ယူတတ်ရန် သင်ကြားပေးပါသည်။ အဘယ်ကြောင့်ဆိုသော် ဓာတ်ပုံဗီဒီယိုများသည် ရိုက်ယူရန် အစဉ်အမြဲမဖြစ်နိုင်သော်လည်း သက်သေအထောက်အထားကောင်း ဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။ ဒေသခံများကိုရွာသားများ၏ နေ့စဉ်ဘဝ၊ ရိုးရာယဉ်ကျေးမှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုခံရခြင်းများ၏ ရေရှည်ဆိုးကျိုးများအကြောင်း အပါအဝင် ၎င်းတို့ အရေးကြီးသည်ဟုယူဆသော အကြောင်းအရာများကိုလည်း ဓာတ်ပုံ၊ဗီဒီယိုရိုက်ကူးထားရန် အားပေးပါသည်။

- အခြားအထောက်အထားများဖြစ်သော လုပ်အားပေးရန်ဆင့်ခေါ်သော သို့မဟုတ် နေရာရွှေ့ပြောင်းရန် ညွှန်ကြားသော စစ်တပ်မှအမိန့်ကြေငြာစာ စသည်များကိုလည်း စုဆောင်းရယူစေပါသည်။ ကရင်လူ့အခွင့် အရေးအဖွဲ့တွင် လခစားဝန်ထမ်း၊ ပစ္စည်းအထောက်အပံ့သာယူသောဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများဟူ၍ ရှိပါသည်။ ဒေသတွင်းရှိ လူတန်းစားအမျိုးမျိုးပါဝင်သော ဤဝန်ထမ်းများ (ကွင်းဆင်းလုပ်သား)ကို ၎င်းတို့ ဒေသအား ဆိုးကျိုးသက်ရောက်စေသော အကြောင်းအရာများကို မှတ်တမ်းတင်တတ်ရန် ကရင်လူ့အခွင့် အရေးအဖွဲ့မှ သင်ကြားပေးပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် ဝန်ထမ်းခန့်အပ်ရာတွင် လူမျိုး၊ ဘာသာ၊ နောက်ကြောင်းရာဇဝင်၊ ပါတီနိုင်ငံရေး၊ အလုပ်အကိုင် စသည့်အချက်များအပေါ် ခွဲခြားခြင်းလုံးဝမရှိပါ။ ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် ဒေသ၏ အခြေအနေကို နားလည်သိရှိသူ၊ မိမိဒေသ၏ လူ့အခွင့်အရေး အခြေနေကိုမြှင့်တင်လိုသူ၊ ဒေသတွင်းလူသိများ၍ လူအများ၏လေးစားခြင်းခံရသူ မည်သူ့ကိုမဆို လေ့ကျင့် သင်ကြားပေးပါသည်။ မည်သူမဆို ရာနှုန်းပြည့် ဘက်လိုက်မှုမကင်းနိုင်ကြောင်း အဘက်ဘက်အပေါ် ပိုမို အလေးပေးနိုင်သည်ကို သိရှိသောကြောင့် KHRG အနေဖြင့် ရရှိလာသောသတင်းအချက်အလက်များကို ဘက်လိုက်မှုကင်းစေရန် သေချာစွာစီစစ်ပါသည်။ ထို့အပြင် သက်သေခံအချက်အလက်များကို လူအများနှင့် ရှုထောင့်မျိုးစုံမှ ရယူတင်ပြစေပါသည်။

## အတည်ပြုခြင်း

KHRG အနေဖြင့်ဒေသခံ ကွင်းဆင်းလုပ်သားများအား ကွဲပြားခြားနားသော သတင်းအချက်အလက်များကို သတင်းအရင်းအမြစ်မျိုးစုံမှရယူခြင်း၊ မည်သည့်အရင်းအမြစ်မှ သတင်းပိုမိုမှန်ကန်နိုင်သည်ကို စီစစ်ခြင်း၊ မိမိတို့၏ ဒေသအတွေ့အကြုံပေါ် အခြေခံ၍ရရှိလာသော သတင်းအချက်အလက်များကို နှိုင်းယှဉ်သုံးသပ်ခြင်း စသည့်နည်းများပါဝင်သော အတည်ပြုခြင်း မူဝါဒကို လိုက်နာကျင့်သုံးစေပါသည်။ ထို့အပြင် KHRG၏ သတင်းအချက်အလက် စီစစ်ရေးလုပ်ငန်းစဉ်များတွင် သတင်းအချက်အလက် တစ်ခုခြင်းကို ဘာသာပြန်ခြင်း မပြုမီ မှန်ကန်မှုရှိစေရန် သေချာစွာစီစစ်ခြင်း၊ လိုအပ်ပါက သတင်းပေးပို့သူထံ ပြန်လည်မေးမြန်း အတည်ပြုခြင်း စသည့်လုပ်ငန်းစဉ်များ ပါဝင်ပါသည်။

ဤအစီရင်ခံစာသည် KHRGမှ ကွင်းဆင်းလေ့လာသော နေရာဒေသများတွင် ဖြစ်ပေါ်နေသော စီးပွားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်၍ ဖြစ်ပွားခဲ့သော အဖြစ်အပျက်များအားလုံးကို ဖော်ပြတင်ပြခြင်းမဟုတ်ပဲ ဒေသခံ KHRGဝန်ထမ်းများ ပေးပို့သော သတင်းအချက်အလက်များတွင်ပါဝင်သည့် အဖြစ်အပျက် တစ်ချို့ကိုသာ တင်ပြထားခြင်းဖြစ်ပါသည်။ KHRG၏ အစီရင်ခံစာသည် ရွာသားတစ်ဦးချင်းနှင့် ဒေသခံလူထုများ၏ အမြင်ရှုထောင့်များကို အဓိကထားတင်ပြရန်ရည်ရွယ်ပြီး ဒေသတွင်းဖြစ်ပေါ်နေသော အဖြစ်အပျက်များအပေါ် အဓိကထားတင်ပြခြင်းမဟုတ်ပါ။ ဖြစ်ပေါ်နေသော အဖြစ်အပျက်များအားလုံးကိုလည်း စုစည်းတင်ပြရန် ရည်ရွယ်ခြင်းမဟုတ်ပါ။ ရွာသားများမှ အဖြစ်အပျက်အားလုံးကို ရှင်းလင်းစွာ ပြောပြနိုင်မှု အမြဲမရှိခြင်း အဖြစ်အပျက်များကို မှန်ကန်တိကျစွာ မှတ်တမ်းပြုလုပ်ထားမှု မရှိခြင်းတို့ကြောင့် ဒေသခံလူထုမှ လက်ရှိအခြေအနေတွင် အရေးကြီးသည်ဟု တင်ပြလာသော အချက်အလက်များကိုသာ အဓိကထား တင်ပြခြင်းဖြစ်ပါသည်။ ရွာသားများစွာသည် တွေ့ဆုံမေးမြန်းမှုဖြေကြားရာတွင် အချိန်၊နေရာ တစ်ခုခုတွင် ဖြစ်ပေါ်ခဲ့သည့် အဖြစ်အပျက်တစ်ခုနှင့် ပတ်သက်ပြီး ဖြေကြားရန်သာ ဟူ၍ သတ်မှတ်ထားခြင်း မရှိပဲ မသက်ဆိုင်သော အခြားအကြောင်းအရာများဖြစ်သည့် KHRG ၏ သတင်းအချက်အလက် စုဆောင်းရာတွင် ဖော်ပြထားခြင်းမရှိသည့် အချက်များကိုလည်း တင်ပြနိုင်ပါသည်။ ဤအစီရင်ခံစာကို များစွာသော သတင်းအချက်အလက်အပေါ် သုံးသပ်ဝေဖန်စီစစ်ခြင်းဆိုသည့်အချက်နှင့် နယ်မြေဒေသများစွာမှ ဒေသခံများ တင်ပြသောအချက်များပေါ်တွင်လည်း အဓိကထားပါသည်။

## ဤအစီရင်ခံစာကို စီစစ်ဝေဖန်သုံးသပ်ပုံ

ဤအစီရင်ခံစာကို ၂၀၁၂ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဇန်နဝါရီအတွင်း ရရှိခဲ့သော သတင်းအချက်အလက်များပေါ်တွင် အခြေခံထားပါသည်။ ဤကာလများအတွင်း KHRG ဝန်ထမ်းများက ရွာသားများ နှုတ်ဖြင့်ပြောဆို တွေ့ဆုံမေးမြန်းမှု အသံဖိုင်များ (၅၆၀) ခု၊ အဖြစ်အပျက်မှတ်တမ်း (၁၆၅)ခု၊ ဒေသအခြေအနေကို ရေးသားထားသော မှတ်တမ်း (၉၈)ခု၊ ရွာသားများကိုယ်တိုင် ရေးသားထားသော စာရွက်စာတမ်း (၁၅၃)ခု၊ ဓာတ်ပုံပေါင်း (၁၈၅၁၂) ပုံနှင့် ဗီဒီယိုမှတ်တမ်း (၁၁၇၉)ခု အား

ရှင်းလင်းတင်ပြထားသော ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်း (၁၃၁)ခု၊ မြေယာသိမ်းဆည်းမှုပုံစံ(၆၆)ခု[6]နှင့် အရပ်ဘက်စစ်ဘက်အရာရှိများမှ ထုတ်ပြန်သော အမိန့်ကြေငြာစာ (၂၂)ခုတို့ ပါဝင်သော စုစုပေါင်း သက်သေခံချက်၊ ဓာတ်ပုံနှင့် သတင်းအချက်အလက် မှတ်တမ်း (၁၃၉၅) ခုတို့ကို စုဆောင်းရယူခဲ့ကြပါသည်။ ဤသတင်းအချက်အလက်များကို ရရှိပြီးနောက် KHRG ၏ ကရင်လူမျိုး သတင်းအချက်အလက်များ ဝေဖန်စီစစ်ရေးဝန်ထမ်းများနှင့် အလုပ်သင်များ ပါဝင်သောအဖွဲ့မှ လူ့အခွင့်အရေးနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ဝေဖန် သုံးသပ်စီစစ်နိုင်ရန် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပါသည်။ KHRG၏ သတင်းအချက်အလက်များ ဝေဖန်စီစစ်ရေး အဖွဲ့အား အင်္ဂလိပ်ဘာသာစကားကို မိခင်ဘာသာစကားအဖြစ်ပြောသော ပုဂ္ဂိုလ်များမှ အကူအညီပေးပါသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ အထိ သတင်းအချက်အလက်ပေါင်း (၄၈၄)ခုကို ဤအစီရင်ခံစာအတွက် ဝေဖန်စီစစ် သုံးသပ်နိုင်ရန် အင်္ဂလိပ်ဘာသာသို့ပြန်ဆိုထားပြီး ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း ပြုလုပ်ခဲ့သောအဖွဲ့တွင်း လုပ်ငန်းခွင်ဆွေးနွေးပွဲတွင် ၂၀၁၂ခုနှစ် ဒီဇင်ဘာလမှစ၍ ယခုအချိန်ထိ ကောက်ယူခဲ့သော စစ်တမ်းများအပေါ်တွင် အခြေခံ၍ မြေယာသိမ်းဆည်းခြင်းများသည် ဖော်ပြပါ အဓိကစီမံကိန်း (၄)ရပ်ကြောင့် ဖြစ်သည်ဟု ဤအစီရင်ခံစာကို စီစစ်သောအဖွဲ့မှ တွေ့ရှိခဲ့ကြပါသည်။ ၎င်းတို့မှာ အခြေခံအဆောက်အအုံဆောက်လုပ်သောစီမံကိန်း၊ သဘာဝသယံဇာတ တူးဖော်သောစီမံကိန်း၊ စီးပွားဖြစ်စိုက်ပျိုးရေးစီမံကိန်းနှင့် စစ်ဘက်ဆိုင်ရာအတွက် အသုံးပြုရန် စစ်တပ်မှ မြေယာသိမ်းဆည်းခြင်း စသည်တို့ဖြစ်ပါသည်။ ထို့နောက် သတင်းအချက်အလက် စီစစ်ရေးအဖွဲ့သည် သတင်းအချက်အလက် (၄၈၄)ခု ကို စတင်စီစစ်ပြီး ၎င်းသတင်းအချက်အလက် (၄၈၄) ခုတွင် မြေယာသိမ်းဆည်းခြင်းကြောင့် ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်များ၊ ၂၀၁၂ခုနှစ် ဒီဇင်ဘာလနောက်ပိုင်းတွင် မြေယာသိမ်းဆည်းမှုကြောင့် ဖြစ်ပေါ်သော နောက်ဆက်တွဲဆိုးကျိုးများ စသည့်အကြောင်းအရာများနှင့် သက်ဆိုင်သော အချက်အလက်များကို ရှာဖွေစီစစ်ခဲ့ကြပါသည်။ ဤသို့ဖြင့်မြေယာသိမ်းဆည်းခြင်းနှင့် ဆိုင်သော သတင်းအချက်အလက် (၁၂၆)ခုကို ရရှိခဲ့ပါသည်။

ဤသတင်းအချက်အလက် (၁၂၆) ခုကို အထက်ဖော်ပြပါစီမံကိန်း (၄) ရပ်အပေါ်လိုက်၍ ထပ်မံအမျိုးအစားခွဲပါသည်။ ထို့နောက် နောက်ဆက်တွဲဆိုးကျိုးများ၊ ပါဝင်ပတ်သက်သူများနှင့် ရွာသားများ၏တုန့်ပြန်သော နည်းလမ်းများ အပေါ်မူတည်၍ ထပ်မံခွဲခြားပါသည်။ မြေယာသိမ်းဆည်းမှုကြောင့်ဖြစ်ပေါ်သော နောက်ဆက်တွဲ အဓိကဆိုးကျိုးများမှာ စားဝတ်နေရေးပြဿနာ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ နေရာရွှေ့ပြောင်းခံရခြင်းနှင့် ကျန်းမာရေးပြဿနာများဖြစ်ကြသည်။ ရွာသားများ၏ အဓိကတုန့်ပြန်လုပ်ဆောင်မှု နည်းလမ်းများမှာ

[6] မြေယာသိမ်းဆည်းခံရမှုအား တင်ပြသည့် စာရွက်ပုံစံ/ ဖောင် (LGF) သည် ၂၀၁၂ ခုနှစ်တွင် KHRG မှ ထုတ်လုပ်ထားသော စံနူန်းမီ စာရွက်ပုံစံ/ဖောင်ဖြစ်ပါသည်။ ဤစာရွက်ပုံစံ/ ဖောင်အား ထုတ်လုပ်ရသည့် ရည်ရွယ်ချက်မှာ KHRG ၏ ကွင်းဆင်းလုပ်သားများမှ မြေယာသိမ်းဆည်းမှု ပုံစံ အထောက်အထားအား စနစ်တကျ မှတ်တမ်းတင်နိုင်ရန်နှင့် သတင်းအချက်အလက်များဖြစ်သည့် ထိခိုက်နစ်နာသူ၊ တည်နေရာ၊ ကျူးလွန်သူ၊ ဆုံးရှုံးသွားသည့် မြေဧက၊ ပထဝီအနေအထား စသည်တို့ သေချာစွာ မှတ်တမ်းတင်ခဲ့ရန် ဖြစ်ပါသည်။ ထို့အပြင် ဤသတင်းအချက်အလက်များအား တင်ပြခြင်းအားဖြင့် မြေယာ ကိစ္စနှင့် ပတ်သက်၍ တိုင်ကြားမှု ပြုရန် အထောက်အကူဖြစ်နိုင်သလို မြန်မာအစိုးရ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) သို့မဟုတ် အခြား သော မြေယာသိမ်းဆည်းမှု ကျူးလွန်သူများဆီသို့ ထိုသတင်းအချက်အလက်များတ င်ပြခြင်းဖြင့် မြေယာသိမ်းဆည်းမှု ပြဿနာအား ဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။

ဒေသတွင်း လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများထံ တင်ပြ အကူအညီ တောင်းခံခြင်း၊ မြေယာသိမ်းဆည်းသူများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊ နိုင်ငံတော်အစိုးရတာဝန်ရှိသူများထံ လည်းကောင်း ကေအဲန်ယူအရာရှိများထံလည်းကောင်း တင်ပြတောင်းဆိုခြင်း၊ မြေယာများကို တရားဝင်မှတ်ပုံ တင်ခြင်း၊ တရားဝင်လမ်းကြောင်းများအသုံးပြုပြီး တိုင်ကြားခြင်းနှင့် အခြားသောနည်းလမ်းများစွာတို့ဖြစ် ပါသည်။ မြေယာသိမ်းဆည်းမှု အဓိကကျူးလွန်သူများမှာ နိုင်ငံတော်အစိုးရ၊ ပြည်တွင်းပြည်ပစီးပွားရေး လုပ်ငန်းရှင်များ၊ လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သော တပ်မတော်၊ ကရင်နယ်ခြားစောင့်တပ်၊ ကေအဲန်ယူ/ ကေအဲန်အယ်(လ်)အေ ငြိမ်းချမ်းရေးကောင်စီ [KNU/KNLA-PC]၊ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ [KPF] စသည့် တပ်ဖွဲ့များ၊ ချမ်းသာကြွယ်ဝသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဘာသာရေးခေါင်းဆောင်များဖြစ်ကြပါသည်။

## ကျွမ်းကျင်ပညာရှင်များ၏ မှတ်ချက်

အစီရင်ခံစာမူကြမ်းများကို ကဏ္ဍအလိုက် သက်ဆိုင်ရာပြည်တွင်းပြည်ပ ပညာရှင်များ ထံပေးပို့ ဖတ်ရှုစေပြီး ၎င်းတို့၏မှတ်ချက်များကို လုပ်ငန်းခွင်ဆွေးနွေးပွဲပြုလုပ်၍ သုံးသပ်ကာ အစီရင်ခံစာတွင် ထည့်သွင်းပါသည်။ ထိုသို့ပညာရှင်များ၏ မှတ်ချက်များကို ထည့်သွင်းရာတွင်လည်း ဒေသခံပြည်သူများ၏ ပြောဆိုချက်များကို ဦးစားပေးပြီးမှသာ ထည့်သွင်းပါသည်။ ကျွမ်းကျင်ပညာရှင်များကိုရွေးချယ်ရာတွင်လည်း ၎င်းတို့ကျွမ်းကျင်သည့် ဘာသာရပ်အလိုက် လည်းကောင်း KHRGနှင့် လက်တွဲအလုပ်လုပ်ခဲ့သည့် အတွေ့အကြုံပေါ် မူတည်၍ လည်းကောင်း စိစစ်ရွေးချယ်ပါသည်။ ထို့အပြင်သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျွမ်းကျင်သူများနှင့်လည်း မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံများတွင် တွေ့ဆုံကာ ဤအစီရင်ခံစာရေးသားပုံနှင့် တွေ့ရှိချက်များအကြောင်းကို ဆွေးနွေးကြပါသည်။

## အကြံပြုချက်များ

ဤအစီရင်ခံစာ နိဒါန်းတွင် အကြံပြုတင်ပြချက်များဟူသည့် ခေါင်းစဉ်ဖြင့် လုပ်ဆောင်သင့်သည့် အရာများကို ချုံ့တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဤအကြံပြုတင်ပြချက်များသည် ယခင် ၂၀၁၃ခုနှစ် မတ်လ တွင်ထုတ်ဝေခဲ့သော 'ရပ်တည်ရာပျောက်ဆုံးခြင်း' *[Losing Ground]*၊ ၂၀၁၄ခုနှစ် မေလတွင် ထုတ်ဝေခဲ့သော 'ဆိုင်းငံ့ခြင်း (သို့) အသွင်ကူးပြောင်းခြင်း' *[Truce or Transition?]* စသည့် အစီရင်ခံစာများတွင် ပါဝင်ခဲ့သော အကြံပြုတင်ပြချက်များနှင့် ၂၀၁၄ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သည့် KHRG ဝန်ထမ်းများအစည်းအဝေးတွင် တင်ပြခဲ့ကြသော အကြံပြုချက်များကို စုပေါင်းဖော်ပြထားခြင်းဖြစ်သည်။ ဤကဲ့သို့ စုစည်းတင်ပြခြင်းမပြုမီ KHRG ၏ သတင်းအချက်အလက်စိစစ်ရေးဝန်ထမ်းများနှင့် ရွာသားများအား ဆွေးနွေးအကြံပေးခြင်းလုပ်ငန်း လုပ်ဆောင်သော ဝန်ထမ်းများပါဝင်သည့် ဆွေးနွေးပွဲများတွင် အကြိမ်ကြိမ်ဆွေးနွေးစိစစ်ခဲ့ကြပြီး KHRG ၏ ညွှန်ကြားရေးမှူးများနှင့် အကြံပေးဘုတ်အဖွဲ့ဝင်များမှလည်း စိစစ်မှုများပြုလုပ်ခဲ့ကြပါသည်။ ထို့အပြင် ပိုမိုကောင်းမွန်ပြည့်စုံစေရန် ကဏ္ဍအလိုက် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ အကြံပေးချက်များကိုလည်း ထည့်သွင်းခဲ့ပါသည်။

## သတင်းအရင်းအမြစ်နှင့် မှီငြမ်းချက်များ

ဤအစီရင်ခံစာတွင် ပါဝင်သောသတင်းအချက်အလက် တစ်ခုချင်းသည် ဤအစီရင်ခံစာ စုဆောင်းပြုစုစဉ် ကာလတွင်း ရွာသားများ တိုက်ရိုက်ပြောဆိုသော သက်သေခံချက်များအပေါ် သို့မဟုတ် KHRG ဝန်ထမ်းများ စုဆောင်းဝေဖန်စီစစ်ရေးသားထားသော သတင်းအချက်အလက်များအပေါ် အခြေခံထားပါသည်။ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် လူအများဖတ်ရှုအတည်ပြုနိုင်ရန် ဤအစီရင်ခံစာပါ ဥပမာများအားလုံးကို သတင်းအရင်းအမြစ် အမှတ်စဉ် (၁၂၆)ခုဖြင့် အောက်ခြေမှတ်စုတွင် ဖော်ပြထားပါသည်။ ၎င်းတို့ကို KHRG ၏ အင်တာနက်စာမျက်နှာရှိ နောက်ဆက်တွဲစာမူ(၁)။ ။သတင်းအချက်အလက်မူကြမ်းများ *(Appendix 1: Raw Data)* နှင့် နောက်ဆက်တွဲစာမူ(၂)။ ။မြေယာသိမ်းဆည်းမှတ်တမ်းစာမူ/ဖောင် *(Appendix 2: Land Grabbing Form)* တွင်ကြည့်ရှုနိုင်ပါသည်။ ဤအစီရင်ခံစာတွင်ပါဝင်သော ဥပမာများအားလုံးကို ပိုမိုထိရောက်စွာ တင်ပြနိုင်ရန် ရွာသားများ၏ သက်သေခံချက်နှင့် ကွင်းဆင်းကောက်ယူထားသော သတင်းအချက်အလက်မူရင်းမှ ကောက်နုတ်ချက်များကို တတ်နိုင်သမျှထည့်သွင်းဖော်ပြထားပါသည်။

## သတင်းအချက်အလက် ကောက်ယူစုဆောင်းရာ ဒေသများ

သတင်းအချက်အလက်များကို ပထဝီနယ်မြေဒေသအလိုက် ခွဲခြားနိုင်ရန် KHRG အနေဖြင့် သတင်းရယူသော နယ်မြေဒေသများကို (၇)ခုခွဲထားပါသည်။ ၎င်းတို့မှာ သထုံ၊ တောင်ငူ၊ ညောင်လေးပင်၊ မြိတ်-ထားဝယ်၊ ဖာပွန်၊ ဒူးပလာယာ နှင့် ဘားအံဒေသများဖြစ်ပါသည်။ ဤနယ်မြေဒေသခုနစ်ခုကို ခရိုင်ဒေသများအဖြစ် ရည်ညွှန်းထားပြီး ဤရည်ညွှန်းချက်များသည် KNU အဖွဲ့၊ KNU နှင့်ဆက်စပ်သော ဒေသခံအဖွဲ့အစည်းများအပြင် KNUနှင့် ဆက်စပ်မှုမရှိသော ဒေသခံအဖွဲ့အစည်းများမှလည်း အသုံးပြုသော အသုံးအနှုန်းများဖြစ်ပါသည်။

KHRG အနေဖြင့် အထက်ပါအတိုင်း ခရိုင်ဒေသများကိုခေါ်ဆိုအသုံးပြုခြင်းသည် နိုင်ငံရေးပတ်သက်ဆက်နွယ်မှု မရှိပဲ KHRG စတင်ဖွဲ့စည်းချိန်မှစ၍ အသုံးပြုခဲ့သောအသုံးအနှုန်းများကို ဆက်လက်အသုံးပြုခြင်း ဖြစ်ပါသည်။ KHRG မှ တွေ့ဆုံမေးမြန်းသောရွာသားများ၊ လက်တွဲလုပ်ဆောင်သော ဒေသခံအဖွဲ့အစည်းများကလည်း အထက်ပါအခေါ်အဝေါ်များကို အသုံးပြုကြပါသည်။

အထက်ပါအတိုင်း KHRGမှအသုံးပြုသော ခရိုင်ဒေသအခေါ်အဝေါ်များသည် မြန်မာနိုင်ငံတော်အစိုးရမှ သတ်မှတ်ထားသော မြေပုံပါနယ်နိမိတ်သတ်မှတ်ချက်၏ အခေါ်အဝေါ်နှင့်မတူညီပါ။ သို့သော်အထက်ပါ ခရိုင်များသည် အစိုးရမှသတ်မှတ်ထားသော ပြည်နယ်နှစ်ခုနှင့် တိုင်းဒေသကြီးနှစ်ခု အတွင်းတွင် ရှိပါသည်။ ဤအစီရင်ခံစာပါ တောင်ငူခရိုင်သည် ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၏ အစိတ်အပိုင်းတစ်ချို့၊ ညောင်လေးပင်ခရိုင်သည် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၏ အစိတ်ပိုင်းများဖြစ်ကြပြီးဖာပွန်၊ ဘားအံ နှင့်ဒူးပလာယာခရိုင်များသည် ကရင်ပြည်နယ်မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ပါဝင်ကြပါသည်။ သထုံခရိုင်သည် မွန်ပြည်နယ် မြောက်ပိုင်းနှင့် မြိတ်-ထားဝယ်ခရိုင်သည် တနင်္သာရီတိုင်းဒေသကြီးတွင် ပါဝင်ပါသည်။

ဤအစီရင်ခံစာကို နိုင်ငံတော်အစိုးရ၏ နယ်နိမိတ်သတ်မှတ်ချက်များနှင့်သာ အကျုံးဝင်သော အဖွဲ့အစည်းများနှင့်ဒေသခံများအသုံးပြုသော နယ်နိမိတ်သတ်မှတ်ချက်များကို အသုံးပြုသောအဖွဲ့အစည်းများ အားလုံးနားလည်သဘောပေါက်နိုင်ရန် မြေပုံ(၁) တွင်နယ်နိမိတ်သတ်မှတ်ချက်နှစ်မျိုးလုံးကို ထည့်သွင်းဖော်ပြပေးထားပါသည်။ ထို့အပြင် အစီရင်ခံစာရေးသားချက်များတွင်လည်း အလျင်းသင့်သလို နယ်နိမိတ်သတ်မှတ်ချက် နှစ်မျိုးလုံးကို ဖော်ပြထားပါသည်။

ကရင်ရွာများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားရာတွင် ၂၀၁၂ခုနှစ်က ဒေသခံအဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် အများသဘောတူညီချက်ဖြင့် သတ်မှတ်ထားသော အသံဖလှယ် နည်းဖြင့် အင်္ဂလိပ်စာလုံးပေါင်း အသုံးအနှုန်းကို အသုံးပြုထားပါသည်။[7]

**အမည်နာမများ၊ နေရာဒေသများနှင့် အခြားအသေးစိတ်အချက်အလက်များကို ဖုံးကွယ်ထားခြင်း**

KHRG အနေဖြင့် ရွာသားများ၏ ပြောဆိုချက်များ၊ သတင်းအချက်အလက်များနှင့် အထူးသဖြင့်ရွာသားများ၏ အမည်နာမနှင့် ရွာအမည်ကို ဖော်ပြခြင်းဖြင့် ရွာသားများအတွက် အန္တရာယ်ရှိနိုင်သည်ဟု ယူဆသောကြောင့် အမည်နာမများကို အတိအကျ မဖော်ပြပဲအက္ခရာစာလုံးများဖြင့်သာ ဖော်ပြပါသည်။ ဤကဲ့သို့ အသုံးပြုသော အက္ခရာစာလုံးများသည် အမည်နာမအရင်းနှင့် ဆက်စပ်မှုမရှိပါ။ ထို့အပြင် ဤအစီရင်ခံစာတွင်အသုံးပြုသော အမည်နာမအက္ခရာစာလုံးများသည် နောက်ဆက်တွဲစာမူ(၁)။ ။သတင်းအချက်အလက် မူကြမ်းများ *(Appendix 1: Raw Data)* နှင့် နောက်ဆက်တွဲစာမူ(၂)။ ။မြေယာသိမ်းဆည်းမှတ်တမ်းစာမူ/ဖောင် *(Appendix 2: Land Grabbing Form) တွင်* အသုံးပြုသောအမည်နာမအက္ခရာစာလုံးများနှင့်လည်း ဆက်စပ်မှုမရှိပါ။ အမည်နာမများကို က---မှ အ--- အထိ၊ အက္ခရာများကိုသုံးပြီး လျို့ဝှက်ဖော်ပြပါသည်။ ယခုလိုအသုံးပြုသည့် အက္ခရာများကို ကျပန်းနည်းဖြင့် အစီရင်ခံစာတစ်အုပ်လုံးတွင် အမည်နာမများကို လျို့ဝှက်အသုံးပြုထားပါသည်။ ဤနည်းဖြင့် အမည်နာမများကို လျို့ဝှက်အမည်ပေးပြီး KHRG မှတ်တမ်းများတွင် မှတ်သားထားပါသည်။ ထို့ကြောင့်အမည်နာမများလျို့ဝှက်ထားခြင်းကို သတင်းအချက်အလက်များ မပြည့်စုံခြင်းဟုသတ်မှတ်၍ မရပါ။ အချို့ကိစ္စရပ်များတွင် ဒေသခံရွာသားများနှင့် KHRG ဝန်ထမ်းများ၏ လုံခြုံရေးအခြေအနေအရ အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်းမပြုပါ။

[7] ယင်းအသံဖလှယ်မှုစနစ်သည် KHRG အသုံးပြုခဲ့သော ယခင်စနစ်နှင့် မတူသဖြင့် နေရာဒေသ ဆိုင်ရာ စာလုံးပေါင်းများမတူကြောင်း သတိပြုပါ။ အဖွဲ့အစည်းမှ တည်ထောင်နေသော စနစ်အား သဘောတူခဲ့သည့် အတိုင်း ခရိုင်နှင့် မြို့နယ် အတွက် အသုံးများသည့် စာလုံးပေါင်းများသည် အသံဖလှယ်မှု စနစ်အသစ်နှင့် မကိုက်ညီသည့် တိုင်အောင် ဆက်လက်အသုံးပြုမည်ကိုလည်း သတိပြုပါ။

## အစီရင်ခံစာ ပြုစုရန် လွတ်လပ်မှု၊ အတားအဆီးများနှင့် ဘက်လိုက်မှုများ ရွေးချယ်ခြင်း

KHRG သည် လက်နက်ကိုင်တပ်ဖွဲ့များဖြစ်သော တပ်မတော်၊ ကရင်နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေအတွင်း သို့မဟုတ် နယ်မြေများကိုဖြတ်ကျော်၍ အလုပ်လုပ် သော်လည်း မည်သည့်အဖွဲ့နှင့်မှ ဆက်စပ်မှုမရှိပါ။ KHRG ကွင်းဆင်းလုပ်သားအနေဖြင့် တပ်မတော်စစ်ကြောင်း နှင့် နီးကပ်သော ကားလမ်းမများကို ဖြတ်သန်းရာတွင်လည်းကောင်း၊ မြေမြုပ်မိုင်းရှိသည်ဟု ယူဆရသော နေရာများကို ဖြတ်သန်းရာတွင်လည်းကောင်း ကေအဲန်အယ်လ်အေ တပ်ဖွဲ့၏ အကူအညီကိုရယူပါသည်။ အခြား တပ်ဖွဲ့များမှာမူ KHRG အဖွဲ့ကို အကူအညီမပေးလိုပေ။ တပ်မတော်၊ ကရင်နယ်ခြားစောင့်တပ်နှင့် ကရင် အမျိုးသားအကျိုးပြု တပ်မတော်တပ်ဖွဲ့များသည် KHRG လုပ်ငန်းများအတွက် အဓိကအတားအဆီးဖြစ်ပါသည်။ လူ့အခွင့်အရေး အလွဲသုံးစားမှုအကြောင်း သတင်းရယူစုဆောင်းသူ ဒေသခံကွင်းဆင်း လုပ်သားများသည် ၎င်းတို့လုပ်ရပ်ကို လူ့အခွင့်ရေးချိုးဖောက်ကျူးလွန်သူ လက်နက်ကိုင်များသိရှိလျှင် ဖမ်းဆီးနှိပ်စက် ခံရနိုင်သည်ကို သိရှိသော်လည်း အများအတွက် ကိုယ်ကျိုးစွန့် လုပ်ကိုင်ကြပါသည်။

အထက်ပါ အတားအဆီးအနှောင့်အယှက်များကြောင့် သတင်းအချက်အလက်စုဆောင်းရယူသော ဒေသခံ ရွာသားများသည် ၎င်းတို့၏လုံခြုံရေးအတွက် အာဏာပိုင်များထံပြန်လည် သတင်းမပေးသူများကိုသာ တွေ့ဆုံ မေးမြန်းမှုများ ပြုလုပ်နိုင်ပါသည်။ သို့သော် တောတောင်တွင်း ပုန်းအောင်းနေသူများအားလုံးကိုမူ လွတ်လပ်စွာ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ပြဿနာ ဖြစ်ပေါ်လာပါက ထွက်ပြေးတိမ်းရှောင်ကြမည်ဖြစ်ပါသည်။ အချို့ဒေသများတွင် လုံခြုံရေးအခြေအနေအရ တွေ့ဆုံမေးမြန်းမှုများ ကို လွတ်လပ်စွာလုပ်ကိုင်၍ မရနိုင်ပါ။ KHRG ဝန်ထမ်းများ၏ လုပ်ဆောင်မှုများကို သတင်းပေး တိုင်ကြားလိုသူများသည် တပ်မတော်ကို အကောင်းမြင်သူများဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် ပဋိပက္ခဖြစ်နေသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ လုပ်ရပ်ကို အဆိုးမြင်ဝေဖန်သူများပင် ဖြစ်ကြပါသည်။

အထက်ပါကန့်သတ်ချက်များကြောင့် KHRGသည် အတိုက်အခံ တိုင်းရင်းသားလက်နက်ကိုင်များ၏ လုပ်ရပ်များ အားလုံးကိုလည်းကောင်း နိုင်ငံတော်အစိုးရ၏ အပြုသဘောဆောင်သော လုပ်ရပ်များကို လည်းကောင်း ရေးသားတင်ပြနိုင်ခြင်းမရှိပါ။ ထို့ကြောင့် ဤအစီရင်ခံစာတွင် သတင်းအချက်အလက်ကောက်ယူခြင်း မပြုသော နေရာဒေသများမှ မြေယာနှင့်ပတ်သက်သော အစိုးရအဖွဲ့များ၏ လုပ်ဆောင်ချက်များကိုဝေဖန်သုံးသပ် တင်ပြခြင်းများမပြုလုပ်ပါ။ ဤအစီရင်ခံစာတွင် ရွာသားများက ၎င်းတို့အတွေ့အကြုံအရ တင်ပြလာသော အကြောင်းအရာများကိုသာ အဓိကထား တင်ပြထားခြင်းဖြစ်ပြီး ထိုရရှိထားသောသတင်းအချက်အလက်များကို ဝေဖန်သုံးသပ် တင်ပြထားခြင်းဖြစ်ပါသည်။

သို့သော် အထက်ပါကန့်သတ်ချက်များသည် တပ်မတော်နှင့် အခြားသောအဖွဲ့များ၏လုပ်ရပ်များကို တင်ပြ ထားသော KHRG၏ သတင်းအချက်အလက်များ စစ်မှန်မှုကို မထိခိုက်စေနိုင်ကြောင်းကို အသိအမှတ်ပြုရန် လိုအပ်ပါသည်။ KHRGမှ တွေ့ဆုံမေးမြန်းမှုပြုလုပ်ခံရသူများသည် မိမိတို့၏ ကိုယ်ပိုင်ခံစားမှုများအပေါ်လိုက်၍ ဘက်လိုက်ချဲ့ထွင်ပြောကြားဖြေဆိုမှုများ ပြုလုပ်နိုင်ပါသည်။ ထို့ကြောင့် အထက်တွင်ဖော်ပြထားသည့် စီစစ်ခြင်း

နည်းလမ်းများတွင် ဘက်လိုက်မှုများမပါဝင်နိုင်ရန် ပြုလုပ်ထားပါသည်။ ထို့အပြင်အစီရင်ခံစာပြုစုစဉ်ကာလတွင် သာမက လွန်ခဲ့သော ၂၂နှစ်အတွင်း အစဉ်တစိုက်စုဆောင်းရယူခဲ့သော သတင်းအချက်အလက်များစွာသည် လည်း သတင်းအချက်အလက်၏ မှန်ကန်မှုမရှိခြင်းဆိုသည့် စိုးရိမ်မှုကိုလည်းလျှော့ချနိုင်ပါသည်။ နောက်ဆုံး အနေဖြင့်သတင်း အချက်အလက်များတွင်ပါဝင်မှုမရှိသောအရာများအတွက် အဖြေရှာနိုင်ရန် နောက်ထပ် သတင်းများ ထပ်မံစုဆောင်းရယူရန် လိုအပ်ပါသည်။

# လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေ

## ဒီမိုကရေစီသို့ အကူးအပြောင်း

၂၀၁၁ခုနှစ်တွင် မြန်မာနိုင်ငံ၌ စစ်အစိုးရမှ အရပ်သားတစ်ပိုင်းအစိုးရထံသို့ အာဏာလွှဲပြောင်းပေးခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲခြင်းစသည့်လုပ်ငန်းစဉ်များကို စတင်လုပ်ဆောင်လာပါသည်။ ထိုအချိန်မှစ၍ သမ္မတ ဦးသိန်းစိန် ဦးဆောင်သောအစိုးရအဖွဲ့သစ်သည် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးခြင်း၊ စာအုပ်ထုတ်ဝေမှု မပြုလုပ်မီ ဆင်ဆာတင်ရသောဥပဒေကို ဖျက်သိမ်းပေးခြင်း အပါအဝင် သတင်းမီဒီယာဥပဒေများ လျှော့ပေါ့ပေးခြင်း၊ လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းပေးပြီး နိုင်ငံတကာအား လူ့အခွင့်အရေးနှင့်ပတ်သက်၍ စောင့်ကြည့်ခွင့်ပေးမည်ဟု ကတိပေးခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့ပါသည်။[8] ဤကဲ့သို့ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းများက မြန်မာနိုင်ငံအပေါ် ထားရှိသော ပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့ကြပါသည်။[9] နိုင်ငံတကာ ငွေကြေးအဖွဲ့ဖြစ်သော ကမ္ဘာ့ဘဏ်သည်လည်း မြန်မာ့နိုင်ငံရေးအပြောင်းအလဲကို စိတ်ဝင်စားခဲ့ပြီး ဤကဲ့သို့မှတ်ချက်ချခဲ့ပါသည်။ "မြန်မာနိုင်ငံဟာ အခုဆိုရင် အပြောင်းအလဲသုံးခုလမ်းကြောင်းပေါ် ရောက်ရှိနေပါတယ်။ အာဏာရှင်စစ်အစိုးရစနစ်မှ ဒီမိုကရေစီအစိုးရသို့၊ ဗဟိုကချုပ်ကိုင်တဲ့ စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်သို့၊ နယ်စပ်ဒေသမှာ အနှစ်(၆၀) ပဋိပက္ခဖြစ်ပွားရာကနေ ငြိမ်းချမ်းရေးသို့ စတဲ့ အပြောင်းအလဲတွေကိုလုပ်ဆောင်နေပါတယ်။"[10] မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းသို့ ဝင်ရောက်လာသောအခါ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများက နိုင်ငံ၏ကြွယ်ဝသောသဘာဝသယံဇာတများနှင့် ဖွံ့ဖြိုးတိုးတက်လာနိုင်သော စီးပွားရေးလုပ်ငန်းအပေါ် ရင်းနှီးမြှုပ်နှံရန် ရရှိလာသောအခွင့်အရေးကို ဖမ်းဆုပ်လိုကြပါသည်။

## ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ နှောင့်နှေးခြင်းနှင့် နောက်ပြန်သွားခြင်း

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်သည် အစဦးပိုင်း၌ အကောင်းဘက်သို့ ဦးတည်ခဲ့သော်လည်း နောက်ပိုင်းတွင် ရပ်တန့်သွားပြီး အချို့အခြေအနေတွင် နောက်ပြန်လှည့်နေကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရအနေနှင့် လူ့အခွင့်အရေးအလွဲသုံးစားမှုများ ဖြေရှင်းရန်အတွက် လုပ်ဆောင်ရမည်ဖြစ်သော

[8] နိုင်ငံရေးအကျဉ်းသားလွှတ်ပေးခြင်းနှင့် ပတ်သက်၍ Human Rights Watch ၏ ဇန်နဝါရီလ ၁၃ရက် ၂၀၁၂ခုထုတ် "Burma: Political Prisoners Released" တွင်ကြည့်ရှုနိုင်၊ စာနယ်ဇင်းလွတ်လပ်ခွင့်နှင့်ပတ်သက်၍ Freedom House ၏ "Freedom of the Press: Burma" တွင်ကြည့်ရှုနိုင်၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ DVB၏ နိုဝင်ဘာ ၂၇ရက် ၂၀၁၃ ထုတ် "Ethnic Rebels discuss nationwide ceasefire in Chiang Mai" တွင်ကြည့်ရှုနိုင်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အကြောင်း ကို "Myanmar National Human Rights Commission" အင်တာနက်စာမျက်နှာတွင် ကြည့်ရှုနိုင်၊ နိုင်ငံတကာအား ဂတိကဝတ်ပြုခြင်းကို Burma's Promise: President Thein Sein's 11 Commitments to Obama. တွင်ကြည့်ရှုနိုင်ပါသည်။

[9] အမေရိကန်နှင့် ဩစတြေးလျအစိုးရတို့သည် ၂၀၁၂ခု ဇူလိုင်လတွင် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ထားခြင်းများကို ဖြေလျှော့ပေးခဲ့ပြီး ဥရောပသမဂ္ဂသည်လည်း ၎င်းတို့၏ပိတ်ဆို့ထားမှုများကို ဆိုင်းငံ့ခဲ့ပါသည်။

[10] World Bank Agriculture Support Project, Project Information Document, Concept Stage, Report No. PID2158, p.1

နိုင်ငံသားများ၏ အခွင့်အရေးများအား အကာအကွယ်ပေးခြင်း လုပ်ရပ်ကိုလုပ်ဆောင်နိုင်ခြင်းမရှိပါ။[11] လက်ရှိ အစိုးရသည် ဗဟိုမှချုပ်ကိုင်သည့်စနစ်ကို ဆက်လက်ကျင့်သုံးလျက်ရှိပြီး အဓိကကျသော ရာထူးနေရာများကိုလည်း စစ်ဗိုလ်များနှင့် အငြိမ်းစားစစ်ဗိုလ်များကသာ ချုပ်ကိုင်ထားကြပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း လွှတ်တော်တွင် တပ်မတော်သား၂၅% ပါဝင်ရန် ရေးဆွဲထားခြင်းကြောင့် လွှတ်တော်များဖွဲ့စည်းခြင်းဖြင့် စစ်မှန်သောပြုပြင်ပြောင်းလဲမှုကို မရရှိနိုင်ကြောင်းတွေ့မြင်ရပေမည်။[12] နိုင်ငံရေးအကျဉ်းသားများ အမြောက်အများ လွှတ်ပေးခဲ့သော်လည်း ၂၀၁၃ခုနှစ်ကုန်ပိုင်းတွင် အစိုးရအားဝေဖန်သော စာနယ်ဇင်းသမားများကို ဖမ်းဆီးချုပ်နှောင်ခြင်းကြောင့် နိုင်ငံရေးအကျဉ်းသားဦးရေ ပြန်လည်များပြားလာခဲ့ပါသည်။[13] မကြာမီက ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော လူမျိုးရေးပဋိပက္ခအတွင်း လူနည်းစု ရိုဟင်ဂျာများအပေါ်ဖိနှိပ်ခဲ့ခြင်း၊[14] ဆန္ဒပြကျောင်းသားများအား အကြမ်းဖက်ဖြိုခွဲခဲ့ခြင်း[15] စသည့်အချက်များကြောင့် အစိုးရအနေဖြင့် လူ့အခွင့်အရေးမှတ်တမ်းကောင်း ရရှိရန်လုပ်ဆောင်နေသည့် အပေါ် မေးခွန်းထုတ်ရန် ဖြစ်လာခဲ့ပါသည်။ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ မြန်မာအစိုးရသည်၎င်း၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအပေါ် ရိုးသားမှုရှိမရှိဆိုသည်ကိုမေးခွန်း ထုတ်လာကြပါသည်။

## မြန်မာနိုင်ငံရှိ မြေယာနှင့် မြေယာသိမ်းဆည်းမှုအခြေအနေ

မြန်မာနိုင်ငံတွင် သဘာဝသယံဇာတပေါကြွယ်ဝမှုကြောင့်လည်းကောင်း၊ ရာစုနှစ်နှင့်ချီ၍ နိုင်ငံတစ်ဝှမ်းတွင်ဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့်လည်းကောင်း လက်ရှိမြန်မာ့သမိုင်းတွင် မြေယာသိမ်းဆည်းမှုများဖြစ်ပေါ်နေသည်ကို တွေ့ရှိရပေမည်။[16] မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအသစ်များပြုလုပ်ရာတွင် မြန်မာနိုင်ငံ၏

---

[11] Burma Partnership and Equality Myanmar, အဖွဲ့များ၏ "*Burma: All the President's Men"* September 25th 2014. တွင်ဖတ်ရှုနိုင်။

[12] Banyan ၏ "What is wrong with Myanmar's constitution?" *The Economist* March 4th 2014.ဖတ်ရှုနိုင်။

[13] Assistance Association for Political Prisoners (Burma) ၏ "Even Though I am Free I am Not: *The Need for the campaign in 2015"* January 4th 2015. တွင်ကြည့်ရှုနိုင်။

[14] မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်တွင် အဓိကနေထိုင်သော ရိုဟင်ဂျာမွတ်စလင်လူနည်းစုများသည် မြန်မာအစိုးရနှင့် လူများစုဗုဒ္ဓဘာသာဝင်များ၏ ခွဲခြားမှုနှင့်ဖိနှိပ်မှုကိုခံရကြပါသည်။ ၂၀၁၂ခုနှစ် ဇွန်လတွင် ဖြစ်ပွားခဲ့သော လူမျိုးရေးပဋိပက္ခကြောင့် ရိုဟင်ဂျာ ၂၈၀ဦး သေဆုံးခဲ့ရပြီး လူဦးရေပေါင်း ၁၄၀၀၀၀ကျော်သည် မြန်မာနိုင်ငံအတွင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ခိုလှုံနေကြရပါသည်။ မြန်မာအစိုးရအနေဖြင့် ရိုဟင်ဂျာများအတွက် အကူအညီများစွာလုပ်ဆောင်ပေးခြင်းမရှိပါ။ အစိုးရအနေဖြင့် ရိုဟင်ဂျာတိုင်းရင်းသားဆိုသည်မှာ မြန်မာနိုင်ငံတွင် မရှိကြောင်းငြင်းဆိုလေ့ရှိပြီး ၎င်းတို့ကိုနိုင်ငံသားပြုခွင့် မပေးပေ။ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလတွင် လက်ရှိအစိုးရသည် White card ကိုင်ဆောင်ထားသူများအား မဲပေးခွင့်ကို ပြန်လည်ရုတ်သိမ်းခဲ့ပါသည်။ ဤအကြောင်းအရာများကို အင်တာနက်စာမျက်နှာ Myanmar Revokes Rohingya Voting Rights after Protests," BBC, February 11th 2015; "UN Chief to Myanmar: Settle Rohingya Status Question တွင်ကြည့်ရှုနိုင်ပါသည်။

[15] အမျိုးသားပညာရေးဥပဒေကို ဆန့်ကျင်ဆန္ဒပြကြသော ကျောင်းသားများသည် ၂၀၁၅ခုမတ်လဆန္ဒပြမှုတွင် အကြမ်းဖက်တိုက်ခိုက်မှုခံခဲ့ရပါသည်။ ဧပြီလ၂၃ရက် ၂၀၁၄ခုနှစ် မှစ၍ ဖမ်းဆီးထိန်းသိမ်းခံရပြီး အမှုရင်ဆိုင်နေရသော ကျောင်းသား၇၀ခန့်ရှိပါသည်။ Gemunu Amarasinghe "Myanmar Police Crack Down on Protesters for Third Day" March 6th 2015; Yen Snaig, "Court Transfers Students' Case, 4 Face Extra Charges in Rangoon," The Irrawaddy, April 23rd 2015. စသည့်ဆောင်းပါးများတွင် ဖတ်ရှုနိုင်ပါသည်။

[16] မြန်မာနိုင်ငံအရှေ့တောင်ဘက်တွင် ၁၉၉၂မှစတင်၍ ဖြစ်ပွားခဲ့သောမြေယာသိမ်းဆည်းမှုများအကြောင်းကို သိလိုပါက "Land Confiscation," *KHRG,* accessed on: April 26th 2015; for reports of widespread land confiscation in Myanmar by the

ဖွံ့ဖြိုးရေးလမ်းကြောင်းများအပေါ် များစွာထိခိုက်နိုင်သော တိုင်းပြည်တစ်ဝှမ်းဖြစ်ပေါ်နေသည့် မြေယာသိမ်းဆည်းမှုပြဿနာများကို ဦးစားပေးဖြေရှင်းရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး[17] ထိုကဲ့သို့ဆင်းရဲရခြင်းတွင် မြေယာသိမ်းဆည်းမှုပြဿနာသည်လည်း အဓိက အကြောင်းရင်း တစ်ရပ်အနေဖြစ်ပါဝင်နေပါသည်။[18] မြန်မာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (BEWG) သည် လွန်ခဲ့သောလေးနှစ်က အောက်ပါအတိုင်းမှတ်ချက်ချခဲ့ပါသည်။ “အားလုံးကိုခြုံကြည့်ရင် မြန်မာနိုင်ငံမှာ နိုင်ငံရေးနဲ့ယှဉ်တဲ့ စီးပွားရေး လုပ်ငန်းလမ်းကြောင်း၂မျိုးပဲ ရှိပါတယ်။ တစ်ခုက မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ အတွက် မြေယာနဲ့သဘာဝသယံဇာတထုတ်လုပ်ရေးလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံခွင့်ရလာခြင်းနဲ့ နောက်တစ်ခု ကတော့ နိုင်ငံတော်အစိုးရနဲ့နိုင်ငံခြားအစိုးရများ၊ နိုင်ငံခြားစီးပွားရေးကုမ္ပဏီများ အကြားစာချုပ်ချုပ်ဆိုပြီး သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းတို့ပဲဖြစ်ပါတယ်။”[19] အထက်ပါ စီးပွားရေးလမ်းကြောင်းများသည် ၂၀၁၂ခုနှစ်မှ စတင်ပြီးယခုအချိန်ထိ ဖြစ်ပေါ်လျက်ရှိပါသည်။

အထက်ပါအတိုင်း စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အစိုးရအဖွဲ့ဝင်များအတွက်သာ အကျိုးအမြတ်ရရှိစေသော စီးပွားရေးလမ်းကြောင်းများသည် ကျေးလက်နေပြည်သူနှင့် ဆင်းရဲသားပြည်သူများအပေါ် နည်းလမ်းပေါင်းစုံဖြင့် လွန်စွာထိခိုက်စေပါသည်။ ပထမဦးစွာတင်ပြရမည်ဆိုလျှင် မြေယာထွန်ယက်စိုက်ပျိုး ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သော မြန်မာ့မြေယာဥပဒေများသည် နိုင်ငံတကာမှသတ်မှတ်ထားသော မြေယာဥပဒေ၊ ကျင့်ထုံးများနှင့်နှိုင်းယှဉ်လျှင် များစွာအားနည်းချက်ရှိပြီး လယ်သမားများအတွက် အကာအကွယ်ပေးမှု လွန်စွာနည်းပါးပါသည်။[20] ဒုတိယအနေနှင့်တင်ပြရမည်ဆိုလျှင် အစိုးရဌာနများအတွင်း အမြစ်တွယ်နေသော အကျင့်ပျက်ခြစားမှုများကလည်း မြေယာပိုင်ဆိုင်ခွင့်မှတ်ပုံတင်ရေးကိစ္စများကို နှောင့်နှေးကြန့်ကြာစေပါသည်။[21] အကျင့်ပျက်ခြစားမှုဟုဆိုရာတွင် လက်နက်ကိုင်အဖွဲ့များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်ပူးပေါင်းပြီး မူလအသုံးပြုသူ များကို လျော်ကြေးငွေအနည်းငယ် သို့မဟုတ် လုံးဝမပေးပဲ စီမံကိန်းများအတွက် မြေယာများကို

Tatmadaw, see: Human Rights Foundation of Monland (HURFORM), *Yearning to Be Heard,* 2015, p.32; Burma Partnership, “Rampant Land Confiscation Requires Further Attention and Action from Parliamentary Committee,” March 2013. တွင်ဖတ်ရှုနိုင်သည်။

[17] “About Myanmar,” *United Nations Development Program*, accessed on: April 26th 2015.

[18] Asian Legal Resource Centre, “Myanmar: Myanmar at Risk of Land-Grabbing Epidemic,” *20th Session of the Human Rights Council, Agenda Item 4, General Debate,* June 6, 2012, p. 1-3.

[19] BEWG, *Burma’s Environment: People, Problems, Policies*, 2011, p. 43.

[20] ပြည်တွင်းဥပဒေများဖြစ်သော မြေလွတ်မြေရိုင်းများ စီမံခန့်ခွဲခြင်းဥပဒေများနှင့် လယ်ယာမြေဥပဒေများသည် နိုင်ငံတကာစံနှုန်းများ သို့မဟုတ် ကျင့်ထုံးများဖြစ်သော‘The Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security. နှင့် ကိုက်ညီခြင်းမရှိကြောင်း ပြင်းထန်စွာဝေဖန်ခံရပါသည်။ အစိုးရမှ လက်ရှိရေးဆွဲနေသော မြေယာအသုံးချမှုမူဝါဒသည်လည်း နိုင်ငံတကာစံနှုန်းများနှင့် မကိုက်ညီကြောင်းဝေဖန်ခံနေရပါသည်။ ပိုမိုသိလိုပါက *Section VI: Legal Context*; for additional analysis, see, for example: Transnational Institute (TNI), “Access Denied,” 2012; TNI, “The Challenge of Democratic and Inclusive Land Policy Making in Myanmar,” February 2015. တွင်ကြည့်ရှုနိုင်။

[21] “Corruption Perceptions Index 2014: Results,” Transparency International, accessed on: April 26th 2015. တွင်ကြည့်ရှုနိုင်။

သိမ်းဆည်းခြင်းများလည်းပါဝင်ပါသည်။[22] ထို့အပြင် စီးပွားရေးလမ်းကြောင်း ဖွင့်ပေးလိုက်ခြင်းသည်လည်း နိုင်ငံခြားအရင်းအနှီးများ ဝင်လာစေကာ မြေယာဈေးနှုန်းများကို မြင့်တက်စေသောကြောင့် ကျေးလက်နေ ဆင်းရဲသားပြည်သူများအတွက် မြေယာပိုင်ဆိုင်ခွင့် ပိုမိုနည်းပါးလာစေပါသည်။[23] နောက်ဆုံးအနေနှင့် တင်ပြရမည်ဆိုလျှင် အထူးသဖြင့်မြန်မာနိုင်ငံ အရှေ့တောင်ဘက်ရှိ ကရင်ဒေသများတွင် ၂၀၁၂ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိလာသောအချိန်၌ မြေယာပြဿနာများကို မဖြေရှင်းပဲ ယခင်ကတိုက်ပွဲများကြောင့် လက်လှမ်းမီခြင်းမရှိသောနေရာဒေသများရှိ မြေယာများကို လက်လှမ်းမီလာပြီး သိမ်းဆည်းမှုများ ပိုမိုပြုလုပ်လာပါသည်။[24]

အထက်ပါအကြောင်းအချက်မျိုးစုံကြောင့် စီမံကိန်းကြီးများအတွက် မြေယာသိမ်းဆည်းမှုများပြားလာပြီး မြေယာ သိမ်းဆည်းသူနှင့် သိမ်းဆည်းခံရသူများအကြား ပဋိပက္ခများဖြစ်ပေါ်လာကာ အချို့ပဋိပက္ခများမှာ ပြည်တွင်း၊ ပြည်ပ၏စိတ်ဝင်စားမှုကိုပင် ရရှိစေပါသည်။[25] မြေယာသိမ်းဆည်းခံရသောကြောင့် ဆန္ဒဖော်ထုတ်သောသူများ သည် အစိုးရ၏ ဖိနှိပ်မှုကိုခံကြရပြီး အချို့သောသူများသည် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုဖြင့် ထောင်ဒဏ်ချမှတ် ခံခဲ့ရပါသည်။[26] မြန်မာနိုင်ငံအလယ်ပိုင်းရှိ လက်ပံတောင်းတောင်အရေးတွင် ရဲတပ်ဖွဲ့မှ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေသောလက်နက်မဲ့ပြည်သူများကို မီးစုန်းဓာတ်ပါဝင်သော မီးလောင်ဗုံးများဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ပါသည်။[27] မြန်မာနိုင်ငံ၏ လူဦးရေ၇၀%သည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။ ထိုကျေးလက်နေပြည်သူ ၂၉%သည် ဆင်းရဲမွဲတေသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် လက်ရှိအရပ်သား အစိုးရအနေဖြင့် ၎င်းတို့၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအောင်မြင်ရန် ကျေးလက်နေ ဆင်းရဲသားအလုပ်သမားများအရေးကို အဓိကအချက်အနေနှင့် ထည့်သွင်းစဉ်းစားသင့်ပေ သည်။[28]

[22] Thin Lei Win "Despite Ceasefire, Army Seizes Land and Tortures Citizens in Southeast Myanmar – Report" *Thomson Reuters Foundation*, May 14th 2014 တွင်ကြည့်ရှုနိုင်။

[23] Human Rights Foundation of Monland (URFORM), *Yearning to Be Heard*, 2015, p. 20.

[24] ၂၀၁၂ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ငြိမ်းချမ်းရေး သဘောတူညီချက်သို့ဦးတည်သောဖွံ့ဖြိုးတိုးတက်မှုများနှင့်ပတ်သက်သောစီစစ်ဝေဖန်ပိုင်းခြားမှုများနှင့် ဆိုင်သည့် အကြောင်းအရာ အပြည့်အစုံကို ပိုမိုသိလိုပါက *Section V: Land Confiscation within the Context of Peace and Conflict in Southeast Myanmar*. တွင်ကြည့်ရှုနိုင်ပါသည်။

[25] TNI, "The Challenge of Democratic and Inclusive Land Policy Making in Myanmar," February 2015, p. 23-24; for an in depth case study of one such project, see: Dawei Development Association (DDA), *Voices from the Ground: Concerns over the Dawei Special Economic Zone and Related Projects*, September 2014. တွင်ကြည့်ရှုနိုင်ပါသည်။

[26] ဥပမာအနေဖြင့် ၂၀၁၄ခုနှစ် မေလတွင် မန္တလေးတိုင်းဒေသကြီး၌ ငြိမ်းချမ်းစွာထွန်တုံးတိုက်ပွဲဝင်ခဲ့သော လယ်သမား၁၄ဦးအား ၂၀၁၄ခု ဩဂုတ်လ ၁၉ရက်နေ့တွင် ထောင်ဒဏ်၄လမှ၈လထိ ချမှတ်ခဲ့ပါသည်။ ပိုမိုသိလိုပါက AAPP, "Monthly Chronology for August," August 2014; see also: Paing Soe, "Farmers Sentenced 8 Months for Plough Protest," DVB, August 20th 2014.

[27] Justice Trust နှင့် မြန်မာရှေ့နေများကွန်ယက် အဖွဲ့များ၏ ပူးပေါင်းစုံစမ်းမှု တွင်မီးစုန်းသုံးထားကြောင်း အတည်ပြုထားပါသည်။ Lawyers Network and Justice Trust, "Report of Evidence Regarding Controversies at Letpaduang Hill Copper Mine Project," February 2013.

[28] TNI, "The Challenge of Democratic and Inclusive Land Policy Making in Myanmar," February 2015, p. 17.

# II. မြေယာ အသုံးပြုပုံ

## [က]. အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်း

**အဓိကတွေ့ရှိချက်များ**

- အခြေခံအဆောက်အအုံ စီမံကိန်းများကြောင့် ဖြစ်ပေါ်ခဲ့သော မြေယာသိမ်းဆည်းမှု (၆၈)ခု အကြောင်း ရေးသားထားသော အစီရင်ခံစာ (၅၆)ခုကို KHRG မှ ရရှိပါသည်။
- ရွာသားများ၏ ပြောဆိုသက်သေခံချက်များတွင် လမ်းဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ် စီမံကိန်းနှင့် တံတားဖောက်လုပ်ခြင်းစီမံကိန်း အကြောင်းများ အများဆုံး ပါဝင်ပါသည်။
- ရွာသားများက ဤစီမံကိန်းများကြောင့် မြေယာ သိမ်းဆည်းခြင်းခံရပြီး စားဝတ်နေရေး ပြဿနာများ ဖြစ်ပေါ်စေသည်ကို ဖော်ပြ ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ရွာသားများ၏ မြေယာများသည် ဆည်မြောင်းများကြောင့် ရေလွှမ်းမိုးခံရပြီး၊ ဆောက်လုပ်ရေး လုပ်ငန်းကြောင့် ပျက်စီးရပါသည်။
- အစီရင်ခံစာ (၆)ခုတွင်သာ လျော်ကြေးငွေ အကြောင်းကို ဖော်ပြပြီး (၁၁)ခုတွင် ၎င်းတို့၏ မြေယာ သိမ်းဆည်းမှုမခံရမီ ခေါ်ယူ တွေ့ဆုံခဲ့သည့် အကြောင်းကို ဖော်ပြထားပါသည်။
- ၂၀၁၁ - ၂၀၁၂ခုနှစ်များနှင့် နှိုင်းယှဉ်လျှင် KHRG အနေဖြင့် လမ်းဖောက်လုပ်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့သော မြေယာသိမ်းဆည်းမှု အကြောင်း ပါဝင်သော အစီရင် ခံစာများကို ပိုမိုလက်ခံရရှိ လာပါသည်။

၂၀၁၂ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလထိ အခြေခံ အဆောက်အအုံ စီမံကိန်းကြောင့် ဖြစ်ပွားခဲ့သော မြေယာသိမ်းဆည်းမှုနှင့် သက်ဆိုင်သော အသေးစိတ်ဖေါ်ပြထားသည့် အစီရင်ခံစာ (၅၆)ခုကို KHRGမှ လက်ခံ ရရှိခဲ့ပါသည်။ ဤအခြေခံအဆောက်အအုံများမှာ လမ်းဖောက်လုပ်ခြင်း၊ တံတားဆောက်လုပ်ခြင်း၊ ဆည်မြောင်းတာတမံတည်ဆောက်ခြင်းနှင့် အခြားဒေသတွင်းဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းများ လုပ်ဆောင်ခြင်း စသည်တို့ပါဝင်ပါသည်။ ဤအစီရင်ခံစာ (၅၆)ခုတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ KHRGမှ ကွင်းဆင်းလေ့လာမှုပြုလုပ်သော နယ်မြေဒေသ ခုနစ်ခု အနက် ခြောက်ခုတွင် ဖြစ်ပေါ်ခဲ့သော အထက်ပါ စီမံကိန်းများကြောင့် မြေယာသိမ်းဆည်းမှု (၆၈)ခု အကြောင်းကို အသေးစိတ်ဖော်ပြထားပါသည်။[29]

ရွာသား များ၏ သက်သေခံပြောဆိုချက်အရ လမ်းဖောက်လုပ်ခြင်းကြောင့် ဖြစ်ပေါ်သော မြေယာသိမ်းဆည်းမှုသည် အများဆုံးဖြစ်ပါသည်။ ဤလမ်းဖောက်လုပ်ခြင်း စီမံကိန်းများကို နိုင်ငံတော်အစိုးရမှ အဓိကတာဝန်ယူ လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ဤစီမံကိန်းများကြောင့် ရွာသားများ၏ စိုက်ပျိုးမြေများ ပျက်စီးကြရပြီး ရွာသားများ၏ စားဝတ်နေရေးကို ထိခိုက်စေပါသည်။

[29] သထုံခရိုင် အတွက် source #63၊ တောင်ငူခရိုင် အတွက် source #8၊ ညောင်လေးပင် ခရိုင်အတွက် source #105၊ ဖာပွန်ခရိုင်အတွက် source # 76၊ ဒူးပလာယာခရိုင် အတွက် source #57၊ ဘားအံခရိုင် အတွက် source #11 တို့တွင် အသေးစိတ် ကြည့်ရှုနိုင်ပါသည်။

## ၁။ မြေယာသိမ်းဆည်းမှု ဖြစ်ပေါ်သောအကြိမ် နှင့် ကျူးလွန်သူများ

အထက်ပါ အခြေခံအဆောက်အအုံ စီမံကိန်းများနှင့် ပတ်သက်သောအစီရင်ခံစာ ၅၆ခုတွင် မြန်မာနိုင်ငံ အစိုးရကို တိုက်ရိုက်ပါဝင်ပတ်သက်သူအဖြစ် ရွာသားများဖြေဆိုခဲ့သောမေးခွန်း(၃၉)ခုတွင် တွေ့ရှိရပါသည်။[30] အခြားပါဝင်ပတ်သက်သူများမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းစုများ၊[31] ကရင်နယ်ခြားစောင့်တပ်များ၊[32] ချမ်းသာသောပုဂ္ဂလိကလုပ်ငန်းရှင်များ[33] ဖြစ်ကြပါသည်။ ဤစီမံကိန်းများ၏ နောက်ဆက်တွဲဆိုးကျိုးများတွင် ရွာသားများ စားဝတ်နေရေးအခက်အခဲများ တွေ့ကြုံရခြင်းသည် အဓိကဆိုးကျိုးဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ဆောက်လုပ်ရေးလုပ်ငန်းကြောင့် ရွာသားများသည် မိမိတို့စိုက်ပျိုးမြေများသို့ မသွားရောက်နိုင်ခြင်း၊ ဆည်ဆောက်လုပ်ခြင်းကြောင့် စိုက်ပျိုးမြေများရေလွှမ်းမိုးခံရခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။

အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် မြေယာသိမ်းဆည်းသောအခါ လျော်ကြေးငွေပေးခြင်းမရှိသည် သာမက ကြိုတင်ခေါ်ယူဆွေးနွေးအသိပေးခြင်းလည်းမရှိပါဟု KHRG ကွင်းဆင်းလုပ်သားများမှ ရေးသား တင်ပြလာပါသည်။ အစီရင်ခံစာ (၅၆)ခုတွင် (၆)ခု၌သာ လျော်ကြေးငွေပေးကြောင်းဖော်ပြထားပြီး (၁၁)ခု၌ မြေယာသိမ်းဆည်းမှုမပြုမီ ကြိုတင်ခေါ်ယူတွေ့ဆုံသည့် အကြောင်းကိုဖော်ပြပါသည်။ လျော်ကြေးငွေနှင့် ပတ်သက်၍ အစီရင်ခံစာအများစု၌ ရွာသားများသည် သိမ်းဆည်းခံရသောဧရိယာတို့၏ မြေယာအတွက် လျော်ကြေးငွေလုံးဝမရရှိကြကြောင်းနှင့် ရရှိသောရွာသားများသည်လည်း အမှန်တကယ်ရရှိသင့်၍ ထိုက်တန် သည့် ပမာဏတန်ဖိုးအတိုင်းမရရှိပဲအနည်း ငယ်သာရရှိကြပါသည်။[34] ထို့ပြင်အချို့အခြေအနေတွင် ရွာသားများသည် လျော်ကြေးငွေရရှိကြမည်ဟု ဂတိကဝတ်ရရှိသော်လည်း အမှန်တကယ်ရရှိခြင်းမရှိသေးပါ။[35]

## ၂။ စီမံကိန်းအမျိုးအစားခွဲများ

### {က} လမ်းဖောက်လုပ်ခြင်း

အထက်ပါ အခြေခံအဆောက်အအုံ စီမံကိန်းများနှင့် ပတ်သက်သော အစီရင်ခံစာ(၅၆)ခုတွင် (၃၁)ခုသည် လမ်းဖောက်လုပ်ခြင်းစီမံကိန်းကြောင့် ဖြစ်ပေါ်သော မြေယာသိမ်းဆည်းမှုများအကြောင်းကို ဖော်ပြထားပါသည်။ ဤကဲ့သို့မြေယာသိမ်းဆည်းမှုများသည် သထုံ[36]၊ ဖာပွန်[37]၊ ဒူးပလာယာ[38] နှင့် ဘားအံ[39] ခရိုင် များတွင် ဖြစ်ပေါ်ခဲ့ပါသည်။ လမ်းဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ တင်ပြထားသောအစီရင်ခံစာ (၃၁)ခုတွင် (၁၅)ခု၌

[30] ဥပမာကို source #52 တွင်ကြည့်ရှုနိုင်။
[31] ဥပမာကို source #103 တွင်ကြည့်ရှုနိုင်။
[32] ဥပမာကို source #39 တွင်ကြည့်ရှုနိုင်။
[33] ဥပမာကို source #42 တွင်ကြည့်ရှုနိုင်။
[34] ဥပမာကို sources #52; #48; #47 တွင်ကြည့်ရှုနိုင်။
[35] ဥပမာကို source #11 တွင်ကြည့်ရှုနိုင်။
[36] ဥပမာကို source #63 တွင်ကြည့်ရှုနိုင်။
[37] ဥပမာကို source #74 တွင်ကြည့်ရှုနိုင်။
[38] ဥပမာကို source #82 တွင်ကြည့်ရှုနိုင်။
[39] ဥပမာကို source #97 တွင်ကြည့်ရှုနိုင်။

နိုင်ငံတော်အစိုးရအရာရှိများ ပါဝင်ပတ်သက်မှုကိုဖော်ပြထားပြီး[40] (၁၁)ခု၌ ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများ[41] ပါဝင်ပတ်သက်မှုရှိကြောင်းကို ဖော်ပြထားပါသည်။ အစီရင်ခံစာ (၁)ခုတွင်မူ ကရင်နယ်ခြားစောင့်တပ် အမှတ် ၁၀၁၃ [42] ၏ ပါဝင်မှုကိုဖော်ပြထားပြီး (၄)ခုတွင်မူ ပါဝင်ပတ်သက်သူများကို မသိရှိကြောင်းဖော်ပြထားပါသည်။[43] လမ်းဖောက်လုပ်ခြင်းကြောင့် ရွာသားများ အဓိကခံစားရသော ဆိုးကျိုးများမှာ စိုက်ခင်းများပျက်စီးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းနှင့် နေအိမ်များဆုံးရှုံးရခြင်း စသည့် ဆိုးကျိုးများဖြစ်ပါသည်။

ဒူးပလာယာခရိုင် က---ကျေးရွာတွင် ပြည်တွင်းကုမ္ပဏီတစ်ခု၏ လမ်းဖောက်လုပ်ခြင်းကြောင့် ရွာသားများ ပိုင်ဆိုင်သောမြေယာနှင့် စိုက်ပျိုးပင်များ ဥပမာအားဖြင့် ကွမ်းသီးပင်၊ သရက်ပင်နှင့် ဒူးရင်းပင်များ ပျက်စီးဆုံးရှုံးရပါသည်။[44] ရွာသားများက လမ်းဖောက်လုပ်သော ကုမ္ပဏီ၏အမည်ကိုမသိရှိပါ။ ကုမ္ပဏီမှလည်း ၎င်းတို့ကို ခေါ်ယူတွေ့ဆုံဆွေးနွေးခြင်းမရှိပါ။ ကုမ္ပဏီမှ လမ်းစတင်ဖောက်လုပ်ရန် တိုင်းထွာမှုပြုလုပ်ချိန်တွင် ရွာသားများ၏ မြေယာများကို မထိခိုက်နိုင်ကြောင်း ပြောခဲ့သော်လည်း လုပ်ငန်းစတင်သောအချိန်တွင် ရွာသားများ၏ မြေယာများပျက်စီးခဲ့ရပါသည်။

*"သူတို့လာပြီးမြေတိုင်းတုန်းက ကျွန်တော့်မြေမပါဘူးတဲ့ဗျ၊ ဒါပေမဲ့သူတို့တကယ်တမ်းစပြီး မြေထိုးတော့ ကျွန်တော့်မြေပါသွားတယ်။ မနေ့ကဆိုကျွန်တော်တို့ အဲ့ဒီမြေထိုးတဲ့သူတွေနဲ့ ညှိနှိုင်းဖို့ကြိုးစားသေးတယ်။ ဒါပေမဲ့ သူတို့ကျွန်တော်တို့ကို လုံးဝဂရုမစိုက်ပဲဆက်ပြီး မြေထိုးသွားတယ်။ တစ်ချို့ရွာသားတွေဆို သူတို့ အမွေရထားတဲ့မြေ လေး၊ငါးကေလောက်ပါသွားတယ်။ သူတို့လမ်းဖောက်တာက လယ်မြေ နဲ့ ပျိုးခြံ အလယ်တည့်တည့်ကို ဖြတ်ဖောက်တာဗျ။"*

စောက---၊ က---ကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း

(ဇူလိုင် ၂၀၁၄တွင်လက်ခံရရှိပါသည်)[45]

အခြားအခြေအနေတစ်ခုတွင် ကော့ကရိတ်မြို့နယ်၊ ခ---ကျေးရွာမှရွာသားများက ပြည်တွင်းကုမ္ပဏီများနှင့် အစိုးရ၏ အာရှလမ်းမ (ကော့ကရိတ်-မြဝတီ)[46] ဖောက်လုပ်ခြင်း စီမံကိန်းကြောင့် လမ်းဘေးရှိ

[40] ဥပမာကို source #85 တွင်ကြည့်ရှုနိုင်။
[41] ဥပမာကို source #103 တွင်ကြည့်ရှုနိုင်။
[42] ဥပမာကို source #39 တွင်ကြည့်ရှုနိုင်။
[43] ဥပမာကို source #52 တွင်ကြည့်ရှုနိုင်။
[44] source #58 တွင်ကြည့်ရှုနိုင်။
[45] source #58 တွင်ကြည့်ရှုနိုင်။
[46] အာရှလမ်းမစီမံကိန်းကို ကုလသမဂ္ဂ အာရှ-ပစိဖိတ် စီးပွားရေးနှင့်လူမှုရေး ကောင်စီမှထောက်ပံ့ပေးထားပြီး ကီလိုမီတာ ၁၄၁၀၀၀ ရှည်လျားပြီး အာရှ ၃၂နိုင်ငံကို ဆက်သွယ်ရန်ရည်ရွယ်ထားပါသည်။ ကော့ကရိတ်-မြဝတီလမ်းပိုင်းသည် အာရှလမ်းမစီမံကိန်းတွင် ပါဝင်ပါသည်။မြန်မာနိုင်ငံတွင်း အာရှလမ်းမစီမံကိန်းတွင် မြေယာသိမ်းဆည်းမှုနှင့် အဓမ္မလုပ်အားပေးစေခိုင်းမှုများပါဝင်ပတ်သက်နေပါသည်။ ပိုမိုသိလိုပါက "Hpa-an Situation Update: Paingkyon Township, July 2014," KHRG, October 2014; "Tollgates upon tollgates: En route with extortion along the Asian Highway," KHRG, October 2009; and "The Asia Highway: Planned Eindu to Kawkareik Town road construction threatens villagers' livelihoods," KHRG, March, 2015; and

၎င်းတို့မြေများတွင် လုပ်ကိုင်၍မရနိုင်ကြောင်း တင်ပြကြပါသည်။[47] ရွာသားများသည် ၎င်းတို့၏ပျက်စီးသွားသော ရာဘာပင်တစ်ပင်စီအတွက် ကျပ် ၃၀၀၀ ရရှိမည်ဟု ကတိပေးဆိုခြင်း ခံရသော်လည်း မည့်သည့် လျော်ကြေးငွေမျှ မရရှိသေးပါ။

"Development by Decree: The politics of poverty and control in Karen State," KHRG, April 2007. များတွင်ကြည့်ရှုနိုင်ပါသည်။

[47] source #50 တွင်ကြည့်ရှုနိုင်။

မြေပုံ(၂)



ဒူးပလာယာခရိုင်အတွင်းဆောက်လုပ်နေသည့်လမ်းများ
ထိုင်းနိုင်ငံ
မုတ္တမပင်လယ်
0 10 20 40 Miles
N
S
W
E
Legend
ရွာ
စစ်တပ်စခန်း
မြို့
လမ်းအသစ်
အသုံးပြုဆဲလမ်း
မြစ်
ဒေသအတွင်းသတ်မှတ်ထားသော ကရင်နယ်နိမိတ်


KHRG

## {ခ} ရေအားလျှပ်စစ် တာတမံများ

ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် သက်ဆိုင်သော အစီရင်ခံစာ(၅၆)ခုတွင်(၁၈)ခုမှ ရေအားလျှပ်စစ် တာတမံ ဆောက်လုပ်ခြင်း စီမံကိန်းများအတွက် မြေယာသိမ်းဆည်းမှုနှင့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်းကို မီးမောင်းထိုးဖော်ပြထားပါသည်။[48] ရေအားလျှပ်စစ်စီမံကိန်းများကြောင့် မြေယာသိမ်းဆည်းမှုများ တောင်ငူ၊[49] ညောင်လေးပင်၊[50] ဖာပွန်၊[51] နှင့် ဘားအံ[52]ခရိုင်များတွင် ဖြစ်ပွားခဲ့ပါသည်။ အစီရင်ခံစာ(၁၈)ခုတွင်(၁၁)ခုမှာ အစိုးရအရာရှိများ[53]ပါဝင်မှုကို ဖော်ပြထားပြီး (၇)ခုတွင် ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများ[54] ပါဝင်ကြောင်း ဖော်ပြထားပါသည်။ ရေအားလျှပ်စစ်စီမံကိန်းကြောင့် အဓိကအနေဖြင့် ရွာသားများ စားဝတ်နေရေး[55]ကို ထိခိုက်စေပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်[56]စေကြောင်း ရွာသားများကပြောပါသည်။ ပိုမိုတိကျစွာ ဆိုရလျှင် အထူးသဖြင့် တောင်ငူခရိုင်တွင်ဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှု[57] ပြဿနာများသည် ရေကာတာ

[48] "ရေအားလျှပ်စစ်" ဆိုသည်မှာ ရေအားကိုအသုံးပြုပြီး စက်များကိုမောင်းခြင်း (သို့) လျှပ်စစ်ထုတ်လုပ်ခြင်းဖြစ်သည်။ ရေလည်ပတ်မှုစွမ်းအင်ကို အသုံးပြုပြီးရေအားလျှပ်စစ်ကို ထုတ်လုပ်သည်။ စီးဆင်းနေသောရေကို သိုလှောင်ပြီး လျှပ်စစ်အသွင်ပြောင်းလဲခြင်းကို "ရေအားလျှပ်စစ်စွမ်းအင်" (သို့) "ရေစွမ်းအင်" ဟုခေါ်သည်။ ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် အမျိုးအစားသုံးမျိုးရှိသည်။ ပထမ အများဆုံးအသုံးပြုသည့်အမျိုးအစားသည် 'impoundment' ဟုခေါ်သည့် 'သိုလှောင်ခြင်း'ဖြစ်ပြီး ဤရေကာတာမှာ စီးဆင်းသောမြစ်ရေများကို ပိတ်ဆို့သိုလှောင်ထားခြင်းဖြစ်သည်။ ဒုတိယအမျိုးစားမှာ 'diversion' 'ရေလွှဲခြင်း' ဖြစ်ပြီး တစ်ခါတစ်ရံ 'run-of-river' ဟုခေါ်သည်။ အသုံးပြုသောအဆောက်အအုံသည် မြစ်ရေပမာဏအပေါ်မူတည်၍ မြစ်ကိုဖြတ်ပြီး လိုင်ခေါင်း (သို့) ပိုက်လုံးဖြင့်ရေးစီးဆင်းစေပြီးရေအားလျှပ်စစ်ထုတ်ခြင်းဖြစ်သည်။ ဤကဲ့သိုရေအားလျှပ်စစ်အမျိုးအစားသည် ရေကာတာတည်ဆောက်ရန်လိုအပ်သလို အချို့သောအခြေအနေများတွင်မလိုအပ်ပေ။ တတိယနှင့်နောက်ဆုံးအမျိုးအစားမှာ 'pumped storage' 'ရေစုပ်စက်သဏ္ဍာန်သိုလှောင်ခြင်း' ဖြစ်သည်။ ဤစနစ်ကို လျှပ်စစ်ဝယ်လိုအားနည်းသည့်အခါအသုံးပြုသည်။ ရေအားလျှပ်စစ်ကို ရေသိုလှောင်ကန်အနိမ့်မှ ရေသိုလှောင်ကန်အမြင့်သို့ ရေပိုက်မှတဆင့်လွှဲပြောင်းသောအခါ ထုတ်လုပ်ပေးသည်။ လျှပ်စစ်စွမ်းအင်ကိုပိုမိုလိုအပ်ပါက ရေသိုလှောင်ကန်အမြင့်မှအနိမ့်သိုရေလွှဲပေးခြင်းဖြင့် လျှပ်စစ်စွမ်းအင်ထုတ်ပေးနိုင်ပါသည်။ အချက်အလက်များပိုမိုသိရှိလိုပါက "Hydropower Techologies" "ရေအားလျှပ်စစ်နည်းပညာ" ခေါင်းစဉ်ဖြင့် ရှာဖွေကြည့်ရှုနိုင်ပါသည်။

[49] ဥပမာကို source #44 တွင်ကြည့်ရှုနိုင်။
[50] ဥပမာကို source #65 တွင်ကြည့်ရှုနိုင်။
[51] ဥပမာကို source #69 တွင်ကြည့်ရှုနိုင်။
[52] ဥပမာကို source #77 တွင်ကြည့်ရှုနိုင်။
[53] ဥပမာကို source #38 တွင်ကြည့်ရှုနိုင်။
[54] ဥပမာကို source #45 တွင်ကြည့်ရှုနိုင်။
[55] ဥပမာကို source #39 တွင်ကြည့်ရှုနိုင်။
[56] ဥပမာကို source #77 တွင်ကြည့်ရှုနိုင်။
[57] တာတမံ ဆောက်လုပ်သည့်အခါ တာတမံတည်ဆောက်ပြီးစီးသည့်နောက်တွင် ရေများလာပြီး ရေလှောင်ကန်ဖြစ်လာပါသည်။ မြစ်များသည် သဘာဝအရ ရာသီအလိုက်နှင့် မိုးရေချိန်အနည်းအများအလိုက် မျက်နှာပြင်အနိမ့်အမြင့်ပြောင်းလဲပါသည်။ တာတမံဆောက်လုပ်ခြင်းကြောင့် သဘာဝအတိုင်း ရေတက်ရေကျဖြစ်ရမည်နေရာများကို ပြောင်းလဲစေနိုင်ပြီး ရေလွှမ်းမိုးမှုပုံကိုလည်း ပြောင်းလဲစေနိုင်ပါသည်။ မြန်မာ မြစ်ချောင်းများကွန်ယက်၏အဆိုအရ တာတမံများသည် ရေလွှမ်းမိုးမှုကို ပိုမိုဆိုးဝါးစေပါသည်။ မိုးရာသီတွင် တာတမံရေလှောင်ကန်မှရေများလာသောအခါ ထိန်းချုပ်နိုင်ခြင်းမရှိတော့သဖြင့် ရေများကိုလွှတ်လိုက်ရသောကြောင့် ရေလွှမ်းမိုးမှုကိုဆိုးဝါးစွာဖြစ်ပေါ်စေပါသည်။ တာတမံမရှိပါက မိုးပြင်းထန်စွာရွာသွန်းလျှင်

စီမံကိန်း[58]ကြောင့် ဖြစ်ကြောင်း ထင်ရှားပါသည်။ ရေလွှမ်းမိုးမှုကို ခံစားရသောရွာသားများသည် ၎င်းတို့အနေဖြင့် တာတမံစီမံကိန်းကြောင့် မြေယာသိမ်းဆည်းခြင်း ခံရသည့်သာမက နှစ်တိုင်းရေလွှမ်းမိုးမှုကို ပိုမို ခံစားလာရကြောင်း အလေးအနက်ထား ပြောကြားလာကြပါသည်။ ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးမြေနှင့် ပစ္စည်းဥစ္စာ ဆုံးရှုံးရပြီး စားဝတ်နေရေးကို ထိခိုက်စေပါသည်။ ထို့နည်းတူ ရေလွှမ်းမိုးမှုသည် သဘာဝ ဂေဟစနစ်ကို ပျက်စီးစေပြီး သဘာဝပတ်ဝန်းကျင်ကိုလည်းထိခိုက်စေပါ သည်။

ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်တွင် အစီအစဉ်ဆွဲထားပြီးဖြစ်သည့် ဟတ်ကြီးရေအား လျှပ်စစ်ရေကာတာစီမံကိန်းနှင့် ပက်သက်သည့် အစီရင်ခံစာအများစုတွင် ထိုစီမံကိန်းတည်ရှိရာအနီးတဝိုက်ရှိရွာသားများကို ၎င်းတို့ရွာမှ နေရာ ရွှေ့ပြောင်းရမည်ဟု စီမံကိန်းခေါင်းဆောင်ဦးမျိုးမြင့်ရွှေမှ ရွာသားများအားပြောကြားခဲ့ကြောင်း ပါဝင်သည်။[59]

*"ဟတ်ကြီး ရေကာတာကို ရှေ့ဆက်ဆောက်လုပ်မယ်ဆိုရင် ဂ---ရွာမှာနေတဲ့ ရွာသား ၃၀၀ သို့မဟုတ် ၄၀၀ ကျော်ကိုထိခိုက်နိုင်ပါတယ်။ ကျွန်တော်တို့ရွာနဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ဝိုက်မှာရှိတဲ့ ရွာတွေကပိုခံရမှာ ပေါ့။ အခုလောလောဆယ်မှာတော့ ကျွန်တော်တို့တွေ အရင်အတိုင်းပဲနေကြပါတယ်။ ရေကာတာဆောက်လုပ် လာရင်တော့ ကျွန်တော်တို့တွေ နေရာရွှေ့ပြောင်းရမယ်။ ဘားအံခရိုင် အတွင်းမှာရှိတဲ့ မြစ်အောက်ပိုင်းကို ပြောင်းရမယ်ထင်တယ်။"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင် ပြည်နယ် အရှေ့ မြောက်ပိုင်း (၂၀၁၃ ဖွန်လိုင်လ တွင်ရရှိပါသည်)[60]

နောက်အစီရင်ခံစာ တစ်ခုတွင် ည---ကျေးရွာသူကြီး စောဃ---က ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင် ည---ရွာ နှင့် င--- ရွာရှိရွာသားများကို ဟတ်ကြီးရေကာတာစီမံကိန်းနှင့်ပတ်သက်ပြီး အစည်းအဝေးခေါ်ကြောင်း ပြောကြားပါ သည်။ ထိုအစည်းအဝေးတွင် ဦးမျိုးမြင့်ရွှေက ရွာသားများအား ၎င်းတို့သည် ရေကာတာ ဆောက်လုပ်ရန် အစိုးရထံမှ ခွင့်ပြုချက်ရရှိပြီးကြောင်း ပြောပါသည်။[61]

*"အစည်းအဝေးမှာသူတို့က ရေကာတာဆောက်လုပ်ပြီးရင် လျှပ်စစ်မီးရရှိမယ်၊ ဖွံ့ဖြိုးတိုးတက်လာမယ်၊ ရေလွှမ်းမိုးခံရမဲ့မြေတွေအတွက် လျော်ကြေးငွေပေးမယ်လို့ပြောပါတယ်။ အိမ်ဆုံးရှုံးရမယ့်သူတွေကိုလည်း ပဲခူး တိုင်းဒေသကြီးကို ပြောင်းရွှေ့ပေးမယ်လို့ပြောပါတယ်။ ကျွန်တော်တို့အတွက် ပြောင်းရွှေ့ဖို့ ဆိုတာကြီးမားတဲ့*

သဘာဝရေလွှမ်းမိုးမှုများ ဖြစ်နိုင်သော်လည်း တာတမံများကြောင့် အခြေအနေကို ပိုမိုဆိုးဝါးစေပါသည်။ ဤနည်းဖြင့် တာတမံများသည် နှစ်စဉ်နှစ်တိုင်း ရွာသားများ၏စားဝတ်နေရေးကို ထိခိုက်စေပါသည်။

[58] source #44 တွင်ကြည့်ရှုနိုင်။

[59] ဟတ်ကြီးရေကာတာအကြောင်းကိုပိုမိုသိရှိလိုပါက Lei Win, Thin "Thai, Burmese villagers fear secretive Salween Dam project," *The Irrawaddy*, December 5th 2014. KHRG has reported on the Hatgyi Dam in *Losing Ground* and other reports. "Hatgyi Dam update and consultation concerns, December 2011 to May 2013," KHRG, June 2014 တွင် ကြည့်ရှုနိုင်။

[60] source #38 တွင်ကြည့်ရှုနိုင်။

[61] source #37 တွင်ကြည့်ရှုနိုင်။

*ပြဿနာပါ။ ပြဿနာတွေကဖြစ်မလာသေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့က ဒီအတိုင်းထိုင်စောင့်ပြီး ဖြစ်လာတဲ့ အရာကို ရင်ဆိုင်ရမှာပေါ့။"*

စောင---၊ (ကျား)၊ ၅၃နှစ်၊ င---ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်
အရှေ့ မြောက်ပိုင်း (ဖြစ်ပျက်မှုအစီရင်ခံစာ ၂၀၁၃ ဇူလိုင်လ တွင်ရရှိပါခဲ့သည်)[62]

[62] source #37 တွင်ကြည့်ရှုနိုင်။

မြေပုံ(၃)


ရေကာတာကြောင့် ရေလွှမ်းမိုးမှုခံရနိုင်သည့်နေရာများ
N
W
S
ဘူးသိုမြို့နယ်
ဖာပွန်ခရိုင်
လှိုင်းဘွဲ့မြို့နယ်
ဘားအံခရိုင်
Legend
ရေကာတာနေရာ
လုပ်ကိုင်စားသောက်သည့်နေရာ
ရွာ
မြစ်
၅၁ မီတာ ပင်လယ်မျက်နှာပြင်အထက်
၁၁၂ မီတာ ပင်လယ်မျက်နှာပြင်အထက်
ကရင်နယ်နိမိတ်
0 1,050 2,100 4,200 Meters
KHRG

## {ဂ} တံတားဆောက်လုပ်ရေး စီမံကိန်း

၂၀၁၂ခုနှစ်ဒီဇင်ဘာလမှစ၍ အခြေခံအဆောက်အအုံဆောက်လုပ်ရန် မြေယာသိမ်းဆည်းမှုများ အကြောင်း ရေးသားထားသော အစီရင်ခံစာ(၅၆)ခုတွင် (၉)ခုသည်တံတားဆောက်လုပ်ရန် မြေယာသိမ်းဆည်းမှုများ အကြောင်း ရေးသားတင်ပြထားပါသည်။ တံတားဆောက်လုပ်ခြင်းများကို ဖာပွန်၊[63] ဒူးပလာယာ[64] နှင့် ဘားအံခရိုင်[65] များတွင်လုပ်ဆောင်ခဲ့ပါသည်။ တံတားဆောက်လုပ်ခြင်းအကြောင်း ရေးသားထားသော အစီရင်ခံစာ (၉)ခုတွင် (၈)ခုမှာ မြန်မာအစိုးရနှင့် ပတ်သက်သည်ကို ဖော်ပြထားပြီး[66] (၁) ခုမှာ ကရင်နယ်ခြားစောင့်တပ် တပ်ရင်းအမှတ် ၁၀၁၃နှင့် ပတ်သက်ကြောင်း ဖော်ပြထားပါသည်။[67]

၂၀၁၂ခုနှစ်တွင် KNUသည်နိုင်ငံတော်အစိုးရနှင့် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးလိုက်သောအခါ အစိုးရအား တံတားများနှင့် လမ်းမကြီးသုံးခုကို ၎င်းတို့နယ်မြေ အတွင်း တည်ဆောက်ဖောက်လုပ်ခွင့်ပြုခဲ့ကြောင်း ရွာသားများကပြောပြပါသည်။ ကုမ္ပဏီများက အထက်ပါလမ်းများကို ဝင်ရောက်ဖောက်လုပ်သောအခါ ကျဉ်းသောနေရာများကို ချဲ့ထွင်ခြင်း၊ ကောက်သောနေရာများကို ဖြောင့်စေခြင်း၊ လမ်းပေရှည်တိုစေရန် အကောက်အကွေ့များသောနေရာများကို တစ်ဖြောင့်တည်းဖြစ်စေခြင်း စသည့်နည်းများဖြင့် လမ်းကိုစတင်ဖောက်လုပ်ပြင်ဆင်ပါသည်။ ဤကဲ့သို့ပြုလုပ်ခြင်းကြောင့် အချို့သော ရွာသားများ၏ စိုက်ပျိုးမြေများပျက်စီးခဲ့ရပါသည်။ ဖျက်ဆီးခံရသော မြေပိုင်ရှင်တစ်ချို့က ၎င်းတို့သည် ထိုက်သင့်သော လျော်ကြေးငွေကို ရရှိမည်ဆိုလျှင် ပျော်ရွှင်ရမည်ဖြစ်ကြောင်း ပြောပါသည်။[68]

## {ဃ} ဒေသတွင်း ဖွံ့ဖြိုးရေးစီမံကိန်းများ

၂၀၁၂ခုနှစ် ဒီဇင်ဘာလမှစ၍ အခြေခံအဆောက်အအုံ များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ခြင်းများကြောင့် ဖြစ်ပွားသောမြေယာသိမ်းဆည်းမှုများအကြောင်း ရေးသားထားသော အစီရင်ခံစာ(၅၆)ခုတွင် (၁၀)ခုမှာ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများကြောင့် မြေယာသိမ်းဆည်းမှု အကြောင်းများကို ဖော်ပြထားပါသည်။ ဒေသတွင်းဖွံ့ဖြိုးရေး စီမံကိန်းများတွင် စာသင်ကျောင်းဆောက်လုပ်ခြင်း၊ စာကြည့်တိုက်ဆောက်လုပ်ခြင်း၊ ရေတွင်းတူးဖော်ခြင်းနှင့် ဆေးပေးခန်းများဆောက်လုပ်ခြင်း စသည်တို့ပါဝင် ပါသည်။ ထိုစီမံကိန်းများကြောင့် မြေယာသိမ်းဆည်းမှုများ သထုံ၊[69] တောင်ငူ၊[70] ဖာပွန်၊[71] ဒူးပလာယာ[72] နှင့်

[63] ဥပမာကို source #90 တွင်ကြည့်ရှုနိုင်။
[64] ဥပမာကို source #52 တွင်ကြည့်ရှုနိုင်။
[65] ဥပမာကို source #76 တွင်ကြည့်ရှုနိုင်။
[66] ဥပမာကို source #62 တွင်ကြည့်ရှုနိုင်။
[67] source #39 တွင်ကြည့်ရှုနိုင်။
[68] source #53 တွင်ကြည့်ရှုနိုင်။
[69] ဥပမာကို source #42 တွင်ကြည့်ရှုနိုင်။
[70] ဥပမာကို source #47 တွင်ကြည့်ရှုနိုင်။
[71] ဥပမာကို source #70 တွင်ကြည့်ရှုနိုင်။
[72] ဥပမာကို source #27 တွင်ကြည့်ရှုနိုင်။

ဘားအံ ခရိုင်များတွင် ဖြစ်ပေါ်ခဲ့ပါသည်။[73] ဤ ဒေသတွင်းဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်သော အစီရင်ခံစာ (၁၀)ခုတွင် (၅)ခုမှာ အစိုးရအရာရှိများပါဝင်ပတ်သက်ကြောင်း၊[74] (၂)ခုမှာ စီးပွားရေးကုမ္ပဏီများပါဝင်ပတ်သက်ကြောင်း[75] နှင့် (၂)ခုမှာ ပါဝင်လုပ်ဆောင်သူများကို[76] မသိရှိကြောင်း ဖော်ပြထားပါသည်။

ဒူးပလာယာခရိုင် ကော့ကရိတ်မြို့နယ် စ-----ရွာတွင်နေထိုင်သော ရွာသားတစ်ဦးက အစိုးရမှ ရေတွင်းတူးဖော်ရန် သူမပိုင်ဆိုင်သောမြေများကို သိမ်းယူခဲ့ကြောင်း ပြောပြပါသည်။[77] သူမက ခရိုင်အဆင့်သို့တင်ပြတိုင်ကြားသော အခါ အာဏာပိုင်များက ၎င်းတို့အနေနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ခြင်းဖြစ်သောကြောင့် သူမအနေဖြင့် တိုင်ကြားခြင်းမပြုလုပ်သင့်ကြောင်း ပြောပါသည်။ သို့သော်သူမက ဆက်လက်တိုင်ကြားခြင်း ပြုလုပ်သောအခါ နောက်ဆုံးတွင် အစိုးရအဖွဲ့က ရေတွင်းကိုတစ်ခြားတစ်နေရာသို့ ရွှေ့ပြောင်း တူးဖော်ပါသည်။ နောက်ပိုင်းတွင် သူမပိုင်မြေများကို ကျောင်းဆောက်လုပ်ရန် အစိုးရမှထပ်မံသိမ်းယူပါသည်။

*"တကယ်လို့ သူတို့ကျွန်မမြေကိုမဖျက်ဆီးဘူးဆိုရင်၊ အဲ့ဒီမြေပေါ်မှာကျွန်မဟင်းသီး ဟင်းရွက်တွေ အများကြီး စိုက်လို့ရတယ်။ ဒါပေမဲ့၊ သူတို့ကိုကျွန်မတို့ရဲ့မြေကိုအကုန်ယူလိုက်တော့၊ ကျွန်မတို့ ဘာမှလုပ်လို့ မရတော့ဘူးပေါ့။ ကျွန်မစိတ်လည်းမကောင်းပါဘူး ဘာဖြစ်လို့လဲဆိုတော့ သူတို့ကျွန်မရဲ့မြေယာကို ယူတဲ့ အတွက်ကြောင့် ကျွန်မကိုပိုက်ဆံပေးပြီးပြီလို့ပြောတယ်၊ ဒါပေမဲ့ကျွန်မ ဘာမှမရပါဘူး။ သူတို့က (မြန်မာအစိုးရ) ကျွန်မလယ်ကွက်ထက်သေးတဲ့ သူတွေကိုပဲပိုက်ဆံပေးတယ်။ ကျွန်မရဲ့တူတစ်ယောက်ကိုတောင်မှ သူတို့က ၅၀၀၀[ကျပ်] ပေးတယ် ဘာဖြစ်လို့လည်းဆိုတော့ သူ့ရဲ့ မြေကိုနည်းနည်းလေး ယူလိုက်လို့လေ။"*

နော်c---၊ (မ၊၄၄နှစ်)၊ စ---ကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်
တောင်ပိုင်း (ဇူလိုင် ၂၀၁၃ တွင်တွေ့ဆုံမေးမြန်းခဲ့ပါသည်)[78]

## ၃။ နောက်ဆက်တွဲ အကျိုးဆက်များ

KHRG မှအစီရင်ခံစာများအပေါ်ပြုလုပ်ခဲ့သောဝေဖန်သုံးသပ် ချက်များအရ စီမံကိန်းများကြောင့် ဖြစ်ပေါ်သောအဓိကနောက်ဆက်တွဲ ဆိုးကျိုးများမှာ စားဝတ်နေရေးပြဿနာများ[79]၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုပြဿနာများ၊[80] နှင့်နေရာရွှေ့ပြောင်းခံရခြင်းများ[81] ဖြစ်ကြပါသည်။ ရွာသားများကလည်း ၎င်းတို့အဓိကရင်ဆိုင်ရသော နောက်ဆက်တွဲဆိုးကျိုးမှာ စားဝတ်နေရေးပြဿနာဖြစ်ကြောင်း ပြောပြပါသည်။ ဝေဖန်

[73] ဥပမာကို source #11 တွင်ကြည့်ရှုနိုင်။
[74] ဥပမာကို source #28 တွင်ကြည့်ရှုနိုင်။
[75] ဥပမာကို source #86 တွင်ကြည့်ရှုနိုင်။
[76] ဥပမာကို source #92 တွင်ကြည့်ရှုနိုင်။
[77] source #28 တွင်ကြည့်ရှုနိုင်။
[78] source #28 တွင်ကြည့်ရှုနိုင်။
[79] ဥပမာကို source #53 တွင်ကြည့်ရှုနိုင်။
[80] ဥပမာကို source #77 တွင်ကြည့်ရှုနိုင်။
[81] ဥပမာကို source #38 တွင်ကြည့်ရှုနိုင်။

သုံးသပ်မှုပြုလုပ်သော အစီရင်ခံစာ (၅၆)ခုတွင် (၂၇)ခုမှာ စားဝတ်နေရေးပြဿနာကို အဓိကဆိုးကျိုးအဖြစ် တင်ပြထားကြောင်းတွေ့ရပြီး[82] (၈)ခုမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အကြောင်းကို ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။[83] (၁)ခုတွင်မူ နေရာရွှေ့ပြောင်းခံရသည့် အကြောင်းကို တင်ပြထားပါသည်။[84] ဤကိစ္စများ သာမက၊ ဖြစ်ရပ်တစ်ခုတွင် ရွာသားများအား အာဏာပိုင်များကလမ်းဆောက်လုပ်ရန်ညွှန်ကြားခဲ့ပြီး ငွေမပေးပဲ လိမ်ညာလှည့်ဖြားခဲ့သည်။[85]

## {က} စားဝတ်နေရေး ပြဿနာများ

၂၀၁၂ခုနှစ် ဒီဇင်ဘာလမှစ၍ အခြေခံအဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းများကြောင့် ဖြစ်ပေါ်သော စိုက်ပျိုးမြေများပျက်စီးခြင်း၊ ခိုလှုံရာနေအိမ်များပျက်စီးခြင်းနှင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခြင်း စသည့်အချက်များ သည် ရွာသားများ၏ စားဝတ်နေရေးကိုထိခိုက်စေပါသည်။ ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက် အအုံများ ဆောက်လုပ်ခြင်း စီမံကိန်းများကြောင့် ရွာသားများ၏ စိုက်ပျိုးမြေများ သိမ်းဆည်းခံရပါသည်။ ထိုသို့ သိမ်းဆည်းခြင်းခံရမှုကြောင့် ရွာသားများသည် မိမိကိုယ်တိုင်စားသောက်နိုင်ရန်အတွက်သော်လည်းကောင်း ရောင်းချနိုင်ရန်အတွက်သော်လည်းကောင်း စိုက်ပျိုးသီးနှံများကို မစိုက်ပျိုးနိုင်တော့သဖြင့် ၎င်းတို့၏ စားဝတ်နေရေးကို ထိခိုက်စေပါသည်။ ဤစီမံကိန်းများအား အကောင်အထည်ဖော်ရာတွင် ရွာသားများကို ခေါ်ယူဆွေးနွေးတိုင်ပင်ခြင်းမရှိသောကြောင့် ရွာသားများက ၎င်းတို့၏အမြင်သဘောထားကို ထုတ်ဖော် ပြောဆိုခွင့်မရပေ။ ရွာသားများသည် ကြိုတင်ခေါ်ယူတိုင်ပင်ခြင်းမခံရသောကြောင့်လည်းကောင်း သတင်း အချက်အလက်များကို မရရှိသောကြောင့်လည်းကောင်း ၎င်းတို့အတွက်ကြိုတင်ပြင်ဆင်ချိန်မရပါ။ ဥပမာ- စိုက်ပျိုးရေးမလုပ်ရလျှင် မည်သည့်အလုပ်လုပ်ရမည်ကို ကြိုတင်ပြင်ဆင်ချိန်မရရှိကြပါ။ လျော်ကြေးငွေများ မရရှိခြင်းကြောင့် ရွာသားများသည် စိုက်ပျိုးမြေပြန်လည်ဝယ်ယူရန်မဖြစ်နိုင်သည့် အပြင် အစမှပြန်လည် စိုက်ပျိုးရန်လည်း မတတ်နိုင်ကြပေ။

ထီးလုံမြို့နယ်၊ ဘားအံခရိုင်၊ ဆ---ကျေးရွာရှိ ရွာသားများသည် ထီးလုံရေကာတာမှ ရေလွှမ်းမိုးမှုကြောင့် စားဝတ်နေရေး အခက်အခဲကို ရင်ဆိုင်နေရပါသည်။[86] ဆည်ရေလွှမ်းမိုးမှုကြောင့် ရွာသားများ၏ စိုက်ပျိုးမြေဧက ၃၀၀၀ ကျော်ဆုံးရှုံးခဲ့ကြရပါသည်။ ရွာသားများသည် ဤအဖြစ်အပျက်ကို အစိုးရထံ တင်ပြသော်လည်း အစိုးရမှ တုန့်ပြန်အရေးယူ ဆောင်ရွက်ပေးခြင်းမရှိပါ။

*"အထက်တွင် ကျွန်တော်ရေးသားဖော်ပြထားသော ရွာသားအမည်စာရင်းသည် တပ်မတော်၏ ရေကာတာ တည်ဆောက်ခြင်းကြောင့် ၎င်းတို့လယ်ယာမြေများ ရေလွှမ်းမိုးမှုကိုခံခဲ့ကြရသော ရွာသားများဖြစ်ပါသည်။*

[82] sources #38; #62; #39; #36; #77; #78; #79; #45; #39; # 92; #21; #53; #62; #84; #59; #58; #97; #74; #81; #82; #50; #63; #103; #32; #39; #92; and #27. တွင်ကြည့်ရှုနိုင်။
[83] sources #85; #77; #78; #79; #21; #85; #84; #84. တွင်ကြည့်ရှုနိုင်။
[84] Sources #38 တွင်ကြည့်ရှုနိုင်။
[85] Source #40 တွင်ကြည့်ရှုနိုင်။
[86] source #79 တွင်ကြည့်ရှုနိုင်။

*ကျွန်တော် ဖော်ပြထားသော ရွာသားများသည် ဆ---ကျေးရွာမှ ရွာသားများဖြစ်ကြပါသည်။ ၎င်းတို့ပိုင်မြေများ ရေလွှမ်းမိုးမှု စတင်ခံရသည်နှင့် ရွာသားများသည် ဒေသခံအစိုးရထံ တင်ပြသော်လည်း အစိုးရမှ မည်သည့်အရာမျှ လုပ်ဆောင်ပေးခြင်း မရှိပါ။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ထီးလုံမြို့နယ်၊ ဘားအံခရိုင်/ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၄ ဧပြီလတွင် လက်ခံရရှိပါသည်။)[87]

## {ခ} သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ

ဤအစီရင်ခံစာရေးသား နေစဉ်ကာလတွင်း ဆောက်လုပ်ရေးစီမံကိန်းများသည် သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်စေသည်ကိုလည်း တွေ့ရှိရပါသည်။ လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသောအဓိကအကြောင်းအရာတွင် ပါဝင်ပါသည်။ ရေကာတာတည်ဆောက်ခြင်းကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်စေပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေပါသည်။[88] ရေလွှမ်းမိုးမှုသည် ရွာသားများ၏ စိုက်ပျိုးသီးနှံနှင့် ဥယျာဉ်ခြံမြေများအပေါ် အလွန်ဆိုးကျိုးသက်ရောက်စေပါသည်။ ထို့အပြင် ရေလွှမ်းမိုးမှုသည် သစ်ပင်၊ ဝါးပင်များကိုလည်းထိခိုက်စေသည်သာမက ရေလွှမ်းမိုးခံရသော နေရာဒေသ၏ ဂေဟစနစ်ကိုလည်း ထိခိုက်စေပါသည်။

## {ဂ} အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှုများ

၂၀၁၂ ခုနှစ် KNU နှင့်အစိုးရအကြား ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီးချိန်မှစ၍ KHRG အနေဖြင့် ဆောက်လုပ်ရေး စီမံကိန်းများအတွက် အဓမ္မလုပ်အားပေး စေခိုင်းမှုများကို မှတ်တမ်းတင်ထားခဲ့ပါသည်။[89] အစီရင်ခံစာတစ်ခုတွင် ဇ---ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်ရှိ ရွာသားများသည် ဖဲလိုမြစ်အရှေ့နှင့် အနောက်ကိုဖြတ်သန်းဆက်သွယ်သော တံတားကို ဆောက်လုပ်ရန် အဓမ္မစေခိုင်းခံခဲ့ရပါသည်။[90] အစီအစဉ်အရ ဤတံတားဆောက်လုပ်ရန် ၃နှစ်ကြာမြင့်မည်ဖြစ်ပါသည်။ တခါတရံတွင် ရွာသားများသည် ၎င်းတို့လုပ်အားအတွက် အခကြေးငွေအနည်းငယ်ကိုရရှိသော်လည်း ၎င်းတို့ဆန္ဒမပါပဲ လုပ်ဆောင်ရခြင်းဖြစ်သောကြောင့် အဓမ္မစေခိုင်းမှုအသွင်ပင်ဖြစ်ပါသည်။ ရံဖန်ရံခါဆိုသလို တံတားဆောက်လုပ်ရေးတွင်ပါဝင်ရန် တိုက်ရိုက်သို့မဟုတ်သွယ်ဝိုက်သော နည်းများဖြင့် ခြိမ်းခြောက်ခံရပါသည်။[91]

---

[87] အထက်ပါ နယ်မြေဒေသအခြေအနေတင်ပြချက်တွင် KHRG ဝန်ထမ်းတစ်ဦးမှ မြေအဆုံးရှုံးခံသွားရသည့်ရွာသားအယောက် ၄၀ အမည်ပါရှိသည့်စာရင်းပေးပို့ခဲ့သည်။

[88] source #77 တွင်ကြည့်ရှုနိုင်။

[89] ဥပမာကို source #40 တွင်ကြည့်ရှုနိုင်။

[90] ဥပမာကို source #40 တွင်ကြည့်ရှုနိုင်။

[91] ရွာသားများကို ဤတံတားဆောက်လုပ်ခြင်းသည် ဘုန်းကြီး၏စေခိုင်းမှုဖြစ်သည်ဟု တပ်မတော်မှ ပြောပါသည်။ ရွာသားအများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသောကြောင့် ဘုန်းကြီး၏စေခိုင်းမှုကို မလွန်ဆန်ဝံ့ကြပါ။ ရွာသားများကို ဤတံတားဆောက်လုပ်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေမည် ဟုတပ်မတော်မှ ထပ်မံပြောပါသည်။

## ၄။ ၂၀၁၁-၂၀၁၂ ခုနှစ်များအတွင်းအခြေအနေနှင့် ယခုအခြေအနေနှိုင်းယှဉ်ချက်

၂၀၁၁-၂၀၁၂ ခုနှစ်များအတွင်း မြန်မာနိုင်ငံအရှေ့တောင်ဘက်တွင် အကြီးစားအခြေခံအဆောက်အအုံ စီမံကိန်းများ လုပ်ဆောင်ခဲ့ကြောင်းကို KHRGအနေဖြင့် တွေ့ရှိခဲ့ပါသည်။[92] ဤစီမံကိန်းများမှာ ရေအားလျှပ်စစ် ရေကာတာတည်ဆောက်ခြင်း (၈)ခု၊ အခြေခံအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း (၄)ခုတို့ဖြစ်ပါသည်။ ၂၀၁၂ခုနှစ် ဒီဇင်ဘာလမှစ၍ စီမံကိန်းများပိုမိုများပြားလာကြောင်းနှင့် မြေယာသိမ်းဆည်းမှုများလည်း များပြားလာကြောင်း KHRG မှတွေ့ရှိခဲ့ပါသည်။ ဤနှစ်မျိုးလုံးသည် ၂၀၁၃ခုနှစ် အစီရင်ခံစာဖြစ်သည့် "ရပ်တည်ရာပျောက်ဆုံးခြင်း"တွင် ဖော်ပြခဲ့သော ပြဿနာများ၏အဆက်ဖြစ်ပြီး အသစ်ဖြစ်ပေါ်လာသော စီမံကိန်းများ အကြောင်းလည်းပါဝင်ပါသည်။

၂၀၁၂ခုနှစ် ဒီဇင်ဘာလမှစ၍ ရေအားလျှပ်စစ် ရေကာတာအသစ် (၂)ခုဆောက်လုပ်ခြင်း စီမံကိန်းအကြောင်းကို KHRG မှသိရှိခဲ့ပါသည်။ ၂၀၁၁ခုနှစ်တွင် လုပ်ဆောင်ခဲ့သော ရေကာတာ (၈)ခုနှင့်နှိုင်းယှဉ်လျှင် ရေကာတာ စီမံကိန်း အရေအတွက် နည်းလာသော်လည်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် အကြီးစားအခြေခံအဆောက် အအုံဆောက်လုပ်သော စီမံကိန်းများသည် ရေကာတာဆောက်လုပ်ခြင်းအသွင်ဖြင့် ဆက်လက် ဖြစ်ပေါ်လျက် ရှိပါသည်။

သိသာထင်ရှားသော တွေ့ရှိချက်တစ်ခုမှာ လမ်းဖောက်လုပ်ခြင်းစီမံကိန်း ပိုမိုများပြားလာခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာ ရေးသားနေစဉ်ကာလတွင် လမ်းဖောက်လုပ်ခြင်းနှင့်သာသက်ဆိုင်သော သီးခြား အစီရင်ခံစာ များကို KHRG မှရရှိခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း လမ်းဖောက်လုပ်ခြင်းနှင့်ဆိုင်သော အစီရင်ခံစာများ ကို ရရှိခဲ့သော်လည်း ၂၀၁၂ခုနှစ်ဒီဇင်ဘာလမှစ၍ ပိုမိုများပြားစွာရရှိခဲ့ပါသည်။

စီမံကိန်းများမစတင်မီ ဒေသခံရွာသားများအား ခေါ်ယူတွေ့ဆုံမှုမပြုလုပ်ခြင်းသည် အဓိကျသော စိုးရိမ်မှုဖြစ်ပါသည်။ KHRG မှ ရယူစုဆောင်းသောအစီရင်ခံစာ (၅၆)ခုအတွင်းပါဝင်သော သတင်းအချက် အလက် (၆၈)ခုတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၌ အကြီးစားအခြေခံအဆောက်အအုံဆောက်လုပ်ခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများသည် အရှိန်အဟုန်ဖြင့်ဆက်လက်ဖြစ်ပေါ်နေသည့် အကြောင်းကိုဖော်ပြထား ပါသည်။ ရွာသားများသည်လည်း ယခုအချိန်အထိ စီမံကိန်းများနှင့်ပတ်သက်၍ ခေါ်ယူဆွေးနွေးခြင်း မခံရသောကြောင့် စီမံကိန်းနှင့်ပတ်သက်၍ ၎င်းတို့၏အမြင်သဘောထားများကို ထုတ်ဖော်ခွင့်မရကြသည့် အပြင် စီမံကိန်းများ၏အကျိုးအဆက်များနှင့် လျော်ကြေးငွေကိစ္စများကိုလည်း သိရှိခွင့်မရရှိကြပါ။ ရွာသားများသည် ရရှိသင့်သည့်လျော်ကြေးငွေပမာဏထက် နည်းပါးစွာရရှိကြခြင်း၊ လျော်ကြေးငွေပေးမည်ဟု ကတိရရှိသော်လည်း ငွေမရရှိသေးခြင်း၊ လျော်ကြေးငွေလုံးဝ မရရှိခြင်း စသည်အခြေအနေများကိုလည်း ကြုံတွေ့နေရပါသည်။

[92] ပိုမိုသိလိုပါက Section VI. Projects under Observation in *Losing Ground* တွင်ကြည့်ပါ။




ဖော်ပြပါလက်ဝဲဘက်ရှိပုံကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၀ ရက်၊ ကရင်ပြည်နယ်တောင်ပိုင်းရှိ ဒူးပလာခရိုင်၊ကော့ကရိတ်မြို့နယ်၊ လ---ကျေးရွာတွင်ရိုက်ယူခဲ့သည်။ ပုံသည် အခြေခံအဆင့်ဖြင့် လမ်းဖောက်လုပ်မှုကြောင့် ပျက်စီးသွားသော ရွာသူရွာသားများ၏ လယ်ယာမြေများကို ပြသောပုံ ဖြစ်သည်။ ရွာသူရွာသားများသည် ပျက်စီးဆုံးရှုံးသွားသော ၎င်းတို့၏ လယ်ယာမြေများအတွက် မည်သည့်လျော်ကြေးများမျှ မရရှိကြောင်း တင်ပြခဲ့သည်။ လက်ယာဘက်ရှိပုံမှာ ၂၀၁၄ခုနှစ်တွင် ကရင်ပြည်နယ်တောင်ပိုင်းရှိ ဒူးပလာခရိုင်၊ကော့ကရိတ်မြို့နယ်၊ န---ကျေးရွာတွင်ရှိသော လယ်ယာမြေကို ဖော်ပြသည်။ ယခင်က သူးလေကုမ္ပဏီမှ ၎င်းလယ်မြေကိုဖြတ်၍ လမ်းဖောက်လုပ်ခဲ့ဖူးသည်။ ယခင်လမ်းဟောင်းနေရာတွင် ယခုထပ်မံ၍ လမ်းပြန်ဖောက်လုပ်၍ လယ်ထဲရှိ ရေမြောင်းကိုပိတ်မိပြီး အနီးအနားရှိလယ်ယာများအား ရေလွှမ်းမိုးမှုဖြစ်စေသည်။ *[ပုံ-KHRG]*




ဖော်ပြပါပုံများကို ၂၀၁၃ခုနှစ် ဒီဇင်ဘာလ၁၀ရက်နေ့တွင် ကရင်ပြည်နယ်တောင်ပိုင်းရှိ ဒူးပလာခရိုင်၊ ကျုံဒိုးမြို့နယ်၊ ဟ---ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပထမပုံတစ်ပုံမှာ လမ်းဖောက်လုပ်မှုကြောင့် ပျက်စီးသွားသော ရွာသူရွာသားများ၏ မြေယာများနှင့် အိမ်ခြံမြေများကို ပြသော ပုံဖြစ်သည်။ ဒုတိယပုံသည် လမ်းဖောက်လုပ်မှုကြောင့် ပျက်စီးသွားသော ရွာသားတစ်ဦး၏ ကွမ်းခြံကိုပြသည်။ ရွာသားများက ၎င်းတို့ကိုလျော်ကြေးငွေများ ပေးမည်ဟုပြောသော်လည်း ယခုအချိန်ထိဘာမှမရရှိသေးကြောင်းဟု တင်ပြကြသည်။ [ ပုံ-KHRG]





ဖော်ပြပါပုံများသည် ၂၀၁၃ခုနှစ် ဩဂုတ်လ၂၅ရက်၊ ကရင်ပြည်နယ် အနောက်မြောက်ပိုင်းရှိ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ ဒ---ကျေးရွာတွင်ရိုက်ယူခဲ့သည်။ ၎င်းပုံများသည် ရွှေစွမ်းအင်ကုမ္ပဏီမှ တည်ဆောက်ထားသည့် ထိုးဘိုရေကာတာ၏ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားသော ဥယျာဉ်ခြံတစ်ခြံနှင့် မြေပြိုမှုဖြစ်ခြင်းတို့ကို ပြသည်။ ရွာသူရွာသားများသည် ၎င်းတို့ပျက်စီးဆုံးရှုံးသွားသော အရာများအတွက် လျော်ကြေးငွေများပြန်ရအောင် ကူညီပေးမည်ဟု ခရိုင်ခေါင်းဆောင်များက ကတိပေးပြောကြားခဲ့သည်ဟုတင်ပြခဲ့သည်။ သို့သော် ရွာသူရွာသားအနည်းငယ်မျှသာ လျော်ကြေးငွေများကို ရရှိခဲ့ကြသည်။ [ပုံ-KHRG]



အထက်ဖော်ပြပါပုံသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၃၀ရက်၊ ကရင်ပြည်နယ် တောင်ပိုင်းရှိ ဒူးပလာယာခရိုင်၊ ကော့ကရိတ် မြို့နယ်၊ စ---ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ၎င်းပုံသည် မြန်မာအစိုးရမှ ရွာသူရွာသားများ၏ လူနေမှုဘဝများတိုးတက်ရန်အလို့ငှာ ကြိုးစား၍ဆောက်လုပ်သော တံတားတစ်စင်းပုံဖြစ်သည်။ သို့သော် ၎င်းတံတား ဆောက်လုပ်မှုကြောင့် ရွာသူရွာသားများ၏ စိုက်ပျိုးခြံမြေများ ပျက်ဆီးခဲ့ပြီး ရွာသူရွာသားများကိုလည်း မလုံလောက်သော လျော်ကြေးငွေများပေးခဲ့သည်ဟု ရွာသူရွာသားများက တင်ပြသည်။ [ပုံ- KHRG]



အထက်ဖော်ပြပါပုံသည်၂၀၁၃ခုနှစ်ဇူလိုင်လ၊ပဲခူးတိုင်းဒေသကြီး၏အရှေ့ဘက်ရှိညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်နှင့်ရွှေကျင်မြို့နယ် အနားတွင်ရိုက်ယူခဲ့သည်။ ၎င်းပုံသည် ရွှေကျင်ရေကာတာကြောင့် ရေလွှမ်းမိုးနေသော နေရာတစ်နေရာကိုပြသည်။ ထိုကဲ့သို့ ရေလွှမ်းမိုးမှုဖြစ်ခြင်းကြောင့် ဒေသခံများ၏ သစ်ပင်နှင့်ဝါးပင်ကဲ့သို့သော အပင်များ ပျက်စီးခဲ့ကြရသည်။ [ပုံ- KHRG]

# [ခ] သဘာဝသယံဇာတ တူးဖော်ခြင်းလုပ်ငန်းများ

*"အခုလည်းကြည့်ပါလား သူများဥစ္စာထိရင် သူတို့လက်ကုန်ရီတယ် အဲဒါလူမဟုတ်ဘူး ခွေးတိရစ္ဆာန်၊ အမိုးလယ် လာကြည့်တာနဲ့ အကုန်လုံးသတ်ပစ်ချင်တယ်၊ ဟုတ်တယ်လေ အခုလည်းကြည့်ပါလား ကျွန်မတို့အဘိုး အဘွားပေးထားတဲလယ်မြေတွေ ခြံ၊ လယ်တွေအကုန်ပျက်စီးကုန်ပြီလေ။ သူတို့ကစီးပွားရေးလုပ်တယ်၊ ပိုက်ဆံယူပြီးစီးပွားရေးလုပ်တယ် ကျွန်မတို့ကအဆုံးရှုံးခံရတယ် အနာခံရတယ် ကျွန်မတို့ဘာမှမရဘူး ...လူဆိုတာဘယ်လိုလဲ လူချင်းတူတူပဲ သူများထိမလား၊ သူများနာမလားမသိဘူး သူတို့ရရင်တော်ပြီ၊ သူတို့ပိုက်ဆံရရင်တော်ပြီ၊ သူများတွေနာပါစေ၊ သူများတွေပျက်ပါစေ၊ သူများပစ္စည်းပျက်ပါစေ သူတို့ရရင်တော်ပြီး အဲဒါလူမဟုတ်ဘူး တိရစ္ဆာန်။"*

နော်က---၊ (မ)၊ ဃ--- ကျေးရွာ၊ ကျုံဒိုးမြို့နယ်၊ ဒူးပလာယာခရိုင်/ ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၄ နိုဝင်ဘာလတွင် တွေ့ဆုံမေးမြန်းထားပါသည်)[93]

**အဓိကရှာဖွေတွေ့ရှိချက်များ**

- KHRG မှလက်ခံရရှိသော သဘာဝသယံဇာတတူးဖော်မှုများကြောင့် မြေယာသိမ်းဆည်းမှုများ နှင့် သက်ဆိုင်သော အစီရင်ခံစာအများစုတွင် ရွှေတူးဖော်ရန် အတွက်မြေယာသိမ်းဆည်းမှုအကြောင်း အဓိကဖော်ပြထားသည်ကို တွေ့ရပြီး ကျောက်တူးဖော်ခြင်းနှင့် သစ်ထုတ်လုပ်ငန်း အကြောင်း ကိုလည်း ဖော်ပြထားပါသည်။
- မြေယာသိမ်းဆည်းခြင်း ကိစ္စအများစုတွင် လျော်ကြေးငွေမရရှိကြပါ သို့မဟုတ်အနည်းငယ်ကိုသာ ရရှိပါသည်။ မြေယာသိမ်းဆည်းမှု မပြုလုပ်မီ ရွာသားများနှင့် ကြိုတင်ခေါ်ယူတွေ့ဆုံခြင်း ပြုလုပ်မှုလည်း အနည်းငယ်သာရှိပါသည်။
- မြေယာသိမ်းဆည်းသူအများစုမှာ ပြည်တွင်းစီးပွားရေးကုမ္ပဏီများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ် ငန်းရှင်များဖြစ်ကြကြောင်း ရွာသားများကပြောပါသည်။ ၎င်းတို့သည် ရံဖန်ရံခါ အစိုးရနှင့်သော် လည်းကောင်း လက်နက်ကိုင်အဖွဲ့များနှင့်သော်လည်းကောင်း ပူးပေါင်း၍လုပ်ဆောင်ကြပါ သည်။
- ရွှေတူးဖော်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ဆိုးဝါးစွာထိခိုက်စေပါသည်။ အဘယ်ကြောင့် ဆိုသော် ရွှေတူးဖော်ခြင်းတွင်အသုံးပြုသော ဓာတုဗေဒဆေးရည်များကို မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်း၊ မြေပြိုခြင်း စသည်တို့သည် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးစေပါသည်။
- ထို့အပြင်ကျန်းမာရေးနှင့် စားဝတ်နေရေးပြဿနာများကိုလည်း ဖြစ်ပေါ်စေပါသည်။
- ရွှေနှင့်သတ္တုတွင်းများသို့သွားရန် လမ်းဖောက်လုပ်ရာတွင်လည်း ရွာသားများ၏ စိုက်ခင်းများကို ပျက်စီးစေပါသည်။ တပိုင်တနိုင် ရွှေကျင်ခြင်းကိုလည်း ပိတ်ပင်သောကြောင့် ရွာသားများ၏ စားဝတ်နေရေးကို ထိခိုက်စေပါသည်။ အချို့ဒေသများတွင်သားငါးများ ရှားပါးလာသောကြောင့် စားသောက်ကုန်စျေးနှုန်း မြင့်တက်လာကြောင်းရွာသားများကပြောပါသည်။
- အချို့သော စီးပွားရေးလုပ်ငန်းရှင်များသည် ရွာသားပိုင်မြေများကို သစ်ခုတ်ရန်နှင့် ရာဘာစိုက် ပျိုးရန် နှစ်မျိုးလုံးအတွက်သိမ်းဆည်းကြပါသည်။ မြေယာသိမ်းဆည်းပြီးနောက် သစ်ခုတ်ယူပါသည်။

[93] source #113 တွင်ကြည့်ပါ။

| |
|---|
| ထို့နောက် သစ်နေရာတွင် ရာဘာပင်များကို ပြန်လည် စိုက်ပျိုးပါသည်။ |

၂၀၁၂ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၅ခုနှစ် ဇန်နဝါရီလအတွင်း KHRG သည် သဘာဝသယံဇာတတူးဖော်ရေး စီမံကိန်းများကြောင့် မြေသိမ်းဆည်းမှုအကြောင်း တင်ပြထားသော အစီရင်ခံစာ (၅၅)စောင်ကို ရရှိပါသည်။ ဤစီမံကိန်းများသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ KHRG မှ ကွင်းဆင်းလေ့လာမှုပြုလုပ်နေသော နယ်မြေဒေသ (၇)ခုလုံးတွင် ဖြစ်ပေါ်ခဲ့ပါသည်။ ရွှေတူးဖော်ခြင်းအကြောင်းကို အစီရင်ခံစာ (၂၆)ခုတွင် တွေ့ရှိရပြီး၊ ကျောက်တူးဖော်ခြင်းအကြောင်းကို အစီရင်ခံစာ (၁၇)ခုတွင်တွေ့ရှိရပါသည်။ သစ်ထုတ်လုပ်ခြင်း အကြောင်း တင်ပြထားသည်ကို အစီရင်ခံစာ (၈)ခုတွင်တွေ့ရှိရပါသည်။ ထို့နည်းတူ သဲ၊ ခဲ၊ ကျောက်မီးသွေး နှင့် ခနောက်စိမ်းစသည့် အရာများကိုတူးဖော်သည့်အကြောင်း တင်ပြထားသည့် အစီရင်ခံစာများကိုလည်း တွေ့ရပါသည်။ အများအားဖြင့် မြေယာသိမ်းဆည်းမှုပြုလုပ်ရာတွင် ရွာသားများအား ကြိုတင်ခေါ်ယူ အသိပေး ဆွေးနွေးတိုင်ပင်ခြင်းမရှိပါ။ ရွာသားများသည် သိမ်းဆည်းခြင်းခံရသောမြေများအတွက်လည်း လျော်ကြေးငွေ မရရှိကြပါ။ အစီရင်ခံစာ (၅၅)ခုတွင် (၃)ခု၌သာ ရွာသားများ လျော်ကြေးငွေရရှိသည့် အကြောင်းကို ဖော်ပြထားပြီး (၉)ခု၌ ရွာသားများမှ လျော်ကြေးငွေတစ်ချို့ တစ်ဝက်ကိုသာ ရရှိသည့်အကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ အစီရင်ခံစာ (၆)ခုတွင် မြေယာသိမ်းဆည်းမှုမပြုလုပ်မီ ရွာသားများအား ခေါ်ယူတွေ့ဆုံဆွေးနွေးတိုင်ပင်ကြောင်းကို ဖော်ပြထားပါသည်။ သဘာဝသယံဇာတ တူးဖော်ခြင်းအတွက် မြေယာသိမ်းဆည်းမှုများ၏ အဓိကကျသော နောက်ဆက်တွဲဆိုးကျိုးများမှာ စားဝတ်နေရေးခက်ခဲခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းနှင့် ကျန်းမာရေးပြဿနာများ ကြုံတွေ့ရခြင်း စသည်တို့ဖြစ်ကြောင်း ရွာသားများက တင်ပြကြပါသည်။

"*သိမ်းဆည်းသွားတဲ့မြေတွေအတွက် လျော်ကြေးငွေမပေးပါဘူး။ သူတို့ကပြောတယ် 'ခင်ဗျား စကားအရမ်းများရင် လျော်ကြေးရမှာ မဟုတ်ဘူး။' ဒါကြောင့် ကျွန်မစကားအရမ်းမပြောရဲဘူး။*"

နော်န---၊ (မ)၊ ခ---ကျေးရွာ၊ မလေးလယ် ကျေးရွာအုပ်စု၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (ဇူလိုင်လ ၂၀၁၄တွင် လက်ခံရရှိပါသည်။)[94]

ဤအခန်းတွင် သဘာဝသယံဇာတ တူးဖော်ခြင်းလုပ်ငန်းများ လုပ်ကိုင်ရန် မြေယာသိမ်းဆည်းပုံနှင့် မြေယာများ ပျက်စီးရခြင်းအကြောင်းများကို အဓိကထားတင်ပြထားပါသည်။ KHRG အနေဖြင့် ဝေဖန် သုံးသပ်မှုပြုလုပ်ရန် သဘာဝသယံဇာတ တူးဖော်ခြင်းကို ဤကဲ့သို့အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ၎င်းတွင် မြေအောက် သို့မဟုတ် သစ်တောဇရိယာများမှ ဓာတ်သတ္တု နှင့် သစ်ကဲ့သို့သော သဘာဝသယံဇာတပစ္စည်းများ ထုတ်ယူခြင်း တို့ပါဝင်သည်။ ရွာသားများက သဘာဝသယံဇာတတူးဖော်သူများသည် ၎င်းတို့ပိုင်မြေနှင့် ဘုံအနေနှင့် အများပိုင်ဆိုင်သောသစ်တောများကို သိမ်းဆည်းကြကြောင်း ထုတ်ဖော်ပြောကြားပါသည်။

94 source #12b တွင်ကြည့်ပါ။

ထို့နည်းတူသဘာဝသယံဇာတတူးဖော်ခြင်းကြောင့် မြေများပျက်စီးပြီး သဘာဝပတ်ဝန်းကျင်အား ထိခိုက်ကြောင်းကိုလည်း တင်ပြထားပါသည်။

**၁။ မြေယာသိမ်းဆည်းမှုဖြစ်ပွားသော အကြိမ်ပေါင်းနှင့် မြေယာသိမ်းဆည်းသူများ**

၂၀၁၂ခုနှစ် ဒီဇင်ဘာလမှစ၍ မြန်မာနိုင်ငံ အရှေ့တောင်ဘက်ရှိ KHRG မှသတင်းကောက်ယူစုဆောင်းသော နယ်မြေဒေသ (၇)ခုလုံးတွင် သဘာဝသယံဇာတတူးဖော်ရန်အတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော နည်းများဖြင့် မြေယာများသိမ်းဆည်းခြင်းများ (၅၅) ကြိမ်ဖြစ်ပွားခဲ့ကြောင်းကို ဒေသခံရွာသားများနှင့် KHRG ကွင်းဆင်းလုပ်သားများက တင်ပြလာခဲ့ကြပါသည်။[95] KHRG မှလက်ခံရရှိသော အစီရင်ခံစာ အများစုတွင် ဖာပွန်ခရိုင်တွင်း သဘာဝသယံဇာတတူးဖော်သည့်အကြောင်း အများစုပါဝင်ပြီး ဒူးပလာယာ နှင့် သထုံခရိုင်တွင်း အကြောင်းများလည်းပါရှိပါသည်။

သဘာဝသယံဇာတ တူးဖော်ရန်အတွက် မြေယာသိမ်းဆည်းခြင်း ပြုလုပ်သူများ သို့မဟုတ် အတူတစ်ကွ ပူးပေါင်းလုပ်ဆောင်သူများမှာ တပ်မတော်၊[96] ကရင်နယ်ခြားစောင့်တပ်များ၊[97] ကေအဲန်ယူ၊[98] ကေအဲန်ယူ/ ကေအဲန်အယ်လ်အေ- ငြိမ်းချမ်းရေးကောင်စီ၊[99] ဒီကေဘီအေ[100] နှင့် ကေပီအက်ဖ် တပ်ဖွဲ့များ၊[101] အစိုးရ အရာရှိများ၊[102] ပြည်တွင်းပုဂ္ဂလိကစီးပွားရေးကုမ္ပဏီများ၊[103] နိုင်ငံခြားပုဂ္ဂလိကကုမ္ပဏီများ[104] နှင့် ကြွယ်ဝချမ်းသာသော ပုဂ္ဂလိကလုပ်ငန်းရှင်များ[105] ဖြစ်ကြပါသည်။ ပြည်တွင်းစီးပွားရေးကုမ္ပဏီများနှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များသည် သဘာဝသယံဇာတ တူးဖော်ရေးနှင့်ဆက်စပ်သော အလွဲသုံးစားပြုမှုများကို မကြာခဏ ကျူးလွန်သူများ ဖြစ်ကြောင်းရွာသားများကပြောပါသည်။ ၎င်းတို့သည် ရံဖန်ရံခါတွင် လက်နက်ကိုင်များနှင့် လည်းကောင်း အစိုးရအရာရှိများနှင့်လည်းကောင်း ပူးပေါင်း၍လုပ်ဆောင်ကြပါသည်။

မြေယာသိမ်းဆည်းမှုပြုလုပ်ရာတွင် ရွာသားများအားကြိုတင်ခေါ်ယူဆွေးနွေးတိုင်ပင်ခြင်း မရှိသလောက် နည်းပါးပြီး ရွာသားအများစုမှာ လျော်ကြေးငွေများ မရရှိကြကြောင်း ရွာသားများထံမှသိရပါသည်။ သဘာဝသယံဇာတ တူးဖော်ရန်အတွက် မြေယာသိမ်းဆည်းမှုများနှင့် ပတ်သက်၍ KHRG မှ ရရှိသော

---

[95] သထုံခရိုင်တွင်း မြေယာသိမ်းဆည်းမှုဥပမာကို source #9တွင်ကြည့်ရှုနိုင်၊ တောင်ငူခရိုင်အတွက် source #71၊ ညောင်လေးပင်ခရိုင် အတွက် source #19၊ မြိတ်-ထားဝယ်ခရိုင်အတွက် source #80၊ ဖာပွန်ခရိုင်အတွက် source #22၊ ဒူးပလာယာခရိုင်အတွက် source #14-10-LGF 1၊ ဘားအံခရိုင်အတွက် source #98 စသည်တို့တွင်ကြည့်ရှုနိုင်ပါသည်။
[96] ဥပမာကို source #102 တွင်ကြည့်ပါ။
[97] ဥပမာကို source #25 တွင်ကြည့်ပါ။
[98] ဥပမာကို source #22 တွင်ကြည့်ပါ။
[99] ဥပမာကို source #43 တွင်ကြည့်ပါ။
[100] ဥပမာကို source #62 တွင်ကြည့်ပါ။
[101] ဥပမာကို source #49 တွင်ကြည့်ပါ။
[102] ဥပမာကို source #20 တွင်ကြည့်ပါ။
[103] ဥပမာကို source #42 တွင်ကြည့်ပါ။
[104] ဥပမာကို source #95 တွင်ကြည့်ပါ။
[105] ဥပမာကို source #19 တွင်ကြည့်ပါ။

သတင်းအချက်အလက်များ အစီရင်ခံစာ (၅၅)စောင်တွင် လျော်ကြေးငွေရရှိသည့်အကြောင်း ရေးသားတင်ပြထားသော အစီရင်ခံစာ (၃)စောင်သာပါဝင်ပါသည်။[106] အစီရင်ခံစာ (၉)ခုတွင် ကာလတန်ကြေးအောက်[107] သို့မဟုတ် မြေသိမ်းသူများမှ ဂတိပေးထားသောတန်ဖိုးအောက်[108] လျော့နည်းသော လျော်ကြေးငွေ တစ်စိတ်တစ်ဒေသသာ ရရှိသည့်အကြောင်း ရေးသားတင်ပြထားသည်ကို တွေ့ရပြီး၊ အစီရင်ခံစာ (၆)ခုတွင် ကြိုတင်ခေါ်ယူတွေ့ဆုံဆွေးနွေးသည့် အကြောင်းကို ဖော်ပြထားကြောင်း တွေ့ရပါသည်။[109] အဖြစ်အပျက်တစ်ခုတွင်မူ ရွာသားများသည် ၎င်းတို့ပိုင်မြေများအားရောင်းချကြောင်း လက်မှတ်ရေးထိုးရန် အတင်းအကျပ် စေခိုင်းခံခဲ့ရပါသည်။[110]

" *အစကတော့ လျော်ကြေးငွေအနေနဲ့ တစ်ဧကကို သိန်း၂၀ရမယ်လို့ ပြောပါတယ်။ ဒါပေမယ့် ယခုချိန် ထိ ကျွန်တော့်ရဲ့မြေ ၇ ဧကအတွက် သိန်း၂၀ ပဲရပါတယ်။ ကျွန်တော်မကျေနပ်ပါဘူး။ ဘာမှလည်း မတတ်နိုင်ပါဘူး။ မေ့ပစ်လိုက်ဖို့ပဲရှိတော့တယ်။ သူတို့ရွှေတူးလိုက်တော့ ရှေ့ဆက် ကျွန်တော့်မြေတွေကို ပြန်သုံးလို့ မရနိုင်တော့ပါဘူး။*"

စောက---၊ (ကျား)၊ ယ---ကျေးရွာ၊ မလေးလယ် ကျေးရွာအုပ်စု၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်နယ် အရှေ့မြောက်ပိုင်း (၂၀၁၄ခုနှစ် ဇူလိုင်လ တွင်လက်ခံရရှိပါသည်)[111]

**၂။ စီမံကိန်းအမျိုးအစားခွဲများ**

**{က}ရွှေတူးဖော်ခြင်းလုပ်ငန်းများ**

ရွှေတူးဖော်ခြင်းနှင့်ပတ်သက်သော မြေယာသိမ်းဆည်းမှုများအကြောင်း ရေးသားဖော်ပြထားသော အစီရင်ခံစာ (၂၆)ခုကို KHRG မှလက်ခံရရှိခဲ့ပါသည်။ ဤရွှေတူးဖော်ခြင်းလုပ်ငန်းများသည် သထုံ၊[112] တောင်ငူ၊[113] ညောင်လေးပင်[114] နှင့် ဖာပွန်[115]ခရိုင်များတွင် ဖြစ်ပေါ်နေပါသည်။ ရွှေတူးဖော်ခြင်းလုပ်ငန်းများသည် ဖာပွန်ခရိုင်တွင် အများဆုံးဖြစ်ပြီး အစီရင်ခံစာ (၁၄)ခုတွင် တွေ့ရှိရပါသည်။ ရွှေတူးဖော်ခြင်းလုပ်ငန်းများကို ချမ်းသာသော လုပ်ငန်းရှင်များ၊[116] တပ်မတော်၊[117] မြန်မာအစိုးရအရာရှိများ၊[118] ကေအဲန်ယူ/

[106] ဥပမာကို source #16 တွင်ကြည့်ပါ။
[107] ဥပမာကို source #12b တွင်ကြည့်ပါ။
[108] ဥပမာကို source #13b တွင်ကြည့်ပါ။
[109] ဥပမာကို source #49 တွင်ကြည့်ပါ။
[110] source #17 တွင်ကြည့်ပါ။
[111] source #13b တွင်ကြည့်ပါ။
[112] ဥပမာကို source #89 တွင်ကြည့်ပါ။
[113] ဥပမာကို source #72 တွင်ကြည့်ပါ။
[114] ဥပမာကို source #55 တွင်ကြည့်ပါ။
[115] ဥပမာကို source #89 တွင်ကြည့်ပါ။
[116] ဥပမာကို source #72 တွင်ကြည့်ပါ။
[117] ဥပမာကို source #13 တွင်ကြည့်ပါ။
[118] ဥပမာကို source #20 တွင်ကြည့်ပါ။

ကေအဲန်အယ်လ်အေ၊[119] ပြည်တွင်းစီးပွားရေး ကုမ္ပဏီများ[120] နှင့် နိုင်ငံခြားကုမ္ပဏီများ[121] မှ သီးခြားခွဲ၍ သော်လည်းကောင်း ပူးပေါင်း၍ သော်လည်းကောင်း လုပ်ဆောင်ကြပါသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ အယ်ခိုစီး နှင့် ပဒါးဒေါကျေးရွာအုပ်စု တွင် ပြည်တွင်း ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ ရွှေတူးဖော်ရန်စတင်လုပ်ဆောင်ခဲ့ကြပါသည်။ ၎င်းတို့ကို ကေအဲန်ယူ နှင့်ဒေသတွင်းစီးပွားရေး စီမံခန့်ခွဲရေးကော်မတီက လုပ်ပိုင်ခွင့်ပေးခဲ့ပါသည်။ ၎င်းတို့မှ ကေအဲန်ယူအား အခွန်ပေးဆောင်ပြီး အချိန် ၆လတာရွှေတူးဖော်ခွင့် ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဘိုးလိုမြစ်မှ ရွှေများကို ရယူနိုင်ရန် မြစ်တွင်းမှ သဲများကိုစုပ်ယူပြီးရွှေရှာဖွေပါသည်။ ရွှေရှာဖွေပြီးနောက် ရရှိလာသော မြေစာပုံများကို မတ်စောက်သော မြစ်ကမ်းပါးဘေးတွင် စုပုံထားသောကြောင့် ရွာသားများ၏ စိုက်ပျိုးမြေများနှင့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးရပါသည်။[122]

ထို့အပြင် ၂၀၁၄ ခုနှစ် မတ်လ ၁၄ရက်နေ့တွင်လည်း ဖာပွန်ခရိုင်၊ ဒွဲလိုမြို့နယ်၊ မ---ကျေးရွာအုပ်စု၊ က--- ကျေးရွာအတွင်း စောဃ--- ပိုင်ဆိုင်သော မြေ ၇ဧကကို စီးပွားရေးလုပ်ငန်းရှင်များက ရွှေတူးဖော်ရန် သိမ်းယူခဲ့ကြပါသည်။ ဤသို့သိမ်းယူရာတွင် မြေပိုင်ရှင်အား ကြိုတင်ခေါ်ယူတွေ့ဆုံ အသိပေးခြင်း မရှိပါ။ မြေပိုင်ရှင် စောဃ--- ကို ၎င်းပိုင်မြေ ၇ဧကအတွက် လျော်ကြေးငွေ သိန်း၂၀ ပေးမည် ဟုပြောသော်လည်း လက်တွေ့တွင် ၁၀သိန်းကျပ်သာ ရရှိပါသည်။ စောဃ--- အား မြေပိုင်ဆိုင်ခွင့် အထောက်အထားလွှဲပေးရန်နှင့် ရွှေတူးဖော်ပြီးနောက် ပြန်လည်ပေးအပ်မည်ဟုပြောပါသည်။ သို့သော် စောဃ--- သည် မြေပိုင်ဆိုင်ခွင့် အထောက်အထားလည်းပြန်လည်မရရှိသကဲ့သို့ လျော်ကြေးငွေလည်း အပြည့်အဝမရရှိပါ။[123]

*"ကျွန်တော့်မြေတွေကို ကာကွယ်ဖို့ဘယ်လိုလုပ် ရမှန်းမသိတော့ပါဘူး။ လူတွေကလာလာပြီး ရွှေတူးကြတယ်။ သူတို့တွေက ဒီမြေတွေဟာအစိုးရမြေလို့ ပြောပြီးတူးကြတာပဲ။ ကျွန်တော်ဘာမှလုပ်လို့မရဘူး။ ကျွန်တော်တို့မှာ မြေလုပ်ပိုင်ခွင့်အထောက်အထားရှိလည်း လူတွေက ကျွန်တော်တို့အထောက်အထားတွေကိုယူပြီး ကျွန်တော် တို့ ပိုင်မြေမှာ လာအလုပ်လုပ်ကြတာပဲ။ ကျွန်တော်ပိုင်တဲ့မြေကိုကာကွယ်ဖို့ ဘာလုပ်ရမှန်းမသိတော့ပါဘူး။"*

စောဃ---၊ (ကျား)၊ မလေးလယ်ကျေးရွာအုပ်စု၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း။ (ဇူလိုင်လ ၂၀၁၄ တွင် မြေယာသိမ်းဆည်းခံရမှုအား တင်ပြသည့် စာရွက်ပုံစံ/ဖောင်မှ လက်ခံရရှိပါသည်)[124]

[119] ဥပမာကို source #22 တွင်ကြည့်ပါ။
[120] ဥပမာကို source #89 တွင်ကြည့်ပါ။
[121] ဥပမာကို source #95 တွင်ကြည့်ပါ။
[122] source #42 တွင်ကြည့်ပါ။
[123] source #13b တွင်ကြည့်ပါ။
[124] source #13b တွင်ကြည့်ပါ။

*"ရွှေတူးဖော်ရေးလုပ်ငန်းများကြောင့် ရွာသားများသည် အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ ၎င်းတို့ပိုင်မြေများလည်း လျော်ကြေးငွေမရရှိပဲ သိမ်းဆည်းခံနေရပါသည်။ အချို့ရွာသား များက ရှေ့ဆက်၎င်းတို့စားဝတ်နေရေး ပိုမိုခက်ခဲနိုင်ကြောင်း ပြောပြပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (ဇူလိုင်လ ၂၀၁၄ခုနှစ် တွင်ရရှိပါသည်။)

မြေပုံ(၄)




ဤမြေပုံသည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ မှ ၂၀၁၅ ဇန်နဝါရီလအထိ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ KHRG မှ မှတ်တမ်းတင်ထားသော ရွှေတူးဖော်ရေး လုပ်ငန်း လုပ်ဆောင်သည့် နေရာများ ပုံရေးဆွဲပြထားခြင်း ဖြစ်ပြီး ဒေသအားလုံးမှ ရွှေတူးဖော်သည့် နေရာများအား တိကျမှန်ကန်စွာ ကိုယ်စားပြုထားမည် မဟုတ်ပေ။ **Karen Human Rights Group (KHRG)**

## {ခ} ကျောက်ထုတ်လုပ်ရေး လုပ်ငန်း

ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီးတိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း မြေသိမ်းဆည်းခြင်းအကြောင်း ရေးသားတင်ပြထားသော အစီရင်ခံစာ (၁၇) ခုကို KHRG မှ လက်ခံရရှိခဲ့ပါသည်။ ကျောက်ထုတ်လုပ်ငန်းကြောင့် မြေယာသိမ်းဆည်းမှုများသည် တောင်ငူ၊[125] မြိတ်-ထားဝယ်၊[126] ဖာပွန်၊[127] ဒူးပလာယာ[128] နှင့် ဘားအံ[129] ခရိုင်များတွင်ဖြစ်ပေါ်ပါသည်။ ကျောက်ထုတ်လုပ်ငန်းများကို လုပ်ကိုင်ကြသူများမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊[130] ကရင်နယ်ခြားစောင့်တပ်များ၊[131] ပုဂ္ဂလိကကုမ္ပဏီများ၊[132] ပြည်ပကုမ္ပဏီများ၊[133] နှင့် အစိုးရအရာရှိများ[134] ဖြစ်ပါသည်။

၂၀၁၃ မတ်လ ၁ ရက်နေ့တွင် ဘားအံခရိုင်၊ ပိုင်ကျုံမြို့နယ်၊ ဖေါ ကျေးရွာအုပ်စု၊ ဌ--- ကျေးရွာ၌ ကရင်နယ်ခြားစောင့်တပ် တပ်ရင်းအမှတ် ၁၀၁၇ မှ တပ်ရင်းမှူးလားသေး က ကျေးရွာအနီး ကျောက်တောင်ကို ကျောက်ထုတ်လုပ်ရန် မိုင်းခွဲသောအခါ အနီးရှိ နော်န--- ပိုင်စိုက်ပျိုးမြေကို ပျက်စီးစေခဲ့ပါသည်။ နော်န--- စိုက်ပျိုးမြေအနီးတွင် အခြားသူများ၏ စိုက်ပျိုးမြေများလည်းရှိပါသည်။ တပ်မှူးလားသေးမှ ကျောက်များကို ဆောက်လုပ်ရေး ကုမ္ပဏီများသို့ ရောင်းချပေးပါသည်။ ဤကျောက်ထုတ်လုပ်ငန်း လုပ်ကိုင်မည့်အကြောင်းကို နော်န--- အား ခေါ်ယူတွေ့ဆုံ ဆွေးနွေးတိုင်ပင်ခြင်း မရှိသကဲ့သို့ သူမ၏ ပျက်စီးသွားသော မြေများအတွက်လည်း လျော်ကြေးငွေမရရှိပါ။[135]

ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်၊ လေးတလယ် စခန်း၊ ဂ--- ရွာတွင် စီးပွားရေးလုပ်ငန်းရှင် ဦးတင်မိုးအောင်၏ ကျောက်ထုတ်လုပ်ငန်းကြောင့် ရွာသားများ၏ စိုက်ပျိုးမြေများစွာ ပျက်စီးခဲ့ရပါသည်။ ကျောက်ထုတ်လုပ်ငန်းသည် ရေနုတ်မြောင်းများကို ပိတ်ဆို့စေပြီး စပါးခင်းရှိရေများ ကောင်းမွန်စွာ မစီးဆင်းစေသောကြောင့် ရွာသားများအတွက် စပါးခင်းများတွင် အလုပ်လုပ်ရန် ခက်ခဲပါသည်။

[125] ဥပမာကို source #10 တွင်ကြည့်ပါ။
[126] ဥပမာကို source #80 တွင်ကြည့်ပါ။
[127] ဥပမာကို source #32တွင်ကြည့်ပါ။
[128] ဥပမာကို source #60 တွင်ကြည့်ပါ။
[129] ဥပမာကို source #11 တွင်ကြည့်ပါ။
[130] ဥပမာကို source #60 တွင်ကြည့်ပါ။
[131] ဥပမာကို source #25 တွင်ကြည့်ပါ။
[132] ဥပမာကို source #83တွင်ကြည့်ပါ။
[133] ဥပမာကို source #64 တွင်ကြည့်ပါ။
[134] ဥပမာကို source #32 တွင်ကြည့်ပါ။
[135] source #25 တွင်ကြည့်ပါ။

*"အရင်တုန်းက ကျွန်တော်တို့မိဘတွေ ဒီလယ်တွေကိုမှီခိုလုပ်ကိုင် စားသောက်ခဲ့ကြပါတယ်။ ဒီလယ်မြေတွေအတွက် အခွန်ဆောင်ခဲ့ကြပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ ကျောက်ထုတ်လုပ်ငန်းတွေကြောင့် ကျွန်တော်တို့လယ်တွေပျက်စီးရပြီး စပါးတွေလည်း အများကြီးပျက်စီးရပါတယ်။ ကျွန်တော်တို့ဘာ လုပ်ရမှန်း မသိတော့ပါဘူး။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦး ရေးသားထားသော ဓာတ်ပုံမှတ်တမ်း၊ ကျုံဒိုးမြို့နယ်၊
ဒူးပလာယာခရိုင်/ကရင် ပြည်နယ်တောင်ပိုင်း (ဖေဖော်ဝါရီလ ၂၀၁၄ခုနှစ်)[136]

## {ဂ} သစ်ထုတ်လုပ်ခြင်း

သစ်ထုတ်လုပ်ငန်းများအတွက် မြေယာသိမ်းဆည်းခြင်းနှင့် ပတ်သက်သော အစီရင်ခံစာ (၈) စောင်ကို KHRG မှလက်ခံရရှိခဲ့ပါသည်။ အင်ပင်[137]နှင့် ဝါးများကို ခုတ်ယူထုတ်လုပ်မှု အများဆုံးဖြစ်ကြောင်းကို ရွာသားများက ပြောပါသည်။ အင်ပင်များနှင့်ဝါးများကို ငွေရရှိရန် ခုတ်ယူထုတ်လုပ်ခြင်းဖြစ်ပါသည်။[138] ထို့အပြင် ရာဘာစိုက်ပျိုးရန် ခုတ်ထွင်ရှင်းလင်းခြင်းလည်းဖြစ်ပါသည်။[139] ဤကဲ့သို့သစ်ဝါးခုတ်ယူခြင်းသည် ကရင်ပြည်နယ်ခရိုင် (၆)ခုတွင်ဖြစ်ပေါ်လျက်ရှိပြီး[140] သစ်၊ဝါးခုတ်ယူသူများမှာ အစိုးရအရာရှိများ၊[141] စီးပွားရေး လုပ်ငန်းရှင်များ၊[142] တပ်မတော်၊[143] ဒီကေဘီအေ၊[144] ကရင်နယ်ခြားစောင့်တပ်များ၊[145] နှင့် ကေအဲန်ယူ/ကေအဲန် အယ်လ်အေငြိမ်းချမ်းရေးကောင်စီ[146] တို့ဖြစ်ကြပါသည်။

ဥပမာအားဖြင့် ဘားအံခရိုင် နဘူးမြို့နယ်တွင် ငွေကြေးချမ်းသာသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံ အာဏာပိုင်များသည် အများပိုင်အင်ပင်တောများကိုသိမ်းယူ၍ သစ်ထုတ်လုပ်ကြပြီးနောက် ရာဘာစိုက်ခင်းများ အဖြစ်ပြောင်းလဲလိုက်ကြပါသည်။ ယခုအခါ ရွာသားများသည် အိမ်ခေါင်မိုးအတွက် အင်ဖက် ကောက်ယူရန်နှင့် ထင်းရှာဖွေရန် ခက်ခဲသွားပါသည်။

[136] source #60 တွင်ကြည့်ပါ။
[137] အင်ပင်ဆိုသည်မှာ ကျွန်းပင်ကဲ့သို့ဖြစ်၍ အရွက်ကြီးသောအပင်မျိုးဖြစ်ပါသည်။ ၎င်း၏အရွက်များကို ရွာသားများက အိမ်အမိုးပြုလုပ်ရန် ကောက်ယူကြပါသည်။
[138] ဥပမာကို source #96 တွင်ကြည့်ပါ။
[139] ဥပမာကို source #43 တွင်ကြည့်ပါ။
[140] သထုံခရိုင်တွင်ဖြစ်ပွားသော သစ်ထုတ်လုပ်ငန်းနှင့်ဆက်နွယ်သောမြေသိမ်းဆည်းမှုကို သိလိုပါက source # 107၊ တောင်ငူခရိုင် အတွက် source #45၊ ညောင်လေးပင်ခရိုင် အတွက် source #54၊ ဖာပွန်ခရိုင်အတွက် source #96၊ ဒူးပလာယာခရိုင်အတွက် source #62၊ ဘားအံခရိုင်အတွက် source # 63 တို့တွင်ကြည့်ရှုနိုင်ပါသည်။
[141] ဥပမာကို source #54 တွင်ကြည့်ပါ။
[142] ဥပမာကို source #56 တွင်ကြည့်ပါ။
[143] ဥပမာကို source #107 တွင်ကြည့်ပါ။
[144] ဥပမာကို source #62 တွင်ကြည့်ပါ။
[145] ဥပမာကို source #96 တွင်ကြည့်ပါ။
[146] ဥပမာကို source #62 တွင်ကြည့်ပါ။

*"လူနည်းစုသာ အင်ပင်ခုတ်ယူပြီး ရာဘာစိုက်ပျိုးရန် အခွင့်အရေးရရှိ ကြပါသည်။ သစ်ထုတ်လုပ်ခုတ် ယူသူအများစုမှာ မြို့ပေါ်မှ ချမ်းသာကြွယ်ဝသူများဖြစ်ကြပြီး ဒေသခံစီးပွားရေးသမားများလည်းအနည်းငယ် ပါဝင်ပါသည်။ ထိုသူများက ဤမြေများမှာ စိုက်ပျိုးမြေ မဟုတ်သည့်အတွက် ဤမြေပေါ်ကသစ်များကို ခုတ်ယူပြီး ရာဘာပြောင်းစိုက်ကြခြင်းဖြစ်ကြောင်းပြောခဲ့ပါသည်။ ကျွန်တော်တို့အနေနှင့် ဤသစ်တောများကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်မှုမလုပ်လျှင် နောင်တွင် အင်ဖက်ကောက်ယူရန် အင်ပင်တောရှိတော့မည် မဟုတ်တော့ပေ။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ နဘူးမြို့နယ်၊ ဘားအံခရိုင်/ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၃ အောက်တိုဘာလတွင်ရရှိပါသည်)[147]

## {ဃ}အခြားလုပ်ငန်းများ

မြိတ်-ထားဝယ်ခရိုင်အတွင်း မြန်မာအစိုးရအရာရှိများနှင့် ပုဂ္ဂလိကကုမ္ပဏီများပူးပေါင်းပြီး ခဲသတ္တုတူးဖော်ခြင်း ပြုလုပ်သည့် အစီရင်ခံစာ ၂ စောင်ကို KHRG မှလက်ခံရရှိပါသည်။[148] KHRG ကွင်းဆင်းလုပ်ငန်းများကလည်း ဖာပွန်ခရိုင်အတွင်း တပ်မတော်မှ အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်နေသည့်အကြောင်း အစီရင်ခံစာ ၂ စောင်ကို ရေးသားပေးပို့ခဲ့ပါသည်။[149] ထို့အပြင် ဒူးပလာယာခရိုင်အတွင်း ကျောက်မီးသွေးထုတ်လုပ်ငန်းအတွက် မြေသိမ်းဆည်းမှုအကြောင်း ရေးသားထားသော အစီရင်ခံစာ (၁)စောင်၊[150] KPF နှင့် နိုင်ငံခြား ကုမ္ပဏီတို့မှ လုပ်ကိုင်သော သံသတ္တုတူးဖော်ရေးလုပ်ငန်း အကြောင်းရေးသားထားသော အစီရင်ခံစာ (၁)စောင်၊[151] ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီမှ လုပ်ကိုင်နေသော ခနောက်စိမ်းတူးဖော်ရေးလုပ်ငန်း အကြောင်း ရေးသားထားသော အစီရင်ခံစာ (၁)စောင်[152] တို့ကိုလည်း လက်ခံရရှိပါသည်။

## ၃။ သဘာဝသယံဇာတ တူးဖော်ခြင်းလုပ်ငန်းများ၏ နောက်ဆက်တွဲ ဆိုးကျိုးများ

သဘာဝသယံဇာတ တူးဖော်ခြင်းလုပ်ငန်းများအတွက် မြေသိမ်းဆည်းမှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ၊[153] စားဝတ်နေရေးခက်ခဲမှုများ၊[154] ကျန်းမာရေးပြဿနာများ၊[155] အကြမ်းဖက်ခြိမ်းခြောက်မှုများ၊[156] သွားလာလုပ်ရှားခွင့်ပိတ်ပင်ခံရမှုများ [157]နှင့် နေရာရွှေ့ပြောင်းခံရမှုများ[158] စသည့်နောက်ဆက်တွဲဆိုးကျိုးများ

[147] source #56 တွင်ကြည့်ပါ။
[148] source #80 တွင်ကြည့်ပါ။
[149] source #102 တွင်ကြည့်ပါ။
[150] source #68 တွင်ကြည့်ပါ။
[151] source #49 တွင်ကြည့်ပါ။
[152] source #62 တွင်ကြည့်ပါ။
[153] ဥပမာကို source #112 တွင်ကြည့်ပါ။
[154] ဥပမာကို source #10 တွင်ကြည့်ပါ။
[155] ဥပမာကို source #68 တွင်ကြည့်ပါ။
[156] ဥပမာကို source #17 တွင်ကြည့်ပါ။
[157] ဥပမာကို source #95 တွင်ကြည့်ပါ။

ဖြစ်ပေါ်လျက်ရှိသည်ကို ရွာသားများနှင့် KHRG ဝန်ထမ်းများက အစီရင်ခံစာ (၅၅)စောင်တွင်တွေ့ရှိခဲ့ပါသည်။ လက်ရှိအခြေအနေထိ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် စားဝတ်နေရေးခက်ခဲမှုပြဿနာများသည် အများဆုံးရေးသားဖော်ပြသော ဆိုးကျိုးများဖြစ်ပါသည်။ အစီရင်ခံစာ (၅၅)စောင်တွင် အစောင်(၄၀)၌ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအကြောင်းဖော်ပြထားပြီး၊ အစောင်(၃၀)၌ စားဝတ်နေရေးပြဿနာများကို အဓိကဆိုးကျိုးအဖြစ် ဖော်ပြထားပါသည်။ အစီရင်ခံစာ (၁၅)စောင်တွင် ကျန်းမာရေးပြဿနာအကြောင်းကို ဖော်ပြထားပြီး (၃)စောင် တွင် လူသတ်မှုအပါအဝင် အကြမ်းဖက်မှုများအကြောင်းကို ဖော်ပြထားပါသည်။ အစီရင်ခံစာ (၂)စောင်တွင် နေရာရွှေ့ပြောင်းခံရခြင်း နှင့် (၂)စောင်တွင် သွားလာခွင့်ပိတ်ပင်ခံရခြင်း အကြောင်းကို ဖော်ပြထားပါသည်။

**{က}သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ**

အစီရင်ခံစာရေးသားနေစဉ်ကာလတွင်း သဘာဝသယံဇာတထုတ်လုပ်ခြင်းသည် မြစ်ချောင်းများကို စက်ဆီ နှင့် ဓာတုဗေဒပစ္စည်းများဖြင့်[159] ညစ်ညမ်းစေကြောင်း ရွာသားများနှင့် KHRG ဝန်ထမ်းများက ရေးသားဖော်ပြကြပါသည်။ ထို့အပြင် မြစ်ရေကို နောက်ကျိစေခြင်း၊[160] ပြဒါးကဲ့သို့ အဆိပ်ရှိသော ဓာတုဗေဒပစ္စည်းများအား ဘေးပတ်ဝန်းကျင်သို့စွန့်ပစ်ခြင်း[161] မြစ်ကမ်းပါးများတိုက်စားခံရခြင်း၊[162] မြစ်ချောင်းများရှိသဲ၊ကျောက်၊နန်းများကို နေရာရွှေ့စေပြီး ရေစီးကြောင်းပြောင်းစေခြင်း၊ ရေလွှမ်းမိုးစေခြင်း၊[163] သစ်တောပြုန်းတီးစေခြင်း၊[164]မြေပြိုခြင်း၊[165] နှင့် လုပ်ငန်းပြီးဆုံးသောအချိန်တွင်လုပ်ကွက်များကို ကောင်းမွန်စွာသန့်ရှင်းရေးမလုပ်ပဲ ဖြစ်သလိုထားခဲ့ခြင်း[166] စသည့် ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေကြောင်း ရေးသားတင်ပြထားပါသည်။

"*ရွှေလာရောက်တူးဖော်သူများသည် ရန်ကုန်မှဖြစ်ကြပါသည်။ ဒေသခံအနည်းငယ်သာ ရွှေတူးဖော်ခြင်းတွင်ပါဝင်ပါသည်။ ရွှေတူးဖော်ခြင်းသည် မြေယာများစွာကိုထိခိုက်စေပြီး သဘာဝပတ်ဝန်းကျင်ကိုလည်းပျက်စီးစေပါသည်။ ထို့အပြင် ရွှေတူးဖော်ရာတွင် ဓာတုဗေဒဆေးရည်များ အသုံးပြုသောကြောင့် ဒေသခံများကို*

[158] ဥပမာကို source #12b တွင်ကြည့်ပါ။
[159] source #68; #134; #80; #109; #22; and #95 တွင်ကြည့်ပါ။
[160] source #16; #23; #33; #35; and #9 တွင်ကြည့်ပါ။
[161] source #16; and #19 တွင်ကြည့်ပါ။
[162] source #13; #6; and #95 တွင်ကြည့်ပါ။
[163] source #13; and #35 တွင်ကြည့်ပါ။
[164] source #68 တွင်ကြည့်ပါ။
[165] source #12,94 တွင်ကြည့်ပါ။
[166] source #104 တွင်ကြည့်ပါ။

*ပြဿနာဖြစ်စေပါတယ်။ မြစ်ချောင်းများရှိ ရေများလည်း မသန့်ရှင်းတော့ပဲ ဓာတုဗေဒ အဆိပ်များဖြင့် ညစ်ညမ်းနေပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင် ခရိုင်/ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း (၂၀၁၃ခုနှစ် မေလ တွင်ရရှိခဲ့ပါသည်)[167]

*"၂၀၁၂ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် အမှတ် ၄၄ ခြေမြန်တပ်မ မှ တပ်မှူး တင်မင်းလှက သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ မဲ့ပရေခီးကျေးရွာအုပ်စုရှိ ဘိုလောမြစ် အရှေ့ဘက်ကမ်းတွင် ရွှေတူးဖော်ခြင်းကို လုပ်ကိုင်ပါသည်။ ရွှေတူးဖော်ရန် ဘိုလောမြစ်အနောက်ဘက်ခြမ်းသို့ သဲ၊ကျောက်နှင့် မြေကြီးများကို သယ်ယူပို့ဆောင်စေပါသည်။ ထို့ကြောင့် သဲ၊ကျောက်၊နုန်းမြေများသည် မြစ်တစ်ဖက်ကမ်းတွင် စုပုံလာပြီး ဖာပွန်ခရိုင် ဒွယ်လိုးမြို့နယ်ရှိ ဝါးမူးကျေးရွာအုပ်စုသို့ ရေများဝင်ရောက်ကုန်ပါသည်။ အကျိုးဆက်အနေဖြင့် ဝါးလေးနှင့် ဝါးမူးကျေးရွာရှိ လယ်နှင့်စိုက်ပျိုးရေးခြံများ ရေလွှမ်းမိုးပျက်စီးကုန်ပါ သည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၃ခုနှစ် နိုဝင်ဘာလ တွင်ရရှိပါသည်။)[168]

**{ခ} စားဝတ်နေရေးပြဿနာများ**

သဘာဝသယံဇာတ ထုတ်လုပ်ရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးစေသည့်အပြင် ရွာသားများလည်း စားဝတ်နေရေးပြဿနာများကို ရင်ဆိုင်ကြရပါသည်။ ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်ဝေးကျေးရွာအုပ်စုတွင် မြင်တရှိ ဟုခေါ်သော ကုမ္ပဏီသည် ဒေသခံ ကရင်ခေါင်းဆောင် များနှင့် ပူးပေါင်းပြီး မယ်ဝေ မြစ်တွင်း ရွှေတူးဖော်ပါသည်။ ဤရွှေတူးဖော်မှုကြောင့် မြစ်ကမ်းနံဘေးရှိ ရွာသား ပိုင်မြေများ ထိခိုက်ပျက်စီးရပါသည်။[169]

*"ဒီနှစ်စိုက်ပျိုးထားတဲ့သီးနှံတွေက စားလို့ရမှာမဟုတ်တော့ဘူး။ စိုက်ပျိုးမြေတွေကလည်း ပျက်စီး ကုန်တော့ လာမယ့်နှစ်မှာလည်း ကျွန်တော်တို့မြေတွေပေါ်မှာစိုက်ပျိုးလို့မရတော့ပါဘူး။ သီးနှံတွေ လည်း ပျက်စီးကုန်ပြီ။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၄ခုနှစ် ဇူလိုင်လ တွင်ရရှိပါသည်။)[170]

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ရွာသားများသည် သဘာဝပတ်ဝန်းကျင်အပေါ်မှီခိုလုပ်ကိုင် စားသောက်နေရသောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် စားဝတ်နေရေးတို့ ဆက်စပ်လျက်ရှိပါသည်။ သဘာဝသယံဇာတ တူးဖော်ခြင်းကြောင့် ရွာသားများ၏ စိုက်ပျိုးမြေနှင့်လယ်မြေများပျက်စီးထိခိုက်ရခြင်းသည် အဓိကဆိုးကျိုး

[167] source #19 တွင်ကြည့်ပါ။
[168] source #13 တွင်ကြည့်ပါ။
[169] source #89 တွင်ကြည့်ပါ။
[170] source #89 တွင်ကြည့်ပါ။

ဖြစ်သည်ကို ဖော်ပြထားပါသည်။[171] ဤဆိုးကျိုးများမှာ စိုက်ပျိုးမြေများနှင့် လယ်ယာမြေများပျက်စီးခြင်း၊ ရွှေတွင်းများသို့သွားရန်လယ်ကွင်းများကိုဖြတ်၍ လမ်းဖောက်လုပ်ခြင်း၊[172] သီးနှံများပျက်စီးရခြင်း၊[173] လယ်ရေသွင်း/ ရေထုတ်မြောင်းများ ပျက်စီးခြင်း၊[174] လယ်မြေများရေမရရှိခြင်း၊[175] ရွာသားများ အိမ်ဆောက်ပစ္စည်း နှင့် ထင်းများရယူရန် အားထားရသည့် အများပိုင်သစ်တောများပြုန်းတီးခြင်း၊[176] လယ်မြေများအတွက် ရေနုတ်မြောင်းများပိတ်ဆို့ပြီး လယ်မြေများရေလျှံခြင်း[177] စသည်တို့ဖြစ်ပါသည်။ ထို့အပြင် အချို့မြို့နယ်များတွင် မြစ်ရေညစ်ညမ်းမှုကြောင့် သားငါးရှားပါးလာကာ[178] ကုန်ဈေးနှုန်းများကြီးမြင့်လာပါသည်။[179] ရွာသားများ၏ ကြက်၊ဝက်စသော အိမ်မွေးတိရိစ္ဆာန်များလည်း သေဆုံးကြရပါသည်။[180]

"*စားသောက်ကုန်များအားလုံး ဈေးတက်ပါသည်။ အထူးသဖြင့် အသားငါးဈေးနှုန်း ပိုတက်ပါသည်။ ရွာသားများ သူတို့ပတ်ဝန်းကျင်တွင် အသားငါးရှာရန် မလွယ်ကူတော့ပါ။ သို့သော် အသီးအနှံ ပေါ်များသည့်အတွက် ဤအခြေအနေကို ရင်ဆိုင်နိုင်ကြပါသည်။ ကိုးတမ ရွာသားတစ်ဦးက 'အရင်ကငါးစားချင်ရင် ဘီးလင်းချောင်းထဲမှာ အလွယ်တကူရှာလို့ရပါတယ် အခုတော့ရေတွေက နောက်ကျိနေတော့ငါး ရှာလို့မရတော့ဘူး'။ ထို့အပြင်ရွာသားတစ်ဦးက 'တောကောင်တွေလည်း ရှားပါးကုန်ပါပြီ။' ဟု ပြောခဲ့ပါသည်။*"

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ တွင်ရရှိပါသည်။)[181]

"*မြစ်ရေထဲတွင် ဓာတုဗေဒဆေးရည်များ ပါဝင်စီးဆင်းနေသောကြောင့် ကျွဲနွားနှင့်ငါးများ သောက်သုံး သောအခါ အချို့တို့မှာ ရောဂါဖြစ်ပြီး သေဆုံးရပါသည်။*"

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင် /ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၃ခုနှစ် မေလ တွင်ရရှိပါသည်။)[182]

[171] source #10, 94 တွင်ကြည့်ပါ။
[172] source #20, 25 တွင်ကြည့်ပါ။
[173] source #20 တွင်ကြည့်ပါ။
[174] source #20 တွင်ကြည့်ပါ။
[175] source #61 တွင်ကြည့်ပါ။
[176] source #68, 62, 45 တွင်ကြည့်ပါ။
[177] source #60, 21 တွင်ကြည့်ပါ။
[178] source #16, 35 တွင်ကြည့်ပါ။
[179] source #16 တွင်ကြည့်ပါ။
[180] source #68, 80 တွင်ကြည့်ပါ။
[181] source #16 တွင်ကြည့်ပါ။
[182] source #22 တွင်ကြည့်ပါ။

စီးပွားဖြစ်ရွှေတူးဖော်သော နေရာများတွင် တစ်ပိုင်တစ်နိုင် ရွှေကျင်ခွင့်ကို ပိတ်ပင်ကြောင်း သတင်းကိုလည်း KHRG မှလက်ခံရရှိပါသည်။[183] ဉပမာအနေဖြင့် ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ဝါမူးကျေးရွာအုပ်စု၊ ဃ--- ကျေးရွာတွင် ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ မှစ၍ တရုတ်ကုမ္ပဏီတစ်ခုသည် ရွှေတူးဖော်ခြင်းကို စတင်လုပ်ကိုင်ပါသည်။ ၎င်းတို့သည် ဘူးလိုချောင်းဘေးရှိ မြေများကို ထိခိုက်ပျက်စီးစေခဲ့ပါသည်။ ကုမ္ပဏီဝန်ထမ်းများက ရွာသားများအား ရွှေကျင်ခွင့်ကို ပိတ်ပင်ခဲ့ပါသည်။ ထို့ကြောင့် ရွှေကျင်ခြင်းဖြင့် အသက်မွေးနေသူများ၏ စားဝတ်နေရေးကို ထိခိုက်စေပါသည်။[184]

*"ဤနှစ်တွင် တရုတ်လူမျိုးများ တက်လာကာ ဖာပွန်ခရိုင်၊ ဒွဲလိုမြို့နယ်၊ မလေးလယ်ကျေးရွာအုပ်စု၊ က--- ရွာရှိ မီးသရှိဖိုး ချောင်းတွင် ၂၀၁၄ခုနှစ် ဒုတိယလ၌ ရွှေတူးဖော်ခြင်းကို စတင်လုပ်ကိုင်ပါသည်။ တရုတ်ကုမ္ပဏီသည် ၎င်းတို့ရွှေတူးဖော်ရာချောင်းဘေးရှိ မြေများကို ပျက်စီးစေပါသည်။ ကုမ္ပဏီအလုပ်သမားများက ဒေသခံရွာသားများကို တစ်ပိုင်တစ်နိုင် ရွှေကျင်ခွင့်မပြုပေ။ ရွာသားများသည် ရွှေကျင်ခွင့်မရသောကြောင့်စားဝတ်နေရေးအတွက် အခက်အခဲဖြစ်စေပါသည်။'*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၄ခုနှစ် မေလ တွင်ရရှိပါသည်။)[185]

**{ဂ} ကျန်းမာရေးနှင့်ဆိုင်သော အခက်အခဲများ**

ရွာသားများက သဘာဝသယံဇာတ တူးဖော်ခြင်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့် ညစ်ညမ်းသောရေကို သောက်သုံး၊အသုံးပြုခြင်းဖြင့် အရေပြားရောဂါနှင့် အခြားသောရောဂါများ ခံစားရကြောင်းကို တင်ပြကြပါသည်။[186] ဖုန်မှုန့်များကို ရှုရှိုက်ရခြင်းကြောင့် အသက်ရှုလမ်းကြောင်းရောဂါများကို ခံစားရပြီး[187] မသန့်ရှင်းသောလေကြောင့် ခေါင်းမူးခေါင်းကိုက်ဝေဒနာများကို ခံစားရပါသည်။[188] သောက်သုံးရေရှားပါး ခြင်း[189] နှင့် ရေတွင်းများပျက်စီးခြင်း[190] စသည့် ပြဿနာများကို ရင်ဆိုင်ရကြောင်းလည်း ရွာသားများက ပြောပါသည်။

ဤအစီရင်ခံစာတွင် ရှင်းလင်းစွာမြင်တွေ့ရသည့်အတိုင်း သဘာဝသယံဇာတ ထုတ်လုပ်မှုကြောင့် ရွာသားများ၏ကျန်းမာရေးကို ထိခိုက်နိုင်စေနိုင်သည့်အတွက် ရွာသားများကစိုးရိမ်လျက်ရှိပါသည်။

[183] source #95, 66 တွင်ကြည့်ပါ။
[184] source #95 တွင်ကြည့်ပါ။
[185] source #95 တွင်ကြည့်ပါ။
[186] source #68, 35, 66 တွင်ကြည့်ပါ။
[187] source #68 တွင်ကြည့်ပါ။
[188] source #62 တွင်ကြည့်ပါ။
[189] source #80, 33, 134, 35, 89,80 တွင်ကြည့်ပါ။
[190] source #95 တွင်ကြည့်ပါ။

*"ရွှေတူးဖော်သူများသည် ဓာတုဗေဒဆေးရည်များကို လွန်စွာအသုံးပြုသောကြောင့် မြစ်ချောင်းများမှ ရေကို သောက်သုံးရန်မဝံ့မရဲဖြစ်ရပါသည်။ သောက်သုံးမိပါက ရောဂါရမည်ကိုကြောက်ရွံ့သောကြောင့် မသောက်သုံးဝံ့ပါ။ ရေထုညစ်ညမ်းခြင်းသည် ကျွန်တော်တို့အတွက်သာမက ငါး၊ပုဇွန်၊ကျွဲနှင့် နွားများအတွက်လည်း အန္တရာယ်ဖြစ်စေပါသည်။ တိရိစ္ဆာန်များ ဤညစ်ညမ်းသော ရေကိုသောက်သုံးခြင်းဖြင့် ရောဂါရရှိပြီးသေဆုံးရပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၄ခုနှစ် မတ်လ တွင်ရရှိပါသည်။)[191]

*"ကုမ္ပဏီတစ်ခုသည် တမိုသဲဆိုသည့်နေရာသို့လာရောက်ပြီး ကျောက်မီးသွေးတူးပါသည်။ ထို့အပြင် မယ့်ကွာစီး နေရာသို့လာရောက်ပြီး ကျောက်ထုတ်လုပ်ငန်းလုပ်ကိုင်ပါသည်။ ဤလုပ်ငန်းများကြောင့် သစ်တောပြုန်းတီးပြီး ဟင်းသီးဟင်းရွက်သားငါးများကိုလည်း အဆိပ်အတောက်ဖြစ်စေပါသည်။ ရွာသားများသည် ညစ်ညမ်းသော ရေကို သောက်သုံးခြင်းဖြင့်လည်းကောင်း ရေချိုးခြင်းဖြင့်လည်းကောင်း အရေပြားရောဂါများကို ခံစားကြရပါသည်။ ကျောက်ထုတ်လုပ်ငန်းများမှ ဖုန်မှုန့်များကို အမြဲရှူရှိုက်နေရသောကြောင့် အဆုတ်ရောဂါ (အသက်ရှူလမ်းကြောင်းရောဂါများ) ကို ရရှိပြီး ခေါင်းမူး၊ ခေါင်းကိုက်ခြင်း ရောဂါများကိုလည်း ခံစားရပါသည်။ ရွာသားများက မြို့နယ်အဆင့်ရှိ အစိုးရအရာရှိများထံ ၎င်းတို့ရင်ဆိုင်နေရသောပြဿနာများကို တင်ပြကြပါသည်။ သို့သော် အစိုးရအရာရှိများထံမှ မည်သည့်တုန့်ပြန်ချက်မှ မရရှိပါ။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ် နှင့် ကျုံဒိုးမြို့နယ်များ၊ ဒူးပလာယာခရိုင်/ ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၄ခုနှစ် မတ်လ တွင်ရရှိပါသည်။)[192]

*"ဒီရေတွေက အရမ်းညစ်ပတ်နေတော့ သုံးလို့မရနိုင်ပါဘူး။ အိမ်မွေးတိရိစ္ဆာန်တွေလည်း ဒီရေတွေကို သောက်လို့ မရနိုင်တော့ဘူး။ အဖွဲ့တစ်ဖွဲ့က ရေရဲ့အရည်အသွေး လာစစ်တဲ့အခါ ရေမှာ အဆိပ်ဓာတ်ပါဝင်တယ်လို့ တွေ့ရှိရပါတယ်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ လယ်ဒိုစိုးမြို့နယ်၊ မြိတ်-ထားဝယ် ခရိုင်/တနင်္သာရီတိုင်းဒေသကြီး (၂၀၁၄ခုနှစ် ဖွန်လ တွင်ရရှိပါသည်။)[193]

[191] source #80 တွင်ကြည့်ပါ။

[192] source #68 တွင်ကြည့်ပါ။

[193] source #80 တွင်ကြည့်ပါ။

## {ယ} နေရာရွှေ့ပြောင်းခံရမှုများ

သထုံနှင့် ဒူးပလာယာခရိုင်များတွင် ဖြစ်ပေါ်ခဲ့သော သဘာဝသယံဇာတတူးဖော်မှုကြောင့် ဒေသခံရွာ သားများ နေရာရွှေ့ပြောင်းခံရမှုနှင့် သက်ဆိုင်သောအစီရင်ခံစာ (၂)စောင်ကို KHRG မှလက်ခံရရှိပါ သည်။

အဖြစ်အပျက်တစ်ခုတွင် လယ်သမားများ ပိုင်ဆိုင်သောမြေများကို ချမ်းသာသောစီးပွားရေးလုပ်ငန်းရှင်များက သိမ်းယူပြီး လယ်သမားများအား ၎င်းတို့ပိုင်ဆိုင်သောမြေနေရာမှ ထွက်ခွာပေးရန် ဖိအားပေးပါသည်။[194] ရွာသားများသည် ၎င်းတို့၏သိမ်းယူခံရသော မြေများအတွက် လျော်ကြေးငွေများ မရရှိပါ။ မြေယာများကို မသိမ်းဆည်းမီအချိန်တွင်လည်း ရွာသားများကို ကြိုတင်ခေါ်ယူဆွေးနွေး တိုင်ပင်ခြင်းမရှိပါ။ ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မလေးလယ်ကျေးရွာအုပ်စု၊ ဇ--- ကျေးရွာမှရွာသားတစ်ဦးက အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

*"၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့မှာ သူတို့တွေရောက်လာပြီး ရွှေစတူးဖို့လုပ်ပါတယ်။ သူတို့တွေက ကျွန်တော့်ကို နေရာရွှေ့ခိုင်းပါတယ်။ သူတို့လာတော့ မြေတူးစက်တွေပါယူလာပါတယ်။ သူတို့လာပြီး ကျွန်တော့်မြေနေရာပေါ်မှာ မြေတိုင်းပါတယ်။ ပြီးတော့ သူတို့က ကျွန်တော့်ရဲ့မြေ ၂ ဧကကို ယူမယ်လို့ ပြောတယ်။ သူတို့က ကျွန်တော့်နေအိမ်တဲကို အထက်ဘက်ရွှေ့ပြီး ပြောင်းဆောက်ခိုင်းပါတယ်။ ကျွန်တော့် တဲကို ဘာလို့ပြောင်းဆောက်ခိုင်းမှန်းမသိပါဘူး။ သူတို့ရွှေ့ခိုင်းတဲ့အတိုင်း ရွှေ့လိုက်ပါတယ်။ ရွှေတူးဖော်မယ် လို့လည်း သူတို့ကကျွန်တော့်ကို ကြိုတင်မပြောပါဘူး။"*

စော၅---၊ (ကျား)၊ မလေးလယ်ကျေးရွာ အုပ်စု၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့ မြောက်ပိုင်း (၂၀၁၄ ခုနှစ် ဇူလိုင်လ မြေယာသိမ်းဆည်းခံရမှုအား တင်ပြသည့် စာရွက်ပုံစံ/ ဖောင် မှရရှိပါသည်။)[195]

ဒုတိယအဖြစ်အပျက်တစ်ခုတွင် ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ လောဖခီးကျေးရွာတွင် ငွေကြေးချမ်းသာသော တရုတ်စီးပွားရေးသမားများ၏ ကျောက်ထုတ်လုပ်ငန်းများကြောင့် ရွာသားများနေရာရွှေ့ ပြောင်းခဲ့ကြရပါသည်။

*"ယခင်က ဤရွာတွင်အိမ်ခြေ ၃၀ မှ ၄၀ ထိရှိပါသည်။ နေအိမ်များ ယခုထက်ပိုမိုများပါသည်။ ကျောက်ထုတ်လုပ်ငန်း ပိုမိုများပြားလာသောအခါ ရေများမသန့်ရှင်းတော့ပဲ ညစ်ညမ်းလာပါသည်။ လူအချို့တို့သည် ဤအခြေအနေကို သည်းခံနိုင်ခြင်း မရှိတော့သဖြင့် အခြားနေရာများသို့ပြောင်းရွှေ့ နေထိုင်ကြပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားသော ဓာတ်ပုံမှတ်တမ်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဒူးပလာယာခရိုင်/ ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၄ခုနှစ် ဒီဇင်ဘာလတွင်ရရှိပါသည်။)[196]

[194] source #12b တွင်ကြည့်ပါ။
[195] source #12b တွင်ကြည့်ပါ။

## {င} သတ်ဖြတ်မှုများ၊ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများ

ကရင်ပြည်နယ်တွင်း သဘာဝသယံဇာတ တူးဖော်မှုကြောင့်ဖြစ်ပေါ်သော အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများနှင့် ပတ်သက် သော အစီရင်ခံစာ ၃ခုကို KHRG မှလက်ခံရရှိခဲ့ပါသည်။

၂၀၁၄ အောက်တိုဘာလတွင် ဘားအံခရိုင်၊ ပိုင်ကျုံမြို့နယ်၊ ခ--- ကျေးရွာမှ ဝါရင့်ဘုန်းတော်ကြီးတစ်ပါးသည် ကေအဲန်ယူ/ကေအဲန်အယ်လ်အေငြိမ်းချမ်းရေးကောင်စီမှ တပ်ခွဲမှူးဗိုလ်သာဝါးအပါအဝင် စစ်သားများ၏ ဖမ်းဆီးခြင်းကိုခံရပြီး သတ်ဖြတ်ခံခဲ့ရပါသည်။ အဆိုပါဘုန်းတော်ကြီးသည် ဘုန်းကြီးပိုင်မြေမှ အင်ပင်များကို ခုတ်ယူခွင့် မပေးသောကြောင့် သတ်ဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ အင်ဖက်များကို ရွာသားများက အိမ်အမိုးမိုးရန် အတွက်အသုံးပြုပါသည်။ ရွာသားများက ဘုန်းတော်ကြီး၏ အလောင်းကိုပြန်လည် တူးဖော်ရယူသည့်အခါ ခန္ဓာကိုယ်တွင် အကြမ်းဖက်နှိပ်စက်ခံထားရသော လက္ခဏာကိုတွေ့ရှိရပါသည်။ မြေမြှုပ်ခြင်းမပြုမီ အလောင်းကိုမီးရှို့ခဲ့ကြောင်းလည်း တွေ့ရှိရပါသည်။

"*ဒီဘုန်းကြီးရဲ့ ရည်ရွယ်ချက်က တောမှာကျောင်းဆောက် သီတင်းသုံးပြီး အိမ်အမိုးအတွက် အင်ဖက် လုံလောက်မှုမရှိတဲ့ ရွာသားတွေအင်ဖက်ကောက်နိုင်ဖို့ အင်ပင်တွေကိုကာကွယ် စောင့်ရှောက်ဖို့ ဖြစ်ပါတယ်။ သူက ကျွန်တော့်တို့ဘုန်းကြီးဖြစ်ပါတယ်။ သူ့ကို တောထဲမှာပဲ မြှုပ်ထားဖို့ မကောင်းဘူးလေ။ ကျွန်တော်တို့က သူတို့သတ်တာသိလို့ ဘယ်မှာမြှုပ်ထားလဲလို့မေးပြီး သူ့အလောင်းကို ပြန်ဖော်ပါတယ်။ သူ့အလောင်းကို ဘုန်းကြီးကျောင်းမှာ ပြန်သယ်လာပါတယ်။ သူ့အလောင်းကို ရေပေးချိုးပြီး သူ့အတွက် ဈာပနအခမ်းအနား ပြုလုပ်ပေးပါတယ်။*"

ဦးက---၊ (ကျား၊ ၄၉)၊ ခ--- ကျေးရွာ၊ ပိုင်ကျုံမြို့နယ်၊ ဘာအံခရိုင်/ကရင်ပြည်နယ် အလယ်ပိုင်း(နိုဝင်ဘာ ၂၀၁၄ တွင်တွေ့ဆုံမေးမြန်းခဲ့ပါသည်။)[197]

သဘာဝသယံဇာတထုတ်လုပ်တူးဖော်ခြင်းနှင့် ဆက်နွယ်နေသော အကြမ်းဖက်မှု နောက်ထပ်ဥပမာ တစ်ခုမှာ ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်တွင်း သဲထုတ်လုပ်ငန်းနှင့်ဆက်စပ်နေပါသည်။[198] ဂရင်းဟေးလ် ကုမ္ပဏီ ဟု ဒေသခံများက သိကျွမ်းသောကုမ္ပဏီသည် ကရင်နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် (၁၀၁၃)၊ (၁၀၁၄)[199] တို့နှင့် ပူးပေါင်းပြီး ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သဲထုတ်လုပ်ငန်းစတင်လုပ်ကိုင်ခဲ့ပါသည်။ ရွာသား တစ်ဦးသည် ၎င်းပိုင်မြေကွက်မှ သဲများအားကုမ္ပဏီကို ထုတ်ယူခွင့်ပြုကြောင်းလက်မှတ်ရေးထိုးရန် အထက်ပါ

---

[196] source #64 တွင်ကြည့်ပါ။

[197] source #110 တွင်ကြည့်ပါ။

[198] source #17 တွင်ကြည့်ပါ။။ ဤအကြောင်းအရာကို ယခင်ထုတ်ပြန်ခဲ့သောအောက်ပါအစီရင်ခံစာများတွင် လည်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။ *Truce or Transition: Trends in human rights abuses and local response in Southeast Myanmar since the 2012 ceasefire*, KHRG, May 2014.

[199] source #17 တွင်ကြည့်ပါ။။ ဤအကြောင်းအရာကို ယခင်ထုတ်ပြန်ခဲ့သောအောက်ပါအစီရင်ခံစာများတွင် လည်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။ *Truce or Transition: Trends in human rights abuses and local response in Southeast Myanmar since the 2012 ceasefire*, KHRG, May 2014.

နယ်ခြားစောင့်တပ်များ၏ ဖိအားပေးခြင်းကို ခံခဲ့ရပါသည်။ သဲထုတ်ယူခြင်းကြောင့် ရွာသား ၂ဦးပိုင်မြေကွက်များ ပျက်စီးဆုံးရှုံးရသဖြင့် ဤရွာသား၂ဦးမှ သဲထုတ်ယူခြင်းရပ်တန့်နိုင်ရန် ကျေးရွာအုပ်စုခေါင်းဆောင်နှင့် ကေအဲန်အယ်လ်အေအရာရှိထံ တင်ပြခဲ့ကြပါသည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကုမ္ပဏီပိုင် သဲတင်ယာဉ်သည် မြေမြှုပ်မိုင်းထိမှန်၍ အရပ်သားယာဉ်မောင်းနှင့် အလုပ်သမား၄ဦးကို သေဆုံးစေခဲ့ပါသည်။ အစီရင်ခံစာအရ သဲထုတ်လုပ်ခြင်းရပ်သွားရန် ကေအဲန်အယ်လ်အေ တပ်ရင်း ၁၀၂ မှ ဤမြေမြှုပ်မိုင်းကို မြှုပ်နှံထောင်ထားခဲ့ခြင်း ဖြစ်ပါသည်။[200] ဤအချက်သည် လက်နက်ကိုင်များအကြားဖြစ်ပွားသော ပဋိပက္ခ တစ်ခု ဖြစ်နိုင်ပါသည်။ ဤဒေသတွင် ကေအဲန်အယ်လ်အေ၊ ကရင်နယ်ခြားစောင့်တပ်၊ ဒီကေဘီအေနှင့် တပ်မတော် စသည့် လက်နက်ကိုင်တပ်ဖွဲ့များ အားလုံးသွားလာလှုပ်ရှားသော နယ်မြေဖြစ်ပါသည်။

တတိယမြောက် အဖြစ်အပျက်သည် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်တွင် ၂၀၁၄ ဇန်နဝါရီလ အတွင်းဖြစ်ပွား ခဲ့ပါသည်။ ကရင်နယ်ခြားစောင့်တပ် ဒုဗိုလ်သာဘဲအား ရွာသားများနှင့် ပတ်သက်၍ထားရှိသောရင်း၏ မကောင်းသော သဘောထားကို[201] ရွာသူကြီးက ထုတ်ဖော်ပြောကြားပြီးနောက် ဒုဗိုလ်သဘဲမှ ရွာသား ဦးက--- ပိုင်ဆိုင် သောမြေကို သိမ်းယူခဲ့ပါသည်။ ၎င်းကရွာသား ဦးက--- ကိုလည်း ခြိမ်းခြောက်မှုပြုလုပ်ခဲ့ပါသည်။

*"ဒုဗိုလ်သဘဲ က ကျွန်တော့်ကို အဲဒီတောထဲကသစ်မခုတ်ဖို့ ပြောပါတယ်။ ကျွန်တော်ခုတ်မယ်ဆိုရင် သူ ကျွန်တော့်ကို သေနတ်နဲ့ပစ်သတ်မယ်လို့ပြောပါတယ်။ ကျွန်တော်သစ်ခုတ်ခဲ့ရင် သူ့လူတွေကို လွှတ်လိုက်ပြီး ကျွန်တော့်ခေါင်းကို ဖြတ်ခိုင်းမယ်လို့ပြောပါတယ်။ ပြီးတော့ ကျွန်တော့်ခေါင်းပြတ်ကို ရွာတစ်ပတ် လိုက်လံပြသမယ်လို့ ပြောပါတယ်။"*

စောက---၊ (ကျား၊ ၅၁)၊ ၄---ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ်အရှေ့ မြောက်ပိုင်း (၂၀၁၄ခုနှစ် ဇန်နဝါရီလတွင် တွေ့ဆုံမေးမြန်းခဲ့ပါသည်။)[202]

[200] *Truce or Transition? Trends in human rights abuse and local response in Southeast Myanmar since the 2012 ceasefire*. Appendix 1: Raw Data Testimony (January 2012 to November 2013). Sources #95; #230; #279 and #307.

[201] KHRG အနေဖြင့် ကရင်နယ်ခြားစောင့်တပ်မှဒုဗိုလ် သဘဲ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ အကြောင်းကိုများစွာလက်ခံရရှိပါသည်။ အောက်ပါအစီရင်ခံစာများတွင်လည်း ကြည့်ရှုနိုင်ပါသည်။ "Violent abuse and forced labour in Hpapun District, November 2013 – January 2014," KHRG, September 2014; "Hpapun Incident Report: Forced labour and violent abuse in Bu Tho Township, January 2014," KHRG, August 2014; "Hpapun Situation Update: Bu Tho Township, November 2013 to February 2014," KHRG, August 2014; and "Hpapun Situation Update: Bu Tho Township, August to November 2013," KHRG, December 2013.

[202] source #96 တွင်ကြည့်ပါ။

## {စ} အခြားအကြောင်းအရာများ

ဖာပွန်ခရိုင်တွင် ရွှေတူးဖော်မှုကြောင့် ရွာသားများ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်အား ကန့်သတ်ခံရခြင်းနှင့် သက်ဆိုင်သော အစီရင်ခံစာ ၂ခုကို KHRG မှလက်ခံရရှိခဲ့ပါသည်။[203]

ဥပမာအားဖြင့် ၂၀၁၃ခုနှစ် နိုဝင်ဘာလတွင် ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်ဝေးထချောင်း၊ ဘူးလိုချောင်း၊ မယ်တိုချောင်း နှင့် မယ်ကလယ်ချောင်းတို့တွင် ရွှေတူးဖော်ခြင်းလုပ်ငန်းများကို စတင်လုပ်ကိုင်လာကြပါသည်။ ဤရွှေတူးဖော်ခြင်းကို ကေအဲန်အယ်လ်အေ တပ်မဟာ ၅ မှ တပ်မှူး ကျော်သိန်းကတာဝန်ခံပြီး ပုဂ္ဂလိက ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ကိုင်ပါသည်။

"*ဖာပွန်ခရိုင်တွင် ရွှေတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန် တပ်မှူး ကျော်သိန်းကို တာဝန်ပေးထားပါသည်။ ၎င်းမှ ရွာသားများ၏ သွားလာခွင့်ကိုပိတ်ပင်ထားပြီး သူသွားစေချင်သော လူများကိုသာ သွားခွင့်ပေးထားပါသည်။ ရွာသားများမှာ ဤကဲ့သို့ သွားလာခွင့်ပိတ်ပင်ခံရသောကြောင့် ခရီးသွားရန် အခက်အခဲဖြစ်ရပါသည်။*"

KHRG ကွင်းဆင်းလုပ်သားတစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၄ခုနှစ် မတ်လ တွင်ရရှိပါသည်။)[204]

**ဖြစ်ရပ်အလိုက်လေ့လာတွေ့ရှိမှု၊ ဖာပွန်ခရိုင် ဒွယ်လိုးမြို့နယ် အတွင်းရွှေတူးဖော်မှုကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ် ဝန်းကျင်နှင့်သက်ဆိုင်သော ဆိုးကျိုးများ**

"*ကရင်အမျိုးသားခေါင်းဆောင်များဟာ လူထုအတွက်အကျိုးရှိမယ်ဆိုရင် ရွှေတူးဖော်ခြင်းကို ခွင့်ပြုသင့်ပါတယ်။ ဒါပေမယ့်အခုဟာက လူထုအတွက်အကျိုးမရှိလို့ ပိတ်ပင်သင့်ပါတယ်။ ကရင်ခေါင်းဆောင်များကသာ ရွှေတူးဖော်မှုကို ပိတ်ပင်မယ်ဆိုရင် ကျွန်တော်အလွန်ပျော်မှာပဲ။ လူထုလည်း ဝမ်းသာကြရမှာပေါ့။*"

စောက---၊ (ကျား၊၆၂နှစ်)၊ မယ်ကျိုးကျေးရွာအုပ်စု၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့ မြောက်ပိုင်း (၂၀၁၃ခုနှစ် မေလ တွင်လက်ခံရရှိပါသည်။)[205]

ရွှေတူးဖော်မှုများနှင့်ဆက်စပ်၍ဖြစ်ပေါ်သော မြေယာသိမ်းဆည်းမှုများအကြောင်း ရေးသားတင်ပြထားသော အစီရင်ခံစာ (၂၆)ခုတွင် (၁၃)ခုသည် ဖာပွန်ခရိုင်ဒွယ်လိုးမြို့နယ်မှလာသော အစီရင်ခံစာများဖြစ်ပါသည်။ ရွှေတူးဖော်သောသူ အများစုမှာ ပုဂ္ဂလိကကုမ္ပဏီများ၊ ချမ်းသာသော စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြပြီး ၎င်းတို့သည် ကေအဲန်ယူထံမှ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။[206] ဒွယ်လိုးမြို့နယ် ရှိရွာသားများသည် အစဉ်အလာအရ လယ်ယာစိုက်ပျိုးခြင်း၊ တောင်ယာစိုက်ပျိုးခြင်း၊ ပဲ၊နှမ်းစိုက်ပျိုးခြင်းတို့ဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။[207] သို့သော်လည်း ယခုအချိန်တွင် ဒွယ်လိုးမြို့နယ်၊ ဝါးမူး၊ ကွီးတမာနှင့်

[203] source #66, 95 တွင်ကြည့်ပါ။
[204] source #66 တွင်ကြည့်ပါ။
[205] source #20 တွင်ကြည့်ပါ။
[206] source #20, 22, 66 တွင်ကြည့်ပါ။
[207] source #16, 66 တွင်ကြည့်ပါ။

မလေးလယ်ကျေးရွာအုပ်စုများအတွင်း စိုက်ပျိုးရေးထက် ရွှေတွင်းများ၌ အလုပ်လုပ်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းခြင်းကို ပြောင်းလဲလုပ်ကိုင် လာကြပါသည်ဟု အဆိုပါဒေသတွင်နေထိုင်သော KHRG ဝန်ထမ်းမှပြောဆိုတင်ပြထားပါသည်။[208] သို့သော် ဒေသခံရွာသားများအကြား ရွှေတူးဖော်ခြင်းမှ ရရှိသောအကျိုးအမြတ်သည် လုံးဝညီမျှမှုမရှိပေ။ ရွာသားအနည်းစုကသာ ရွှေတွင်းတူးဖော်ခြင်း လုပ်ငန်းများတွင်ပါဝင်လုပ်ကိုင်နိုင်ကြပါသည်။[209] ဤရွာသားအနည်းစုသည် ဒွယ်လိုးမြို့နယ်အတွင်း ရွှေတူးဖော်ရေး လုပ်ငန်းလုပ်ကိုင်လိုသော ချမ်းသာသောစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအတွက် ကိုယ်စားလှယ်အဖြစ်လုပ်ကိုင်ပေးကြပါသည်။[210]

**ရွှေတူးဖော်ထုတ်ယူသည့်နည်းလမ်းများ**

ယေဘုယျရွှေတူးဖေါ်ခြင်းလုပ်ငန်းများတွင် အသုံးပြုသည့်နည်းလမ်းများသည် ၎င်းလုပ်ငန်းအနီးရှိ သဘာဝပတ်ဝန်းကျင်ကိုများစွာ ထိခိုက်စေပါသည်။[211] ရွှေအနည်းငယ်ရရှိရန် များစွာသောသဲနှင့် မြေကြီးကိုတူးထုတ်ရပါသည်။ မြစ်ချောင်းတွင်းမှ ရွှေကိုတူးယူရန် ဟိုက်ဒရောလစ်စက်ကြီးများကို အသုံးပြုရပါသည်။ ရွှေပါဝင်သော နုန်းအနည်းနှစ်များ ရရှိရန်ရေစက်ကြီးများဖြင့် မြေကြီးများကိုဆေးကြောသောအခါ မြစ်ကမ်းပါးဘေးသို့ ရေပိုက်များဖြင့်ထိုးပြီး ဆေးသောကြောင့် အပေါက်ကြီးများဖြစ်ပေါ်လာပါသည်။ ရရှိလာသော နုန်းအနည်အနှစ်များကို ရေနှင့်ပြဒါးအသုံးပြု၍ ရွှေရရှိရန် အဆင့်ဆင့်ထပ်မံ ဆေးကြောသန့်စင်ရပါသည်။ ဤအဆင့်များတွင် ပြဒါးကိုအသုံးပြုပြီး ရွှေဖမ်းယူကာ ရရှိလာသောပြဒါးနှင့် ရွှေအရောအနှောကို မီးဖြင့်ဆေးကြောခြင်းဖြင့် ရွှေစင်ထုတ်ယူကြပါသည်။ အထက်ပါအတိုင်းရွှေကျိုချက်ရာတွင်အသုံးပြုသော ဓာတုဗေဒပစ္စည်းများဖြစ်သည့် ပြဒါးနှင့် စက်ပစ္စည်းသုံးချောဆီများသည် မြစ်ချောင်းများအတွင်းစီးဝင်ခြင်းဖြင့်လည်းကောင်း ဘေးပတ်ဝန်းကျင်ရှိ မြေကြီးများတွင်းသို့စိမ့်ဝင်ခြင်းဖြင့်လည်းကောင်း မြစ်၊ချောင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေပါသည်။[212] ထို့အပြင် ဒွယ်လိုးမြို့နယ်ရှိ အချို့ကျေးရွာအုပ်စုများတွင် ရွှေတူးဖော်ခြင်းကြောင့် မြစ်ရေများအနည်ထိုင် နောက်ကျိလာပြီး သောက်သုံးရေအခက်အခဲ ဖြစ်စေပါသည်။ ထို့ကြောင့် ရွာသားများသည် ပို၍ဝေးသော နေရာများတွင် သွားရောက်ပြီးရေခပ်ရပါသည်။ သို့မဟုတ် ပို၍ဝေးသောနေရာများတွင် ရေတွင်းတူးဖော်ကြရပါသည်။[213] မြန်မာနိုင်ငံအစိုးရအနေဖြင့် အသေးစားရွှေတူးဖော်ရေးလုပ်ငန်းများမှ လိုက်နာရမည့် ဥပဒေများကို ထုတ်ပြန်ထားသော်လည်း ဥပဒေအားလိုက်နာမှုရှိ၊ မရှိကို သေချာစွာစောင့်ကြည့်ခြင်းမရှိသောကြောင့် လုပ်ငန်းရှင်များကလိုက်နာမှုရှိ၊ မရှိကို မသိရှိနိုင်ပါ။

[208] source #16 တွင်ကြည့်ပါ။

[209] source #16 တွင်ကြည့်ပါ။

[210] source #89, 16 တွင်ကြည့်ပါ။

[211] မြန်မာနိုင်ငံတွင်း ရွှေတူးဖော်ခြင်းအကြောင်းပိုမိုသိလိုလျှင် "Gold mining in Shwegyin Township, Pegu Division," BEWG, September 2009; "At What Price? Gold mining in Kachin State, Burma," Images Asia & Pan Kachin Development Society, November 2004; and "Manual for training artisanal and small-scale gold miners," United Nations Industrial Development Organization, 2006. များတွင်ကြည့်ပါ။

[212] source #16 တွင်ကြည့်ပါ။

[213] source #35, 89 တွင်ကြည့်ပါ။

**ဒွယ်လိုးမြို့နယ်တွင်း သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများ**

*"ရွာသားအများစုသည် ဤရွှေတူးဖော်ခြင်းလုပ်ငန်းများကို မကြိုက်နှစ်သက်ကြပါ။ ရွှေတူးဖော်ခြင်းလုပ်ငန်းများကြောင့် ရွာသားများ၏ စားဝတ်နေရေးကို ထိခိုက်စေပြီး အခြားသောအခက်အခဲများကိုလည်း ဖြစ်ပေါ်စေပါသည်... အဓိကပြဿနာမှာ မြစ်ရေညစ်ညမ်းခြင်း ဖြစ်ပါသည်။ မြစ်ရေများ အနည်ထနောက်ကျိပြီး ညစ်ညမ်းသောကြောင့် ငါးများမရှိပါ။ အကျိုးဆက်အနေဖြင့် ရွာသားတစ်ဦးက "အရင် တုန်းက ရွှေလုပ်ငန်းမရှိခင် ချောင်းထဲမှာငါးပေါပါတယ်။ အခုတော့ငါးမရှိတော့ပါဘူး" ပြောပါသည်။ ဤရွာသား၏ပြောဆိုချက်မှာ မှန်ကန်နိုင်ပါသည်။ ညစ်ညမ်းသောရေတွင် ငါးများအသက်ရှင်နေထိုင်ရန် ဖြစ်နိုင်ခြေရှိပါသလား။ ထိုရွာသားက "ကျွန်တော်တို့ ချောင်းငါးနဲ့ချက်တဲ့ဟင်း မစားရတာကြာပြီ" ဟုဆက်လက်ပြောကြားပါသည်။ မြစ်ချောင်းများ၏ ကမ်းနှစ်ဘက်လုံးတွင် ရွှေတူးဖော်ကြသောကြောင့် မြစ်ချောင်းများ ကျဉ်းမြောင်းလာပြီး ပျက်စီးကြရပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ တွင်လက်ခံရရှိပါသည်။)[214]

ပုဂ္ဂလိက ကုမ္ပဏီများမှ မယ်ခလယ်ချောင်း၊ မယ်တိုချောင်း၊ ဘောဖေါချောင်းများတွင် ရွှေတူးဖော်ခြင်းများကြောင့် ရွာသားများပိုင်ဆိုင်သော ဥစ္စာပစ္စည်းများပျက်စီးဆုံးရှုံးရပါသည်။

*"ဒေသခံရွာသားများ၏ ပစ္စည်းဥစ္စာများ၊ မြေယာများ၊ သစ်ပင်များနှင့်ဝါးများစွာ ထိခိုက်ပျက်စီးရပါသည်။ ရွာသားများ၏ ပျက်စီးသွားသောဥစ္စာပစ္စည်းများအတွက် လျော်ကြေးငွေတောင်းခံလျှင်လည်း ရွာသားများ တောင်းခံသည့် လျော်ကြေးငွေ ပမာဏအတိုင်း အပြည့်အဝမပေးပါ။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၃ခုနှစ် မေလ တွင်လက်ခံရရှိပါသည်။)[215]

## ၄။ ၂၀၁၁-၂၀၁၂ ခုနှစ်များအတွင်းဖြစ်ပွားမှု အခြေအနေနှင့် ယခုလက်ရှိအခြေအနေအားနှိုင်းယှဉ်ချက်

သဘာဝသယံဇာတတူးဖော်ရေး စီမံကိန်းများကြောင့် ဖြစ်ပွားသော မြေယာသိမ်းဆည်းမှုများအကြောင်း ရေးသားတင်ပြလာခြင်းများသည် ၂၀၁၁-၂၀၁၂ခုနှစ်များနှင့် နှိုင်းယှဉ်လျှင် ယခုအချိန်တွင်ပိုမိုများပြားလာပါသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍အစီရင်ခံစာ (၂၉)ခုကို ရရှိခဲ့ပြီး ယခုအစီရင်ခံစာ ရေးသားနေစဉ် ကာလတွင် (၅၄)စောင်ကို လက်ခံရရှိခဲ့ပါသည်။ အထူးသဖြင့် သထုံ၊ ညောင်လေးပင်၊ ဖာပွန်၊ တောင်ငူနှင့် ဒူးပလာယာခရိုင်များမှပေးပို့သော အစီရင်ခံစာများ ပိုမိုများပြားလာပါသည်။

[214] source #16 တွင်ကြည့်ပါ။
[215] source #12 တွင်ကြည့်ပါ။

ခြုံငုံကြည့်လျှင် သတ္တုတူးဖော်ရေး လုပ်ငန်းများနှင့် ဆက်စပ်သော မြေသိမ်းဆည်းမှုများအကြောင်း ရေးသားထားသော အစီရင်ခံစာသည် ၂၀၁၁-၂၀၁၂ ခုနှစ်များတွင် (၂၄)စောင်သာရှိခဲ့ပြီး ယခုလက်ရှိ အစီရင်ခံစာ ပြုစုစဉ်ကာလတွင် (၄၉)စောင်ထိတိုးမြှင့် လက်ခံရရှိခဲ့ပါသည်။ အထူးသဖြင့် ဖာပွန်ခရိုင် ဒွယ်လိုးမြို့နယ်တွင် ရွှေတူးဖော်မှုနှင့် သက်ဆိုင်သော အစီရင်ခံစာ ရေးသားတင်ပြခြင်းသည် ၂၀၁၁-၂၀၁၂ ခုနှစ်များနှင့် နှိုင်းယှဉ်လျှင် ၂ဆများပြားလာပါသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း အထူးသဖြင့် ရေထုညစ်ညမ်းခြင်းနှင့် သန့်ရှင်းသောရေအရင်းအမြစ် ရှားပါးလာခြင်း စသည်တို့သည် သတ္တုတူးဖော်ခြင်း ကြောင့် ဖြစ်ပေါ်လာသော အဓိကဆိုးကျိုးများအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။ စားဝတ်နေရေး ခက်ခဲမှုပြဿနာများ အကြောင်းကိုလည်း ဤအစီရင်ခံစာပြုစုစဉ်ကာလတွင် ရွာသားအများက ထုတ်ဖော်ပြောဆိုသော်လည်း ၂၀၁၁-၂၀၁၂ ခုနှစ်များနှင့် နှိုင်းယှဉ်လျှင် ပြောဆိုမှုနည်းပါးပါသည်။

သဘာဝသယံဇာတ တူးဖော်ရေး စီမံကိန်းနှင့် ဆက်စပ်သော မြေယာသိမ်းဆည်းမှုများတွင် ရွာသားများအား လျော်ကြေးငွေပေးလျော်မှုမရှိခြင်း၊ ရွာသားများအား ကြိုတင်အသိပေး တိုင်ပင်မှုမရှိခြင်းစသည် တို့သည်လည်း အဓိကအကြောင်းအရင်းအနေဖြင့် ဆက်လက်တည်ရှိနေပါသည်။





ဖော်ပြပါလက်ဝဲဘက်ရှိပုံကို ၂၀၁၄ခုနှစ် မတ်လ ၁၆ရက်၊ ကရင်ပြည်နယ်အရှေ့တောင်ပိုင်းရှိ ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မလေးလယ်ကျေးရွာအုပ်စု၊ အ---ကျေးရွာတွင်ရိုက်ယူခဲ့သည်။ ထိုပုံသည် ဒေသခံများမှ မည်သည့်လျော်ကြေးငွေမျှ ရရှိခြင်း မရှိဘဲ ပျက်စီးသွားသော ရွာသားများ၏မြေယာကို ပြသည်။ အစပိုင်းတွင် ကုမ္ပဏီတာဝန်ခံက ရွှေတူးဖော်ရာနေရာနှင့် ကျေးရွာအကြားတွင် မြေအကျယ်အဝန်း ၄၅တောင်ခ ချန်ထားပေးခဲ့မည်ဟု ကတိပေးပြောဆိုခဲ့သည်။ သို့သော်ရွှေတူးဖော်သည့်အခါတွင် ရွာထဲရှိ မြေယာကိုလည်း ကျူးကျော်တူးဖော်၍ ရွာထဲရှိ ရေတွင်းများအား ဖျက်ဆီးပစ်ခဲ့သည်။ လက်ယာဘက်ရှိပုံကိုမူ ၂၀၁၄ခုနှစ် ဧပြီလ ၅ရက်၊ ကရင်ပြည်နယ်အရှေ့တောင်ပိုင်းရှိ ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ဝေါ်မူကျေးရွာအုပ်စု၊ ဒ---ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ထိုပုံသည် တရုတ်ကုမ္ပဏီတစ်ခုမှ ဘူးလိုမြစ်တွင်ရွှေများကို တူးဖော်ထုတ်ယူနေသော ရွှေတူးဖော်ရာနေရာတစ်နေရာကိုပြသောပုံဖြစ်ပါသည်။ ထိုရွှေတူးဖော်ရာနေရာသည်မြစ်ထဲ ရှိရေများကို ညစ်ညမ်းစေပြီး ဒေသခံရွာသူရွာသားများပိုင်ဆိုင်သောမြေများကိုလည်း ဖျက်ဆီးခဲ့သည်။ [ပုံ-KHRG]



အထက်ဖော်ပြပါပုံကို ၂၀၁၃ခုနှစ်ဇန်နဝါရီလ၃၁ရက်၊မွန်ပြည်နယ်တောင်ပိုင်း၊ဘီးလင်းမြို့နယ်၊ဂ---ကျေးရွာ၏ ရွှေတူးဖော်ရာနေရာတွင်ရိုက်ယူခဲ့သည်။ ရွှေတူးဖော်ရာနေရာကို မြဖူးကုမ္ပဏီပိုင်ရှင်ဦးမြဖူးမှ ပိုင်ဆိုင်ပြီး ရွှေတူးဖော်ခြင်း လုပ်ငန်းကို ၂၀၀၉ခုနှစ်တွင် စတင်ခဲ့သည်။ ၂၀၁၂ခုနှစ်တွင်လည်းတရုတ်နိုင်ငံမှ လာသောရွှေတူးဖော်သည့် လေ့ဂျစင်းသည် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် အကျိုးတူပူးပေါင်းပြီး အလားတူ ရွှေတူးဖော်ရာနေရာတွင် ရောက်ရှိခဲ့ဖူးသည်။ [ပုံ-KHRG]



အထက်ဖော်ပြပါပုံကို ၂၀၁၄ခုနှစ် မေလ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကဆယ်ဒိုမြို့နယ်၊ ခေတယ်ကျေးရွာအုပ်စု၊ ပ--- ကျေးရွာအနီးတွင် ရိုက်ယူခဲ့သည်။ ပုံမှာ ခဲသတ္တုတူးဖော်ရေးလုပ်ငန်းစီမံကိန်း အနားရှိ ခေးတယ်မြစ်ဖြစ်ပြီး ထိုလုပ်ငန်း၏ အကျိုးဆက်အနေဖြင့် ရေများကို နောက်စေခဲ့ပြီး ညစ်ညမ်းမှုများဖြစ်စေသည့်အတွက် ၎င်းမြစ်ကို ဖျက်ဆီးခဲ့သည်။ ရွာသူရွာသားများအနေဖြင့် ၎င်းတို့နေ့စဉ်လိုအပ်မှုအတွက် မြစ်ထဲရှိရေကို အသုံးပြုရန်မရနိုင်တော့ပေ။ [ပုံ-KHRG]





*ဤပုံကို ၂၀၁၃ခုနှစ် မတ်လ ၃ရက်၊ ကရင်ပြည်နယ်အရှေ့တောင်ပိုင်းရှိ ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ကတယ်ထီးကျေးရွာအုပ်စုတွင် ရိုက်ယူခဲ့သည်။ ၎င်းသည် လမ်းများဆောက်လုပ်ရန်နှင့် ပြုပြင်မွမ်းမံရန်တွင် အသုံးပြုရန်အတွက် နောက်ဆုံးအဆင့် မိုင်းဖောက်လုပ်ပြီးထားသော ကျောက်တုံးများကို ပြသောကျောက်တူးဖော်ရေးလုပ်ငန်းလုပ်ရာနေရာ ဖြစ်သည်။ ဤမိုင်းဖောက်လုပ်ရာတွင် ကြီးမားသောကျောက်ဆောင်ကြီးကို ဖြိုဖျက်နိုင်ရန်အတွက် မိုင်းဖောက်ပေါက်ကွဲစေရန်လိုအပ်ပါသည်။ ဖော်ပြပါယာဘက်ပုံကိုမူ ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၇ရက်၊* ကရင်ပြည်နယ်အရှေ့တောင်ပိုင်းရှိ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု မယ်ထီးလိုမြစ်တွင် ရိုက်ယူခဲ့သည်။ ထိုပုံသည် ကျောက်ပုံများနှင့် အသက်မွေးဝမ်းကျောင်းအတွက် ကျောက်တုံးများကို လိုက်လံစုဆောင်းနေသော ရွာသူရွာသားများ၏ပုံကို ပြသည်။ ကျေးရွာခေါင်းဆောင်က ထိုလုပ်ငန်းစဉ်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ထိုကျောက်တုံးဖောက်လုပ်မှုကြောင့် မိုးရာသီအတွင်းတွင်မြစ်ရေမျက်နှာပြင် မြင့်တက်လာနိုင်၍ ရွာသူရွာသားများ၏ လယ်ယာများကို ဖျက်ဆီးစေနိုင်သည့်အပြင် မြစ်ချောင်းကမ်းပါးများကို ခုခံထားနိုင်ရန် ကျောက်တုံးကြီးများမရှိသည့်အတွက် အနီးအနားရှိလယ်ယာမြေများကိုလည်း ရေလွှမ်းမိုးစေနိုင်သည် ဟုပြောခဲ့သည်။[ပုံ-KHRG]

| | |
|---|---|
|  |  |
| *အထက်ဖော်ပြပါပုံကို ကရင်ပြည်နယ်အလယ်ပိုင်းရှိ ပိုင်ကျုံမြို့နယ်၊ သေးမော်ကူးကျေးရွာအုပ်စု၊ ဘ---ကျေးရွာတွင် ကရင့်ကယ်ဆယ်ရေး နှင့်ဖွံ့ဖြိုးရေးရုံး(KORD)၏ ကွင်းဆင်း လေ့လာသူတစ်ဦးမှ ရိုက်ယူခဲ့သည်။ ဤပုံသည်ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)မှ ဝါရင့်ဘုန်းကြီးတစ်ပါးကို သင်္ကန်းချွတ်၊ ရိုက်နက်နှိပ်စက်ပြီး အရှင်လတ်လတ် မီးရှို့ပြီးသတ်သေခဲ့ပြီး နောက်ပိုင်းတွင် ရွာသူရွာသားများမှ ၎င်း၏မြှုပ်နှံထားသော ရုပ်အလောင်းကို ပြန်လည်တူးဖော်ခဲ့သော ၎င်း၏ပုံဖြစ်သည်။ ထိုဝါရင့်ဘုန်းကြီးသည် ဒေသခံများ ဘုံပိုင်သစ်တောကို သစ်ခုတ် ထုတ်လုပ်မှုမပြုရန် ကြိုးစား၍ ကာကွယ်ပေးသည့်အတွက် အသတ်ခံခဲ့ရခြင်းဖြစ်သည်။* [ပုံ-KORD] | *ဤပုံကို ၂၀၁၃ခုနှစ်ဖေဖော်ဝါရီလ ၂၂ရက်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းတွင် ရိုက်ယူခဲ့သည်။ ၎င်းသည် ဦးရဲထွန်း ပိုင်ဆိုင်သော ကုမ္ပဏီတစ်ခုမှ ကျောက်ကြီးမြို့နယ်နှင့် မုန်းမြို့နယ်တွင် ဝယ်ယူခဲ့သော သစ်များဖြစ်သည်။ ရွာသူရွာသားများအနေဖြင့် ထိုသစ်များ ထုတ်လုပ်ရာနေရာများကို ယခင်ကကြိုးစား၍ ကာကွယ်ခဲ့ဖူးသည်။* [ပုံ-KHRG] |





ဖော်ပြပါပုံကို ၂၀၁၄ခုနှစ် မေလ ၉ရက်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကဆယ်ဒိုမြို့နယ်၊ ကနဲ့ခေါ်ကျေးရွာအုပ်စု၊ က---ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ရွာသူရွာသားများက ၂၀၀၇ခုနှစ်မှစတင်၍ May Flowerကုမ္ပဏီမှ ဤကျောက်တောင်တွင် ကျောက်မီးသွေး တူးဖော်ခဲ့သည်ဟု တင်ပြခဲ့သည်။ ထိုကျောက်မီးသွေးဖောက်လုပ်မှုကြောင့် ရွာသူရွာသားများ၏ မြေယာများပျက်စီးခြင်းနှင့် ဒေသခံတို့ အသုံးပြုသည့် ရေများသည်လည်း ညစ်ညမ်းခြင်းများဖြစ်စေခဲ့သည်။ ဤပြုလုပ်မှုကြောင့် ထိုနေရာတွင် နေထိုင်သော ရွာသူရွာသားများ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို ထိခိုက်ပျက်စီးစေခဲ့သည်။ ဖော်ပြပါလက်ယာဘက်ရှိပုံကို ၂၀၁၄ခုနှစ်မေလ၁၃ရက်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကဆယ်ဒိုမြို့နယ်၊ ခေးတယ်ကျေးရွာအုပ်စု၊ ပ---ကျေးရွာအနီးတွင် ရိုက်ယူခဲ့သည်။ ထိုပုံများသည် အမည်မသိ ကုမ္ပဏီတစ်ခုမှ ခဲသတ္တုတူးဖော်ရေးလုပ်ငန်းကို လုပ်ကိုင်သောနေရာကို ပြသောပုံများဖြစ်သည်။ ထိုလုပ်ငန်းကြောင့် အကျိုးဆက်အနေဖြင့် အနီးအနားရှိ ပတ်ဝန်းကျင်ကိုလည်း ဖျက်ဆီးပစ်ခဲ့သည်။ [ပုံ-KHRG]

# [ဂ] စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ

**အဓိကတွေ့ရှိချက်များ**

- အစီရင်ခံစာ (၁၈)ခုတွင် စီးပွားဖြစ် စိုက်ပျိုးရေးအတွက် မြေယာသိမ်းဆည်းမှုအကြောင်း ရေးသားတင်ပြထားပါသည်။
- အစီရင်ခံစာ ရေးသားနေသောကာလတွင်း စိုက်ပျိုးရေးအတွက် မြေယာသိမ်းဆည်းမှုများတွင် သိမ်းဆည်းမြေများကို ရာဘာစိုက်ပျိုးရေး အတွက် အဓိကအသုံးပြုခြင်းဖြစ်သည်။
- မြေသိမ်းယူသူများမှာ မြန်မာအစိုးရအရာရှိများ၊ ကရင်နယ်ခြားစောင့်တပ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် အဓိက ဖြစ်ကြောင်း ရွာသားများကပြောပါသည်။
- အချို့အဖြစ်အပျက်များတွင် အစိုးရက ကျောထောက်နောက်ခံပေးထားသောသူများနှင့် ပြည်တွင်းစီးပွားရေးကုမ္ပဏီများ အတူတကွ လုပ်ဆောင်ကြပါသည်။
- အများပိုင်မြေနှင့် သစ်တောများ သိမ်းဆည်းခံရမှု (၇)ခု အကြောင်းကို ရွာသားများက တင်ပြထား ပါသည်။ ဤမြေများကို ထွန်ယက်စိုက်ပျိုးခြင်းမရှိသော မြေလွတ် မြေရိုင်းများဟု အမည်တပ်ကာ သိမ်းယူပါသည်။
- စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေသိမ်းဆည်းမှုများ၏ အဓိကနောက်ဆက်တွဲ ဆိုးကျိုးမှာရွာသားများ စားဝတ်နေရေး အခက်အခဲနှင့် ရင်ဆိုင်ရခြင်း ဆိုးကျိုးဖြစ်ပါသည်။ ယခင်က မှတ်တမ်းများတွင် ပါဝင်မှုမရှိသော ရွာသားများအတွက် ထင်းနှင့် အိမ်ဆောက်ပစ္စည်းများ ရှာဖွေရန် ခက်ခဲခြင်းဆိုသည့် ဆိုးကျိုး အကြောင်းကိုလည်း ရွာသားများကတင်ပြလာပါသည်။

ဒီဇင်ဘာလ ၂၀၁၂ခုနှစ်မှ ဇန်နဝါရီလ ၂၀၁၅ခုနှစ်အတွင်း KHRG အဖွဲ့သည် ၎င်းတို့ကွင်းဆင်းမှုပြုလုပ်သည့် ဒေသ ၇ခုလုံးမှ စီးပွားဖြစ် စိုက်ပျိုးရေး လုပ်ငန်းများနှင့်ဆက်စပ်သော မြေယာ သိမ်းဆည်းမှုများ အကြောင်း အစီရင်ခံစာ (၁၈) ခုကိုလည်းကောင်း သီးခြား ဖြစ်စဉ် (၂၁)ခုကို လည်းကောင်း မှတ်တမ်းတင်ခဲ့ပါသည်။[216] ရွာသားများ၏ ပြောဆို ချက်အရ မြေယာ သိမ်းဆည်းမှုများတွင် ရာဘာစိုက်ပျိုးရေး လုပ်ငန်းအတွက် သိမ်းဆည်းမှုသည် အများဆုံး ဖြစ်ပါသည်။

စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများကို စီးပွားရေး လုပ်ငန်းရှင်ကြီးများနှင့် မြန်မာအစိုးရ သို့မဟုတ် နိုင်ငံရေး အဖွဲ့များ သို့မဟုတ် လက်နက်ကိုင် အဖွဲ့အစည်းများက အကျိုးတူ ပူးပေါင်း လုပ်ကိုင်ကြသည်။[217] အကြီးစား စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန် မြေသိမ်းဆည်းသူများ တွင် အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီး ဌာနမှ စီးပွားရေး ပိတ်ဆို့ခံထားရသူတစ်ဦး အပါအဝင် လွန်ခဲ့သောအချိန်က လူ့အခွင့်အရေး ချိုးဖောက်ခဲ့သော စီးပွားရေးကုမ္ပဏီများနှင့် ချမ်းသာသော စီးပွားရေး လုပ်ငန်းရှင်များ ပါဝင်ပါသည်။[218] ဤကဲ့သို့

[216] အသေးစိတ်သိလိုပါက နောက်တစ်ခန်းတွင်ပါဝင်သော မြေယာသိမ်းဆည်းမှုဖြစ်ပေါ်သောအကြိမ် နှင့် ကျူးလွန်သူများ ဆိုသောခေါင်းစဉ်တွင် ကြည့်ရှုနိုင်ပါသည်။

[217] ထိုပူးပေါင်းလုပ်ကိုင်မှုနှင့် ပါတ်သက်၍ KHRG၏ တင်ပြမှု အသေးစိတ်သိလိုပါက *Identifying Trends: A Pattern of Collusion Between State Actors and Private Business Interests*, on p.____ ကို ကြည့်ပါ။

[218] ဥပမာ မက်စ်မြန်မာကုမ္ပဏီကို ဦးဇော်ဇော် ပိုင်ဆိုင်ပြီး ဦးဇော်ဇော်သည် ထင်ရှားသောစီးပွားရေးလုပ်ငန်းရှင်ဖြစ်ပါသည်။ ဦးဇော်ဇော်သည် ရာဘာစိုက်ပျိုးခြင်း၊ ဘဏ်လုပ်ငန်း၊ ကျောက်မျက်လုပ်ငန်း၊ သစ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊

စစ်တပ်၊ စီးပွားရေး နှင့် အစိုးရ ဆက်စပ်ပတ်သက်နေမှုကို အခြားသော တိုင်းရင်းသားဒေသများတွင်လည်း တွေ့ရှိရပါသည်။[219]

စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေသိမ်းဆည်းမှုကို အဓိကအနေဖြင့် ၂ မျိုးခွဲခြားနိုင်ပါသည်။ ပထမတစ်မျိုးမှာ လယ်သမားများ သို့မဟုတ် ရွာသားမိသားတစ်စု ပိုင်ဆိုင်လုပ်ကိုင်နေသောမြေကို သိမ်းယူခြင်းဖြစ်ပြီး ဒုတိယတစ်မျိုးမှာ ဘိုးဘွားစဉ်ဆက်ရွာသားများ မျှဝေသုံးစွဲခဲ့သော သစ်တောများကို သိမ်းယူခြင်း ဖြစ်ပါသည်။[220] မြန်မာနိုင်ငံအရှေ့တောင်ဘက်တွင် ဒေသခံရွာသားများ၏ အကျိုးစီးပွား အတွက်မဟုတ်သော အထက်ပါမြေသိမ်းဆည်းမှု ၂မျိုးလုံးကို ဥပဒေအရ အကာအကွယ်မပေးခြင်းသည် နိုင်ငံတကာတွင်ကျင့်သုံးနေသော အလေ့အထကောင်းများကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။[221] ထို့အပြင် ငွေကြေးတတ်နိုင်သော ဒေသခံများသည် ယခင်တည်ဆဲဥပဒေ နှင့် အသစ်ထွက်ရှိလာသော မြေယာဥပဒေကို အသုံးပြု၍ ၎င်းတို့သိမ်းပိုက်ခဲ့သောမြေများကို ၎င်းတို့တရားဝင် ပိုင်ဆိုင်သော မြေဖြစ်လာစေရန် လုပ်ဆောင်ကြပါသည်။[222]

ဤအစီရင်ခံစာတွင် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေယာသိမ်းဆည်းမှုကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ကော်ဖီ၊ ကွမ်းသီးကဲ့သို့ နှစ်စဉ်ထွက်ရှိသောသီးနှံစိုက်ပျိုးရန်နှင့် ရာဘာ၊ ကျွန်းသစ်

---

ဟိုတယ်လုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် စက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စသည့်လုပ်ငန်းများ ကို လုပ်ကိုင်လျက်ရှိပါသည်။ ၎င်းသည် အစိုးရနှင့် အနီးကပ်ဆက်ဆံရေးရှိသောကြောင့် ကားဆိုင်ကယ်လောင်စာဆီ တင်သွင်းခွင့်ရပါသည်။ ဦးဇော်ဇော်သည် စစ်အစိုးရ ခေါင်းဆောင်များ၊ စစ်အစိုးရခေါင်းဆောင်ဟောင်းများနှင့် ဆက်ဆံရေးရှိသောကြောင့် အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမည်ပျက်စာရင်းသွင်းထားပါသည်။ စင်္ကာပူနိုင်ငံစတော့အိတ်ချိန်း မှလည်း မက်စ်မြန်မာကုမ္ပဏီ ကိုစီးပွားရေးပိတ်ဆို့ထားပါသည်။ အသေးစိတ်သိလိုပါကအောက်တွင်ကြည့်ရှုနိုင်ပါသည်။ အမေရိကန်နိုင်ငံမှ Foreign Asset Control ရုံးမှ စီးပွားရေးပိတ်ဆို့ထားသည့် နာမည်စရင်းကို Office of Foreign Asset Control, *Sanctions List Search, တွင်ရရှိနိုင်ပါသည်။ - ဧပြီလ ၂၅ရက် ၂၀၁၅ခုနှစ်တွင် ရယူခဲ့သည်။ (အမည်စာရင်း ပြောင်းလဲထားသည့်နေ့- ၂၃ရက် ဧပြီလ ၂၀၁၅). ဦးဇော်ဇော် ၏ စီးပွားပိတ်ဆို့မှုအကြောင်း နှင့် ၎င်း၏ စင်္ကာပူတွင်မအောင်မြင်ခဲ့သောစီးပွားရေးပူးပေါင်းမှု အကြောင်းများကိုပိုမိုသိရှိလိုပါက* Edward Chung Ho, "Zaw Zaw's Singapore Takeover Bid Hits a Snag," *DVB*, April 29th 2013 တွင်ကြည့်ရှုပါ။ ဤကဲ့သို့ရာဘာထပ်မံစိုက်ပျိုးခြင်းများကို အစီရင်ခံစာ ရေးစုဆောင်းသည့်အချိန်မှ ရရှိသည့် အစီရင်ခံစာများကို သိရှိရန် Source #87 ကိုကြည့်ရှုရန်။

219 ဤကိစ္စနှင့်ပတ်သက်၍ Global Witness, *Guns, Cronies and Crops: How Military Political and Business Cronies have Conspired to Grab Land in Myanmar*, March 2015; Asian Legal Resource Centre, "Myanmar: Myanmar at Risk of Land-Grabbing Epidemic," *20th Session of the Human Rights Council, Agenda Item 4, General Debate,* June 6, 2012, p. 1.ကို ကြည့်ရှုရန်။

220 ဤအခန်းတွင်ပါဝင်သော မြေအမျိုးအစား ခွဲခြားခြင်း ခေါင်းစဉ်အောက်တွင် ကြည့်ရှုနိုင်ပါသည်။

221 ဥပမာအနေဖြင့် ယခုလက်ရှိထုတ်ပြန်လိုက်သော အမျိုးသားမြေယာမူဝါဒများသည် နိုင်ငံတကာစံနှုန်းနှင့်မကိုက်ညီသောကြောင့်ပြင်းထန်စွာဝေဖန်ခံနေရပါသည်။ ပိုမိုသိလိုပါက TNI, *The Challenge of Democratic and Inclusive Land Policymaking in Myanmar*, Feburary 2015*.* For a complete comparison of international and domestic land tenure norms and laws, section *IV: Legal Context,* p. ___. ကိုကြည့်ပါ။

222 မြန်မာနိုင်ငံ၏ မြေယာဥပဒေ (၂) ခုကို မြေယာကျွမ်းကျင်သူများက အမြဲဝေဖန်လေ့ရှိပါသည်။ ၎င်းဥပဒေ၂ခုမှာ ၂၀၁၂ လယ်ယာမြေဥပဒေ နှင့် မြေလွတ်မြေရိုင်းဥပဒေတို့ဖြစ်ပါသည်။ ရွာသားများက ဤဥပဒေ ၂ ခုအကြောင်းကို ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း အစီရင်ခံစာများအရ မြေယာသိမ်းဆည်းမှုများသည် အထက်ပါမြေလွတ်မြေရိုင်း ဥပဒေကိုအသုံးပြု၍ သိမ်းဆည်းကြခြင်းဖြစ်ပါသည်။ ထိုဥပဒေကိုပိုမိုသိရှိလိုပါက subsection*: Land Subtypes*. For more information regarding the current legal context in Myanmar, see *Appendix 3*; see also: *Access Denied*, TNI, 2012 တွင်ကြည့်ရှုနိုင်ပါသည်။

ကဲ့သို့သော နှစ်ရှည်ပင်စိုက်ပျိုးရန် ရွာသားတစ်ဦးပိုင်ဆိုင်သည့်မြေ သို့မဟုတ် လူအများ ဘုံပိုင်ဆိုင်သော သစ်တောမြေများကို သိမ်းဆည်းခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ယခင်က လယ်မြေများနှင့် အများပိုင်မြေများအား အကြီးစားစိုက်ပျိုးရေးခြံများအဖြစ် ပြောင်းလဲလိုက်ခြင်းသည် စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်း စီမံကိန်း၏ သွင်ပြင်လက္ခဏာဖြစ်ပါသည်။[223] လယ်မြေများမှ စိုက်ပျိုးသီးနှံထွက်နှုန်းသည် ပြောင်းလဲလိုက်သော အကြီးစားစိုက်ပျိုးရေးခြံလုပ်ငန်း၏ ထွက်နှုန်းများထက် ပိုမိုကောင်းမွန်နိုင်ပါသည်။[224] ထို့အပြင် နိုင်ငံတော်အစိုးရကလည်း မြေကွက်များစွာရယူထားသော လုပ်ငန်းရှင်များသည် ၎င်းတို့ရယူထားသော မြေကွက်များအားလုံးကို အသုံးပြုခြင်းမရှိကြောင်း ဝန်ခံထားပါသည်။[225] ဤကဲ့သို့ မြေယာများကို တစ်ဦးတည်းပိုင် အနေဖြင့် ချုပ်ကိုင်ထားခြင်းသည် ရွာသားများ၏ မြေယာပိုင်ဆိုင်ခွင့်ကို ကန့်သတ်ထားသလိုဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုးမှုကိုလည်း ထိခိုက်စေပါသည်။

**၁။ မြေယာသိမ်းဆည်းမှု ဖြစ်ပေါ်သောအကြိမ် နှင့် ကျူးလွန်သူများ**

လက်ရှိ အစီရင်ခံစာ ပြုစုနေစဉ်ကာလတွင်း KHRG ၏ အစီရင်ခံစာ (၁၈)ခုတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေသိမ်းဆည်းမှုအကြောင်းကို ဖော်ပြခဲ့ပါသည်။ အစီရင်ခံစာ (၂)ခုတွင် စိုက်ပျိုးရေးအတွက် မြေယာသိမ်းဆည်းမှု အဖြစ်အပျက်များစွာကို ဖော်ပြထားပါသည်။[226] ထို့ကြောင့် KHRG ၏ ကွင်းဆင်းလုပ်သားများမှ ၎င်းတို့ စစ်တမ်းကောက်ယူသည့် နယ်မြေဒေသ (၇) ခုအတွင်း စိုက်ပျိုးရေးစီမံကိန်းအတွက် မြေယာ သိမ်းဆည်းမှုများ အကြောင်းကို စုစုပေါင်း (၂၁) ကြိမ်မျှ မှတ်တမ်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။[227]

စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေယာသိမ်းဆည်းခြင်းကို အဓိကကျူးလွန်သူများမှာ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းစုများ၊[228] သို့မဟုတ် ချမ်းသာကြွယ်ဝသော ပုဂ္ဂလိကသူဌေးများ[229] နှင့် ကရင်နယ်ခြားစောင့်တပ်ဖွဲ့များ၊[230] နှင့်မြန်မာအစိုးရအာဏာရှိများ[231] ဖြစ်ကြပါသည်။ ကေအဲန်ယူ/ကေအဲန်အယ်လ်အေ-ပီစီ၊ တပ်မတော်၊ ကေအဲန်အယ်လ်အေ၊ ဒီကေဘီအေ စသည့်တပ်ဖွဲ့များသည်လည်း မြေယာ သိမ်းဆည်းမှုများတွင် အနည်းငယ် ပါဝင်ပတ်သက်မှုရှိပါသည်။ ကေအဲန်ယူ/ကေအဲန်အယ်လ်အေ-ပီစီ သည် မြေသိမ်းမှု (၄)ခုတွင်

---

[223] မြေယာသိမ်းဆည်းမှု အကြီးစားများကို မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများ ဥပဒေ ပုဒ်မ ၁၀(က) (၁) ကို အသုံးပြု၍ လုပ်ဆောင်ကြပါသည်။ စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများ အတွက် ဧက ၅၀၀၀၀ ထိခွင့်ပြုထားပါသည်။ BEWG, *Burma's Environment: People, Problems, Policies*, 2011, p. 37. တွင်လည်းကြည့်ရှုနိုင်ပါသည်။

[224] Global Witness, *What Future for the Rubber Industry in Myanmar?*, March 2014, p. 9.

[225] BEWG, *Burma's Environment: People, Problems, Policies*, 2011, p. 73.

[226] source #76, 54 တွင်ကြည့်ရှုနိုင်

[227] သထုံခရိုင်အတွက် ဥပမာကို source #42၊ တောင်ငူ အတွက် source #88၊ ညောင်လေးပင်အတွက် source #54၊ မြိတ်-ထားဝယ် အတွက် source #23၊ ဖာပွန်အတွက် source #36၊ ဒူးပလာယာအတွက် source #62၊ ဘားအံအတွက် source #18 တွင် ကြည့်ရှုနိုင်ပါသည်။

[228] source #2 တွင်ကြည့်ရှုနိုင်။

[229] source #75 တွင်ကြည့်ရှုနိုင်။

[230] source #36 တွင်ကြည့်ရှုနိုင်။

[231] source #56 တွင်ကြည့်ရှုနိုင်။

ပါဝင်ပတ်သက်ခဲ့ပြီး[232] တပ်မတော်သည် မြေသိမ်းမှု (၂)ခုတွင်ပါဝင်ပတ်သက်ခဲ့ကြောင်း တွေ့ရပါသည်။[233] ကေအဲန်အယ်လ်အေ မှ မြေသိမ်းမှု (၁)ခုတွင်ပါဝင်ပြီး ဒီကေဘီအေမှ မြေသိမ်းမှု (၁)ခုတွင်ပါဝင်ပါသည်။[234] စိုက်ပျိုးရေးအတွက် မြေယာသိမ်းဆည်းမှုတွင် အမည်မသိသည့် လက်နက်ကိုင်တပ်ဖွဲ့ (၁)ခုလည်း တစ်စိတ်တစ်ဒေသ ပါဝင်ပတ်သက်ကြောင်း အစီရင်ခံစာ တစ်ခုတွင် ဖော်ပြထားပါသည်။[235]

အထက်ပါမြေသိမ်းမှု (၃)ခုတွင် တပ်မတော်[236] နှင့် ကရင်နယ်ခြားစောင့်တပ်များသည်[237] ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားအတွက် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းတွင် တိုက်ရိုက်ပါဝင်ပါသည်။ မြေယာသိမ်းဆည်းမှု အကြောင်း ပြောဆိုကြရာတွင် ဘားအံခရိုင်မှ KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှလည်း ၎င်းနေထိုင်ရာ ဒေသတွင် အထက်ပါအခြေအနေအတိုင်း ဖြစ်ပေါ်ကြောင်းအောက်ပါအတိုင်း ပြောပြထားပါသည်။

*"ကျွန်တော်တို့ ဒေသမှာဆိုရင် ကရင်နယ်ခြားစောင့်တပ် ၄-၅ဖွဲ့လောက်ရှိတယ်။ သူတို့က ရာဘာစိုက်ပျိုးရေး လုပ်ငန်းတွေ လုပ်ပြီးတော့ ရာဘာပင်တွေကို တခြားလူတွေဆီ ရောင်းပြီး အကျိုးကျေးဇူးရရှိနေကြတာကို တွေ့နေရတယ်။"*[238]

ထို့အပြင် အဖြစ်အပျက် (၈) ခုတွင် မြန်မာအစိုးရ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို ဖော်ပြထားပါသည်။ ထိုသို့ပူးပေါင်းရာတွင် ကရင်နယ်ခြားစောင့်တပ်သည် ပုဂ္ဂလိကကုမ္ပဏီ[239] သို့မဟုတ် ချမ်းသာကြွယ်ဝသော စီးပွားရေးလုပ်ငန်းရှင်များ[240] နှင့် ပူးပေါင်း၍လည်းကောင်း၊ မြန်မာအစိုးရအရာရှိများသည် ပုဂ္ဂလိကကုမ္ပဏီ[241] သို့မဟုတ် ချမ်းသာကြွယ်ဝသော စီးပွားရေးလုပ်ငန်းရှင်များ[242] နှင့် ပူးပေါင်း၍လည်းကောင်း၊ သို့မဟုတ် ဒီကေဘီအေ၊ ကေအဲန်ယူ/ကေအဲန်အယ်လ်အေ-ငြိမ်းချမ်းရေး ကောင်စီတပ်ဖွဲ့များက ချမ်းသာကြွယ်ဝသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍လည်းကောင်း လုပ်ဆောင်ကြခြင်းဖြစ်ပါသည်။ (ပိုမိုသိလိုပါက အောက်ပါ အသေးစိတ်အချက်အလက်တွင် ကြည့်ရှုနိုင်ပါသည်။)[243]

232 source #43 တွင်ကြည့်ရှုနိုင်။
233 source #76 တွင်ကြည့်ရှုနိုင်။
234 KNLA နှင့်ပတ်သက်၍ source #75၊ DKBA နှင့်ပတ်သက်၍ source #62 တို့တွင်ကြည့်ရှုနိုင်ပါသည်။
235 source #56 တွင်ကြည့်ရှုနိုင်။
236 source #76 တွင်ကြည့်ရှုနိုင်။
237 source #29, 36 တွင်ကြည့်ရှုနိုင်။
238 ၂၀၁၄ခုနှစ် နိုဝင်ဘာလ ကရင်ပြည်နယ်တွင်ပြုလုပ်ခဲ့သော ဝန်ထမ်းများအစည်းအဝေး ဆွေးနွေးမှုများမှ ကောက်နှုတ်ထားခြင်း ဖြစ်ပါသည်။ ပိုမိုသိလိုပါက အစီရင်ခံစာ ရေးသားပြုစုပုံနည်းစနစ် ဆိုသည့်အခန်းတွင် ကြည့်ရှုနိုင်ပါသည်။

239 source #42, 51, 86 တွင်ကြည့်ရှုနိုင်။
240 source #42,51, 62 တွင်ကြည့်ရှုနိုင်။
241 source #2, 42 တွင်ကြည့်ရှုနိုင်။
242 source #42, 9, 54,56 တွင်ကြည့်ရှုနိုင်။
243 source #62 တွင်ကြည့်ရှုနိုင်။

**တိုးတက်မှုလားရာကို ဖော်ထုတ်ခြင်း။ အစိုးရ/အစိုးရမှနောက်ခံပေးထားသော လူ ပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းကြားရှိ ပူးပေါင်းဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှု**

ဤအစီရင်ခံစာ ပြုစုနေစဉ်ကာလတွင်း အစိုးရ သို့မဟုတ် အစိုးရမှ ကျောထောက်နောက်ခံပေးထားသော လက်နက်ကိုင်တပ်ဖွဲ့များ၊ အခြားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအရှေ့တောင်ဘက်တွင် အလေးအနက် ထားရမည့် ကိစ္စအဖြစ် ထုတ်နှုတ်ဖော်ပြခဲ့ပါသည်။ ဖာအံခရိုင် မှ KHRG ဝန်ထမ်းတစ်ဦးက အောက်ပါအတိုင်း မှတ်ချက်ချပါသည်။

*"ချမ်းသာကြွယ်ဝသော သူများသည် အစိုးရအရာရှိများနှင့် ရင်နှီးအောင်လုပ်ဆောင်ကြပြီး အစိုးရအရာရှိများက တောင်ကုန်းပေါ်ရှိ မြေများကို ၎င်းတို့အား ရောင်းချပေးပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားသော ဒေသတွင်းအခြေအနေ၊ နဘူးမြို့နယ်၊ ဘားအံခရိုင်/ကရင် ပြည်နယ် အလယ်ပိုင်း (၂၀၁၂ ဒီဇင်ဘာလတွင် လက်ခံရရှိပါသည်။)[244]

မြေယာသိမ်းဆည်းမှုများတွင် အဓိကပါဝင်သူများမှာ မြန်မာအစိုးရ နှင့် ကရင်နယ်ခြားစောင့်တပ်များ ဖြစ်ကြပြီး ၎င်းတို့သည် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်လည်းကောင်း ကုမ္ပဏီများနှင့်လည်းကောင်း ပူးပေါင်း ဆောင်ရွက်ကြပါသည်။[245] ဤမြေယာသိမ်းဆည်းမှုများတွင် အစိုးရသို့မဟုတ် အစိုးရမှ ကျောထောက်နောက်ခံပေးထားသော လက်နက်ကိုင်တပ်ဖွဲ့များသည် ရွာသားများတစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့များထံမှ မြေယာများကို သိမ်းဆည်းပြီး ပုဂ္ဂလိကသူဌေးသို့မဟုတ် ကုမ္ပဏီများထံသို့ပြန်လည် ငှါးရမ်းပေးခြင်း စသည့်ပုံစံဖြင့် ပေါ်ပေါက်လျက်ရှိပါသည်။ ဥပမာကို ၂၀၁၃ ခုနှစ် ညောင်လေးပင်ခရိုင် တွင်ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်တွင် တွေ့မြင်နိုင်သည်။

*"၂၀၁၃ခုနှစ်တွင် မြန်မာအစိုးရသည် ရွှေကျင်-ကျောက်ကြီး ဒေသတွင် မြေကွက်များစွာ ရောင်းချခဲ့ပါသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင် ဦးရဲထွန်းသည် မြေနီကုန်းတွင် ရာဘာစိုက်ပျိုးရန် မြေဧက ၂၀၀ ကို ဝယ်ယူခဲ့ပါသည်။ ထို့နည်းတူ ဦးဉာဏ်ဆွေဝင်းကလည်း ရွှေကျင်-ကျောက်ကြီးကားလမ်းဘေးရှိ တူးဝါးခို ရွာတွင် ဧက ၂၀၀၊ဝယ်ယူခဲ့ပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ရွှေကျင်နှင့်ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်/ ပဲခူးတိုင်း အရှေ့ခြမ်း (၂၀၁၃ ခုနှစ် နိုဝင်ဘာလ တွင် လက်ခံရရှိပါသည်။)[246]

စိုက်ပျိုးရေးအတွက် မြေယာသိမ်းဆည်းပြီး ချမ်းသာကြွယ်ဝသူများထံ ပြန်လည်ရောင်းချခြင်း အရှုပ်ထွေးဆုံး အဖြစ်အပျက်များတွင် ကရင်နယ်ခြားစောင့်တပ် တပ်ရင်းအမှတ် ၁၀၁၄၊ ဒီကေဘီအေ နှင့် ကေအဲန်ယူ/

---

[244] source #2 တွင်ကြည့်ရှုနိုင်။

[245] ကရင်နယ်ခြားစောင့်တပ် နှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းမှုကို source #42, 51, 62၊ မြန်မာအစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီများပူးပေါင်းမှုကို sources #2, 42၊ မြန်မာအစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းမှုကို sources #42, 9, 54, 56 တို့တွင် ကြည့်ရှုနိုင်ပါသည်။

[246] source #54 တွင်ကြည့်ရှုနိုင်။

ကေအဲန်အယ်လ်အေ-ငြိမ်းချမ်းရေးကောင်စီ တပ်ဖွဲ့များအားလုံးပါဝင်ပါသည်။ ဤအဖြစ်အပျက်မျိုး ဒူးပလာယာခရိုင် ကျုံဒိုးမြို့နယ်တွင်ဖြစ်ပွားခဲ့ပြီး မြေယာသိမ်းဆည်းသောအဖွဲ့ များပြားသောကြောင့် ရွာသားများ အနေဖြင့် မိမိတို့၏ကိုယ်ပိုင်မြေကို ကာကွယ်ရန် အောက်တွင်ဖော်ပြသည့်အတိုင်း ပိုမိုခက်ခဲလာပါသည်။

*"ကျုံဒိုးမြို့နယ်တွင် ယခင်က သစ်တောမြေ ၇၅၃၂၀.၀၉ ဧကရှိခဲ့ပါသည်။ ဒီကေဘီအေ၊ နယ်ခြားစောင့်တပ်များ နှင့် ကေအဲန်ယူ/ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီ စသည့်အဖွဲ့များပေါ်လာသည့်အခါ ဒေသခံများ မိမိတို့၏ သစ်တောမြေများကို မကာကွယ်နိုင်တော့ပါ။ ဤလက်နက်ကိုင်အဖွဲ့များသည် သစ်တောများကို အကွက်ရိုက်ပြီး အခြားဒေသများမှ သူဌေးများထံ ရောင်းစားကြပါသည်။"*

*"ယခင်က ဤနယ်မြေဒေသအတွင်း ကေအဲန်ယူနှင့် မြန်မာအစိုးရအဖွဲ့နှစ်ဖွဲ့သာရှိသောကြောင့် သစ်တော များကို ထိန်းသိမ်းရန်လွယ်ကူပါသည်။ ယခုအခါ ဤနယ်မြေအတွင်း လက်နက်ကိုင်တပ်ဖွဲ့များပြား လာသောကြောင့် သစ်တောများကို ရာဘာတောများဟု ပြောင်းလဲခေါ်ဆိုရမလို ဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် လက်နက်ကိုင်တပ်ဖွဲ့များ၊ ရွာသားများနှင့် အခြားဒေသမှ လာရောက်သော စီးပွားရေး လုပ်ငန်းရှင်များအားလုံးက ဤနေရာတွင် ရာဘာများကို အများအပြားစိုက်ပျိုးသောကြောင့် ဖြစ်ပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ကျုံဒိုးမြို့နယ်၊ ဒူးပလာယာ ခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ တွင်လက်ခံရရှိပါသည်)[247]

လက်နက်ကိုင်အဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းလုပ်ဆောင်ရာတွင် သာမန်မြေသိမ်းပြီး မြေပြန်လည်ရောင်းချခြင်းအဆင့် ထက်ပိုပါသည်။ ဥပမာတစ်ခုတွင် မြန်မာစီးပွားရေးကုမ္ပဏီမှ ၎င်းတို့ စိုက်ပျိုးလုပ်ကိုင်နေသောမြေများကို ကာကွယ်ပေးရန် ကရင်နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် ၁၀၁၄ ကို ငှား ရမ်းစေခိုင်းခဲ့ပါသည်။

*"ဖွါဖေါကျေးရွာတွင်ရှိသော စစ်စခန်းတစ်ခုသည် ကုမ္ပဏီ၏ရာဘာနှင့်ကျွန်းစိုက်ခင်းများကို တိရစ္ဆာန်များ ဝင်ရောက်ဖျက်ဆီးခြင်းမရှိစေရန် လုံခြုံရေးရယူဆောင်ရွက်ပေးပါသည်။ ကေအဲန်ယူ မှ ရာဘာနှင့် ကျွန်းသစ်စိုက်ပျိုးခွင့်ကို ပိတ်ပင်သောကြောင့် ရွှေသံလွင်ကုမ္ပဏီက[248] ကရင်နယ်ခြားစောင့်တပ်၏ အကာအကွယ်ကို ရယူခြင်းဖြစ်ပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဘားအံမြို့နယ်၊ သထုံခရိုင်/မွန် ပြည်နယ်မြောက်ပိုင်း (၂၀၁၄ခုနှစ် ဇွန်လိုင်လတွင် လက်ခံရရှိပါသည်။)[249]

[247] source #62 တွင်ကြည့်ရှုနိုင်

[248] ရွှေသံလွင် ကုမ္ပဏီ၏ ဥက္ကဌသည် ဦးကျော်ဝင်းဖြစ်ပြီး ၎င်းတို့သည် မြန်မာအစိုးရနှင့်လည်းကောင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ အထူးသဖြင့် ဒီကေဘီအေနှင့်လည်းကောင်း နီးကပ်စွာပူးပေါင်း အလုပ်လုပ်ကြပါသည်။ ဤကုမ္ပဏီသည် သွင်းကုန်လုပ်ငန်းလုပ်ကိုင်လျက်ရှိပြီး ပြည်တွင်း ရာဘာနှင့် ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းကိုလည်းလုပ်ကိုင်ပါသည်။ ရွှေသံလွင်ကုမ္ပဏီသည် ဤအစီရင်ခံစာတွင် ပါဝင်သောမြေယာသိမ်းဆည်းမှုကိုသာမက ရှမ်းပြည်တောင်ပိုင်း ရှာငံတွင်လည်း မြေဧက ၁၃၇၅ ကိုလည်းလျော်ကြေးငွေမပေးပဲသိမ်းယူခဲ့ပါသည်။"Tracking the Tycoons," *Irrawaddy*, September 2008.

[249] source #86 တွင်ကြည့်ရှုနိုင်

မြေယာသိမ်းဆည်းမှုများသည် အကြောင်းအရင်းများစွာပေါ် မူတည်၍ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ထိုအကြောင်းအရင်းများတွင် စီးပွားရေးလွတ်လပ်ခွင့်ရှိလာခြင်း၊ စည်းမျဉ်းဥပဒေများတိကျစွာ ရေးဆွဲခြင်းမပြုမီ ရင်းနှီးမြှုပ်နှံမှုများပြားလာခြင်း၊[250] အပစ်အခတ်ရပ်စဲရေးကြောင့် ယခင်က သွားလာ၍ မရသော ဒေသများသို့ လွယ်ကူစွာ သွားလာနိုင်ခြင်း၊[251] ပြည်တွင်းဥပဒေများက နိုင်ငံခြား တိုက်ရိုက်မြှုပ်နှံမှုများနှင့် အကြီးစားစီမံကိန်းများအပေါ် ဦးစားပေးခြင်း စသည့် အချက်များပါဝင်ပါသည်။[252] ထို့အပြင် တိုင်းရင်းသားဒေသများတွင် အစိုးရနှင့် အစိုးရမှကျောထောက်နောက်ခံပေးထားသော အဖွဲ့များမှ မမှန်မကန် ဆက်လက်လုပ်ကိုင်နေခြင်း စသည့်အချက်လည်းပါဝင်ပါသည်။[253] ဤကဲ့သို့ပူးပေါင်းလုပ်ဆောင်မှုများကြောင့် ဒေသခံရွာသားများသည် အပစ်အခတ်ရပ်စဲရေးနှင့် အစိုးရအပေါ်ယုံကြည်မှုနည်းလာသည်သာမက မြန်မာနိုင်ငံ၏ အဓိကဖွံ့ဖြိုးတိုးတက်ရမည့် စားဝတ်နေရေးဖူလုံရေး၊ ပြည်သူများ မြေယာပိုင်ဆိုင်ခွင့်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက်လည်း ထိခိုက်နစ်နာစေပါ သည်။[254]

စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေယာသိမ်းဆည်းမှုများပြုလုပ်ရာတွင် အများအားဖြင့် လျော်ကြေးငွေ ပေးဆောင်မှုမရှိသကဲ့သို့ ရွာသားများအားလည်း ကြိုတင်အသိပေးတိုင်ပင်ခြင်းမရှိပါ။[255] မြေယာ သိမ်းဆည်းမှု အကြောင်းတင်ပြသော အဖြစ်အပျက် (၂၁)ခုတွင် (၁)ခုသာလျှင် ပြည့်ဝမှုမရှိသော လျော်ကြေးငွေအား ပေးပြီး မြေမသိမ်းမီ ကြိုတင်အသိပေးခြင်းမရှိသည့်အကြောင်း ဖော်ပြထားပါသည်။[256] ဥပမာတစ်ခုတွင် သထုံခရိုင် အတွင်း သူဌေးဦးဝင်းလှိုင်နှင့် ဦးသောင်းတင်တို့သည် မြေယာသိမ်းဆည်းမှုများအတွက် လျော်ကြေးငွေများ ပေးဆောင်ကြောင်းကို တွေ့ရပါမည်။ ဤသူဌေးနှစ်ဦးသည် ရွာသားများအား ၎င်းတို့ပိုင်မြေများကို အတင်းအကျပ် ရောင်းချရန်ဖိအားပေးခဲ့ပြီး အချို့မြေများကို လျော်ကြေး ငွေမပေးပဲ သိမ်းဆည်းခဲ့ပါသည်။[257] အထက်ပါ အဖြစ်အပျက်ကို KHRG ဝန်ထမ်းတစ်ဦးမှ အောက်ပါအတိုင်း တင်ပြထားပါသည်။

"*အပစ်အခတ်ရပ်စဲရေးပြုလုပ်ပြီးကတည်းက ကုမ္ပဏီများနှင့် ချမ်းသာကြွယ်ဝသူအများအပြားတို့သည် ရာဘာ စိုက်ပျိုးရေးလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်လာကြပါသည်။ အချို့ ရာဘာစိုက်ခင်းများသည် ရွာသားများ ပိုင်ဆိုင်သော မြေကွက်များအတွင်း စိုက်ပျိုးခြင်းဖြစ်၍ ရွာသားများသည် ၎င်းတို့ပိုင်ဆိုင်သော မြေများကို*

[250] Asian Legal Resource Centre, "Myanmar: Myanmar at Risk of Land-Grabbing Epidemic," *20th Session of the Human Rights Council, Agenda Item 4, General Debate,* June 6, 2012, p. 2. တွင်လည်းဖတ်ရှုနိုင်ပါသည်။

[251] Agence France- Presse, "Ceasefire Deal Fuels Land Grabs in Karen State: Report," *Democratic Voice of Burma,* published: March 5, 2013. တွင်လည်းဖတ်ရှုနိုင်ပါသည်။

[252] TNI, *Access Denied: Land Rigthts and Ethnic Conflict in Burma* May 2013. မြေယာဥပဒေများကို အခန်း ၄ တွင်လည်းဖတ်ရှုနိုင်ပါသည်။

[253] Burma Partnership, "Land Policies and Land Laws Must Reflect Rights and Interests of Vulnerable Communities," February 23rd 2015. တွင်လည်းဖတ်ရှုနိုင်ပါသည်။

[254] Global Witness, *Guns, Cronies and Cops*, March 2015, p. 4, 32. တွင်လည်းဖတ်ရှုနိုင်ပါသည်။

[255] source #88 တွင်ကြည့်ရှုနိုင်။

[256] source #42 တွင်ကြည့်ရှုနိုင်။

[257] source #42 တွင်ကြည့်ရှုနိုင်။

*ရောင်းချပေးခဲ့ရပါသည်။ အချို့ရွာသားများသည် အဝတီအလင်း မြှိမ်းခြောက်ခြင်းများ ခံရပြီး ၎င်းတို့ပိုင်ဆိုင်သော မြေများကို လျော်ကြေးငွေများမရရှိပဲ စွန့်လွှတ်လိုက်ရပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ဘားအံ၊ သထုံ၊ ဘီးလင်း မြို့နယ်၊ သထုံခရိုင်/မွန် ပြည်နယ် မြောက်ပိုင်း (၂၀၁၃ခုနှစ် ဇူလိုင်လ တွင်လက်ခံရရှိပါသည်။)[258]

**၂။ စီမံကိန်း အမျိုးအစားခွဲများ**

**{က} ရာဘာစိုက်ပျိုးခြင်းလုပ်ငန်း**

၂၀၁၂ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလထိ ရွာသားများ၏ ပြောဆိုချက်အရ စီးပွားဖြစ် စိုက်ပျိုးရေး အတွက် မြေယာသိမ်းဆည်းပြီးနောက် သိမ်းဆည်းထားသော မြေယာများပေါ်တွင် ရာဘာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။ မြေယာသိမ်းဆည်းမှု အဖြစ်အပျက် (၂၁)ခုတွင် (၁၇)ခုသည် ရာဘာစိုက်ပျိုးခြင်း သို့မဟုတ် ရာဘာခြံများတိုးချဲ့ခြင်းအကြောင်း ရေးသားဖော်ပြထားသည်ကို တွေ့ရပါမည်။[259] ဤမြေယာ သိမ်းဆည်းမှုများသည် သထုံ၊[260] ညောင်လေးပင်၊[261] မြိတ်-ထားဝယ်၊[262] ဒူးပလာယာ[263] နှင့် ဘားအံ[264] ခရိုင်များတွင် ဖြစ်ပေါ်ခဲ့ကြောင်း မှတ်တမ်းတင်ထားပါသည်။ ဤကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်း အတွက် မြေယာသိမ်းဆည်းမှု များကိုပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊[265] ချမ်းသာသော စီးပွားရေးလုပ်ငန်းရှင်များ၊[266] မြန်မာအစိုးရအရာရှိများ၊[267] ကရင်နယ်ခြားစောင့်တပ်များ၊[268] ကေအဲန်ယူ/ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးတပ်ဖွဲ့၊[269] တပ်မတော်၊[270] ဒီကေဘီအေ၊[271] နှင့် ကေအဲန်အယ်လ်အေ[272] တပ်ဖွဲ့များကလုပ်ဆောင် ကြပါသည်။ အစီရင်ခံစာတစ်ခုတွင် သထုံခရိုင် ကျိုက်ထိုမြို့နယ်တွင် လူတစ်ဦးတည်းမှ မြေဧက ၂၀၀၀ ကျော်ကို ရာဘာစိုက်ပျိုးရန် သိမ်းဆည်းခဲ့ပါသည်။

[258] source #42 တွင်ကြည့်ရှုနိုင်
[259] sources #2, #18, #42, #51, #75, #86, #9, #23, #29, #87, #76, #43, #54, #56 and #62. တွင်ကြည့်ရှုနိုင်
[260] sources #42, #86, #9 and #87. တွင်ကြည့်ရှုနိုင်
[261] sources #54. တွင်ကြည့်ရှုနိုင်
[262] sources #62. တွင်ကြည့်ရှုနိုင်
[263] sources #62 and #51. တွင်ကြည့်ရှုနိုင်
[264] sources #2, #18, #75, #29, #76, #43 တွင်ကြည့်ရှုနိုင် and #56.
[265] sources #2, #18, #42, #51, #86 and #87. တွင်ကြည့်ရှုနိုင်
[266] sources #18, #42, #51, #75, #9, #23, #54, #56 and #62. တွင်ကြည့်ရှုနိုင်
[267] sources #2, #42, #9, #54 and #56. တွင်ကြည့်ရှုနိုင်
[268] sources #42, #51, #86, #29, #76 and #62. တွင်ကြည့်ရှုနိုင်
[269] sources #75, #76, #43 and #62. တွင်ကြည့်ရှုနိုင်
[270] source #76 တွင်ကြည့်ရှုနိုင်
[271] source #62 တွင်ကြည့်ရှုနိုင်
[272] source #75 တွင်ကြည့်ရှုနိုင်

*"ဦးရဲထွန်းသည် ဖလိုခီးကျေးရွာအုပ်စုသို့ ရောက်လာပြီး မြေဧက ၂၆၀၀ကို ရာဘာစိုက်ပျိုးရန် သိမ်းယူခဲ့ပါသည်။ ဦးရဲထွန်းသည် နေပြည်တော်မှ ခွင့်ပြုစာဖြင့်ဤကဲ့သို့ သိမ်းယူခြင်းဖြစ်ပါသည်။ မြေယာသိမ်းဆည်းမှုကြောင့် စားကျက်မြေများဆုံးရှုံးရပြီး ရွာသားများ ကျွဲနွားများကျောင်းရန် အခက်အခဲ ဖြစ်စေပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ ကျိုက်ထိုမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ် မြောက်ပိုင်း (၂၀၁၃ခုနှစ် နိုဝင်ဘာလ တွင်လက်ခံရရှိပါသည်။)[273]

အခြားဥပမာတစ်ခုတွင် သထုံခရိုင်၊ ရွှေရောင်ပြကျေးရွာအုပ်စု၊ ရွှေရောင်ပြကျေးရွာတွင် မက်စ်မြန်မာ ကုမ္ပဏီသည် ၎င်းတို့ပိုင်ရာဘာစိုက်ခင်းများကို တိုးချဲ့ရန် ရွာသားများပိုင်သောမြေကို ဖြည်းဖြည်းခြင်း တိုးချဲ့ယူပါသည်။

*"ယခုအချိန်တွင် မက်စ်မြန်မာ ကုမ္ပဏီ၌ မူဝါဒအသစ်ရှိပါသည်။ နွေရာသီတွင် ၎င်းတို့၏ရာဘာစိုက်ခင်း မီးအန္တရာယ်ကာကွယ်ရန် မီးတားနယ်နိမိတ်များကို ဖော်ဆောင်ကြပါသည်။ မိုးရာသီတွင် ၎င်းမီးတား နယ်နိမိတ်များပေါ်တွင် ရာဘာပင်ပေါက်များကိုစိုက်ပျိုး ကြပါသည်။ မီးတားနယ်နိမိတ်ပေါ်တွင် ရာဘာပင်ပေါက် နှစ်တန်းစိုက်ပျိုးနိုင်ပါသည်။ ဤသို့ဖြင့် မက်စ် မြန်မာကုမ္ပဏီသည် နှစ်စဉ်နှစ်တိုင်း ၎င်းတို့ရာဘာခြံနှင့် ကပ်လျက်ရှိသော ရွာသားပိုင် သို့မဟုတ် အများပိုင်သစ်တောမြေများပေါ်တွင် မီးတားနယ် နိမိတ်များကို ချဲ့ ထွင်ဖော်ဆောင်သောနည်းဖြင့် မြေများကို သိမ်းယူလျက်ရှိပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးရေးသားထားသော နယ်မြေဒေသအခြေအနေ၊ သထုံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ် မြောက်ပိုင်း (၂၀၁၄ခုနှစ် ဇူလိုင် တွင်လက်ခံရရှိပါသည်။)[274]

မြန်မာနိုင်ငံအရှေ့တောင်ဘက်တွင် ရာဘာစိုက်ပျိုးခြင်းသည် မြန်မာပြည်တစ်ဝှမ်း ရေပန်းစားလာသော ရာဘာစိုက်ပျိုးခြင်းနှင့်လည်း ဆက်စပ်နေပါသည်။ လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုအတွင်း မြန်မာပြည် တစ်ဝှမ်းတွင် စီးပွားဖြစ် ရာဘာစိုက်ပျိုးခြင်းလုပ်ငန်းများ သိသာထင်ရှားစွာ တိုးတက်လာခဲ့ပါသည်။ ၂၀၁၃ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ရာဘာစိုက်ဧက ၁.၄၃သန်းဧက ရှိလာခဲ့ပါသည်။ မြန်မာနိုင်ငံသည် ယခုအခါ ကမ္ဘာပေါ်တွင် ရာဘာစိုက်ပျိုးထုတ်လုပ်ခြင်း၌ အဆင့် (၉) ထိရှိလာခဲ့ပါသည်။[275] မြန်မာနိုင်ငံတွင် ရာဘာထုတ်လုပ်ခြင်းသည် ပြည်ပတင်ပို့ရန်အတွက် အဓိကဖြစ်ပြီး မြန်မာ့ရာဘာထုတ်လုပ်ခြင်း၏ ၉၀% သည် တရုတ်နိုင်ငံ သို့မဟုတ် မြန်မာ့အိမ်နီးချင်း အာစီယံနိုင်ငံ တစ်ခုခုသို့တင်ပို့ရန်ဖြစ်ပါသည်။[276] ရာဘာစိုက်ပျိုးခြင်းသည် မြန်မာပြည်တစ်ဝှမ်း ရေပန်းစားလာသော်လည်း ကနဦးစိုက်ပျိုးစရိတ် ကြီးမားသည့်အပြင်

[273] source #9 တွင်ကြည့်ရှုနိုင်။

[274] source #87 တွင်ကြည့်ရှုနိုင်။

[275] Global Witness, *What Future for the Rubber Industry in Myanmar?,* March 2014, p. 3.

[276] အာစီယံနိုင်ငံများဖြစ်သော စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နန်၊ နှင့် ထိုင်းနိုင်ငံတို့သည် မြန်မာနိုင်ငံမှ ရာဘာများကို ဝယ်ယူပါသည်။ BEWG, *Burma's Environment: People, Problems, Policies*, June 2011, p. 75.

ရာဘာရရှိရန် ၇နှစ်ကြာစောင့်ဆိုင်းရပါသည်။ ထိုအချက်များကြောင့် တောရွာနေ ပြည်သူများသည် ကနဦး စိုက်ပျိုးစရိတ်ရင်းနှီးငွေကိုမတတ်နိုင်ပဲ အပြိုင်အဆိုင်ဖြစ်နေသော ဈေးကွက်အတွင်းသို့လည်း ဝင်ရောက်နိုင်စွမ်း မရှိပါ။ ဤအချက်များသည် မြန်မာနိုင်ငံအတွင်း မညီမျှမှုကို ဖြစ်ပေါ်စေသည်။[277]

[277] မြန်မာနိုင်ငံ၏ ရာဘာထုတ်လုပ်ရေးအကြောင်းပိုမိုသိလိုပါက Global Witness, *What Future for the Rubber Industry in Myanmar?*, March 2014.

## မြေပုံ (၅)


ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရော်ဘာစိုက်ပျိုး
ရေးကြောင့်ဖြစ်ပေါ်လာသော မြေယာသိမ်းဆည်းမှုများ
N
W
E
S
ရှော်ခို
မယ်ကနာခီး
ရွှေညောင်ပင်
နောင်ကေ
ထီးဖိုးကျော်
တောင်ကလေး
မြေနီကုန်း
မယ်ပလဲ
ထက်ဘို
သာယာကုန်း
နောင်ရွှေမြ
ကျုံဒိုးအနီး
တမိုးဖောတောင်
မူးဝါး
ထိုင်းနိုင်ငံ
Legend
မြို့များ
ရော်ဘာစိုက်ပျိုးရေး
ဆက်သွယ်ရေးလမ်းများ
မြစ်များ
ဒေသဆိုင်ရာသတ်မှတ်ထားသော ကရင်နယ်နိမိတ်
0 12.5 25 50 Miles
KHRG

### {ခ} အခြားစိုက်ပျိုး သီးနှံများ

ရာဘာစိုက်ပျိုးခြင်းအပြင် ရှားစောင်းလက်ပတ်၊[278] ကျွန်း၊[279] ပဲ၊[280] ကွမ်းသီး၊[281] ကော်ဖီ[282] နှင့် ဖာလာ[283] စသည့် အပင်များ စိုက်ပျိုးရန်အတွက်လည်း မြေယာသိမ်းဆည်းခြင်းများ ပြုလုပ်ခဲ့ကြောင်း KHRG ဝန်ထမ်းများ၏ ၂၀၁၂ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလအတွင်း ပြုစုသည့် အစီရင်ခံစာတွင် ဖော်ပြခဲ့ပါသည်။ အထက်ပါ အပင်စိုက်ပျိုးခြင်းများအတွက် မြေယာသိမ်းဆည်းမှုများ တစ်ကြိမ်စီ ဖြစ်ပေါ်ခဲ့ပါသည်။ အဖြစ်အပျက် နှစ်ခုတွင် ဒညင်းစိုက်ပျိုးခြင်းအကြောင်း[284] ဖော်ပြထားပြီး တစ်ခုတွင် မြေယာများကို မည်သည့်အတွက် အသုံးပြုသည်ကို တိကျစွာဖော်ပြထားခြင်းမရှိပါ။[285]

### ၃။ မြေအမျိုးအစား ခွဲခြားခြင်း

အစီရင်ခံစာများကို ဝေဖန်သုံးသပ်သည့်အခါ KHRG အနေဖြင့် သိမ်းဆည်းခံ တစ်ဦးတစ်ယောက် ပိုင်မြေနှင့် သိမ်းဆည်းခံ အများပိုင်မြေအကြား ကွဲပြားခြားနားမှုကို ပိုမိုရှင်းလင်းစွာခွဲခြားရန် လိုအပ်သည်ကို တွေ့ရှိရပါသည်။ ဤသို့ခွဲခြားရာတွင် မြေယာသိမ်းဆည်းခံရသည့် နည်းလမ်းများ နှင့်မြေယာဆုံးရှုံးခြင်းကြောင့် ဒေသခံရွာသားများအပေါ် သက်ရောက်မည့် အချက်စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်။

### {က} ပုဂ္ဂလိက ပိုင်ဆိုင်သောမြေ

ဤအခန်းတွင် လူတစ်ဦးတစ်ယောက် သို့မဟုတ် မိသားတစ်စု၏ လက်ထဲတွင် ပိုင်ဆိုင်လုပ်ကိုင်နေသော မြေများကို စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများအတွက် သိမ်းဆည်းခြင်းနှင့် သက်ဆိုင်သော အဖြစ်အပျက်များကို တင်ပြပါမည်။ လူတစ်ဦးတစ်ယောက် သို့မဟုတ် မိသားတစ်စု၏ လက်ထဲတွင် ပိုင်ဆိုင်လုပ်ကိုင်နေသော မြေများဟု ဆိုရာတွင် ၎င်းတို့ပိုင်ဆိုင်ကြောင်း ရွာသားများက အသိအမှတ်ပြုထားသောမြေ၊ သို့မဟုတ် မြန်မာအစိုးရ သို့မဟုတ်ကေအဲန်ယူ[286]ထံ မြေယာပိုင်ဆိုင်ကြောင်း တရားဝင် မှတ်ပုံတင်ထားခြင်း ပြုလုပ်ထားသော မြေများဖြစ်ပါသည်။ စိုက်ပျိုးရေးအတွက် အသုံးပြုရန် သိမ်းဆည်းသောမြေများနှင့် ပတ်သက်သော အမှုအခင်း (၂၀)ခုတွင် (၁၁)ခုသည် ပုဂ္ဂလိက ပိုင်ဆိုင်သောမြေများဖြစ်ပါသည်။[287] ဤကဲ့သို့ လူတစ်ဦးတစ်ယောက်ချင်း ပိုင်ဆိုင်သော မြေများအား စိုက်ပျိုးရေးစီမံကိန်းများအတွက် သိမ်းဆည်းခြင်းကို

[278] source #18. တွင်ကြည့်ရှုနိုင်။
[279] source #86 တွင်ကြည့်ရှုနိုင်။
[280] source #40 တွင်ကြည့်ရှုနိုင်။
[281] source #36 တွင်ကြည့်ရှုနိုင်။
[282] source #88 တွင်ကြည့်ရှုနိုင်။
[283] အထက်ပါအတိုင်း
[284] sources #88 and #36 တွင်ကြည့်ရှုနိုင်။
[285] source #54 တွင်ကြည့်ရှုနိုင်။
[286] အစိုးရထံမှ မြေပိုင်ဆိုင်ခွင့်အထောက်အထား ပေးအပ်ခြင်း နှင့် ပတ်သက်၍သိလိုလျှင် source #30 တွင်ကြည့်ရှုနိုင်ပြီး ကေအဲန်ယူ မှမြေပိုင်ဆိုင်ခွင့်အထောက်အထား ပေးအပ်ရန်လုပ်ဆောင်ခြင်းကို sources #11, 46 တို့တွင်ကြည့်ရှုနိုင်ပါသည်။
[287] sources #42, #75, #23, #29, #88, #76, #54, #40 and #36. တွင်ကြည့်ရှုနိုင်။

သထုံ၊[288] ညောင်လေးပင်၊[289] မြိတ်-ထားဝယ်၊[290] တောင်ငူ၊[291] ဖာပွန်၊[292] နှင့် ဘားအံ[293] ခရိုင်များတွင် တွေ့ရှိရကြောင်း မှတ်တမ်း တင်ထားပါသည်။ လူတစ်ဦးချင်းပိုင်ဆိုင်သောမြေများသိမ်းဆည်းမှုကို အဓိကကျူးလွန်သူများမှာ မြန်မာအစိုးရ ကိုယ်စားလှယ်များ၊[294] ကရင်နယ်ခြားစောင့်တပ်များ၊[295] ချမ်းသာသော ပုဂ္ဂလိကသူဌေးများ၊[296] စသောသူတို့ဖြစ်ပါသည်။ ကေအဲန်ယူ/ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီ အဖွဲ့သည်လည်း အထက်ပါကဲ့သို့မြေယာသိမ်းဆည်းမှု (၂)ခု[297] တွင်ပါဝင်ပတ်သက်နေပြီး၊ တပ်မတော်၊[298] ကေအဲန်အယ်လ်အေ[299] နှင့် စီးပွားရေးလုပ်ငန်းတစ်ခု[300]သည်လည်း မြေယာသိမ်းဆည်းမှု (၁)ခုစီတွင်ပါဝင် ပတ်သက်နေပါသည်။

ဘားအံခရိုင်အတွင်း ဖြစ်ပွားသော အဖြစ်အပျက် တစ်ခုတွင်မူ စန်းမြအောင် နှင့် ဦးအောင်မြတို့သည် လယ်သမား ၆ဦးထံမှ လယ်မြေဧက ၈ ဧက မှ ၁၃ဧကအထိကို သိမ်းယူခဲ့ပါသည်။[301] ဤကဲ့သို့သိမ်းယူနိုင်ရန် စန်းမြအောင်နှင့် ဦးအောင်မြတို့သည် ကေအဲန်ယူ/ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီအုပ်ချုပ်ရေးဌာန မှ ထိပ်တန်းအရာရှိအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြပါသည်။

မြန်မာနိုင်ငံအရှေ့တောင်ဘက်ရှိ လယ်သမားများနှင့် ရွာသားများသည် ၎င်းတို့လုပ်ကိုင်နေသော မြေယာများ အတွက် မြေယာပိုင်ဆိုင်ခွင့် အထောက်အထား သက်သေခံစာရွက်စာတမ်း ရရှိရန် ခက်ခဲလျက်ရှိပါသည်။ မြန်မာနိုင်ငံဥပဒေအရ နိုင်ငံတော်သည် မြေယာများအားလုံးကို အကြွင်းမဲ့ပိုင်ဆိုင်သည်[302] ဟုဆိုသော်လည်း လက်ရှိအချိန်ထိ မြန်မာနိုင်ငံအရှေ့တောင်ဘက်တွင် မြေယာများကို အစိုးရမှ ထုတ်ပေးသော အထောက် အထားမရှိပဲ မိရိုးဖလာဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်း လုပ်ကိုင်ခဲ့သည့် စနစ်ကိုသာ ကျင့်သုံးလျက်ရှိပါသည်။ ဤမြေများကိုစီမံခန့်ခွဲရန် အစိုးရမှလည်း လက်လှမ်းမီခြင်း မရှိပါ။[303] သို့သော်၂၀၁၂ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော အပစ်အခတ်ရပ်စဲရေး နှင့် မြေယာဥပဒေအသစ် ထွက်ပေါ်လာခြင်းစသည့်အချက်များ အပါအဝင် ပြောင်းလဲလာသော အခြေအနေများသည် မိရိုးဖလာဘိုးဘွားစဉ်ဆက် အသုံးပြုလာသော မြေယာပိုင်ဆိုင်

[288] source #42. တွင်ကြည့်ရှုနိုင်။
[289] source#54 တွင်ကြည့်ရှုနိုင်။
[290] source #23. တွင်ကြည့်ရှုနိုင်။
[291] source #88. တွင်ကြည့်ရှုနိုင်။
[292] sources #40 and #36. တွင်ကြည့်ရှုနိုင်။
[293] sources #75, #29 and #76 တွင်ကြည့်ရှုနိုင်။
[294] sources #42, #88, #54 တွင်ကြည့်ရှုနိုင်။
[295] sources #42, #29, #76 and #36. တွင်ကြည့်ရှုနိုင်။
[296] sources #42, #75, #23 and #54. တွင်ကြည့်ရှုနိုင်။
[297] sources #75 and #76. တွင်ကြည့်ရှုနိုင်။
[298] source #88. တွင်ကြည့်ရှုနိုင်။
[299] source #75. တွင်ကြည့်ရှုနိုင်။
[300] source #42. တွင်ကြည့်ရှုနိုင်။
[301] source#75. တွင်ကြည့်ရှုနိုင်။
[302] ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၀၈ စက်တင်ဘာလ။ အခန်း ၁ အပိုဒ် ၃၇ (က)
[303] TNI, *Access Denied: Land Rights and Ethnic Conflict in Burma,* May 2013, p. 2.

ခွဲဝေမှုစနစ်အတွက် အဓိကစိန်ခေါ်မှုဖြစ်စေပါသည်။ ဥပမာအားဖြင့် ၂၀၁၂ခုနှစ်တွင် ထုတ်ပြန်သော လယ်ယာမြေဥပဒေတွင် မြေယာသုံးစွဲခွင့် အထောက်အထားစာရွက်[304] ကိုအသုံးပြုပြီး မြေယာများကို တရားဝင်ရောင်းဝယ်ငှားရမ်းခြင်း ပြုလုပ်နိုင်ကြောင်းကို ဖော်ပြထားပါသည်။ ဤကဲ့သို့မြေယာများကို ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ပြုခြင်းအပေါ် မြန်မာနိုင်ငံလူ့အခွင့်အရေး ကျွမ်းကျင်သူများက ပြင်းထန်စွာ ဝေဖန်ထောက်ပြကြပါသည်။ အဘယ်ကြောင့်ဆိုသော် ဤဥပဒေတွင် ဒေသခံကျေးလက်ပြည်သူဆင်းရဲသားများ တင်ပြသောမြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် အထောက်အထားကို လျစ်လျူရှုထားပြီး အကြီးစား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကို အသာစီးရစေသောကြောင့်ဖြစ်ပါသည်။[305] အချို့ရွာသားများအတွက် ၎င်းတို့ပိုင်ဆိုင်သောမြေများကို တရားဝင်မှတ်ပုံတင်ရန် အရေးတကြီးလုပ်ဆောင်ရန် လိုအပ်နေပါသည်။[306] အခြားတစ်ဖက်တွင်မူ မြန်မာနိုင်ငံ၏ လက်ရှိထုတ်ပြန်လိုက်သော မြေယာဥပဒေသည် လူ့အခွင့်အရေးအပေါ် ဆိုးကျိုးသက်ရောက်နေသည်ကို အပူတပြင်းမေးခွန်းထုတ်လျက်ရှိပါသည်။

### {ခ} အများဘုံပိုင် မြေများ

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ မှ ၂၀၁၅ခုနှစ် ဇန်နဝါရီလ အတွင်း အများပိုင်မြေများ သိမ်းဆည်းမှု ၇ခုကို KHRG မှ မှတ်တမ်းတင်ခဲ့ပါသည်။[307] ဤမြေယာသိမ်းဆည်းမှုများကို မြန်မာနိုင်ငံ အရှေ့တောင်ဘက်ရှိ KHRG မှ ကွင်းဆင်းလေ့လာမှုပြုသော နယ်မြေဒေသ (၇)ခုအနက် (၄)ခုတွင် ဖြစ်ပေါ်သောအခြေအနေကို မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။ ထိုနယ်မြေဒေသ (၄)ခုမှာ သထုံ၊[308] ညောင်လေးပင်၊[309] ဒူးပလာယာ[310] နှင့် ဘားအံ[311] ခရိုင် စသည်တို့ဖြစ်ပါသည်။ စိုက်ပျိုးရေးအတွက် မြေယာသိမ်းဆည်းသူများမှာ မြန်မာအစိုးရ အရာရှိများ၊[312] ကရင်နယ်ခြားစောင့်တပ်များ၊[313] ဒီကေဘီအေ၊[314] ကေအဲန်ယူ/ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီ[315] နှင့် အမည်ဖော်ပြခြင်းမရှိသော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့[316] တို့ဖြစ်ပါသည်။ မြေယာသိမ်းဆည်းမှုအကြောင်း

---

304 TNI, *Access Denied: Land Rights and Ethnic Conflict in Burma,* May 2013, p. 3.

305 အစိုးရမှ အကာအကွယ်ပေးမှု မရှိခြင်း အကျင့်ပျက်ခြစားမှုများပြားခြင်း စသည်တို့သည် ငွေကြေးတတ်နိုင်သူများအား အားသာစေပြီး ဆင်းရဲသော ကျေးလက်နေပြည် သူများအပေါ်လွှမ်းမိုးနိုင်ပါသည်။ ပိုမိုသိလိုပါက TNI, *Access Denied: Land Rights and Ethnic Conflict in Burma,* May 2013. တွင်ကြည့်ရှုနိုင်ပါသည်။

306 ဥပမာတစ်ခုတွင် တနေဆာမြို့နယ်မှရွာသူကြီး တစ်ဦးသည် ၎င်းနယ်မြေအတွင်းရှိမြေများကို တရားဝင်မှတ်ပုံတင်ခွင့်ရရှိရန် လုပ်ဆောင် ပါသည်။ ဤကဲ့သို့ တရားဝင်အထောက်အထားရရှိလျှင် မြေသိမ်းဆည်းမည့်သူများအား မြေပိုင်ဆိုင်ကြောင်း ပြသနိုင် မည်ဖြစ်ပါသည်။ အပြည့်အစုံကို source #18 တွင်ကြည့်ရှုနိုင်ပါသည်။ မိမိတို့ပိုင်မြေများ သိမ်းဆည်းခြင်းမခံရစေရန် အစိုးရထံ တရားဝင်မြေပိုင်ဆိုင် ကြောင်း လျှောက်ထားခြင်း အကြောင်းသိလိုလျှင် ဤအစီရင်ခံစာအား အခန်း ၃ တွင်ကြည့်ရှုနိုင်ပါသည်။

307 source #2, #76, #51, #43, #54, #56 and #62 တွင်ကြည့်ရှုနိုင်။

308 source #42 တွင်ကြည့်ရှုနိုင်။

309 source #54 တွင်ကြည့်ရှုနိုင်။

310 source #51, 62. တွင်ကြည့်ရှုနိုင်။

311 source #2, 43, 56 တွင်ကြည့်ရှုနိုင်။

312 source #2, 42, 54, 56 တွင်ကြည့်ရှုနိုင်။

313 source #42, 51, 62 တွင်ကြည့်ရှုနိုင်။

314 source #62 တွင်ကြည့်ရှုနိုင်။

315 source #43, 62. တွင်ကြည့်ရှုနိုင်။

316 source #56 တွင်ကြည့်ရှုနိုင်။

မှတ်တမ်း (၇)ခုတွင် (၆)ခု၌ မြေယာသိမ်းဆည်းသူများကို ချမ်းသာကြွယ်ဝသောလုပ်ငန်းရှင်များ သို့မဟုတ် ပုဂ္ဂလိက ကုမ္ပဏီများ အဖြစ်ဖော်ပြထားပြီး[317] မှတ်တမ်းတစ်ခုတွင်သာ ပုဂ္ဂလိကလုပ်ငန်းများနှင့် မပတ်သက်ကြောင်း[318] ဖော်ပြထားပါသည်။ ဤမြေယာသိမ်းဆည်းမှုများတွင် အစိုးရသို့မဟုတ် ကရင်နယ်ခြားစောင့်တပ်များမှ မြေများကို ချမ်းသာကြွယ်ဝသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ကုမ္ပဏီများသို့ ပြန်လည်ရောင်းချပေးခြင်းဖြစ်ပါသည်။[319]

မြန်မာနိုင်ငံ အရှေ့တောင်ဘက်တွင် ရွာသားများခွဲဝေအသုံးပြုကြသော သစ်တောမြေ၊ စားကျက်မြေ၊ နှင့် ရွာသားများအတူတစ်ကွ မျှဝေသုံးစွဲသော အများပိုင် ဘုံ မြေများသည် ရွာသားများမြေယာပိုင်ဆိုင်ခွင့်အတွက် အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်ပါသည်။ အများပိုင်မြေများကို ကာကွယ်ရန်လွန်စွာအရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ရွာသားများက ၎င်းတို့ ထင်းနှင့်ဝါး၊အင်ဖက် စသည့် အိမ်အသုံးအဆောင်များရှာဖွေရန် မျှဝေသုံးစွဲကြသော သစ်တောမြေများ စိုက်ပျိုးရေးစီမံကိန်းများ လုပ်ဆောင်ရန်အတွက် သိမ်းဆည်းခံရကြောင်းကို မကြာခဏထုတ်ဖော်ပြောဆိုကြသောကြောင့်ဖြစ်ပါသည်။ ဤကဲ့သို့ သိမ်းဆည်းမှုများကြောင့် ရွာသားများသည် အများပိုင်သစ်တောမြေများသို့ သွားရောက်နိုင်ခြင်း မရှိတော့သဖြင့် ရွာသားများ၏ စားဝတ်နေရေးအတွက် ဆိုးကျိုးများဖြစ်ပေါ်စေပါသည်။[320]

စီးပွားဖြစ်စိုက်ပျိုးရေးအဖြစ် ရည်ရွယ်သော မြေယာသိမ်းဆည်းမှုနှင့် ဆိုင်သောအစီရင်ခံစာထဲတွင် ဖော်ပြချက်အရ ဒေသခံရွာသားများဖော်ပြသည်မှာ ကရင်နယ်ကြားစောင့်တပ် တပ်ရင်းအမှတ် ၁၀၁၂၊ ဒီကေဘီအေ နှင့် ကေအဲန်ယူ/ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီ တို့မှ အများသုံးမြေများအားသိမ်းယူ၍ တစ်ဦးချင်းကြွယ်ဝချမ်းသာသူများထံ ပြန်လည် ရောင်းချခဲ့ကြသည်။[321] ဤဥပမာတွင်ရွာသားများ၏ မှတ်သားထားချက်အရ အပြိုင်အဆိုင် လုပ်ဆောင်နေကြသော ပြစ်မှုကျူးလွန်သူများနှင့် ထပ်တူရင်နှီးမြှုပ်နှံမှုများသည် ရွာသားများအတွက် ၎င်းတို့၏ အများပိုင်မြေများကို ဆက်လက်ထိန်းသိမ်းထားရန် အလွန်ပင်အခက်အခဲဖြစ်စေပါသည်။[322] အထူးသဖြင့် သစ်တောမြေနေရာများကို ပတ်ဝန်းကျင်ဒေသခံများ

---

[317] ချမ်းသာကြွယ်ဝသော ပုဂ္ဂလိက လုပ်ငန်းရှင်များ ပါဝင်ပါတ်သက်မှုကို sources #54, 56, 62၊ ကုမ္ပဏီများပါဝင်ပါတ်သက်မှုကို source #2၊ အထက်ပါ ၂ဖွဲ့လုံးပါဝင်ပါတ်သက်မှုကို sources #42, 51 စသည်တို့တွင် ကြည့်ရှုနိုင်ပါသည်။

[318] source #43 တွင်ကြည့်ရှုနိုင်။

[319] မြန်မာအစိုးရနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအကြား ပူးပေါင်းလုပ်ဆောင်မှုကို source #2, 42,54၊ မြန်မာအစိုးရနှင့် ကုမ္ပဏီများ ပူးပေါင်းလုပ်ဆောင်မှုကို source #2, 54၊ ကရင်နယ်ခြားစောင့်တပ်နှင့် ချမ်းသာသော ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းလုပ်ဆောင်မှုကို source #51, 62 တို့တွင်ကြည့်ရှုနိုင်ပါသည်။

[320]. ဥပမာကို source #62 တွင်ကြည့်ရှုနိုင်ပါသည်။ ဤအခန်းတွင်ပါဝင်သော စားဝတ်နေရေး ဆိုသည့်အခန်းငယ်ကိုလည်းကြည့်ရှုပါ။

[321] source #62 တွင်ကြည့်ရှုပါ။ ဤပြစ်မှုနှင့်ပတ်သက်၍ တိုက်ရိုက်ပြောသောစကားအပြည့်အစုံ၊ အစိုးရ ကျောထောက်နောက်ခံပြုထားသော အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းလိမ်လည်မှုများ၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ယေဘုယျကြောင်းအရာများ နှင့် အခြားသောအကြောင်းအရာများအသေးစိတ်ကို ဆက်လက်သိရှိလိုပါက ဘောင်ထဲတွင် ဖော်ပြထားသော အခန်းတွင်ကြည့်ရှုပါ။ ပြည်နယ်အစိုးရ ဝန်းကြီးများ နှင့် တစ်ဦးချင်းစီးပွားရေး ရင်းနှီးမြှုပ်နှံသူများ ပူးပေါင်းလိမ်လည်ကြံစည်မှုများနှင့်ဆိုင်သော ပြောင်းလဲဖြစ်ပေါ်မှုများဆိုင်ရာဖော်ပြချက်များ တွင်ဆက်လက်ဖတ်ရှုပါ။

[322] ဤထူးခြားသောဖြစ်ရပ်တွင် ရွာသားများသည် ၎င်းတို့သိထားသော "သစ်တောမြေ" များကို ၎င်းတို့၏ "တောင်ယာမြေ" များအဖြစ်အသုံးပြုပြီး ၎င်းတို့၏အိမ်ဆောက်လုပ်ရေးဆိုင်ရာ သစ် ဝါး နှင့် ဖက်များအတွက်လည်းဤသစ်တောကိုပင်မှီခိုကြသည်။

ခလေ့ထုံးစံအရကျင့်သုံးလာသော သစ်တောမြေနေရာ ဆိုင်ရာကျင့်ထုံးများသည် မြန်မာနိုင်ငံတွင် တရားဝင်မြေယာကာကွယ်မှုများ၊ 'ပတ်ဝန်းကျင်မှီခိုရန်သစ်တော' များအတွက် တရားဝင်မှတ်ပုံတင်ခြင်း၊ ပတ်ဝန်းကျင် ဒေသခံများမှီခိုရန် မြေနေရာ အခွင့်အရေးဆိုင်ရာ အာမခံချက်များ၊ "ဒေသခံများ စာဝတ်နေရေးအတွက် အထောက်အကူပြုဖြစ်စေရန် သစ်တောများအား အသုံးပြုစေခြင်း တို့အတွက် လုပ်ဆောင်လျက်ရှိသည်။"[323] ဤသတ်မှတ်ပြဌာန်းထားချက်များ တရားဝင် ဖန်တီးပေးသော်လည်း အများသုံးမြေအား သိမ်းဆည်းသည့်ဖြစ်ရပ် (၄) ခုတွင် ရွာသားများ အတိအကျ ဖော်ပြသည်မှာ ၎င်းမြေယာသည် သစ်တောမြေယာအဖြစ် ယခင်ကန့်သတ်ခံထားခဲ့ရသည်။[324] သထုံခရိုင်ရှိ KHRG ကွင်းဆင်းလုပ်သားများမှ ဖော်ပြချက်အရ ကန့်သတ်သစ်တောဧရိယာရှိ ဖောကြိုးပိုင်း နှင့် ဖားပေါ်တွင်း သစ်တောမြေအား တစ်ဦးချင်းစီးပွားရေးသမားများက အစိုးရ၏ခွင့်ပြုချက်အားဖြင့် သိမ်းယူခဲ့ကြသည်။

*"ပုဂ္ဂလိက ချမ်းသာသူများဖြစ်သော ဝင်းလှိုင် နှင့် သောင်းထိန် တို့သည် အနှစ် ၃၀ မြေလုပ်ကိုင်ခွင့်ကိုအစိုးရထံတင်ပြလျှောက်ထားခဲ့ပြီး အစိုးရမှ၎င်းတို့အား ဖောကြိုးပိုင်း နှင့် ဖားပေါ်တွင်းရှိ စ--- ရွာ၊ တ---ရွာ နှင့် လ---ရွာတည်ရှိသော သစ်တောမြေအဖြစ်သတ်မှတ်ထားသည့် မြေနေရာတွင် လုပ်ကိုင်ခွင့်ပေးခဲ့သည်။ စုစုပေါင်းအားဖြင့် ဧက၅၀၀ ရှိသော မြေများကို မြန်မာအစိုးရမှ ချမ်းသာသော စီးပွားရေးသမားအား ပေးအပ်ခဲ့သည်... ယခုအခါတွင် ချမ်းသာကြွယ်ဝသောသူများသည် များသောအားဖြင့် အစိုးရထံမှ မြေများကို မြေလွတ်မြေရိုင်းများအဖြစ်လျှောက်ထားကြပြီး အစိုးရကထိုသူများအား လုပ်ကိုင်ခွင့် ပေးခဲ့သည်"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်းအခြေအနေတင်ပြချက်။ ဘားအံခရိုင်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၃ခုနှစ် ဇူလိုင်လတွင်လက်ခံရရှိပါသည်။)[325]

ကရင်နယ်ခြားစောင့်တပ် နှင့် ပုဂ္ဂလိက ချမ်းသာသူများအတွင်း ပူပေါင်းလုပ်ကိုင်မှုများအတွက် သာဓကကိစ္စများတွင် ရွာသားများမှ တဖန် ထပ်မံဖော်ပြသည်မှာ သစ်တောပိုင်မြေအဖြစ် သတ်မှတ်ထိန်းသိမ်းထားသော သစ်တောမြေများသည် ရောင်းစားခြင်းခံခဲ့ရသည်။

---

ရွာသားများဖော်ပြသည်မှာ လက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ဒေသအတွင်းဝင်ရောက်ပြီး ၎င်းသစ်တောများကို ၎င်းတို့၏မြေကွက်အဖြစ်တိုင်းယူပြီး အခြားသောတစ်ဦးချင်းကြွယ်ဝချမ်းသာသောသူများထံပြန်လည်ရောင်းစားခဲ့သည်။ ဒေသခံကွင်းဆင်းလုပ်သားမှအဆုံးသတ်ပြောဆိုသည်မှာ "ကရင်အမျိုးသားတပ်မတော် နဲ့ မြန်မာတပ်မတော်ပဲရှိတုန်းက သစ်တောတွေကိုကာကွယ်ဖို့လွယ်သေးတယ်။အခုတော့လက်နက်ကိုင်အဖွဲ့အစည်းတွေအများကြီးပဲ၊ တချို့က ပြောတယ် သစ်တောတွေက ရာဘာစိုက်ခင်တွေ လို့တောင်ခေါ်လို့ရတယ် "အစီရင်ခံစာကိုအပြည့်အစုံကို Source# 62 တွင်ကြည့်ရှုပါ။

323 ၁၉၉၅ မြေယာပေါ်လစီ သုံးသပ်ချက်အပြည့်အစုံဖတ်ရှုရန်၊ ၁၉၉၆ သစ်တောမြေလုပ်ကိုင်မှုအစီအစဉ်၊ ၁၉၉၅ ခုနှစ် ပတ်ဝန်းကျင်မှီခိုသစ်တောဆိုင်ရာပို့ချချက်များအား BEWG, မြန်မာ့ပတ်ဝန်းကျင်၊ လူများ၊ ပြဿနာများ၊ ပေါ်လစီများ၊ ၂၀၁၁၊ ၃၄-၃၅.

324 sources #42, #51, #54 and #62 တွင်ကြည့်ရှုပါ။

325 source #42 တွင်ကြည့်ရှုပါ။

*"အချို့သော BGF အဖွဲ့ဝင်များမှာ အခြားဒေသမှလာသော စီးပွားရေးသမားများနှင့်ပူးပေါင်း၍ သစ်တော မြေနေရာများအားတစ်ဧကလျှင် ၂၇၀၀၀ ကျပ်ဖြင့်ရောင်းရာ ယခုမှာ သစ်တောမြေ အဖြစ်ထိန်းသိမ်းထားသော မြေနေရာအများမှာ ကုန်လုနီးပါးဖြစ်နေပါသည်။ နိုဝင်ဘာလ ၃၀ ရက် ၂၀၁၂ ခုနှစ်တွင် ၎င်းတို့သည် မူးဝါးရွာအနီး ထိန်းသိမ်းထားသောသစ်တောမြေဧက ၁၀၀ ဧက ရောင်းစားခဲ့ပြီး ကျန်ရှိနေသော သစ်တော မြေနေရာ အဖြစ်ထိန်းသိမ်းထားသော မြေများသည်လည်း ရာဘာခြံသစ်များဖြစ်ပြောင်းလဲသွားခဲ့ကြသည်"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်းအခြေအနေတင်ပြချက်၊ ကျုံဒိုးမြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် လက်ခံရရှိပါသည်)[326]

မြန်မာအစိုးရအရာရှိများနှင့် ပုဂ္ဂလိက ပူးပေါင်းလုပ်ဆောင်သူများသည် ၎င်းတို့မြေသိမ်းယူစဉ် အသုံးပြုသောနည်းလမ်းတစ်ခုမှာ အများပိုင်မြေများအား မြေလွတ်မြေရိုင်းအဖြစ်သတ်မှတ်ပြီး စီးပွားဖြစ်စိုက်ပျိုးရေးများအတွက် ရည်ရွယ်သိမ်းယူလေ့ရှိသည်။[327] အစီရင်ခံစာတစ်ခုတွင် ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ အစိုးရပြုလုပ်ခဲ့သော အချက်တစ်ချက် အားဖော်ပြသည်မှာ၊

*"အစိုးရက ရောင်းလိုက်တဲ့မြေတွေထဲမှာ တစ်ချို့ ရွာသားမြေတွေပါတယ်၊ ရွာသားတွေရဲ့ဒညင်းခြံအပါအဝင်၊ ဒေသခံလယ်မြေနေရာနဲ့ သစ်တောရဲ့မြေနေရာအချို့ပါတယ်၊ ဒါပေမဲ့ အစိုးရက ဒီမြေနေရာတွေကို မြေလွတ်မြေရိုင်းလို့ သတ်မှတ်ခဲ့တယ် ပြီးတော့ ဒီမြေတွေကို သူတို့ စီးပွားရေးသမားနဲ့ ဦးပိုင် ကုမ္ပဏီတွေကိုရောင်းလိုက်တယ်"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်းအခြေအနေတင်ပြချက်၊ ကျောက်ကြီး၊ ရွှေကျင်မြို့နယ်၊ ညောင်လေးပင်ခရိုင်၊ ပဲခူးဒေသအရှေ့ပိုင်း (၂၀၁၃ခုနှစ် စက်တင်ဘာလ တွင်လက်ခံရရှိပါသည်)[328]

[326] See source #51 တွင်ကြည့်ရှုပါ။

[327] သီးသန့်အစီရင်ခံစာသုံးစောင်တွင်ကိုးကားဖော်ပြသည်မှာ မြေများကိုမသိမ်းယူမီ ၎င်းမြေများကိုမြေလွတ်မြေရိုင်းများအဖြစ်သတ်မှတ်ခဲ့ကြပြီး သိမ်းယူခဲ့ကြသည်။ Source# 42, #54 and #56 တွင်ကြည့်ရှုပါ။

[328] Source #54 နှင့် Source #56 တွင်ကြည့်ရှုပါ။ ဥပမာအားဖြင့် ပုဂ္ဂလိကချမ်းသာကြွယ်ဝသောသူများ သိမ်းယူရန်မြေများကို မြေလွတ်မြေရိုင်းများအဖြစ်သတ်မှတ်ခြင်း။

ပြည်နယ်အစိုးရများ ဤကဲ့သို့ လုပ်ဆောင်နိုင်ခြင်းမှာ မြေယာများကို မြေလွတ်မြေရိုင်းအဖြစ်သတ်မှတ်ခြင်း မြန်မာမြေယာဥပဒေသစ်နှင့်အညီ မြေရိုင်း၊ မြေလွတ်၊ အသုံးမပြုရသေးသောမြေစီမံခန့်ခွဲမှု ဥပဒေများအရ လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။[329] ထိုမြေယာဥပဒေများသည် ဒေသခံများမှ ဓလေ့ထုံးစံအရလက်တွေ့ ကျင့်သုံးလာခဲ့သော စည်းမျဥ်းစည်းကမ်းများအား အသိအမှတ်ပြုခြင်းမရှိပါ။ ဤကဲ့သို့ မြေယာဥပဒေများသည် မြန်မာအစိုးရတွင်း ခြစားမှုများ နှင့်အတူဖြစ်ပေါ်လျက်ရှိသည်ကို ရွာသားများမှ ထိုမြေယာဥပဒေနှင့် ဆိုင်သော ချိုးဖောက်မှု ဥပမာများအားတင်ပြခဲ့သည်။[330]

## ၄။ နောက်ဆက်တွဲပြဿနာများ

KHRG မှစီစစ်ထားသောအစီရင်ခံစာများအရ ရွာသားများဖော်ပြသည်မှာ စားဝတ်နေရေးပြဿနာများ၊ ကြမ်းကြုတ်သောခြိမ်းခြောက်မှုများ၊ ပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုများနှင့် အဓမ္မစေခိုင်းမှုများသည် စီးပွားဖြစ် စိုက်ပျိုးရေးအတွက် ရည်ရွယ်သော မြေသိမ်းဆည်းမှုများမှ ထွက်ပေါ်လာသောအခြေခံနောက်ဆက်တွဲပြဿနာ များဖြစ်ပါသည်။ ရွာသားများဖော်ပြသည်မှာ စားဝတ်နေရေးပြဿနာသည် အဓိကကျသော နောက်ဆက်တွဲ ပြဿနာဖြစ်ပြီး ရွာသားများတင်ပြသော အစီရင်ခံစာ (၂၁) စောင်အနက် (၁၅) စောင်တွင်ဖော်ပြသည်မှာ ဤနည်းအားဖြင့်မြေသိမ်းဆည်းမှုများသည် ရွာသားများ၏ စားဝတ်နေရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်စေပါသည်။[331] နှိုင်းယှဥ်ကြည့်လျှင် ကြမ်းကြုတ်သော ခြိမ်းခြောက်မှုများရင်ဆိုင်ရသည့် ဖြစ်ရပ်နှစ်ခု[332]၊ ပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများဆိုင်ရာဖြစ်ရပ်တစ်ခုစီ[333]နှင့် အဓမ္မစေခိုင်းမှုများ[334] သည် ဤအစီရင်ခံစာတင်ပြခဲ့သောအချိန်တွင် မှတ်တမ်းတင်ခဲ့သည်။

---

[329] ကျွန်တော်တို့၏ သုတေသနပြုရာနေရာတွင်ရွာသားများပွင့်လင်းစွာမဖော်ပြသော်လည်း မြေလွတ်၊ မြေရိုင်း နှင့် အသုံးမပြုရသေးသောမြေယာဥပဒေသည် ကျယ်ပြန့်သော လူ့အခွင့်အရေးဆိုင်ရာ မြေယာအခွင့်အရေးများဖြင့်သတ်မှတ်ခြင်းခံရပြီး ပတ်ဝန်းကျင်ဆိုင်ရာနှင့် ဓလေ့ထုံးတမ်းအစဉ်အလာအရမြေယာသုံးစွဲမှုစနစ် များကို မြန်မာနိုင်ငံမြေယာဥပဒေတွင်လည်း ထည့်သွင်းစဉ်းစားရန်ဆုံးဖြတ်သင့်သည်။ ရွာသားများမှ ဖြစ်ပွားမှုအပေါ်ပွင့်လင်းစွာ ဖော်ပြသည်မှာ မြန်မာအစိုးရအမှုဆောင်နှင့် ပုဂ္ဂလိကချမ်းသာကြွယ်ဝသောသူများရင်းနှီးမြှုပ်နှံမှုများသည် မြေများကို မြေလွတ်မြေရိုင်းအဖြစ် သတ်မှတ်ပြီး အကြောင်းပြချက်များဖြင့် မြေသိမ်းဆည်းမှုများသည် ရွာသားများ၏ ဓလေ့ထုံးတမ်းအရမြေယာသုံးစွဲမှုစနစ် အတွက် အထောက်အကူ မပြုကြောင်း ညွှန်ပြနေသည်။(မြေသိမ်းဆည်းမှုများသည် ဥပဒေပြဋ္ဌာန်းမှုများနှင့်ညီသည်ဖြစ်စေ မညီသည်ဖြစ်စေ ဒေသခံများဆုံးဖြတ်ခွင့်မရပါ။) မြေယာဥပဒေအပြည့်အစုံကို နိုဝင်ဘာလ ၁၀ ရက် ၂၀၁၂ ခုနှစ်တွင်ထုတ်ပြန်သော မြေလွတ်၊ မြေရိုင်း နှင့် အသုံးမပြုရသေးသော မြေများဥပဒေ (မြေလွတ်မြေလပ် နှင့်မြေရိုင်းများ အသုံးပြုမှုဥပဒေ)တွင်ကြည့်ရှုပြီး၊ မြေယာဥပဒေ စီစစ်ချက်အပြည့်အစုံကို ဥပမာအနေဖြင့် Food Security Land Core Group, Legal Review of Recently Enacted Farmland Law and Vacant, Fallow and Virgin Lands Management Law: Improving the Legal and Policy Frameworks Relating to Land Managament in Myanmer, 2012.တွင်ကြည့်ပါ။

[330] ဥပမာဖြစ်ရပ်တစ်ခုအဖြစ် သထုံခရိုင်တွင် အစိုးရမှမြေဧက ၅၀၀ ကိုပုဂ္ဂလိကချမ်းသာကြွယ်ဝသောသူနှစ်ဦးအား ငှားရမ်းခဲ့ပြီး ၎င်းသူနှစ်ဦးမှ အစိုးရ၏ မြေလွတ်မြေရိုင်းဟု ထွက်ဆိုမှုအပေါ်မြေအငှားချမှုတွင် စုံစမ်းစစ်ဆေးခြင်းများ မရှိပါ။ ဤဖြစ်ရပ်တွင် ထိုမြေယာဧက ၅၀၀ သည် ကာကွယ်ထားသော သစ်တော မြေနေရာတွင်တည်ရှိပြီး ဒေသခံရွာသားများ၏ ဓလေ့အရ လုပ်ကိုင်စားသောက်သော မြေနေရာများပါဝင်သည်။ အသေးစိတ်သိရှိလိုပါက Source #42 တွင်ကြည့်ရှုပါ။

[331] sources #2, #42, #51, #9, #23, #29, #87, #88, #76, #43, #54, #40, #56 and #62 တွင်ကြည့်ရှုပါ။

[332] sources #75 and #76 တွင်ကြည့်ရှုပါ။

[333] source #51 တွင်ကြည့်ရှုပါ။

[334] source #42 တွင်ကြည့်ရှုပါ။

### {က} စားဝတ်နေရေးနှင့်ဆိုင်သောအကြောင်းအရာများ

စိုက်ပျိုးရေး စီမံကိန်းများနှင့်ဆိုင်သော မြေသိမ်းဆည်းမှုများသည် ရွာသားများအပေါ် နည်းမျိုးစုံဖြင့် ဆိုးကျိုးသက်ရောက်မှုများရှိပါသည်။ အထူးသဖြင့် ရွာသားများမြေယာဆုံးရှုံးမှုအား သိသာစွာ မြင်တွေ့နိုင်ခြင်း[335]နှင့် ရွာသားများ၏ ကျွဲနွား စသည့် ခြံမွေးတိရိစ္ဆာန်များကျက်စားရန် ကွင်းပြင်များဆုံးရှုံးခြင်း[336] တို့ပါဝင်သည်။ ၂၀၁၄ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုတွင် ဖော်ပြသည်မှာ မြေယာဆုံးရှုံးခြင်းသည် ဒေသခံရွာသားများအတွက် လုပ်ကိုင်ရန် မြေယာများဆုံးရှုံးခြင်းကို ဖြစ်ပေါ်စေသည်။ KHRG မှ ကွင်းဆင်းလုပ်သားတစ်ဦး ရှင်းလင်းတင်ပြချက်အရ

*"၂၀၁၄ ခုနှစ်တွင် မြန်မာအစိုးရ နအဖ[337] မှ ယခုအချိန်ထိ သိမ်းဆည်းထားသော မြေများမှာ ၂၅၀ မှ ၃၀၀ ဧက ထိရှိပြီးဖြစ်ပါသည်။ လိပ်သိုမြို့နယ် (မြို့နယ်ခွဲ)၊ သစ်ခွတောင်ရွာ နှင့် လက်ပအင်းကျေးရွာနေ ရွာသားများသည် ၎င်းတို့၏စားဝတ်နေရေးအတွက် ဥယျာဉ်ခြံစိုက်ပျိုးရေးများ လုပ်ကိုင်ကြသည်၊ ၎င်းတို့ဒေသတွင် ဖာလာ၊ ဒုညင်းနှင့် ကော်ဖီပင်များစိုက်ပျိုးလေ့ရှိသည်။ မြေများသိမ်းဆည်းခံရပြီးနောက် ၎င်းဒေသခံများသည် ယခုတွင်အလုပ်လက်မဲ့များဖြစ်သွားခဲ့ကြသည်။ ဤကဲ့သို့ဖြစ်ပေါ်မှုများကြောင့် မြေအသိမ်းခံမြေပိုင်ရှင်များသည် ၎င်းတို့၏စီးပွားရေး၊ လူမှုရေးအခြေအနေများ နှင့် စာဝတ်နေရေးများအတွက် ပြဿနာများလည်း ကြုံတွေ့နေရပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦး၏ နောက်ဆုံးရဒေသတွင်းအခြေအနေတင်ပြချက်၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ် အနောက်မြောက်ပိုင်း (၂၀၁၄ခုနှစ် ဇူလိုင်လ လက်ခံရရှိခဲ့ပါသည်။)[338]

အနီးစပ်ဆုံးမြေယာကိစ္စနှင့်ပတ်သက်၍ မြေယာသိမ်းဆည်းမှု ဖြစ်ရပ်အမျိုးမျိုးတွင် ရွာသားများသည် ၎င်းတို့၏ လယ်ယာမြေပေါ်တွင် ဆက်လုပ်ကိုင်ရန် အများအားဖြင့် ယင်းတို့၏ မြေများသိမ်းဆည်းခဲ့သူများထံမှ အခကြေးငွေ အများအပြား ပေးဆောင်ရပြီး၊ ၎င်းတို့၏ ဝင်ငွေဖြစ်ထွန်းမှုအတွက် ထိခိုက်မှုများ ဖြစ်ပေါ်လာပါသည်။[339] ပိုင်ကျုံမြို့နယ်၊ ဘားအံခရိုင်နေ အမျိုးသမီးတစ်ဦးသည် သူမပိုင်မြေပြန်လည်ရရှိရန် သူမ၏ စုဆောင်းထားသောရွှေများ နှင့် ခြံမွေးတိရိစ္ဆာန်များအား ရောင်း၍ ၎င်းငွေဖြင့် ပြန်လည်ဝယ်ယူခဲ့သည်။ (အောက်ပါပုံတွင်ကြည့်ပါ)[340]

[335] sources #51, #23, #112, #76, #54 (ဖြစ်ရပ်နှစ်ခုပါဝင်သော), #40 and #62 တွင်ကြည့်ရှုပါ။

[336] sources #9, #87, #43, #54, #56 and #62 တွင်ကြည့်ရှုပါ။

[337] ကရင်စကားတွင် မြန်မာအခေါ်အဝေါ် နအဖ သည် (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) ကိုဆိုလိုပြီး ၎င်းအခေါ်အဝေါ်သည် များသောအားဖြင့် မြန်မာအစိုးရ သို့အဟုတ် မြန်မာပြည်အစိုးရ တပ်မတော်ကိုဆိုလိုသည်။ ၎င်း နအဖ အခေါ်အဝေါ်သည် ၂၀၁၁ မတ်လတွင် တရားဝင်ရုပ်သိမ်းခံခဲ့ရသော်လည်း ကရင်ရွာသားများသည် နအဖ အခေါ်အဝေါ်ကို ယဉ်ပါးပြီး ဆက်လက်ခေါ်ဆိုသောစကားဖြစ်သည်။ "Mission Accomplished as SPDC 'dissolved'," Myanmar Times, April 4-10th 2011. တွင်ကြည့်ရှုပါ။

[338] Source #88 တွင်ကြည့်ရှုပါ။

[339] Sources #42 and #29 တွင်ကြည့်ရှုပါ။

[340] source #29 တွင်ကြည့်ရှုပါ။

စီးပွားဖြစ်စိုက်ပျိုးရေးအတွက် သိမ်းယူထားသော မြေများသည်လည်း ဒေသခံရွာသားများ၏ ဘဝရပ်တည်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုများ အနေဖြင့် ၎င်းတို့သုံးစွဲရန် ထင်းများစုဆောင်းရှာဖွေရာတွင် သွားလာမှုများအတွက် ချုပ်ချယ်မှုများ[341]နှင့် ဓလေ့ထုံးတမ်းအစဉ်အလာအရ အိမ်ဆောက်လုပ်ရန် ပစ္စည်းများရယူရန် အခက်အခဲများ[342] နှင့် ၎င်းတို့၏ ကျေးရွာဓလေ့ထုံးစံအားဖြင့် ခြံမွေးတိရစ္ဆာန်များ ကျက်စားရာ မြေနေရာများတွင် ၎င်းတို့၏ နွားများအားကျက်စားရန် လွတ်ထားခြင်းများ[343] အတွက်လည်း အခက်အခဲများ ဖြစ်စေပါသည်။ ဖားအံခရိုင်တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုတွင် ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ကွင်းဆင်းလုပ်သား တစ်ဦးမှ ကိုးကားဖော်ပြသည်မှာ ဒေသခံများ၏ အခြေအနေများအရ ၎င်းတို့၏ ခြံမွေးတိရိစ္ဆာန်များ ကျက်စားရန်မြေနေရာများနှင့် ဆောက်လုပ်ရေးများအတွက် ဒေသခံများမှီခိုသောသစ်တောများ ဆုံးရှုံးမှုများသည် ဒေသခံများအတွက်အဆိုးရွားဆုံးသော ထိခိုက်နစ်နာမှုများပင်ဖြစ်သည်။

"*ကျွန်တော် ဝါးနှင့် အင်ပင်တွေခုတ်လဲတဲ့အကြောင်း တင်ပြဖို့ဆန္ဒရှိပါတယ်။*[344] *ဒီနေရာတွေက အဲ့ဒီဒေသမှာနေတဲ့ဒေသခံတွေရဲ့ အစာရှာဖို့ (သစ်တောတွင်း ဟင်းသီးဟင်းရွက်ရှာရန် နှင့် အမဲလိုက်ရန်) စားဝတ်နေရေးအတွက် မှီခိုရတဲ့အတွက် ဒါတွေကတကယ်ဆိုးရွားတဲ့ သက်ရောက်မှုဖြစ်စေပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၈ ရက်မှာ ကျွန်တော် အ--- နှင့် ရ--- ရွာတွေမှာနေခဲ့တယ် ပြီးတော့ ရွာတစ်ရွာပြီး တစ်ရွာ သွားခဲ့တယ်၊ ဒါနဲ့ ကျွန်တော်ကြားလိုက်တယ် ဒီရွာသားတွေ သူတို့ဖက်လုပ်တဲ့ အင်ပင်တွေ ခုတ်လှဲခံထားခဲ့ရတာနဲ့ ပတ်သက်ပြီးတော့ ရွာသားတွေတော်တော်များများ စိတ်မကောင်းဘူးတဲ့.... တချို့ လူတွေက အင်တောမှ ဖက်ရွက်ကောက် ရောင်းကြပြီး အသက်မွေးဝမ်းကျောင်း ပြုကြတယ်။ ဖက်တစ်ရာကို ၅၀၀၀ ကျပ်ကနေ ၇၀၀၀ ကျပ်ထိရှိတယ် ဒါကြောင့် ကျွန်တော်ထင်တာကတော့ အင်ရွက်တွေ က ရွာသားတွေကိုတော်တော်အကျိုးပြုပုံရတယ်*"

KHRG ကွင်းဆင်းလုပ်သား တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေတင်ပြချက်၊ နဘူးမြို့နယ်၊ ဘားအံခရိုင်/ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၂ခုနှစ် ဒီဇင်ဘာလ တွင်လက်ခံရရှိခဲ့ပါသည်။)[345]

---

[341] sources #29, #87, #54, #56 and #62 တွင်ကြည့်ရှုပါ။

[342] sources #2, #76, #56 and #62 တွင်ကြည့်ရှုပါ။

[343] source #2 တွင်ကြည့်ရှုပါ။

[344] တလာအောပင် (အင်ပင်) သည်ကရင်အခေါ်အဝေါ်ဖြစ်ပြီး ၎င်းအပင်သည် ကျွန်းပင်သဖွယ်ရှိပြီး အရွက်ကြီးသည် ရွာသားများ၏ဓလေ့အားဖြင့် ၎င်းအပင်၏အရွက်များဖြင့်ဖက်လုပ်ပြီး အိမ်အမိုးမိုးကြသည်။

[345] source #2 တွင်ကြည့်ရှုပါ။

ဤခြားနားသော နောက်ဆက်တွဲပြဿနာများသည် များသောအားဖြင့် စီတန်းလျက်ရှိပြီး တစ်ခုနှင့်တစ်ခု ဆက်စပ်မှုများရှိသည်။ ဥပမာ- မြေသိမ်းဆည်းမှု နောက်ဆက်တွဲပြဿနာများအနေဖြင့် စားဝတ်နေရေးနှင့် ပတ်သက်သော ဖြစ်ရပ် (၁၅) ခုအနက် (၇) ခုမှာ အထက်တွင်ဖော်ပြခဲ့သော ဆိုးရွားသောအကျိုးသက်ရောက်မှု (၂) ခုခန့်ကို ဖော်ပြလျက်ရှိသည်။[346] ကျုံဒိုးမြို့နယ်၊ ဒူးပလာယာခရိုင် တွင်ဖြစ်ပွားခဲ့သော သစ်တောမြေများ သိမ်းဆည်းမှုတွင် လက်နက်ကိုင်အဖွဲ့အစည်းများပါဝင်ပြီး ၎င်းတို့သည် မြေများကို ပုဂ္ဂလိက ချမ်းသာသူများ ထံရောင်းချခဲ့ကြသည်။ ဤဖြစ်ရပ်တွင် မြေယာဆုံးရှုံးမှုသည် လယ်ယာမြေများတွင်လုပ်ကိုင်ရန်နှင့် အိမ်ဆောက်လုပ်ရန် သစ်တောများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပြီး ရွာသားများကိုလည်း အဝမ္ဗ ဝယ်ယူစေသည်။

*"မြေမရှိတဲ့ဆင်းရဲတဲ့သူတွေနဲ့ တောင်ယာလုပ်စားနေတဲ့သူတွေ လုပ်ကိုင်စားသောက်ဖို့ မြေမရှိတော့ဘူးလို့ ပြောလို့ရတယ်၊ ဘာလို့လဲဆိုတော့ ဒေသထဲမှာ လက်နက်ကိုင်အာဏာပိုင်တွေက အများကြီးပဲ၊ တစ်ချို့ ဖြစ်ရပ်တွေမှာ စစ်သားတွေနဲ့ ရွာသားအချို့ ပူးပေါင်းပြီး မြေတွေကိုတခြားဒေသကလာတဲ့ ချမ်းသာ ကြွယ်ဝတဲ့သူတွေဆီ ရောင်းလိုက်ကြတယ် ဒါနဲ့ချမ်းသာတဲ့သူတွေက အဲဒီမြေပေါ်မှာ ရာဘာပင် ပြန်စိုက်ကြတယ်။ ဒါကြောင့် ဒေသခံတွေအတွက် ခုတ်ထွင်စိုက်ပျိုးဖို့၊ ပြီးတော့ သစ်၊ ဝါး၊ အိမ်မိုးဖက်များရှာဖို့နဲ့ သူတို့အိမ်ဆောက်လုပ်တဲ့ နေရာမှာသုံးတဲ့ ခြံစည်းရိုးခတ်ဖို့တိုင်တွေခုတ်ဖို့ အခက်အခဲရှိတယ် အခုသူတို့ ဝါတစ်ချောင်းဝယ်ဖို့ ၅၀၀ ကျပ် နဲ့ ခြံစည်းရိုးခတ်တိုင်တစ်ချောင်းဆိုရင်လည်း ၅၀၀ ကျပ်ပေးရတယ်"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်းအခြေအနေတင်ပြချက်၊ ကျုံဒိုးမြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၄ခုနှစ် ဖေဖော်ဝါရီလတွင် လက်ခံရရှိခဲ့ပါသည်။)[347]

### {ခ} ကြမ်းကြုတ်သော ခြိမ်းခြောက်မှုများ၊ အဓမ္မစေခိုင်းမှုများ နှင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု

စီးပွားဖြစ် စိုက်ပျိုးရန်ရည်ရွယ်သော မြေယာသိမ်းဆည်းမှုများနှင့် ပတ်သက်သော လုပ်ဆောင်မှုများသည်လည်း အခြားသောဖြစ်ရပ်များနှင့် ဆက်စပ်ပြီး၊ ကြမ်းကြုတ်သောခြိမ်းခြောက်မှုများ၊ အဓမ္မစေခိုင်းမှုများဖြစ်စေမှုနှင့် ပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှု ဖြစ်စဉ်များဖြစ်ပေါ်လျက်ရှိသည်။ ၎င်းဖြစ်ရပ်နှစ်ခုစလုံးတွင် ကြမ်းကြုတ်သော ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ဒေသခံရွာသားများသည်လည်း သေနတ်ဖြင့် ချိန်ရွယ်ခြိမ်းခြောက်ထားခြင်း ခံခဲ့ရသည်။[348] ဘားအံခရိုင်တွင် မြေယာသိမ်းဆည်းမှုနှင့် ပါတ်သက်သော ဖြစ်ရပ်တစ်ခုတွင် ပြစ်မှုကျူးလွန်သူ လက်နက်ကိုင်များသည် ရွာသားများအား သေနတ်များဖြင့် အကြိမ်ကြိမ် ခြိမ်းခြောက်ခဲ့သည်။

*"ပထမမြေ အသိမ်းခံရတဲ့ သူကတော့ မဘ...  ဖြစ်တယ်၊ သူမရဲ့ လယ်ယာမြေ ၃ ဧက နဲ့ ၇ ဧကရှိတဲ့ စိုက်ခင်းတွေ အသိမ်းခံခဲ့ရတယ်၊ ခြံထဲမှာ ဝါးတဲနှစ်လုံးရှိတယ် သူတို့ (ပြစ်မှုကျူးလွန်သူများနှင့်ဆက်စပ်သော*

[346] sources #29, #87, #76, #54 (ဖြစ်ရပ်နှစ်ခုပါဝင်သည်), #56 နှင့် #62 တွင်ကြည့်ရှုပါ။

[347] source #62 တွင်ကြည့်ရှုပါ။

[348] sources #75 နှင့် #76 တွင်ကြည့်ရှုပါ။

*ပုဂ္ဂိုလ်များ) တဲနှစ်လုံးစလုံးဖျက်ဆီးလိုက်တယ်၊ ပြီးတော့သူတို့က သူမကို သေနတ်တွေနဲ့ ခြိမ်းခြောက်ခဲ့ကြတယ် .... သူတို့ရွာသားတွေကို သေနတ်နဲ့အကြိမ်ကြိမ်ပဲ ခြိမ်းခြောက်ခဲ့ကြတယ်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်းအခြေအနေတင်ပြချက်၊ ဒွံရင်းမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၄ခုနှစ် ဧပြီလ တွင်လက်ခံရရှိခဲ့ပါသည်။)[349]

ဥပမာ အနေဖြင့် သထုံခရိုင်တွင် ၂၀၁၃က ဖြစ်ပွားခဲ့သော အဓမ္မစေခိုင်းမှုတွင် ကရင်နယ်ခြား စောင့်တပ် တပ်ရင်း အမှတ် ၁၀၁၄ နှင့် ရွှေသံလွင်ကုမ္ပဏီ[350]နှင့် ဟိန်းနိုင်ဝင်းကုမ္ပဏီ[351]တို့ ညီညွတ်စွာ ပူးပေါင်း ပါဝင်ခဲ့ကြသည်။ ၎င်းတို့ သိမ်းဆည်းထားသော မြေပေါ်တွင် ရာဘာများ စိုက်ပျိုးထားပြီး အနီးအနားရှိ ရွာ ၇ ရွာမှ ရွာသားများအလှည့်ကျ ၎င်းရာဘာစိုက်ပျိုးရေးလုပ်ရန် အဓမ္မစေခိုင်းပြီး ၎င်းရွာသားများ၏ လုပ်အားခအား တစ်ရက်အတွက် ၂၀၀၀ ကျပ်ပေးခဲ့သည်။ မိသားစုတစ်စုဆီမှ ရွာသားများပျက်ကွက်ပါကလည်း ထိုငွေပမာဏ အတိုင်းပေးဆောင်ရမည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဖြစ်ရပ်မှ စုဆောင်းရရှိထားသော ပတ်ဝန်းကျင် ပျက်စီးမှုဆိုင်ရာသတင်းတစ်ပုဒ်တွင် တင်ပြချက်အရ သစ်တောပျက်စီးဆုံးရှုံးမှုကြောင့် ဆိုးကျိုးသက်ရောက်မှုများရှိပြီး မြေပျက်စီးဆုံးရှုံးမှုများ အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။[352]

### ၅။ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ခြားနားသော ဖြစ်ပေါ်မှုများအား နှိုင်းယှဉ်ဖော်ပြခြင်း

ယခင်က ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ ခြားနားသော ဖြစ်ပွားမှုများအပေါ် အစီရင်ခံစာတွင် ဖော်ပြခဲ့ပြီး ယခု အစီရင်ခံစာတင်ပြချိန်ကာလတွင်လည်း ထိုအကြောင်းအရာများအား ဆက်လက် ဖော်ပြပေးမည် ဖြစ်ပါသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ် အထိ အစီရင်ခံစာတင်ပြသည့် နောက်ပိုင်းအချိန်တွင်လည်း၊ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ မှတ်တမ်းတင်ခဲ့သော ဤအစီရင်ခံစာတွင် စုပေါင်းကျူးလွန်သူများမှာ အများအားဖြင့် မြေများကို မြေလွတ်မြေရိုင်းအဖြစ် သတ်မှတ်ခြင်းဖြစ်ရပ်များ၊ အစိုးရမှ ပုဂ္ဂလိကလုပ်ငန်းများ၏ အကျိုးအလို့ငှာ[353] ဦးစားပေးလုပ်ဆောင်မှုများပါဝင်သည်။ မြေများကို မြေလွတ်မြေရိုင်း အဖြစ်သတ်မှတ်ပြီး သိမ်းယူခြင်း[354]နှင့် ၎င်းကျူးလွန်သူများအကြား စုပေါင်းလိမ်လည်မှုများ[355]သည် ယခုအချိန်ထိ

[349] source #75 တွင်ကြည့်ရှုပါ။
[350] ရွှေသံလွင်ကုမ္ပဏီ နှင့်ပတ်သက်သောအကြောင်းအရာ အသေးစိတ်ကိုသိရှိလိုပါက Footnote နံပါတ် ၃၅ တွင်ကြည့်ရှုပါ။
[351] source #42 တွင်ကြည့်ရှုပါ။
[352] source #51 တွင်ကြည့်ရှုပါ။
[353] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG က ၂၀၁၃ နှစ်ကထုတ်ပြန်သော အစီရင်ခံစာ၏ စာမျက်နှာ ၂၇ နှင့် ၂၀၁၄ ခုနှစ်ကထုတ်ပြန်သော ဆိုင်းငံ့ခြင်း (သို့) အသွင်ကူးပြောင်းခြင်းအစီရင်ခံစာချုပ် စာမျက်နှာ ၉၁ တွင်ကြည့်ရှုပါ။
[354] အချက်အလက်များအား ဆက်လက်ဆွေးနွေးရန် အခန်းခွဲ။ ။မြေအမျိုးအစားများ, b. အများပိုင်မြေကိုကြည့်ပါ။
[355] ပြည်နယ်အစိုးရ နှင့် ပုဂ္ဂလိကစီးပွားရေးသမားများစိတ်ဝင်စားမှုများပေါ် မဟုတ်မမှန်ပူးပေါင်း ဆောင်ရွက်လုပ်ဆောင်မှုပုံစံများအပေါ် စီစစ်တွေ့ရှိချက်များအားသိရှိရန် ပြောင်းလဲဖြစ်ပွားမှုပုံစံများတွင်ကြည့်ရှုပါ။

ဆက်လက်ဖြစ်ပေါ်နေသော ဖြစ်ပွားမှုများဖြစ်ကြသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ကွင်းဆင်း လုပ်သားများ ဖော်ပြသည်မှာ မြေယာပိုင်ဆိုင်မှုပုံစံ ၁၀၅[356]သည် မြေယာရောင်းဝယ်သူများအား မျက်နှာသာပေးကာ စိတ်ဝင်တစားဖြစ်စေပြီး ဤကဲ့သို့သောဖြစ်ရပ်များတွင် ၎င်းတို့သည် ထိုမြေများအား မြေလွတ်မြေရိုင်းများအဖြစ်ယူဆပြီး လျှောက်ထားခြင်းတို့ပါဝင်သည်။ ဤကဲ့သို့သော နည်းလမ်းများကို ၎င်းတို့က ယနေ့အချိန်တွင် ကျယ်ပြန့်စွာ ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။[357] အစိုးရမှလည်း ထိုမြေပေါ်တွင် များစွာသော စီမံကိန်းများဖော်ဆောင်ရန် အခွင့်ပေးခဲ့ပြီး ၎င်းတွင် စီးပွားဖြစ်စိုက်ပျိုးရေးခြံများ၊ ဒေသခံများမလေ့ထုံးစံအရကျင့်သုံးလာခဲ့သော မြေသုံးစွဲမှုစနစ်များအား ၎င်းတို့၏ လယ်ယာ မြေဗဟိုချုပ်ကိုင်စနစ် အဖြစ် လွှမ်းမိုးစေခဲ့သည်။

ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ၏ ရှာဖွေတွေ့ ရှိချက်အရ စီးပွားဖြစ် စိုက်ပျိုးရေး စီမံကိန်းများနှင့် ပတ်သက်သော မြေသိမ်းဆည်းမှုများတွင် ဒေသခံများနှင့်ဆွေးနွေးတိုင်ပင်မှုများမရှိသည်မှာလည်း အပြောင်းအလဲမရှိ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။[358] ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ် အတွင်းရှာဖွေတွေ့ရှိထားသော သတင်းများတွင် မြေသိမ်းဆည်းမှုများသည် ခါတိုင်းကဲ့သို့ပင် ဆွေးနွေးတိုင်ပင်မှုများ မရှိသည်ကို တွေ့ရှိရပါသည်။ "စီမံကိန်းများကြောင့် ထိခိုက်နစ်နာခဲ့ရသော လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်း"[359] ဟု ခေါ်ဆိုသော သူများကို မြေသိမ်းမှုတွင် လျော်ကြေးပေးသည်မှာ အလွန်ပင်နည်း၍ များသောအားဖြင့် လုံလောက်မှုမရှိပါ။[360] စီးပွားရေးလုပ်ရန်အတွက် ရည်ရွယ်သော စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်သော မြေသိမ်းဆည်းမှုများတွင် ဤကဲ့သို့ဖြစ်ပွားမှုများသည် တစ်ဟုန်ထိုး ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ၎င်းကိစ္စနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးမှုများ လုပ်ဆောင်သော အစီရင်ခံစာများ မရရှိခဲ့သေးပါ၊ ၂၀၁၂ ခုနှစ်မှစ၍ မြေသိမ်းယူသောအကြောင်းအရာများနှင့်ပတ်သက်၍ ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးသော အစီရင်ခံစာ တစ်စောင်သာ လက်ခံရရှိခဲ့ပါသည်။ ၂၀၁၁ခုနှစ် မှ ၂၀၁၂ ခုနှစ်တွင် ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ ရှာဖွေတွေ့ ရှိထားသော သတင်းများအရ မြေယာသိမ်းဆည်းမှုများသည် ဒေသခံရွာသားများ၏ စားဝတ်နေရေးအတွက် ဆိုးကျိုးသက်ရောက်မှုများရှိစေပါသည်။[361] အထက်တွင် ဖော်ပြထားခဲ့သော

[356] လယ်ယာမြေပုံစံ ၁၀၅ သည် ပုံသေမဟုတ်သော မှတ်ပုံတင်ခြင်း စနစ်တစ်ခုဖြစ်ပြီး ၎င်းသည်လုပ်ပိုင်ခွင့် အခွင့်အရေးများအား ပထမအဆင့် လုံခြုံစေခြင်းဖြစ်သည်။ ၎င်းမြေပုံစံဖြင့် အာမခံလုံခြုံစေပြီးနောက် ၎င်းမြေသည် သုံးနှစ်တိုင်တိုင် အဆက်မပြတ်ဆက်လက်စိုက်ပျိုးရမည်ဖြစ်ပြီး ထိုသုံးနှစ်အတွင်းတွင် မြေယာလစ်လပ်မှုမဖြစ်စေရန် စိုက်ပျိုးထားရမည်ဖြစ်သည်။ လုပ်ပိုင်ခွင့်ရရှိထားသူသည် ကျေးအေးခြင်း နှင့် မြေယာမှတ်တမ်းဌာန Land Records Department (SLRD) နှင့် ဆက်ဆံမှုအားကောင်းပါက၊ ထိုသူတို့သည် အစဉ်အမြဲ မြေပုံစံ ၁၀၆ တွင် မြေမှတ်ပုံတင်နိုင်သကဲ့သို့ ဆက်လက်လျှောက်ထားနိုင်သည်။ BEWG, Burma's Environment: People, Problems, Policies, 2011, စာမျက်နှာ ၃၉ တွင်ကြည့်ရှုပါ။

[357] သထုံခရိုင်၊ ညောင်လေးပင်ခရိုင် မှကွင်းဆင်း ဒေသခံအဖွဲ့မှ အစည်းအဝေးအတွင်းတွင်လက်ခံရရှိသော သတင်းများတွင် ဖော်ပြချက်အရ မြေရောင်းဝယ်သူများသည် အစိုးရနှင့်ပူးပေါင်းပြီး မြေကွက်များအား အမှန်တကယ်မလေ့လာ၊ ဒေသခံရွာသားများနှင့် တိုင်ပင်ဆွေးနွေးမှုမပြုဘဲ မြေလွတ်မြေရိုင်းအဖြစ် တိုင်းထွာသတ်မှတ်ခဲ့ကြသည်။

[358] KHRG မှ ၂၀၁၃ ခုနှစ်ကထုတ်ပြန်သော ရပ်တည်ရာပျောက်ဆုံးခြင်း အစီရင်ခံစာ Losing Ground တွင်ကြည့်ရှုပါ။

[359] KHRG မှ ၂၀၁၄ ခုနှစ်ကထုတ်ပြန်သော ဆိုင်ငံ့ခြင်း (သို့) အသွင်ကူးပြောင်းခြင်း Truth or Transition တွင်ကြည့်ရှုပါ။

[360] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ၂၀၁၃ တွင်ထုတ်ပြန်သော ရပ်တည်ရာပျောက်ဆုံးခြင်း အစီရင်ခံစာချုပ် တွင်ကြည့်ရှုပါ။

[361] ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၄ တွင်ထုတ်ပြန်သော ဆိုင်းငံ့ခြင်း (သို့) အသွင်ကူးပြောင်းခြင်း အစီရင်ခံစာချုပ် နှင့် ရပ်တည်ရာပျောက်ဆုံးခြင်း အစီရင်ခံစာချုပ် တွင်ကြည့်ပါ။

သတင်းများအရ ဒေသခံရွာသားများ စီးပွားဖြစ်စိုက်ပျိုးရေးစီမံကိန်းများနှင့် ပတ်သက်၍ မြေသိမ်းဆည်းခံရခြင်းများ အပေါ် ၎င်းတို့၏ စားဝတ်နေရေးအား ဆိုးကျိုးသက်ရောက်စေခြင်းများသည် အဓိက ဆက်လက်ဖြစ်ပွားလျက်သော အရာတစ်ခုပင်ဖြစ်သည်။ ယင်းကဲ့သို့သော မြေယာသိမ်းဆည်းမှုများအား ဆက်လက်ရှာဖွေတွေ့ရှိလျက်ရှိပြီး မြေယာဆုံးရှုံးသွားသော ဒေသခံရွာသားများသည် ၎င်းတို့ စားဝတ်နေရေးအတွက် ဆက်လက်လုပ်ကိုင်ရန် အဟန့်အတား တစ်ခုသဖွယ်ဖြစ်စေပြီး ၎င်းတို့မှ ထပ်လောင်းပြောဆိုသည်မှာ "မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသနေ လူထုအများစုက သူတို့တွေရဲ့ စားဝတ်နေရေး၊ အလုပ်အကိုင်အနေနဲ့ လယ်ယာဥယျာဉ်ခြံမြေဆိုင်ရာ အလုပ်အကိုင် လယ်ယာ၊ တောင်ယာ၊ တိရိစ္ဆာန်မွေးမြူရေး၊ စီးပွားဖြစ်စိုက်ပျိုးရေး၊ ခြံအသေးစားလေးတွေပဲလုပ်ကြတယ်။"[362] ယခု အစီရင်ခံစာ တင်ပြစဉ်ကာလတွင်လည်း ဤကဲ့သို့သော မြေယာသိမ်းဆည်းမှုများကြောင့် ပတ်ဝန်းကျင်ဒေသခံရွာသားများ၏ စားဝတ်နေရေး ထိခိုက်နစ်နာမှုဆိုးကျိုးများကို ဆက်လက်မြင်တွေ့နေရဆဲ ဖြစ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ ဒေသခံများဖော်ပြထားခြင်းအရ ထင်းများရှာဖွေခြင်းနှင့် အခြားသော ဓလေ့ထုံးစံအရ ဆောက်လုပ်ရေးနှင့် ဆိုင်သောပစ္စည်းများ စုဆောင်းရယူရန် အခက်အခဲများရှိခြင်းသည်လည်း အခြားသော စားဝတ်နေရေးနှင့် ပတ်သက်သော ထိခိုက်နစ်နာမှု တစ်မျိုးပင်ဖြစ်ပြီး ဤကဲ့သို့သော ဖြစ်ပွားမှုများသည် ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG၏ ယခင်ကထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် ဖော်ပြထားခြင်းမရှိပါ။

ယခင်ကနှစ်များ[363] နှင့် နှိုင်းယှဉ်ပါက ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း လက်ခံရရှိထားသော သတင်းများအရ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ၏ ကွင်းဆင်းလုပ်သားများသည် စိုက်ပျိုးရေးစီမံကိန်းများ အတွက် မြေသိမ်းမှုများကြောင့် နေရာပြောင်းရွှေ့နေထိုင်ခြင်း သို့မဟုတ် ပြန်လည်နေရာချထားပေးခြင်း စသည့် အကြောင်းတစ်စုံတစ်ခုမှ သတင်းမှတ်တမ်း တင်ထားခြင်းမရှိပေ။[364]

[362] ဤဖြစ်ပေါ်ပြောင်းလဲမှုများအပေါ်တင်ပြခြင်းသည် စာဝတ်နေရေးပြဿနာသစ်များဖြစ်ပေါ်မှုများထက် အသက်မွေးဝမ်းကြောင်း လုပ်ဆောင်မှုအလုပ်အကိုင်ပေါ် မူတည်၍ တန်ပြန်သောပြောင်းလဲဖြစ်ပေါ်မှုများကိုတင်ပြခြင်းဖြစ်သည်။ အသေးစိတ် ဆက်လက်သိရှိလိုပါက အစီရင်ခံစာပြုစုပုံ နည်းစနစ် အခန်း တွင်ကြည့်ရှုပါ။

[363] ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၄ခုနှစ် တွင်ထုတ်ပြန်သော ဆိုင်းငံ့ခြင်း (သို့) အသွင်ကူးပြောင်းခြင်း အစီရင်ခံစာတွင် တွေ့ရှိနိုင်ပါသည်။

[364] ဤမတူညီမှုသည် မည်သည့်စားဝတ်နေရေးအခက်အခဲများကိုရွာသားများကြုံတွေ့နေရခြင်းကို အဓိကထားတင်ပြခြင်းဖြစ်သည်။ KHRG မည်သို့အလုပ်လုပ်သည်ကို ပိုမိုသိရှိလိုပါက "အစီရင်ခံစာပြုစုပုံနည်းစနစ်" တွင်ကြည့်ရှုနိုင်ပါသည်။




*အထက်ဖော်ပြပါပုံ နှစ်ပုံကို ၂၀၁၃ခုနှစ် ဇွန်လ ၄ရက်တွင်ရိုက်ယူခဲ့သည်။ ထိုပုံများထဲတွင်ကရင်ပြည်နယ်အလယ်ပိုင်း၊ပိုင်ကျုံမြို့နယ်၊အအ--- ကျေးရွာအုပ်စု၊ အအ---ကျေးရွာတွင်ရှိသော ၎င်း၏မြေယာကို သိမ်းဆည်းခံခဲ့ရသော အမျိုးသမီးတစ်ဦး၏ပုံကို တွေ့မြင်နိုင်သည်။ အသက် ၅၁ရှိပြီးဖြစ်သော နော် အအ---သည် ဗိုကေခန့်ရှိသောသူမ၏မြေယာကိုကရင်နယ်ခြားစောင့်တပ်၏တပ်နယ်မှူးကြာအေးမှသိမ်းယူခဲ့သည်။ သူမသည် ၎င်း၏မြေယာကိုပြန်ရရှိအောင် ကြိုးစား၍ ကြာအေးကိုချဉ်းကပ်သောအခါတွင် ကြာအေးက " နင့်ရဲ့မြေယာတွေကို ပြန်ရချင်တယ်ဆိုရင် နင်ငါ့ကို ၆၀၀,၀၀၀ ကျပ်လာပေးရမယ်။ ပြီးလို့ရှိရင် နင့်ရဲ့မြေယာတွေကို ငါပြန်ပေးမယ်" ဟုပြောခဲ့သည်။ ထို့နောက် နော်အအ---သည် ၎င်း၏ မြေယာများကို ပြန်လည်ဝယ်ယူနိုင်ရန်အလို့ငှာ သူမတွင်ရှိသော ရွှေနှင့် နွားငါးကောင်တို့ကို ရောင်းချခဲ့ရသည်။ ကရင်နယ်ခြားစောင့်တပ်၏ တပ်နယ်မှူး ကြာအေးသည် ၎င်းလိုချင်သောငွေများကို ရရှိပြီးသောအခါတွင် မည်သည့်မြေယာစာရွက်စာတမ်းမျှမပါဘဲ နော် အအ---၏မြေယာများကို ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် ကြာအေးက "နင့်ရဲ့မြေယာတွေကို ငါတို့မနှောင့်ယှက်တော့ဘူး" ဟု ပြောဆိုပြီး ၎င်းက ထိုဖြစ်ရပ်ကို ရိုးရှင်းစွာဖြင့်ပိတ်လိုက်ပါသည်။* [ပုံ-KHRG]




*အထက်ဖော်ပြပါပုံများကို ၂၀၁၄ခုနှစ် မတ်လ ၂၄ရက်၊ ကရင်ပြည်နယ်အလယ်ပိုင်း၊လှိုင်းဘွဲ့မြို့နယ်ရှိ တမို့ပေါ်တောင်တန်း အနီးတွင် ရိုက်ယူခဲ့သည်။ လက်ဝဲဘက်ရှိပုံသည် ကရင်နယ်ခြားစောင့်တပ်၏ အမည်မသိတပ်ရင်းတစ်ခုမှ ဗိုလ်ဖါးနွီးနှင့် ဗိုလ်ဝင်းနိုင်စိန်တို့မှ သိမ်းဆည်းထားသော ရွာသူရွာသားများ၏ လယ်ယာများကို ပြသောပုံဖြစ်သည်။ လက်ယာဘက်ရှိပုံမှာမူ လယ်ယာများကို ပိုင်ဆိုင်ထားသော ရွာသားလေးယောက်၏ ပုံဖြစ်သည်။ ရွာသားများက မြေယာသိမ်းဆည်းမှုနှင့်ပတ်သက်၍ ၎င်းတို့ တိုင်တန်းမှုများကို ကြိုးစား၍ ထုတ်ဖော်ပြောဆိုလျှင် လယ်ယာမြေသိမ်းဆည်းသူများက သေနတ်ဖြင့် ၎င်းတို့ကို ခြိမ်းခြောက်ခဲ့သည် ဟုပြောခဲ့သည်။ ရွာသူရွာသားများသည် ကရင်နယ်ခြားစောင့်တပ်၏ အရာရှိများကို ဆက်လက်ကြောက်နေရဆဲပင်ဖြစ်သည်။* [ပုံ-KHRG]



*ဤပုံကို ၂၀၁၄ခုနှစ် မတ်လ ၁၇ ရက်၊ ကရင်ပြည်နယ်အလယ်ပိုင်းရှိ သရက်ကုန်းကျေးရွာအုပ်စု၊ နော်ရွှေရွာမြောက်ပိုင်းတွင် ရိုက်ယူခဲ့သည်။ ထိုပုံသည်ကရင်ငြိမ်းချမ်းရေး (KNU/KNLA-PC) အဖွဲ့ဝင်တစ်ဦးဖြစ် သည့်မြအေးမှ သိမ်းဆည်းထားသော ကြီးမားကျယ်ပြန့်သည့် မြေယာတစ်ခု၏ ပုံဖြစ်သည်။ ပုံတွင်ပြထားသည့် အတိုင်းဎင်းသိမ်းဆည်းထားသောမြေယာနေရာတွင်ရာဘာစိုက်ခင်း တစ်ခင်းကို စိုက်ပျိုးထားသည်။ သိမ်းဆည်းထားသော မြေယာများပေါ်တွင် များသောအားဖြင့် ရာဘာခြံစိုက်ခင်းများ ကျယ်ပြန့်စွာ စိုက်ပျိုး ရန် ရည်ရွယ်၍ မြေယာများ သိမ်းယူခဲ့ခြင်းဖြစ်သည်။* [ပုံ-KHRG]




*အထက်ဖော်ပြပါပုံကို ၂၀၁၄ခုနှစ် မတ်လ ၈ရက်၊ ကရင်ပြည်နယ် အလယ်ပိုင်းရှိဒုံ ရင်းမြို့နယ်၊ တောင်ကလေးကျေးနယ်၊ တောင်ကလေး ကျေးရွာအရှေ့ပိုင်အနီးတွင်ရိုက်ယူခဲ့သည်။ ထိုပုံသည် "အမှတ် ၂၀၅ ခြေမြန်တပ်ရင်း ကျွန်းစိုက်ခင်း" ဟု ရေးသားသော ဆိုင်းဘုတ်ဖြစ်သည်။ ဤမြေကို မသိမ်းယူခင်တွင်ရွာသူရွာသားများသည် ထိုနေရာတွင် အင်ရွက်များ သွားကောက်ယူခဲ့သည်။ ထိုနေရာရှိ အချို့သော မြေယာများကိုလည်း ရွာသူရွာသားများက လယ်မြေအဖြစ် အသုံးပြုခဲ့သည်။ ထိုပုံသည် စစ်တပ်မှ သိမ်းယူထားသော အချို့သော မြေယာအပိုင်းမျှကိုသာ ပြသောပုံဖြစ်သည်။ ယခုတွင် ထိုမြေကိုဎင်းတို့က စီးပွားဖြစ် ကျွန်းစိုက်ခင်းအဖြစ် အသုံးပြုသည်။* [ပုံ-KHRG]

# [ဃ] စစ်ဘက်ဆိုင်ရာအသုံးပြုရန်အတွက် မြေယာသိမ်းဆည်းခြင်း

*“ကျွန်တော်တို့ အနေနဲ့ ကျွန်တော်တို့ရဲ့ လယ်တွေ ထဲ လယ်လုပ်လို့ မရဲတော့ဘူး။ တကယ် လို့ လယ် ထဲဆင်းခဲ့ရင် သူတို့ ကျွန်တော်တို့ကို ပစ်လိမ့်မယ်။ လယ်ရဲ့ အထက်ပိုင်းမှာရှိတဲ့ မြေတွေက စပါး စိုက်ဖို့ အတွက် မြေဆီလွှာအရမ်း ကောင်းပေမယ့် ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ တွေအတွက် အဲဒီမှာ သူတို့နေဖို့ အိမ်တွေ ဆောက်လိုက်တယ်။ အဲဒါ ကြောင့် ကျွန်တော်တို့ အဲဒီမြေ ပေါ်မှာ လုပ်စားလို့ မရတော့ဘူး။ ကျွန်တော် တို့ ရွာသားတွေက အ ကြောက်တရားနဲ့ပဲ အသက် ရှင်နေရတယ်။”*

မောင် အ --- (ကျား၊ ၄၂ နှစ်) ဘ --- ကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာ ခရိုင်/ကရင်ပြည်နယ် တောင်ပိုင်း။ (၂၀၁၄ ခုနှစ် ဩဂုတ်လ တွင် တွေ့ဆုံမေးမြန်းခဲ့သည်)[365]

**အဓိက ရှာဖွေတွေ့ရှိချက်များ**

- စစ်ဘက်ဆိုင်ရာ အသုံးပြုရန်အတွက် မြေသိမ်းသူများမှာ တပ်မတော်၊ ကရင် နယ်ခြားစောင့်တပ်၊ ကရင်ငြိမ်းချမ်းရေး တပ်ဖွဲ့များ ဖြစ်ကြောင်း ရွာသားများမှ ဖော်ပြခဲ့ကြသည်။
- သိမ်းဆည်းခံ မြေယာများကို တပ်စခန်းအသစ်များ ဆောက်လုပ်ရန်၊ တည်ရှိနေဆဲ တပ်စခန်းများအား တိုးချဲ့ရန်၊ တပ်သားများ၏ မိသားစုများအတွက် အိမ်ယာများ ဆောက်လုပ်ပေးရန်နှင့် စစ်တပ် အတွက် လိုအပ်သော ငွေကြေးထောက်ပံ့ပေးရန် အလို့ငှါ စီးပွားဖြစ် လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အသုံးပြုလျက်ရှိသည်။
- မြေယာသိမ်းဆည်းမှု အများစုတွင်ရွာသားများမှာ လျော်ကြေးငွေ မရရှိခြင်း သို့မဟုတ် ရွာသားများ သတ်မှတ်ထားသော မျှတသည့် နှုန်းထားများ အောက် များစွာ လျော့နည်းသည့် ပမာဏကိုသာ လျော်ကြေးငွေ ဖြစ်လက်ခံရရှိခဲ့ကြသည်။
- ဖြစ်စဉ် အများစုတွင် ရွာသားများအား မြေယာ သိမ်းဆည်းမှုနှင့် ပတ်သက်၍ ကြိုတင် အသိပေး ပြောကြားခြင်း မရှိသည့်အပြင် ဖြစ်စဉ်တစ်ခုတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ရွာသားများ၏ မြေယာများကို လက်နက်ကိုင်များ၏ လက်သို့ ပေးအပ်ရန်အတွက် သဘောတူညီမှု တစ်ရပ်ကို လက်မှတ်ထိုးရန် လှည့်ဖြား ခံခဲ့ရသည်။ ဤအစီရင်ခံစာရေးသည့် ကာလ တစ်လျှောက်တွင် ကရင်လူ့အခွင့်အရေး အဖွဲ့သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ မတိုင်မီ ဖြစ်ပွားခဲ့သော မြေသိမ်းဆည်း မှုများ၏ အနုတ်လက္ခဏာဆောင်သော အကျိုးဆက်များကို ဖော်ပြသည့် သတင်းအချက် အလက်များကို ဆက်လက် လက်ခံရရှိလျက်ရှိသည်။ ထိုသတင်း အချက်အလက်များသည် လွန်ခဲ့သော နှစ်များမှစ၍ ယခုတိုင် တပ်မတော်၏ မြေယာ သိမ်းဆည်းမှုများကို မီးမောင်းထိုး ဖော်ပြလျက်ရှိသည်။

[365] source #99 ကိုကြည့်ပါ။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလအတွင်း ကရင်လူ့အခွင့်အရေးအဖွဲ့မှ လက်ခံရရှိသော အစီရင်ခံစာ (၂၂) စောင်တွင် လက်နက်ကိုင် အဖွဲ့များမှ တပ်စခန်း အသစ်များ ဆောက်လုပ်ရန်၊ တည်ရှိနေသော တပ်စခန်းများကို တိုးချဲ့ရန်၊ တပ်သားများ၏ မိသားစုအတွက် အိမ်ယာများ ဆောက်လုပ်ရန်နှင့် စစ်ဘက်ဆိုင်ရာ အသုံးစရိတ်အတွက် စီးပွားဖြစ်လုပ်ကိုင်ရန် နှင့်ပတ်သက်သော မြေယာ သိမ်းဆည်းခြင်း (၁၀) ခု ပါရှိသည်။ တပ်မတော်နှင့် အစိုးရမှ ထောက်ပံ့ထားသော လက်နက်ကိုင် အဖွဲ့များဖြစ်သည့် ကရင် နယ်ခြား စောင့်တပ်နှင့် ကရင်ငြိမ်းချမ်းရေး တပ်ဖွဲ့များသည် ဤမြေယာသိမ်းဆည်းမှုများကို ကျူးလွန်လျက် ရှိသည်ဟု ရွာသားများက ဖော်ပြထားသည်။ ထိုအဖြစ်အပျက် (၁၀) ခုမှ (၂) ခုသာ ရွာသားများ အနေနှင့် မြေယာသိမ်းဆည်းခံရမှုအတွက် လျော်ကြေးငွေ လက်ခံရရှိကြောင်း ဖော်ပြထားသည်။ မြေသိမ်းဆည်းမှု မပြုလုပ်မီ တိုင်ပင်ဆွေးနွေးကို ဖြစ်ရပ် တစ်ခုတွင်သာ တွေ့ရပြီး ထိုဖြစ်ရပ်တွင် ရွာသားများမှ ထိုမြေယာသိမ်းဆည်းမှုကို လက်ခံရန်အတွက် မှားယွင်းသော တိုင်ပင်ဆွေးနွေးခြင်းအသိပေးပြောကြားခြင်း ပြုလုပ်ထားကြောင်း တွေ့ရသည်။

ဤအခန်းတွင် စစ်ဘက်ဆိုင်ရာ အသုံးပြုမှုအတွက် မြေယာသိမ်းဆည်းခြင်းကို အလေးပေး ဖော်ပြထားသည်။ ပဏာမ အပစ်အခတ်ရပ်စဲရေးပြုလုပ်ရာ ကာလတွင်းရှိ စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှုများအား မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဒေသခံ ရွာသားများသည် သတိကြီးသော သံသယမျက်လုံးများဖြင့် စောင့်ကြည့်လျက်ရှိသည့်အပြင် စစ်တပ်၏ ဆက်လက်တည်ရှိနေမှုနှင့် တိုးပွားခိုင်မာလာစေရန် လုပ်ဆောင်မှုများကိုလည်း နှစ်မြို့မှု မရှိကြပေ။ ကရင်အမျိုးသား အစည်းအရုံးနှင့် မြန်မာအစိုးရ အကြား ပဏာမ အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု ပြုလုပ်သည့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စတင်၍ စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှုများဖြစ်သည့် တပ်ဖွဲ့များ ပြောင်းရွှေ့ခြင်းများ၊ လက်နက်ခဲယမ်းနှင့် ရိက္ခာပို့ဆောင်ခြင်းများနှင့် လက်နက်ကိုင် တပ်ဖွဲ့များအကြား ဖြစ်ပွားသည့် တိုက်ပွဲငယ်များ တိုးပွားလာခြင်းတို့ကြောင့် စစ်ဘက်ဆိုင်ရာတွင် အသုံးပြုရန်အတွက် မြေယာသိမ်းဆည်းခြင်းသည်း ကြီးမားသော လှုပ်ရှားမှုတစ်ခု အဖြစ် ပါဝင်သည်ဟု ရွာသားများမှ ဖော်ပြထားသည်။ [366] ဤတွေ့ရှိမှုကိုလည်း ကရင်လူ့အခွင့်အရေးအဖွဲ့၏ ယခင် အစီရင်ခံစာဖြစ်သည့် "ဆိုင်းငံ့ခြင်း (သို့) အသွင်ကူးပြောင်းခြင်း?" တွင် အသေအချာ ဖော်ပြထားသော်လည်း "ရပ်တည်ရာ ပျောက်ဆုံးခြင်း" အစီရင်ခံစာတွင်မူ သေချာစွာ ဖော်ပြထားခြင်း မရှိပါ။ ထို့ကြောင့် ယခုအခန်းသည် ယခင်အခန်းများနှင့် အနည်းငယ် ကွဲပြားကာ "ဆိုင်းငံ့ခြင်း (သို့) အသွင်ကူးပြောင်းခြင်း?" အစီရင်ခံစာရှိ သတင်းအချက်အလက်များနှင့် ဆက်စပ်၍ ဆက်လက် ဖြစ်ပွားလျက်ရှိသော စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှုများအပေါ် ရွာသားများ၏ အသံများအား မှတ်တမ်းရယူထားခြင်း ဖြစ်သည်။

၂၀၁၂ ခုနှစ် ပဏာမ အပစ်အခတ် ရပ်စဲရေးပြုလုပ်ပြီး နောက်ပိုင်းတွင် ဖြစ်ပွားသည့် မြေယာသိမ်းဆည်းမှုများအပြင် ၂၀၁၂ ခုနှစ် မတိုင်မီက တပ်မတော်နှင့် နိုင်ငံတော်မှ ပံ့ပိုးပေးထားသော အခြား လက်နက်ကိုင် တပ်ဖွဲ့များ၏ မြေသိမ်းဆည်းခြင်းနှင့်ဆိုင်သော သတင်းအချက်အလက်များကို

[366] "Ongoing militarisation of southeastern Burma/Myanmar, since the January 2012 ceasefire agreement between the Karen National Union (KNU) and the Burma/Myanmar government,' KHRG, February 2015 and *Truce or Transition?* ကိုကြည့်ပါ။

ကရင်လူ့အခွင့်အရေး အဖွဲ့၏ သတင်းကောက်ယူသူများက ဆက်လက် လက်ခံရရှိလျက်ရှိသည်။ ၁၉၈၉ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အကြားတွင်လည်း ထိုကဲ့သို့သော မြေယာသိမ်းဆည်းမှုများဖြစ်ပေါ်ခဲ့သည်။ လယ်ယာမြေ စီစစ်ရေး ကော်မရှင်မှ ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ မြန်မာပြည် တဝှမ်းရှိ မြေယာ ဧကပေါင်း တစ်သန်း၏ လေးပုံတစ်ပုံနီးပါး ရှိသောမြေယာများကို တပ်မတော်မှ သိမ်းယူထားပြီး ပမာဏ အနည်းငယ်ကိုသာ ပြန်လည် ပေးအပ်ခြင်းသို့မဟုတ် လျော်ကြေးငွေ ပေးအပ်ခြင်းများ ပြုလုပ်ခဲ့သည်ဟု တွေ့ရသည်။[367] လွန်ခဲ့သော နှစ်နှစ်အတွင်း ယခင်က သိမ်းယူခဲ့သော မြေယာများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ လက်ခံရရှိလျက်ရှိသည်။ မြန်မာနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းရှိ ရွာသားများထံမှ ဆက်လက် ပေးပို့လျက်ရှိသော လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ဖြစ်ပေါ်ခဲ့သည့် မြေယာသိမ်းဆည်းမှုများကြောင့် ၎င်းတို့ခံစားရသော အရာများမှာ ထိုလယ်ယာမြေစုံစမ်းစစ်ဆေးရေး ကော်မရှင်၏ ရှာဖွေထုတ်ပြန်သည့် မြေသိမ်းဆည်းမှုများအား အတည်ပြုလျက်ရှိသည်။

မြန်မာအစိုးရသည် တပ်မတော်မှ လယ်ယာမြေများကို ကျယ်ကျယ်ပြန့်ပြန့် အဓမ္မသိမ်းယူနေမှုအား အသိအမှတ်ပြုသော်လည်း[368] ထိုသိမ်းဆည်းခံ လယ်ယာမြေများကို ပြန်လည်ပေးအပ်ရန်နှင့် လျော်ကြေးငွေ ပေးအပ်မှုများ ပြုလုပ်ရန် နှောင့်နှေးလျက်ရှိ[369] သေးသည့်အပြင် တပ်မတော်မှ သိမ်းယူထားသည့် အချို့မြေများကို ရွာသားများအနေနှင့် လုံးဝပြန်လည်ရရှိမည် မဟုတ်ကြောင်းကိုလည်း အတိအလင်း ကြေညာထားသည်။[370] အထူးသဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မထုတ်ပြန်မီ သိမ်းယူထားသော မြေများကိုပြန်လည် ပေးအပ်တော့မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၁၉၅၃ ခုနှစ် မြန်မာနိုင်ငံ အမျိုးသားရေးဥပဒေ၏ ပုဒ်မ ၃၉ အရ သိမ်းယူထားသောကြောင့် ဖြစ်သည်။[371] ပုဒ်မ ၃၉ တွင် ဖော်ပြချက်အရ သမ္မတ သို့မဟုတ် ၎င်း၏ ညွှန်ကြားချက်အရ စိုက်ပျိုးမြေများကို ရာဘာစိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် တပ်စခန်း တည်ဆောက်ရန် စသော အခြား ကြံရွယ်ချက်များအတွက် အသုံးပြုနိုင်သည်။[372]

---

[367] HURFORM, Yearning to Be Heard: 2015, 16တွင်ကြည့်ရှုနိုင်။

[368] မတ်လ ၂၀၁၃ ခုနှစ်တွင် လယ်ယာမြေ စုံစမ်းစစ်ဆေးရေး ကော်မစ်ရှင်၊ ပါလီမန် စုံစမ်းစစ်ဆေးသူမှ ပြည်ထောင်စု ဗမာပါလီမန်သို့ တပ်မတော်မှ ကျူးလွန်ထားသော မြေသိမ်းမှုအား တင်ပြခဲ့သည်။ မြန်မာနိုင်ငံ အစိုးရမှ တပ်မတော်မှ သိမ်းယူထားသော မြေဧက ၃၀၀၀၀၀ မှ ဧက ၁၈၃၆၄.၄၉ ကို ပြန်လည်ပေးအပ်မည်ဟု လွန်ခဲ့သော နှစ်များစွာက ဂတိပြုခဲ့သည်။ "Military involved in massive land grabs: parliamentary report," နှင့် ဧရာဝတီ သတင်းဌာနမှ မတ်လ ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်သော Zarni Mann,, "Only Fraction of Land Seized by Military Will be Returned: Minister," *The Irrawaddy,* July 18th 2013 ကိုကြည့်ပါ။

[369] "MPs urge prompt return of confiscated land," The Irrawaddy, September 26th 2014.

[370] မြန်မာအစိုးရမှ မြေဧကပေါင်း ၅၀၀၀၀ မှာ လုပ်ငန်းများ လုပ်ဆောင်နေပြီ ဖြစ်သည့်အတွက် ပြန်လည်ပေးအပ်ရန် မဖြစ်နိုင်တော့သောကြောင့် လျော်ကြေးငွေသာ ပေးနိုင်မည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့ ဒီဗီဘီ သတင်းဌာနမှ ဆွေအောင်၏ "Ministry Agrees to Return Meagre Fraction of Land Confiscated by Military," *DVB ,* ကိုကြည့်ပါ။

[371] ဥပမာအားဖြင့် ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးမှ လန ၃၉ အောက်တွင် သိမ်းယူခဲ့သော မြေယာများအား ပြန်လည် ပေးအပ်တော့မည်မဟုတ်ဟု ရွာသားများကို ပြောခဲ့သည်။ "Nyaunglebin Interview: U A--, December 2012," KHRG, July 2014; နှင့် "Nyaunglebin Interview: Daw U---, December 2012," KHRG, July 2014 ကိုကြည့်ပါ။

[372] မြန်မာနိုင်ငံ၏ ၁၉၅၃ နိုင်ငံတော် မြေယာဥပဒေ။

## ၁။ မြေယာသိမ်းဆည်းမှု အဖြစ်အပျက်များနှင့် မြေယာသိမ်းဆည်းသူများ၏ ယေဘုယျ သတ်မှတ်ချက်

မြန်မာအစိုးရမှ ကျောထောက်နောက်ခံ ပြုထားသော အဖွဲ့များမှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်းတွင် အစီရင်ခံစာ (၂၂) စောင်တွင် စစ်ဘက်ဆိုင်ရာ အသုံးပြုမှုနှင့်ဆိုင်သော မြေယာသိမ်းဆည်းမှု အဖြစ်အပျက် (၁၀) ခုကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ မှ စတင်၍ ကရင်လူ့အခွင့်အရေးအဖွဲ့မှ လက်ခံရရှိခဲ့သည်။ ဤကဲ့သို့ မြေယာသိမ်းဆည်းမှုများသည် သထုံခရိုင်၊[373] တောင်ငူခရိုင်၊[374] ဖာပွန်ခရိုင်၊[375] ဒူးပလာယာခရိုင်[376] နှင့် ဘားအံခရိုင်[377] တို့တွင် ဖြစ်ပွားလျက်ရှိပြီး တပ်မတော်၊[378] ကရင် နယ်ခြားစောင့်တပ်၊[379] ကရင်ငြိမ်းချမ်းရေး တပ်ဖွဲ့[380] နှင့် မြန်မာအစိုးရ တာဝန်ရှိသူများ[381] မှ ကျူးလွန်ခဲ့ကြသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့၏ အစီရင်ခံစာများအရ စစ်ဘက်ဆိုင်ရာ အသုံးပြုမှုအတွက် မြေယာသိမ်းဆည်းမှု အများစုသည် ကြိုတင်အသိပေးအကြောင်းကြားခြင်း နှင့် လျော်ကြေးငွေ ပေးချေခြင်းမရှိပဲ ဖြစ်လေ့ရှိကြောင်း ရွာသားများနှင့် ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလေ့လာသူများမှ ပြောကြားခဲ့သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ကောက်ယူထားသော သတင်းအချက်အလက်များထဲမှ မြေယာသိမ်းဆည်းမှု ၁၀ ခုတွင် ၂ ခုသာ လျော်ကြေးငွေ ပေးချေခြင်းနှင့် ပတ်သက်၍ ပါဝင်ပြီး[382] ၁ခုမှာ ရွာသားများ သတ်မှတ်ထားသော မှန်ကန် သင့်မြတ်သည့် လျော်ကြေးငွေ ပမာဏအောက် လျော့ကျသော လျော်ကြေးငွေကိုသာ လက်ခံရရှိခဲ့သည်။[383] ဖြစ်ရပ် တစ်ခုတွင်သာ မြေယာသိမ်းဆည်းမှုအတွက် ကြိုတင်အသိပေး အကြောင်းကြားမှု ပါရှိပြီး ထိုအသိပေးအကြောင်းကြားမှုသည်လည်း မြေသိမ်းဆည်းမှုအား ရွာသားများမှ လက်ခံရန် မှားယွင်းသည့် သတင်းအချက်အလက်များနှင့် ကြိုတင် အသိပေးမှု ပြုလုပ်ကြောင်း တွေ့ရသည်။[384]

*"သူတို့ အစိုးရ အရာရှိတွေက ရွာသားတွေတောင်းတဲ့ ပမာဏနဲ့ညီတဲ့ လျော်ကြေးငွေကို ပေးမယ်ပြောပြီးတော့ ရွာသားတွေကို အဲဒီလျော်ကြေးငွေ ပမာဏကို သဘောတူကြောင်း လက်မှတ်ထိုးခိုင်းခဲ့တယ်။ ကျွန်တော်တို့ အနေနဲ့ မှားပြီး သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့တဲ့အတွက် ဘာမှ မလုပ်ဆောင်နိုင်တော့ဘူး"*

KHRG ကွင်းဆင်းလုပ်သားမှ ရေးသားခဲ့သော မြေယာသိမ်းဆည်းမှုဖောင်၊ ဒွယ်လိုးမြို့နယ်၊ ဖာပွန် ခရိုင်၊ (သို့) ကရင်ပြည်နယ် အရှေ့မြောက်ဘက်ခြမ်းရှိ (၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် လက်ခံရရှိခဲ့ပသည်)[385]

373 ဥပမာအားဖြင့် Source #3 ကိုကြည့်ပါ။
374 ဥပမာအားဖြင့် Source #88 ကိုကြည့်ပါ။
375 ဥပမာအားဖြင့် Source #106 ကိုကြည့်ပါ။
376 ဥပမာအားဖြင့် Source #100 ကိုကြည့်ပါ။
377 ဥပမာအားဖြင့် Source #15 ကိုကြည့်ပါ။
378 ဥပမာအားဖြင့် Source #88 ကိုကြည့်ပါ။
379 ဥပမာအားဖြင့် Source #100 ကိုကြည့်ပါ။
380 ဥပမာအားဖြင့် Source #100 ကိုကြည့်ပါ။
381 ဥပမာအားဖြင့် Source #2b ကိုကြည့်ပါ။
382 ဥပမာအားဖြင့် Source #1b ကိုကြည့်ပါ။
383 ဥပမာအားဖြင့် Source #22 ကိုကြည့်ပါ။
384 ဥပမာအားဖြင့် Source #1b ကိုကြည့်ပါ။
385 ဥပမာအားဖြင့် Source #1b ကိုကြည့်ပါ။

## ၂။ အမျိုးအစားခွဲများအား ခွဲခြားသတ်မှတ်ခြင်းနှင့် ရေတွက်ခြင်း

### {က} တပ်စခန်းများအား ပိုမိုခိုင်မာအောင်ပြုလုပ်ခြင်းနှင့် တပ်စခန်းသစ်များ ဆောက်လုပ်ခြင်း

တပ်စခန်းများ အသစ်ဆောက်လုပ်ခြင်း သို့မဟုတ် ပိုမို အားကောင်းအောင် ဆောင်ရွက်ခြင်းနှင့် တည်ရှိနေသော စခန်းများအား တိုးချဲ့ခြင်းများအတွက် မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်ပြီး ဖြစ်ရပ် ကိုးခု ပါဝင်သော အစီရင်ခံစာ အစောင် (၂၀) ကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ လက်ခံ ရရှိထားပါသည်။ ထိုသတင်းအချက်အလက်များတွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ မတိုင်မီ ဖြစ်ပွားခဲ့ပြီး ယခု အစီရင်ခံစာ ရေးသည့် ကာလအထိ ဆက်လက်ဖြစ်ပွားနေသည့် မြေယာသိမ်းဆည်းမှုများ ပါဝင်သည်။ ထိုမြေယာသိမ်းဆည်းမှုများကို တပ်မတော်၊[386] ကရင်ငြိမ်းချမ်းရေး တပ်ဖွဲ့၊[387] ကရင် နယ်ခြားစောင့်တပ်[388] နှင့် မြန်မာအစိုးရ ဝန်ထမ်းများ[389] မှ သီးခြားဖြစ်စေ ပူးပေါင်း၍ ဖြစ်စေ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ဥပမာအားဖြင့် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် မေလ မှစတင်ပြီး ၂၀၁၃ ခုနှစ်အထိ ဆက်လက်ဖြစ်ပွားခဲ့သော မြေယာသိမ်းဆည်းမှု တစ်ခုနှင့် ပတ်သက်သည့် အစီရင်ခံစာပေါင်း (၁၀) စောင်[390] ကို လက်ခံရရှိခဲ့ပါသည်။ ဤအဖြစ်အပျက်တွင် နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် ၁၀၁၃ နှင့် မြန်မာ အစိုးရ ဝန်ထမ်းများမှ ပူးပေါင်း၍ တပ်စခန်းအသစ် တည်ဆောက်ရန်အတွက် ၎င်းတို့၏ မြေယာများအား သိမ်းဆည်းခဲ့ကြောင်း ရွာသားများမှ တင်ပြထားပါသည်။ ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ပ--- ကျေးရွာအုပ်စုရှိ မြေယာများ ပိုင်ဆိုင်သူ ရွာသားများက ၎င်းတို့အနေဖြင့် မှားယွင်းစွာ သဘောတူညီမှု လက်မှတ်ထိုး၍ သိမ်းသွင်းခံခဲ့ရကြောင်း အခိုင်အမာ ပြောဆိုခဲ့သည်။

*"ရွာသားတွေက သဘောတူရတယ်။ ထန်းနဆန် [အမျိုးသားတစ်ဦး၏အမည်] က ရွာသားတွေကို သူက ဒီတပ်စခန်းတွေ ဆောက်ဖို့ သဘောတူညီချက် အခွင့်ပေးရတဲ့ ကေအဲန်ယူ ဗဟိုဌာနက ငြိမ်းချမ်းရေး ကိုယ်စားလှယ်တစ်ဦးဖြစ်တယ်ဆိုပြီး စည်းရုံးခဲ့တယ်။ အဲဒါကြောင့် ရွာသားတွေကလည်း မှားပြီးတော့ သဘောတူညီချက် ကို လက်မှတ်ထိုးခဲ့ကြတာ။"*

KHRG ကွင်းဆင်း လုပ်သားတစ်ဦး မှ ရေးသားခဲ့သော မြေယာသိမ်းဆည်းမှု ပုံစံစာရွက်၊ ဒွယ်လိုးမြို့နယ်၊ဖာပွန်ခရိုင် (သို့) ကရင်ပြည်နယ် အရှေ့မြောက်ဘက်ခြမ်း၊ (၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် လက်ခံရရှိခဲ့ပါသည်)[391]

ရှေ့တွင် ဖော်ပြခဲ့သကဲ့သို့ အပစ်အခတ် ရပ်စဲရေးပြုလုပ်ရာ ကာလအတွင်း တပ်မတော် အင်အား တည်ရှိနေမှု ပိုမိုများပြားလာခြင်းသည် ဒေသခံ ရွာသားများကို သံသယပိုမို တိုးပွားလာစေသည်။ ၎င်းတို့၏ တပ်စခန်း အသစ်များ ဆက်လက် တည်ဆောက်နေခြင်းနှင့် ၎င်းတို့၏ တပ်စခန်းနေရာများအား အခိုင်အမာ

[386] ဥပမာအားဖြင့် Source #100 ကိုကြည့်ပါ။
[387] ဥပမာအားဖြင့် Source #100 ကိုကြည့်ပါ။
[388] ဥပမာအားဖြင့် Source #100 ကိုကြည့်ပါ။
[389] ဥပမာအားဖြင့် Source #106 ကိုကြည့်ပါ။
[390] source #1b, #2b, #3b, #4b, #5b, #6b, #7b, #8b နှင့် #22 ကို ကြည့်ပါ။
[391] source #3b ကိုကြည့်ပါ။

တည်ထောင်ခြင်းများကြောင့် ဖြစ်ပေါ်လာသော ရွာသားများ၏ ကြောက်ရွံ့မှုနှင့် စပ်လျဉ်း၍ ရွာသားတစ်ဦး၏ ပြောကြားချက်ကို အောက်ပါအတိုင်း တွေ့ရှိနိုင်သည်။

*"ဗမာစစ်တပ်ရဲ့ လှုပ်ရှားမှုတွေက လုံးဝပြောင်းလဲမသွားဘူး။ သူတို့တွေဟာ စားစရာပို့တဲ့အချိန်ရောက်ရင် စားစရာတွေပို့ကြတယ်။ စစ်သားတွေပြောင်းရွှေ့ချိန်ရောက်ရင် ပြောင်းရွှေ့ကြတယ်။ သူတို့ တပ်စခန်းတွေကို ပိုမို ခိုင်မာအောင်လုပ်တယ်။ တချို့နေရာတွေမှာဆို သူတို့ စခန်းစည်းရိုးတွေကို ဆူးပါတဲ့သံကြိုးတွေနဲ့ ကာထားပြီး အမိုးကို သွပ်မိုးမိုးတယ်။ အရင်ကဆို သူတို့ စခန်းစည်းရိုးတွေကို ဝါးနဲ့ကာတယ်။ ဥပမာဆိုရင် ခြေမြန်တပ်ရင်း အမှတ် ၅၄၇ နဲ့ ၅၄၉ တို့ရဲ့ စခန်းတွေဟာ အရင် အပစ်အခတ် ရပ်စဲရေးမတိုင်ခင် ကဆို တိုက်နဲ့ ဆောက်ထားတာ မဟုတ်ဘူး။ ဒါပေမယ့် အခုအပစ်အခတ် ရပ်စဲရေး ပြုလုပ်ပြီးတဲ့ နောက်ပိုင်းမှာ သူတို့တပ်တွေကို တိုက်နဲ့ ဆောက်ပြီး လက်နက်ကျင်းတွေကိုလည်း ပိုပြီး အခိုင်အမာ ဆောက်လာကြတယ်။"*

စော ဒ---၊ (ကျား)၊ ၄၈ နှစ်၊ အ--- ကျေးရွာ၊ နဘူး မြို့နယ်၊ ဘားအံခရိုင်/ ကရင်ပြည်နယ် အလယ်ပိုင်း (ဒီဇင်ဘာလ ၂၀၁၃ ခုနှစ်တွင် မေးမြန်းခဲ့ပါသည်)[392]

## {ခ} တပ်သားမိသားစုများအတွက် စစ်တပ်တန်းလျားများဆောက်လုပ်ပေးခြင်း

သိမ်းဆည်းထားသော မြေယာများသည် တပ်သား မိသားစုများအတွက် စစ်တပ်တန်းလျားများဆောက်လုပ်ခြင်းနှင့် အိမ်များဆောက်လုပ်ခြင်းတွင် အသုံးပြုကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၎င်းနှင့်ပတ်သက်သော အကြောင်းအရာတစ်ခုတည်းပင် တင်ပြထားသော အစီရင်ခံစာ ၂ စောင်ကို ဒူးပလာရခရိုင် ကော့ကရိတ်မြို့နယ်မှ လက်ခံရရှိပြီးပြီး မြေယာသိမ်းသူများမှာ တပ်မတော်၊ ကရင်နယ်ခြားစောင့်တပ်နှင့် ကရင်ငြိမ်းချမ်းရေး တပ်ဖွဲ့တို့ ဖြစ်သည်။[393]

ဤအဖြစ်အပျက်တွင် ၂၀၁၂ ခုနှစ် အောက်တိုဘာလ အစပိုင်း၌ တပ်မတော် တပ်ဖွဲ့များမှ ၎င်းတို့၏ မိသားစုဝင်များ၊ ကရင်ငြိမ်းချမ်းရေး တပ်ဖွဲ့ နှင့် ကရင်နယ်ခြားစောင့်တပ်တို့အတွက် အိမ်ယာများ ဆောက်လုပ်ပေးရန်အတွက် မြေယာများ သိမ်းဆည်းခြင်းဖြစ်ကြောင်း ရွာသားများမှ အစီရင်ခံ တင်ပြခဲ့သည်။ တင်ပြချက်အရ ရွာသားများသည် ၎င်းတို့၏ လယ်ယာမြေများကို စွန့်ခွာခဲ့ရပြီး ခုခံရန် လုပ်ဆောင်သူများမှာ ခြိမ်းခြောက်မှုများကိုပါ ခံစားခဲ့ရကြောင်း သိရှိရသည်။

*"ကရင်ငြိမ်းချမ်းရေး တပ်ဖွဲ့ နှင့် ကရင်နယ်ခြားစောင့်တပ်တို့က လယ်ပိုင်ရှင်တွေကို စခေါ်ပြီး ဒီမြေယာသိမ်းမှုနဲ့ ပတ်သက်လို့ တိုင်တန်းတာတွေမလုပ်ဖို့ ပြောတယ်။ အဲ့ဒီလိုလုပ်လို့ရှိရင် သူတို့ကို ထောင်ထဲထည့်မယ်ဆိုပြီး လယ်ပိုင်ရှင်တွေကို ခြိမ်းခြောက်တဲ့အတွက် လယ်ပိုင်ရှင်တွေကလည်း တိုင်တန်းဖို့ ကြောက်ရွံ့နေကြတယ်။"*

KHRG ကွင်းဆင်းလုပ်သား မှ ရေးသားသော ဒေသတွင်း အခြေအနေ တင်ပြချက်ကော့ကရိတ်မြို့နယ်၊ ဒူးပလယာ ခရိုင်၊(သို့) ကရင်ပြည်နယ် မြောက်ဘက် (၂၀၁၄ ခုနှစ် စက်တင်ဘာလတွင်လက်ခံရရှိခဲ့ပါသည်။)[394]

---

[392] source #15 ကိုကြည့်ပါ။

[393] source #100 နှင့် #99 ကိုကြည့်ပါ။

[394] source #100 ကိုကြည့်ပါ။

## {ဂ} စစ်ဘက်ဆိုင်ရာ လုပ်ရှားမှုများအတွက် ရံပုံငွေရရှိရန် မြေယာများအား သိမ်းဆည်းခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့မှ စစ်ဘက်ဆိုင်ရာ လုပ်ရှားမှုများအတွက် ရံပုံငွေရရှိရန် မြေယာသိမ်းဆည်းခံရခြင်းနှင့် ပတ်သက်၍ အဖြစ်အပျက် နှစ်ခုကိုတင်ပြထားသော အစီရင်ခံစာ သုံးစောင်ကို လက်ခံရရှိထားပါသည်။[395] ဤမြေသိမ်းဆည်းမှု အားလုံးကို တပ်မတော်မှ ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်မှ ထိုမြေယာများကို အဆမတန်သော တန်ဖိုးများဖြင့် ပြန်လည် အငှါးချစားလျက်ရှိကြောင်းကို ရွာသားများမှ တင်ပြထားပါသည်။

ဖာပွန်ခရိုင် ဘူးသိုမြို့နယ်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက် တစ်ခုအရ ရွာသားများ၏ လယ်မြေများကို တပ်ရင်း အမှတ် ၄၃ ခြေမြန်တပ်ရင်းမှ သိမ်းယူခဲ့သည်။[396] ထိုမြေများပေါ်တွင် ၎င်းတို့ ကိုယ်တိုင် လုပ်ကိုင်စားသောက်မှုမပြုဘဲ ရွာသားများထံသို့ ဈေးနှုန်းမြင့်စွာဖြင့် ပြန်လည် အငှါးချစားခဲ့သည်။ ထိုကဲ့သို့ တန်ဖိုး မြင့်မားမှုကြောင့် အချို့သော ရွာသားများမှာ လယ်လုပ်ရန် မငှားရမ်းနိုင်သောကြောင့် အချို့သော မြေယာများမှာ အသုံးပြုမှု မရှိပဲ ကျန်ရစ်ခဲ့သည်။ အမှတ် ၄၃၄ ခြေမြန်တပ်ရင်းမှလည်း ထိုလယ်မှ မြေနှင့် ရွှံ့ကို အသုံးပြုပြီး အုတ်များထုတ်လုပ်ခဲ့သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလေ့လာသူတစ်ဦး၏ ပြောကြားချက်အရ ထိုမြေကို ငှားရမ်းရန်မှာ ရွာသားများအတွက် အလွန်တန်ဖိုးမြင့်သည်။

*"ဟ---  ရွာသား ဦး ဒ---က ခြေမြန်တပ်ရင်းအမှတ် ၄၃၄ တပ်ရင်းမှူးဆီသွားပြီး အဲဒီမြေမှာ အုတ်ဖုတ်ဖို့ ခွင့်သွားတောင်းတယ်။ အဲဒီအတွက် သူဟာ တစ်နွေစာအတွက် ငွေကျပ် လေးသိန်း ပေးခဲ့ရတယ်။ ခြေမြန်တပ်ရင်းအမှတ် ၄၃၄ က တပ်ရင်းမှူးဟာ  တပ်ရင်း ရံပုံငွေအတွက် အုတ်ဖုတ်တာလို့ ရွာသားတွေကို ပြောခဲ့တယ်။"*

KHRG ကွင်းဆင်းလုပ်သားမှ ရေးသားသော ဒေသတွင်း အခြေအနေ တင်ပြချက် ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်၊ (သို့) ကရင်ပြည်နယ် အရှေ့မြောက်ဘက်
(၂၀၁၄ ခုနှစ် ဇူလိုင်လတွင်လက်ခံရရှိခဲ့သည်။)[397]

ဤကိစ္စတွင် မြေယာအသုံးပြုမှုနှင့် စီမံခန့်ခွဲမှု ကော်မတီမှ သိမ်းဆည်းထားသောမြေအားလုံးကို ပြန်ပေးမည်ဟု စာရေးကတိပေးခဲ့သည်။[398] သို့သော် ကရင်ပြည်နယ် အရှေ့မြောက်ဘက်၏ အုပ်ချုပ်ရေးမှူးမှ ရွာသားများအား ဤကိစ္စနှင့် စပ်လျဉ်း၍ လူကိုယ်တိုင် တွေ့ဆုံပြီး ၎င်းတို့ မြေယာများ မရနိုင်တော့ပါဟု ပြောကြားခဲ့သည်။ ထို့အပြင် ဤကိစ္စနှင့် ပတ်သက်၍ တိုင်ကြားခြင်းများသည် တိုင်းပြည်၏ ဂုဏ်သိက္ခာကို ကျဆင်းစေသည့်အတွက် ၎င်းတို့အနေနှင့် ထိုအပြုအမူများကို ရှောင်ရှားသင့်ကြောင်း ပြောကြားခဲ့သည်။[399] ဒုတိယ အဖြစ်အပျက်တစ်ခုသည်လည်း ဘူးသိုမြို့နယ်တွင်ပင် ဖြစ်ပွားခဲ့၍ အထက်ပါ ကိစ္စရပ်နှင့် အလားသဏ္ဍာန်တူသည်။[400] တပ်မတော် ရိက္ခာ တပ်ခွဲမှူး ခင်ဇော်ထွန်းမှ ၎င်း၏ တပ်စခန်းအား တိုးချဲ့ရာတွင်

---

[395] source #43, #101, 102 ကိုကြည့်ပါ။
[396] source #91, #102, #101 ကိုကြည့်ပါ။
[397] source #91 ကိုကြည့်ပါ။
[398] ထပ်မံ သိရှိလိုသော သတင်းအချက်အလက်များ အတွက် အောက်တွင်ဖော်ပြထားသော ပုံများကိုကြည့်ပါ။
[399] source #60 ကိုကြည့်ပါ။
[400] source #91 ကိုကြည့်ပါ။

က--- ကျေးရွာမှ စောစ--- ၏ မြေ ၂ ဧက ပါဝင်ခဲ့သည်။ ထို့နောက် ထိုမြေများကို ရွာသားများမှ ပြန်လည် ငှါးယူခြင်း မပြုလုပ်နိုင်အောင် ကြီးမြင့်သော တန်ဖိုးနှုန်းများဖြင့် မြေယာအသိမ်းဆည်းခံ ရွာသားများထံသို့ တဖန် ပြန်လည် အငှားချခဲ့သည်။

*"ရွာသားတွေက တစ်နှစ်ကို တင်း ၅၀ ကနေပြီးတော့ တင်း ၁၀၀ အထိ ပေးရတယ်။ အဲဒီလို အရမ်း ဈေးကြီးတော့ ရွာသားတွေလည်း အဲဒီလယ်တွေမှာ မလုပ်တော့ဘူး။"*

KHRG ကွင်းဆင်းလုပ်သားမှ ရေးသားသော ဒေသတွင်း အခြေအနေ တင်ပြချက် ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်၊ (သို့) ကရင်ပြည်နယ် အရှေ့မြောက်ဘက် (၂၀၁၄ ခုနှစ် ဇူလိုင်လတွင်လက်ခံရရှိခဲ့ပါသည်။)[401]

## ၃။ အကျိုးဆက်များ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ စီစစ်ထားသော အစီရင်ခံစာများတွင် ရွာသားများနှင့် ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလေ့လာသူများမှ ဖော်ပြချက်အရ စစ်ဘက်ဆိုင်ရာ အသုံးပြုမှုအတွက် မြေယာသိမ်းဆည်းမှုကြောင့် ဖြစ်ပေါ်လာသော အဓိက ဆိုးကျိုးမှာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သည်။ ပေးပို့ခဲ့သော အဖြစ်အပျက် ၁၀ ခုတွင် ခုနစ်ခုမှာ အသက်မွေးဝမ်းကျောင်းအလုပ်[402] နှင့် အဓိက ပတ်သက်ပြီး အခြားတစ်ခုမှာ ရွှေ့ပြောင်းခံရမှုနှင့် ပတ်သက်သည်။[403]

### {က} အသက်မွေးဝမ်းကြောင်း လုပ်ငန်း

သထုံ၊[404] တောင်ငူ၊[405] ဒူးပလာယာ၊[406] ဖာပွန်နှင့်[407] ဘားအံ[408] ခရိုင်များမှ ရွာသားများက ၎င်းတို့၏ လယ်ယာမြေများ သိမ်းဆည်းခံရခြင်းကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအတွက် များစွာ ဆိုးကျိုး သက်ရောက်မှုရှိကြောင်း တင်ပြခဲ့ကြသည်။ ထိုကဲ့သို့ အဓိက ပင်မ ဝင်ငွေစီးကြောင်းမရှိခြင်း သို့မဟုတ် အသက်မွေးဝမ်းကြောင်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် လယ်ယာများနှင့် စိုက်ပျိုးခြံများ မရှိခြင်းတို့ကြောင့် ရွာသားများသည် မိမိကိုယ်ကိုနှင့် မိမိတို့မိသားစုအား ထောက်ပံ့ရန်အတွက် နေ့စားအလုပ်သမားများအဖြစ် အလုပ်လုပ်ကိုင်ကြရပါသည်။ ဥပမာ တစ်ခုတွင် ရွာသားများသည် ၎င်းတို့၏ မြေယာများနှင့် စိုက်ပျိုးသီးနှံများအား ထွန်ယက်စိုက်ပျိုးရန် စစ်တပ်မှ တားဆီးထားသောကြောင့် မိမိတို့တတ်မြောက်ထားသော လက်မှုပညာကို အသုံးပြုလျက် ဝင်ငွေအခွင့်အလမ်းကို ရှာဖွေကြရသည်။

[401] source #91 ကိုကြည့်ပါ။
[402] source #100 ကိုကြည့်ပါ။
[403] source #15 ကိုကြည့်ပါ။
[404] ဥပမာအားဖြင့် source #3 ကိုကြည့်ပါ။
[405] ဥပမာအားဖြင့် source #88 ကိုကြည့်ပါ။
[406] ဥပမာအားဖြင့် source #100 ကိုကြည့်ပါ။
[407] ဥပမာအားဖြင့် source #102 ကိုကြည့်ပါ။
[408] ဥပမာအားဖြင့် source #15 ကိုကြည့်ပါ။

*"ရွာသားတွေရဲ့ ပြောကြားချက်အရ မြေပိုင်ရှင်တွေဟာ သူတို့ရဲ့ ခြံတွေထဲကထွက်တဲ့ သီးနှံတွေကို အထက်လူကြီးမသိပဲ ဆွတ်ခူးခဲ့ရင် သူတို့ရဲ့ သီးနှံတွေကို သူတို့ဆီမှာ ထားခဲ့ခိုင်းတယ်။ ပြီးတော့ ဒီမြေတွေဟာ မင်းတို့နဲ့ မဆိုင်တော့ဘူးလို့ သူတို့ ပြောတယ်။ အခု ရွာသားတွေဟာ ဖျာတွေယက်ရောင်းပြီး အသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်တယ်။ ရွာသားတွေက ကူညီချင်တဲ့လူတွေရှိလို့ရှိရင် သူတို့ကို ကူညီဖို့ ပြောကြတယ်။"*

KHRG ကွင်းဆင်းလေ့လာသူမှ ရေးသားသော ဒေသတွင်း အခြေအနေ တင်ပြချက် သံတောင်မြို့နယ်၊
တောင်ငူခရိုင်၊ ကရင်ပြည်နယ် (သို့) အနောက်မြောက်ဘက်
(၂၀၁၄ ခုနှစ် ဇူလိုင်လတွင်လက်ခံရရှိခဲ့ပါသည်။)[409]

ဤအစီရင်ခံစာတွင် အချို့ရွာသားများမှာ မြေယာများ သိမ်းဆည်းခံရသည့်အတွက် အလုပ်လက်မဲ့ ဆက်လက်ဖြစ်နေကြောင်းကို ဖော်ပြထားသည်။

*"မြေသိမ်းခံပြီးတဲ့နောက်မှာ ဒေသခံပြည်သူတွေဟာ အလုပ်လက်မဲ့တွေ ဖြစ်နေကြတယ်။ ဒါ့ကြောင့် မြေသိမ်းခံပြည်သူတွေဟာ စီးပွားရေး၊ လူမှုရေးပြဿနာတွေအပြင် အသက်မွေးဝမ်းကြောင်းနဲ့ ဆိုင်တဲ့ ပြဿနာတွေကိုပါ ခံစားနေရတယ်။"*

KHRG ကွင်းဆင်းလေ့လာသူမှ ရေးသားသော ဒေသတွင်း အခြေအနေ တင်ပြချက် သံတောင်မြို့နယ်၊
တောင်ငူခရိုင်၊ ကရင်ပြည်နယ် (သို့) အနောက်မြောက်ဘက်
(၂၀၁၄ ခုနှစ် ဇူလိုင်လတွင်လက်ခံရရှိခဲ့ပါသည်။)[410]

### {ခ}ရွှေ့ပြောင်းနေထိုင်ခြင်း

နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်း ဖြစ်ရပ်တစ်ခုအနေဖြင့် ဘားအံခရိုင် နဘူးမြို့နယ်တွင် လူဦးရေ (၁၅၀) ခန့်နေထိုင်သော အိမ်ခြေ (၃၀) အကျယ်အဝန်းရှိ မြေဧက (၁၀၀၀) ကို တပ်မတော်၏ သိမ်းယူခြင်းခံခဲ့ရသည်။[411] ထိုသို့ နှင်ထုတ်ခံရသော ရွာသားများသည် ဘုန်းကြီးကျောင်းဝင်းတစ်ခုအတွင်းခေတ္တမှီခိုနေထိုင်ခဲ့ကြရသည်။ ထိုရွာသားအများစုမှာ ၎င်းတို့၏မြေယာဆုံးရှုံးသွားခြင်းကြောင့် ၎င်းတို့၏ ကျေးရွာကို စွန့်ခွါခဲ့ကြရသည်။

*"သူတို့တွေရဲ့ ဥပဒေနဲ့ ကြည့်မယ်ဆို အဲဒီမြေဟာ ရွာသားတွေရဲ့မြေမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ ဥပဒေအရ လေ၊ မြေနဲ့ ရေ အားလုံးဟာ အစိုးရပဲ ပိုင်တယ်။ အရင်က တပ်ရင်းသုံးခုရဲ့ ရာထူးအမြင့်ဆုံး တပ်မှူးတစ်ယောက်က ပြောသွားတာကတော့ ဒီမြေတွေဟာ တပ်စခန်းရဲ့ လက်နက်ပစ်ကွင်းအတွင်းမှာ တည်ရှိနေတဲ့အတွက် ဒီမြေတွေဟာ ရွာသားတွေနဲ့ မဆိုင်ဘူး။ အထင်အရှားကြည့်မယ်ဆို ဝ ---*

409 source #91 ကိုကြည့်ပါ။

410 source #91 ကိုကြည့်ပါ။

411 source #91 ကိုကြည့်ပါ။

*ကျေးရွာတစ်ရွာလုံး သူတို့မြေတွေကိုအစိုးရတပ်က သိမ်းလိုက်တဲ့အတွက် ဘုန်းကြီးကျောင်းဝင်းထဲကို ပြောင်းရွှေ့လာရတယ်။ သူတို့ကတော့ စစ်တပ်တွေ ရွာထဲကနေ ဆုတ်ခွါသွားတဲ့တစ်နေ့ သူတို့ရဲ့ရွာကို ပြန်ပြီး နေထိုင်ရဖို့ အခွင့်အရေးကို သူတို့ မျှော်လင့်နေကြတယ်။"*

စောဒ---၊ (ကျား)၊ ၄၈နှစ်၊ အ--- ကျေးရွာ၊ နဘူးမြို့နယ်၊ ဘားအံခရိုင် (သို့) ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မေးမြန်းခဲ့သည်)[412]

**ဖြစ်ရပ်လေ့လာမှု ။ ဖာပွန်ခရိုင်တွင် နယ်ခြားစောင့်တပ် အမှတ် (၁၀၁၃) မှ တပ်စခန်းအသစ် ဆောက်လုပ်ခြင်း**

ဤအစီရင်ခံစာ ရေးသားသည့် ကာလအတွင်း ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရရှိခဲ့သော အစီရင်ခံစာများအရ ဖာပွန်ခရိုင် ဒွယ်လိုးမြို့နယ်တွင် ဖြစ်ပွားခဲ့သော ကိစ္စရပ်တစ်ခုကို အစီရင်ခံစာ အများစုက ဖော်ပြထားခဲ့သည်။[413] ဤကိစ္စတွင် ပါဝင်သော ရွာသားများ၏ မြေယာများသည် တပ်စခန်း အသစ်ဆောက်ရန် တပ်မတော်နှင့် နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် (၁၀၁၃) ၏ သိမ်းဆည်းခြင်းကို ခံခဲ့ရသည်။ သီဟိုဠ်နှင့် ရာဘာပင်ခြံများ ပါဝင်သော သိမ်းဆည်းမြေ မြေဧကပေါင်း (၁၃၅) ဧကတွင် တပ်စခန်း စတင်ဆောက်လုပ်သည့် ၂၀၁၂ ခုနှစ် ဖွန်လမှ စတင်၍ အဆောက်အဦးပေါင်း (၇၅) လုံးကို ဆောက်လုပ်ခဲ့ကြသည်။ နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် (၁၀၁၃) မှ ဤလုပ်ငန်းအတွက် တာဝန်ယူထားသော တပ်မှူးများမှာ ဗိုလ်လှကြိုင်နှင့် (ဘောကျိုးလဲ တပ်စခန်းမှ)[414] ဗိုလ်ထုလုတို့ ဖြစ်ပြီး ဆောက်လုပ်ရေးအတွက် တာဝန်ယူထားသူမှာ ဦးလှသန်းဖြစ်သည်။

ထိုတပ်စခန်း ဆောက်လုပ်ရန် ကေအဲန်ယူမှ ကိုယ်စားလှယ်အဖြစ်ရောက်ရှိလာသူ တစ်ဦးကြောင့် မှားယွင်းစွာ လက်မှတ် ထိုးမိကြောင်းကို ရွာသားများမှ တင်ပြခဲ့ကြသည်။ ထိုမြေအတွက် လျော်ကြေးငွေကို ပေးခဲ့သော်လည်း စည်းစနစ်တကျနှင့် ပြည့်စုံမှုမရှိပဲ မြေဧက တစ်ဧကစီအတွက် ခြားနားသော ငွေပမာဏများဖြင့် ပေးချေခဲ့ပြီး များသောအားဖြင့် တစ်ချို့သော မြေယာများအတွက်သာ ပေးခြေခဲ့ကြသည်။ ထို့အပြင် ရွာသားများ၏ ပြောကြားချက်အရ ထိုလျော်ကြေးငွေများကို ၎င်းတို့အနေနှင့် လက်ခံခဲ့သော်လည်း ကြောက်ရွံ့စိတ်ကြောင့်သာ လက်ခံခဲ့ကြောင်း သိရှိရသည်။

*"သူတို့တွေက ရွာသားတွေရဲ့ မြေတွေကို သိမ်းတယ်။ ဒါပေမယ့် သူတို့တွေ ရွာသားတွေရဲ့ သဘောတူညီမှု ရရှိဖို့ သေချာကြိုတင် အသိပေး ဆွေးနွေးတာမရှိဘူး။ သူတို့တွေက တစ်ခါတည်း ဆင်းလာပြီး မြေယာတွေကို ရှင်းပစ်တယ်။ ပြီးတော့ နေရာတွေ တစ်ခါတည်း ဆောက်တာပဲ။ သူတို့တွေက မြေတွေကို သိမ်းပြီးတော့ သူတို့သဘောအတိုင်းပဲ လျော်ကြေးငွေတွေပေးတယ်။ ရွာသားတွေအနေနဲ့ သဘောမတူရင်လည်း ကြောက်တဲ့စိတ်နဲ့ လက်ခံကြရတယ်။"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားတင်ပြသော ဒေသတွင်း နောက်ဆုံး အခြေအနေ တင်ပြချက်၊ ဒွယ်လိုးမြို့နယ်၊ ဖါပွန်ခရိုင် (သို့) ကရင်ပြည်နယ်အရှေ့မြောက်ဘက် (၂၀၁၃ ခုနှစ် မေလတွင်ရရှိသည်)[415]

412 source #91 ကိုကြည့်ပါ။

413 source #22, #1b, #2b, #3b, #4b, #5b, #7b, #8b ကို ကြည့်ပါ။

414 ဗိုလ် ထုလုသည် ယခင်က ကရင်ဘာသာဖြင့် ဆင်ဖြူဟု အမိပ္ပါယ်ရှိသော ကဆောဝါး ဟုခေါ်သော ဒီကေဘီအေ တပ်မတော်မှ ဗိုလ်မှူးတစ်ဦးဖြစ်သည်။

415 source #22 ကို ကြည့်ပါ။

ထိုကဲ့သို့ နယ်ခြားစောင့်တပ်အမှတ် (၁၀၁၃) ၏ တိုက်ရိုက်ခြိမ်းခြောက်မှုအပြင် ထိုဆောက်လုပ်ရေးကို အဆုံးသတ်ရန် တောင်းဆိုသော ကရင်အမျိုးသားတပ်မတော် ကေအဲန်အယ်လ်အေ[416] နှင့် ကရင်နယ်ခြားစောင့်တပ်များအကြား လက်နက်ကိုင်တိုက်ပွဲ ဖြစ်ပွားဖွယ်ရှိသည့် အခြေအနေကြောင့် ရွာသားများမှာ ကြောက်ရွံ့နေကြရသည်။

*"ဒေသတွင်း အဖွဲ့ဝင်၏ ပြောကြားချက်အရ ထိုဆောက်လုပ်ရေးကို အဆုံးမသတ်ပါက ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် လက်နက်ကိုင်တိုက်ပွဲဖြစ်ပွားဖွယ်ရှိကြောင်းနှင့် နယ်ခြားစောင့်တပ်မှ ထိုအဆောက်အဦးကို ပြီးဆုံးအောင် ဆောက်လုပ်မည်ဟု ယုံကြည်သောကြောင့် ဒေသခံများမှာ ထိုကဲ့သို့ တိုက်ပွဲဖြစ်မည်ကို အလွန်စိုးရိမ်နေကြကြောင်း ပြောကြားခဲ့သည်။"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားသော ဓါတ်ပုံမှတ်တမ်း၊ ဒွယ်လိုးမြို့နယ်၊ ဖါပွန်ခရိုင် (သို့) ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၃ ခုနှစ် ဒီဇင်ဘာလ တွင်လက်ခံရရှိသည်)[417]

ဤအရာသည် သေချာရေရာမှုမရှိသေးသည့် ဆက်လက်တည်ရှိနေသော အပစ်အခတ်ရပ်စဲရေးကို ရွာသားများ၏ သဘောထားအမြင်ဖြင့် ဖော်ပြထားခြင်းဖြစ်ပြီး ဆက်လက်ဖြစ်ပွားနေသည့် စစ်တပ်လှုပ်ရှားမှု၏ အကျိုးဆက်များကို ဖော်ပြထားပါသည်။

## ၄။ ၂၀၁၂ ခုနှစ် မတိုင်မီ ဖြစ်ပွားခဲ့သော အဖြစ်အပျက်များ

စစ်ရေးအတွက် မြေယာများသိမ်းဆည်းခြင်းနှင့် ပတ်သက်၍ ရွာသားများမှ ယခင်က ပြောဆိုရဲခြင်းမရှိသော်လည်း ကရင်အမျိုးသား အစည်းအရုံးနှင့် မြန်မာအစိုးရတို့အကြား အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီး နောက်ပိုင်းတွင် ပိုမို လွတ်လပ်စွာ တင်ပြရဲခြင်း ရှိလာကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းအချက်အလက် ကောက်ယူသူများမှ တွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် ဤအစီရင်ခံစာ ရေးသားနေသည့် ကာလအတွင်းတွင် ၁၉၇၅ ခုနှစ်မှ စတင်ဖြစ်ပွားခဲ့သော မြေယာသိမ်းယူမှုများကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းကောက်ယူသူများမှ သတင်းပေးပို့ခြင်း များပြားလာသည်။ အထက်တွင် တင်ပြခဲ့သော အကြောင်းအရာများအပြင် တောင်ငူ၊[418] ညောင်လေးပင်၊[419] ဖာပွန်[420]နှင့် ဒူးပလာယာ[421] ခရိုင်များတွင် စစ်ဘက်ဆိုင်ရာ အသုံးပြုမှုအတွက် မြေယာများ သိမ်းယူခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ် ခြောက်ခုကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ သတင်းအချက်အလက် စုဆောင်းရရှိခဲ့သည်။ ဥပမာ တစ်ခုအနေနှင့် ဖာပွန်ခရိုင် ဘူးသိုမြို့နယ်ရှိ ရွာသားများမှ ၎င်းတို့အနေနှင့် အပစ်အခတ် ရပ်စဲရေး မတိုင်မီက ဖြစ်ပွားခဲ့သော မြေယာသိမ်းဆည်းမှုများတွင် မြန်မာအစိုးရမှ ကြိုတင် ဆွေးနွေးတိုင်ပင်ခြင်းနှင့် လျော်ကြေးငွေ ပေးအပ်ခြင်း မရှိသည့် အတွက် ကျေနပ်မှု မရှိကြောင်းကို တင်ပြခဲ့ကြသည်။

[416] "Emerging issues: Security, peacebuilding and social cohesion," in *Truce or Transition?တွင် ကြည့်ရှုနိုင်။*

[417] "Hpapun Photo Set: BGF Battalion #1013 land confiscation for army base Dwe Lo Township, June 2012 to November 2013," KHRG, June 2014.

[418] source #111 ကို ကြည့်ပါ။

[419] source #55 ကို ကြည့်ပါ။

[420] source #106 ကို ကြည့်ပါ။

[421] source #64 ကို ကြည့်ပါ။

*"ဖာပွန်ခရိုင်ရှိ မြေယာများသည် ယခု ဦးသိန်းစိန်အစိုးရ၏ လက်ထက်တွင် ဖာပွန်ခရိုင် မြေစာရင်းဦးစီးဌာနနှင့် မြေယာအုပ်ချုပ်ရေးဌာနတို့မှ သိမ်းယူခြင်းခံရခဲ့သည်။ ထို့နောက် ထိုမြေများကို အရှေ့တောင်ပိုင်းတိုင်း ဗဟိုဌာနချုပ်လက်အောက်ရှိ တပ်မတော် တပ်စခန်းများသို့ ပေးအပ်ခဲ့သည်။ ထိုတပ်စခန်းများမှာ ခမရ အမှတ် (၃၄၀)၊ (၃၄၁)၊ (၄၃၄)၊ နှင့် (၆၄၂) တို့ ဖြစ်ကြသည်။ ထိုမြေယာများမှာ အပစ်အခတ် ရပ်စဲရေး မတိုင်မီက သိမ်းယူထားသော မြေယာများဖြစ်သည်။ ယခုအချိန်တွင် ကေအဲန်ယူနှင့် မြန်မာအစိုးရတို့၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီးနောက် တွင်လည်း သေချာမှုမရှိပဲ သိမ်းဆည်းခံရဆဲဖြစ်သည်။"*

*"ကတိုင်တိ ကျေးရွာအုပ်စု ကတိုင်တိ ကျေးရွာတွင် ထင်ရှားသော သာဓက ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။ ကတိုင်တိ တပ်စခန်းရှိ တပ်မှူး (ဂျီသရီး) ဇော်မျိုးတင်သည် ကတိုင်တိ ကျေးရွာခေါင်းဆောင်ပောင်း ကိုမျိုးထံမှ မြေ (ဧကြောက်) ဧကကို ငွေကျပ် (၁၀) သိန်းဖြင့် အဓမ္မ ဝယ်ယူခဲ့သည်။ ထိုဝယ်ယူထားသည့် မြေယာများကို ခြံစည်းရိုးခတ်သည့်အခါ (ခြောက်) ဧကထက် ပို၍ခတ်ခဲ့ပြီး ထိုမြေနေရာမှ ဧက ခြောက်ဆယ်ခန့်ရှိသည်။ ထို့ကြောင့် သူသည် သူ၏ မြေပတ်ဝန်းကျင်ရှိ မြေပိုင်ရှင်မသိပဲ မြေယာများကို အဓမ္မ သိမ်းယူခဲ့သည်။"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားသော ဒေသတွင်း နောက်ဆုံးအခြေအနေ တင်ပြချက်၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင် (သို့) ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် လက်ခံရရှိခဲ့သည်)[422]

တောင်ငူခရိုင် သံတောင်ကြီး မြို့နယ်တွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ မတိုင်မီ သိမ်းယူခဲ့သော မြေယာများအား စစ်ဘက်ဆိုင်ရာ လေ့ကျင့်မှုအတွက် အသုံးပြုခဲ့ပြီး မြန်မာအစိုးရအတွက် အဆောက်အအုံများနှင့် စစ်တပ်အတွက် တပ်စခန်းများ ဆောက်လုပ်ရန်အတွက် အသုံးပြုခဲ့သည်။[423] လယ်ဧက (၅၀၀၀) ကျော်မှာ ၂၀၀၀ ခုနှစ်တွင် အသိမ်းခံခဲ့ရပြီး ဒေသခံများအတွက် ကြာရှည်သော အခက်အခဲများကို ဖြစ်ပေါ်စေသည်။ အချို့သော ကိစ္စရပ်များသည် နှစ်အတော်အတန် ကြာရှိပြီ ဖြစ်သည်။ ညောင်လေးပင်ခရိုင်[424] မုန်းမြို့နယ်တွင် ဖြစ်ပွားခဲ့သော ကိစ္စရပ် တစ်ခုမှာ မြန်မာအစိုးရမှ ဖြတ်လေးဖြတ် စနစ်[425] ချမှတ်ခဲ့သော ၁၉၇၀ ခုနှစ် အလယ်ပိုင်းမှ စတင်ဖြစ်ပွားခဲ့သည်။ အခြား ကိစ္စရပ်တစ်ခုမှာ ၁၉၉၂ ခုနှစ်တွင် ဖြစ်ပွားခဲ့ပြီး ဖာပွန်ခရိုင် ဘူးသိုမြို့နယ် ဂ--- ကျေးရွာတွင် နေထိုင်သော ရွာသားတစ်ဦး၏ မြေယာများပါဝင်သည်။[426] ထိုရွာသား၏ မြေယာများအား တပ်မတော်မှ တပ်မတော်ဘုန်းကြီးကျောင်း ဆောက်လုပ်ရန် သိမ်းယူခဲ့ခြင်းဖြစ်သည်။

---

[422] source #106 ကို ကြည့်ပါ။

[423] source #111 ကို ကြည့်ပါ။

[424] source #55 ကို ကြည့်ပါ။

[425] မြန်မာနိုင်ငံတွင် ကမ္ဘာမီးလောင် လမ်းစဉ် ဖြစ်သော ဖြတ်လေးဖြတ် မူဝါဒသည် ၁၉၅၀ ခုနှစ်အစောပိုင်းတွင် တပ်မတော်မှ သောင်းကျန်းသူများအား ပစ်မှတ်ထား၍ ချမှတ်ခဲ့သော နည်းဗျူဟာဖြစ်ပြီး သောင်းကျန်းသူများနှင့် ရွာသားများအား အဆက်အသွယ်ဖြတ်ရန် ရည်ရွယ်၍ အထောက်အပံ့များ၊ ပစ္စည်းများ၊ ထောက်လှမ်းရေးများ၊ ၊ အကြံပေးသူများနှင့် ဒေသခံ ရွာသားများထံမှ စုဆောင်းထားသော တပ်သားသစ်များနှင့် ဖြတ်တောက်ရန် အဓိကထား၍ ၁၉၆၀ ခုနှစ် အလယ်ပိုင်းတွင် စတင်ကျင့်သုံးခဲ့သည်။ မာတင်စမစ်သ် ရေးသားသော *Burma: Insurgency and the Politics of Ethnicity*, New York: St. Martin's Press, 1999 pp. 258-262 ကိုကြည့်ပါ။

[426] source #31 ကို ကြည့်ပါ။

ထိုကိစ္စတွင်လည်း အစိုးရမှ ၎င်း၏ ကတိအတိုင်း စစ်အုပ်ချုပ်ရေး စနစ်အတွင်း မြေသိမ်းခံသူများအား မြေယာအစားထိုး ပြန်လည် ပေးအပ်ခြင်းနှင့် လျော်ကြေးငွေများပေးအပ်ရန် ပျက်ကွက်ခဲ့သည်ကို တွေ့ရှိနိုင်သည်။

*"သူတို့ဘာမှပြန်မပေးသေးဘူး၊ သူတို့ပြောတော့ မြေအစားထိုးပြန်မပေးပဲ လျော်ကြေးငွေပဲပေးမယ်လို့ ပြောခဲ့တယ်။ ဒါပေမယ့် သူတို့ လျော်ကြေးအဖြစ် ဘာပိုက်ဆံမှ ပြန်မပေးသေးဘူး။"*

အ--- ကျေးရွာရှိ အသက် ၄၆ နှစ် အရွယ် ဦး အ---၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင် (သို့) ကရင်ပြည်နယ် အရှေ့တောင်ပိုင်း (၂၀၁၃ ခုနှစ် ဇူလိုင်တွင် မေးမြန်းခဲ့သည်)[427]

အစီရင်ခံစာ ရေးသားနေစဉ် လက်ခံရရှိသည့် ထင်ရှားသည့် ကိစ္စရပ် တစ်ခုမှာ ဖာပွန်ခရိုင် နဘူးမြို့နယ်တွင် ရွာသားများ၏ မြေယာ ဧက (၁၀၀၀) ကျော်မှာ ၁၉၉၀ အလယ်ပိုင်းတွင် တပ်မတော် တပ်ရင်း အမှတ် (၅၄၇)၊ (၅၄၈) နှင့် (၅၄၉) တို့၏ သိမ်းယူခြင်း ခံခဲ့ရသည်။[428] အကျိုးဆက်အနေဖြင့် ရွာသား (၁၅၀) ခန့် ပြောင်းရွှေ့နေထိုင်ခဲ့ကြရပြီး ယခုအချိန်တွင် နှစ် (၂၀) ခန့် ဘုန်းကြီးကျောင်းဝင်းတွင် နေထိုင်ခဲ့ကြရသည်။ ၂၀၁၃ ခုနှစ်တွင် နဘူးမြို့နယ်ရှိ ရွာသားများသည် ဒေသခံအာဏာရှင်များထံမှ မြေယာမှတ်ပုံတင်များ ရရှိခဲ့သည်။ ထိုကဲ့သို့ မြေယာမှတ်ပုံတင် ပေးအပ်ခြင်းမှာ ၎င်းတို့၏ မြေယာမှတ်ပုံတင်များသည် တရားဝင်မဟုတ်ပဲ မြေယာများမှာ စစ်တပ်နှင့်သာ သက်ဆိုင်သေးကြောင်း အသိပေးရန်သာဖြစ်သည်။[429] ရွာသားများအနေနှင့် ၎င်းတို့၏ မြေယာများအား တရားဝင်နည်းလမ်းဖြင့် ပြန်လည်ရရှိရန် ကြိုးပမ်းမှုမှာ အချည်းနှီးသာဖြစ်ပြီး ယခုထက်တိုင် မြေယာမဲ့များအဖြစ် ကျန်ရှိနေဆဲဖြစ်သည့်အပြင် မြေယာ ပြန်လည်ရရှိရန်အတွက် မျှော်လင့်ချက်မှာလည်း အနည်းငယ်သာ ရှိတော့သည်။ ဤအဖြစ်အပျက်များသည် ရွာသားများအနေနှင့် ယခင်က ခံစားရသော လူ့အခွင့်အရေး ချိုးဖောက်မှုများအား ပြန်လည် ဖော်ထုတ်ရန် ကြိုးပမ်းမှုများအတွက် အတားအဆီးများဖြစ်သည်။

[427] source #31 ကို ကြည့်ပါ။
[428] source #30 ကို ကြည့်ပါ။
[429] source #30 ကို ကြည့်ပါ။





ဤပုံများကို ၂၀၁၃ခုနှစ် နိုဝင်ဘာလ ၂၀ရက်၊ ကရင်ပြည်နယ်အရှေ့တောင်ပိုင်းရှိ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ ဘ---ကျေးရွာတွင် အ---ကျေးရွာသားတစ်ဦးမှ ရိုက်ယူခဲ့သည်။ ပထမတစ်ပုံသည် ကရင်နယ်ခြားစောင့်တပ်၏ တပ်ရင်းအမှတ် ၁၀၁၃ တပ်စခန်း၏ စစ်တပ်သင်္ကေတနှင့် အဝင်ဂိတ်ပေါက်ဝကို ပြသည်။ "အမှတ် ၁၀၁၃ ကရင်နယ်ခြားစောင့်တပ်၊ ဘ---ကျေးရွာ" ဟုရေးသားထားသောဆိုင်းဘုတ်ကို ပြသည်။ အ---ရွာသားနှင့် တွေ့ဆုံပြီးဖြစ်သော ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလေ့လာသူတစ်ဦး၏ ပြောကြားချက်အရ ကရင်နယ်ခြားစောင့်တပ်၏ တပ်ရင်းမှ ရာဘာစိုက်ခင်းများ၊ သီဟိုဠ်သရက်ပင်စိုက်ခင်းများနှင့် လယ်ယာများပါဝင်သော ၁၃၅ ဧကရှိသော ရွာသူရွာသားများ၏ မြေယာများကို သိမ်းဆည်းခဲ့သည်။ လယ်ပိုင်ရှင်များအနေဖြင့် ကရင်နယ်ခြားစောင့်တပ်၏ တပ်ရင်းနှင့်ပူးပေါင်းလုပ်ဆောင်သော Green Hill ကုမ္ပဏီတို့မှ ၎င်းတို့၏ မြေယာအတွက် ပေးအပ်သော လျော်ကြေးငွေများကို လက်ခံရယူခဲ့ပြီး စာရွက်စာတမ်းများကို လက်မှတ်ထိုးမိပြီးဖြစ်သောကြောင့် မှားယွင်းစွာဖြင့် သိမ်းဆည်းထားသော ၎င်းတို့၏မြေယာများကိုကာကွယ်ရန်အတွက် မည်သို့မျှမလုပ်နိုင်ပေ။ [ပုံ-KHRG]



အထက်ဖော်ပြပါပုံကို ၂၀၁၄ခုနှစ် ဇန်နဝါရီလ၂၉ ရက်၊ ကရင်ပြည်နယ် အရှေ့တောင်ပိုင်းရှိ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စုတွင် ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလေ့လာသူတစ်ဦးမှ ရိုက်ယူခဲ့သည်။ ထိုပုံသည် တပ်မတော် ခြေမြန်တပ်ရင်းအမှတ် ၃၄၀ သည် ရွာသူရွာသားများမှ သိမ်းယူခဲ့သော လယ်ယာဖြစ်သည်။ ထိုပုံသည် ခြေမြန်တပ်ရင်းအမှတ် ၃၄၀ မှ မိုးရာသီတွင် စိုက်ပျိုးခဲ့သော လယ်ယာမြေနှင့် ထိုမြေယာပေါ်တွင် ခြေလျင်တပ်ရင်းအမှတ် ၁၉၊ နှင့် ခြေမြန်တပ်ရင်း အမှတ် ၃၄၀၊ ၃၄၁နှင့် ၄၃၄ တို့မှ ၎င်းတို့၏ စစ်လေ့ကျင့်ရေးတွင်လည်းအသုံးပြုခဲ့သည်။ [ပုံ-KHRG]



အထက်ဖော်ပြပါပုံကို ၂၀၁၄ခုနှစ် ဇူလိုင်လ ၂၁ရက်၊ ကရင်ပြည်နယ် အရှေ့တောင်ပိုင်းရှိ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊အ---ကျေးရွာတွင် ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလေ့လာသူတစ်ဦးမှ ရိုက်ယူခဲ့သည်။ ထိုပုံသည် ခြေလျင်တပ်ရင်းအမှတ် ၄၃၄မှ သိမ်းဆည်းထားသော ရွာသူရွာသားများ၏ မြေယာကိုပြသောပုံဖြစ်သည်။ ၎င်းတို့သည် မြေယာကို သိမ်းပြီးနောက် တပ်ရင်းက ထိုမြေပေါ်တွင် အလုပ်မလုပ်နိုင်သောကြောင့် ထိုမြေကို အခြားသူများအား အငှားချစားထားသည်။ သို့သော် အငှားချစားထားသော စျေးနှုန်းသည် အဆမတန် ကြီးမြင့်သောကြောင့် ထိုမြေယာပေါ်တွင် လယ်လုပ်လျှင် အခွန်ဆောင်စရာ လိုတော့ပေ။ မြေယာများအလွတ်မဖြစ်စေရန် အလို့ငှာ ရွာသူရွာသားများကို ထိုမြေယာပေါ်တွင် အလုပ်လုပ်ခွင့်ပြုသည်။ သို့သော် ထိုသူတို့သည် စစ်တပ်၏မြေကွက်အတွင်းတွင်လည်း လာရောက်ကူညီလုပ်ကိုင်ရမည်ဖြစ် သည်။ [ပုံ-KHRG]



အထက်ဖော်ပြပါပုံကို ၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၁၅ရက်၊ ကရင်ပြည်နယ်အရှေ့တောင်ပိုင်းရှိ သံတောင်ကြီးမြို့နယ်၊ သံတောင် တွင် ရိုက်ယူခဲ့သည်။ ထိုပုံသည် တပ်မတော် ခြေလျင်တပ်ရင်း အမှတ်၁၂၄သည် ရွာသူရွာသားများထံမှ မြေယာကို သိမ်းယူပြီးၛင်းတို့၏ စစ်တန်းလျားများ ဆောက်လုပ်ရန်အတွက် အမှတ်အသားများဖြင့် သတ်မှတ်ထားသည်။ [ပုံ-KHRG]



အထက်ဖော်ပြပါပုံကို ၂၀၁၄ခုနှစ်ဧပြီလ၁၉ရက်၊ကရင်ပြည်နယ်အရှေ့တောင်ပိုင်းရှိဘူးသိုမြို့နယ်၊မယ်ကလောကျေးရွာအုပ်စုတွင်ရိုက်ယူခဲ့သည်။ ထိုပုံသည် တပ်မတော် လက်နက်ခဲယမ်းတပ်စု အမှတ်၆၄၂၏စခန်းခြံစည်းရိုးပြုပြင်မွမ်းမံခြင်းနှင့်စခန်းချဲ့ထွင်ခြင်းကိုပြသည်။အကျိုးဆက်အနေဖြင့်၂ကေခန့်ရှိသော စောအ--၏လယ်ယာမြေသည် သိမ်းဆည်းခြင်းခံခဲ့ရသည်။ [ပုံ-KHRG]





*အထက်ပါပုံနှစ်ပုံသည် ၂၀၁၄ခုနှစ် စက်တင်ဘာလ ၁၂ရက်နေ့တွင် လ--- ကျေးရွာ၊မယ်ကလေ ကျေးရွာအုပ်စု၊ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်းတွင်ရိုက်ကူးခဲ့သည်။ ပုံမှာဖာပွန်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဌမှရေးသားထားပြီး တပ်မတော် ခြေမြန်တပ်ရင်း အမှတ် (၃၄၀)၊ (၃၄၁) နှင့်(၄၃၄)မှ မြေယာသိမ်းဆည်းထားခံထားရသည့် ရွာသားများထံသို့ ပေးပို့ကာထိုကိစ္စနှင့် ပက်သက်၍အစည်းအဝေးတက်ရောက်ရန် ဖိတ်ခေါ်သောစာဖြစ်ပါသည်။ ထိုစာ၏အကြောင်းအရာမှာ "လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုစုံစမ်းရေး ကော်မရှင်အစီရင်ခံစာ အပိုင်း(၁)မှ သိမ်းဆည်းမြေများ ကိစ္စအရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေတင်ပြနိုင်ရေးအတွက် ရှင်လင်းပွဲသို့တက်ရောက်ပါရန်ဖိတ်ကြားခြင်း။" ဖြစ်ပြီး လယ်ပိုင်ရှင်စုစုပေါင်း ၄၅ ယောက်ကို ထိုအစည်းအဝေးသို့တက်ရောက် ရန်ဖိတ်ကြားခဲ့ပါသည်။ ယင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဌသည် လယ်သမားများကိုစည်းခေါ်ဆောင်ပြီး ၎င်းတို့၏မြေယာများကိုပြန်လည်ပေးမည် မဟုတ်ကြောင်းပြောကြားရန် ရေးသားရခြင်းဖြစ်သည်။ ထိုကိစ္စနှင့်ပက်သက်၍အချို့ရွာသားများမှာ မသိချေ။ အစည်းဝေးတွင်မူ၊ တပ်ရင်းမှူးမှရွာသားများ၏ လယ်မြေများပေါ်တွင် ၎င်းတို့၏တပ်စခန်းများတည်ဆောက်ပြီး ဖြစ်ကြောင်းရွာသားများအားအသိပေးခဲ့ပါသည်။ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဌသည် "အကယ်လို့ပြန်ပေးလိုက်မယ်ဆိုရင်၊ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်သွားမှာပေါ့" ရွာသားများကိုပြောကြားသွားသည်ဟု အစည်းဝေးတက်ရောက်သွားသည့်ရွာသားတစ်ဦးမှ ပြောပြပါသည်။ [ပုံ-KHRG]*

# III. ရွာသားများ၏တုံ့ပြန်မှု နည်းဗျူဟာများ

*"ကျွန်တော်ကရွာသားတွေနဲ့ သွားတွေ့တဲ့အခါတိုင်း သူတို့ကိုပြောပြတယ်။ ဘယ်သူမှကျွန်တော်တို့ရဲ့ ပြဿနာကို လာပြီးမကူညီမဖြေရှင်းပေးနိုင်ဘူး။ ပြဿနာတွေကိုကျွန်တော်တို့ ကိုယ်တိုင် ဖြေရှင်းရမယ်။ ကျွန်တော်တို့က ပြဿနာကို ဒီလိုဖြေရှင်းရမယ်။ ဥပမာ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင် ပစ္စည်းတွေ ဆုံးရှုံးခဲ့ရင် ကျွန်တော်တို့သေသေချာချာတိတိကျကျ မှတ်ထားပြီးတော့ သတင်းမီဒီယာတွေ ထံတင်ပြရမယ်။ ဘာမှ စိုးရိမ်ကြောင့်ကြစရာမလိုဘူး။ တစ်ယောက်ထိရင်တစ်ယောက်သေမှာပဲ။ ကျွန်တော်တို့ကိုယ်ကို စစ်မြေပြင်မှာ စစ်တိုက်နေတဲ့စစ်သားတစ်ယောက်လိုခံယူနိုင်တဲ့ စိတ်ထားရမယ်။ တနည်းအားဖြင့်ပြောရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ မြေတွေကို ပြန်ရအောင်တိုက်ရမယ်။ ကျွန်တော်တို့ရဲ့ အခွင့်အရေးကို ကျွန်တော်တို့ကိုယ်တိုင်တိုက်ယူရမယ်။"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားပေးပို့သော ဒေသတွင်းနောက်ဆုံးအခြေအနေ၊ ထီးလုံမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၄ ခုနှစ် ဧပြီလတွင် လက်ခံရရှိခဲ့သည်)[430]

[430] source# 78 တွင်ကြည့်ရှုပါ။

**အဓိကရှာဖွေတွေ့ရှိချက်များ**

- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကရင်လူမှုအသိုင်းအဝိုင်း ပတ်ဝန်းကျင်တွင် နေထိုင်ကြသော ရွာသားများသည် မိမိတို့ဒေသအတွင်း ကျူးကျော်၍ ဖွံ့ဖြိုးရေးလာရောက်လုပ်ဆောင်သူများအား စုပေါင်း၍ သော်လည်ကောင်း၊ တစ်ဦးချင်းသော်လည်ကောင်း နည်းလမ်းမျိုးစုံဖြင့် ရင်ဆိုင်တုန့်ပြန်မှုများ လုပ်ဆောင်ခဲ့ကြသည်။ ၎င်းပရိယာယ်ဗျူဟာများမှာ မြန်မာအစိုးရထံ အသနားခံတင်ပြတောင်းဆိုခြင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) နှင့် ဒေသအခြေပြု အဖွဲ့အစည်းများ (CBOs) အားတင်ပြခြင်း၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် KNU/KNLA ထံအသနားခံတိုင်ကြားခြင်း၊ မြေယာများကို တရားဝင်မှတ်ပုံတင်ခြင်းနှင့် အခြားသော နည်းဗျူဟာများ ဖြစ်သည့်အဖွဲ့လိုက် ဆန္ဒထုတ်ဖော်ခြင်းနှင့် လက်နက်ဖြင့် ပြန်လည်တုန့်ပြန်ခြင်း အစရှိသည်တို့ပါဝင်သည်။
- ၂၀၁၁ မှ ၂၀၁၂ ခုနှစ်ကာလအတွင်းပြုစုထားသောယခင်ကထုတ်ပြန်ခဲ့သည့် အစီရင်ခံစာဖြင့်နှိုင်းယှဉ်ကြည့်ပါက ဒေသခံရွာသားများ၏ တုန့်ပြန်မှု ကြိမ်နှုန်း ပိုမိုများပြားလာသည် ကိုတွေ့ရှိရပါသည်။
- ဒေသခံများ၏ တုန့်ပြန်မှုဗျူဟာများထဲမှအများဆုံးဖော်ပြခံရသောနည်းဗျူဟာတစ်ခုမှာဖွံ့ဖြိုးရေးလုပ်ဆောင်သူများ နှင့် ညှိနှိုင်းတိုင်ပင်ခြင်းပင်ဖြစ်သည်။
- ထိုသို့ဆွေးနွေးတိုင်ပင်မှုများထဲမှအနည်းငယ်မှာစီမံကိန်းလုပ်ငန်းများအားတားမြစ်ခြင်း(သို့)ရပ်တန့်ခြင်းတွင် အောင်မြင်မှုများရရှိခဲ့သော်လည်း များသောအားဖြင့် ထုတ်ဖော်ပြောဆို သတင်းပို့လာသော ရွာသားများမှာ အကြမ်းဖက်ခြိမ်းခြောက်မှုများအပြင် အသက်အန္တရာယ်ကို ထိပါးလာသည်အထိ ရင်ဆိုင်ကြုံတွေ့ကြရပါသည်။
- ရွာသားများက လက်နက်ကိုင်အဖွဲ့များ (အထူးသဖြင့် ကရင်အမျိုးသားအစည်းအရုံး နှင့်ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်)ထံမိမိတို့ဒေသအတွင်း ဖြစ်ပေါ်နေသော အခွင့်အရေးချိုးဖောက်မှုများကို ဖြေရှင်းပေးရန် တင်ပြအကူအညီတောင်းဆိုရာတွင် အချို့သောဖြစ်ရပ်များတွင် စီမံကိန်းများသည် လက်နက်ကိုင်အဖွဲ့များ၏ ဝင်ရောက်စီစစ်ချက်မှုများကြောင့် လုပ်ဆောင်ရန် တာမြစ်ခြင်းခံခဲ့ရသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစ၍ ရွာသားများသည် မြေယာသိမ်းဆည်းခြင်း နှင့်ဆက်စပ်သော ပြဿနာများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးစားဖြေရှင်းလာခဲ့ကြသည်။ ထိုနည်းလမ်းများမှာ ဆွေးနွေးတိုင်ပင်မှုဖြင့် သဘောတူညီမှု ရယူခြင်း[431]၊ မြန်မာအစိုးရထံ အသနားခံတင်ပြပန်ကြားခြင်း[432]၊ ကရင်မျိုးသားအစည်းအရုံး KNU/KNLA ထံအသနားခံတင်ပြအကူအညီတောင်းယူခြင်း[433]၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) နှင့် ဒေသအခြေပြုအဖွဲ့အစည်းများ (CBOs)[434] ထံသို့ မိမိတို့၏ပြဿနာများကို တင်ပြခြင်း၊ မိမိတို့၏မြေယာများကို

[431] source# 6, #25, #30, #44, #45, #48, #50, #52, #53, # 64, #9b, #10b, #61, #67, #69, #75, #81 တို့တွင်ကြည့်ရှုပါ။

[432] Source# #'s 22, #6, #68, #77, #26, #27, #102, #72, #80, #54, #1b, #2b, #63, #19, #25, #46, #84, #88, #56, #9b, #61, #3b တွင်ကြည့်ရှုပါ။

[433] source#42, #15, #86, #81, #82, #44, #56, #17, #72, #22, #30, #10b တွင်ကြည့်ရှုပါ။

[434] source# 10, #31, # 62, #79, #84, #40, #60, #76, #64, #14, #16, #81, #45, #49, #106 တွင်ကြည့်ရှုပါ။

တရားဝင်စနစ်တကျမှတ်ပုံတင်ခြင်း[435]၊ အခြားသော[436]နည်းဗျူဟာများဖြစ်သည့် တိုက်ရိုက်မျက်နှာချင်းဆိုင် တွေ့ဆုံမှုများ[437] နှင့် သတင်းမီဒီယာများထံသို့ ဆက်သွယ်တိုင်ကြားတင်ပြခြင်းများ[438] စသည့်နည်းလမ်းမျိုးစုံတို့ ဖြင့်ကိုင်တွယ်ဖြေရှင်းခဲ့သည်။

မြေအသိမ်းခံရသူအများစုမှာ ၎င်းတို့၏ မြေယာများကို ပြန်လည်ရရှိရန်ကြိုးပမ်းရာတွင် အောင်မြင်မှုမရရှိကြပါ။ အလားတူ ၎င်တို့၏သိမ်းဆည်းခံထားရသောမြေယာများ အတွက် ထိုက်တန်သောလျော်ကြေးပမာဏ နှင့် ငွေကြေးအပြည်အစုံကို ရယူရာတွင်လည်း အောင်မြင်မှုမရရှိကြပါ။ ရွာသားတစ်ဦး၏ ဖော်ပြချက်အရ ဤသို့ဖြစ်ရခြင်းအကြောင်းအရင်းမှာ

"*မြေတွေက ရွာသားတွေရဲ့မြေမဟုတ်ဘူး၊ သူတို့ရဲ့ ဥပဒေကိုကြည့်မယ်ဆိုရင် လေတွေ၊ မြေတွေနဲ့ ရေတွေ အားလုံးကိုအစိုးရပဲပိုင်တယ်*"

စောယ---၊ (ကျား)၊ ၄၈နှစ်၊ အ--- ရွာ၊ ဝေါလေကျေးရွာစု၊ နဘူးမြို့နယ်၊ ဘားအံခရိုင်၊
ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၃ခုနှစ် ဒီဇင်ဘာလတွင် တွေ့ဆုံမေးမြန်းခဲ့ပါသည်)[439]

ရွာသားများ၏တုံ့ပြန်မှု နည်းဗျူဟာများဆိုသည်မှာ တူညီသော ရည်မှန်းချက်ကို ရရှိရန်အတွက် ရွာသားများကိုယ်တိုင် ဦးဆောင်လုပ်ကိုင်သော လုပ်ဆောင်ချက်များ၏ အခြေအနေများကို ဆိုလိုပါသည်။ ထိုဗျူဟာများကို နည်းမျိုးစုံဖြင့်လုပ်ဆောင်ပြီးစီးနိုင်ပြီး ထိုသို့လုပ်ဆောင်ရာတွင် ကျေးရွာအဆင့် ကော်မတီများ (သို့) ကျေးရွာအတွင်း မူဝါဒလှုံ့ဆော်မှုအဖွဲ့အစည်းများ ဖွဲ့စည်း၍ ရွာသားများတွေ့ကြုံရလေ့ရှိသော ပြဿနာများအား မဖြစ်ပွားမီ တားဆီးခြင်း၊ မိမိတို့၏ မြေယာများပျက်စီးဆုံးရှုံးမှုအတွက် သာမက ထိုပျက်စီးဆုံးရှုံးမှုများကြောင့် ကြုံတွေ့ရသည့် စားဝတ်နေရေးပြဿနာများ အတွက်ပါ နစ်နာကြေး (သို့) လျော်ကြေးများ တောင်းယူခြင်း စသဖြင့် လုပ်ဆောင်နိုင်သည်။ မြန်မာပြည်အရှေ့ပိုင်းတွင် နေထိုင်ကြသော ရွာသားများက ၎င်းတို့၏နေရပ်ဒေသအတွင်း ရပ်ရွာလုံခြုံရေးနှင့် စားနပ်ရိက္ခာဖူလုံရေးများ ခြိမ်းခြောက်ခံနေရချိန် ထိုနည်းဗျူဟာများကို ကျင့်သုံးကြသည်။ ထို့အပြင် အဖွဲ့လိုက် သဘောတူညီမှုရရှိရန် ကြိုးပမ်းခြင်းဖြင့်လည်း ကြီးမားသော အုပ်စုလိုက်အခွင့်အရေးကို အသိအမှတ်ပြုစေရန်သည်လည်း ၎င်းတို့၏ နည်းဗျူဟာ တစ်ခုဖြစ်သည်။ ခရိုင် (၇)ခုတွင်နေထိုင်သော ရွာသားများကဖော်ပြသည်မှာ စီးပွားရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အပေါ် ဒေသခံရွာသားများ၏တုံ့ပြန်မှုများသည် ၎င်းတို့၏မြေယာများအား ကာကွယ်ရန် (သို့) ၎င်းတို့၏ စားဝတ်နေရေးထိခိုက်မှုများ လျော့ပါးလာစေရန် သာဖြစ်သည်။ ကံမကောင်းစွာဖြင့် ၎င်းတို့၏ မြေယာနှင့်စားဝတ်နေရေးအပေါ် ခြိမ်းခြောက်မှုများကို နည်းဗျူဟာများအသုံးပြု၍ တုံ့ပြန်ရာတွင် ပြင်းထန်သောတားဆီးမှုများဖြင့် ပိတ်ပင်ခံရလေ့ရှိသည်။

---

[435] source# 11, #18, #30, #47, #48, #44, #46 တွင်ကြည့်ရှုပါ။
[436] source# 17, #3b, # 46, #89, #77, #61, #13, #36, #1b, #2b; # 64, #110 တွင်ကြည့်ရှုပါ။
[437] source #110 တွင်ကြည့်ရှုပါ။
[438] source #3b တွင်ကြည့်ရှုပါ။
[439] source#15 တွင်ကြည့်ရှုပါ။

အချို့သောဖြစ်ရပ်များတွင် ရွာသားများသည် ၎င်းတို့၏ မြေယာသိမ်းဆည်း ခံရပြီးနောက် မည်သည့်တုံ့ပြန်လုပ်ဆောင်မှုမျိုးကို လုပ်ဆောင်ခဲ့သည်ကိုမူ တင်ပြခြင်း မရှိပါ။ ဤအချက်အတွက် အခြေခံကျသော အကြောင်းပြချက်တစ်ခုမှာ ယခင်ကြုံတွေ့ခဲ့ဖူးသော အတွေ့အကြုံအရ မြေယာသိမ်းဆည်းမှုအတွက်ရွာသားများက ကန့်ကွက်တိုင်ကြားစာများတင်ပြခဲ့သော်လည်း တစ်စုံတစ်ရာ ပြန်ကြားချက်များ (သို့)လုပ်ဆောင်ချက်များကို[440] မတွေ့ရှိခဲ့ရပါ။ ပြန်ကြားစာရရှိလာပါကလည်း ၎င်းတို့ထံမှရရှိသော အဖြေများသည် ကျေနပ်ဖွယ်ရာမရှိသလောက်ပင် ဖြစ်ပါသည်။[441] ထိုမှုမကာ မြေယာ ပြန်လည်ရရှိရန် ကြိုးပမ်းတုံ့ပြန်မှုများအပေါ် များသောအားဖြင့် မတရားမှုကိုတရားမှုအဖြစ်လုပ်ဆောင်ခြင်း (သို့) အပြီးပယ်ချခံရခြင်းတို့ကို တွေ့ကြုံရပါသည်။

**[က] ကျေးရွာများ၏ နည်းဗျူဟာအမျိုးအစားများအား တိုင်းတာခြင်းနှင့် ခွဲခြားဖော်ပြခြင်း**

၂၀၁၂ခုနှစ် ဒီဇင်ဘာလမှစ၍ ကရင်လူ့အခွင့်အရေးအဖွဲ့အစည်း KHRG ၏ သုတေသနပြုရာ ကရင်ခရိုင် (၇) ခုအတွင်း ဒေသခံများမြေယာသိမ်းဆည်းခံရမှုအပေါ်တုံ့ပြန်မှု များနှင့်ပတ်သက်၍ သတင်းအစီရင်ခံစာများကို စုစုပေါင်း (၈၉) စောင် လက်ခံရရှိခဲ့ပါသည်။ ထိုအစီရင်ခံစာ (၈၉) စောင်မှာ တုန့်ပြန်မှုနှင့် ဆိုင်သော အစီရင်ခံစာပေါင်း ၉၈ စောင်ထဲမှဖြစ်ပွားမှုဖြစ်ရပ်များနှင့်အညီပြန်လည် စီစစ်ယူထားခြင်းဖြစ်သည်။[442] ဒေသခံများ၏တုန့်ပြန်မှုထဲမှ လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်သူများမှာ မြန်မာအစိုးရ[443]၊ ကရင်အမျိုးသား အစည်းအရုံး နှင့်ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်[444]၊ တစ်ဦးချင်းကြွယ်ဝချမ်းသာသူများ[445]၊ ကရင် နယ်ခြားစောင့်တပ်များ[446]၊ မြန်မာ့ပုဂ္ဂလိက ကုမ္ပဏီများ[447]၊ ပြည်ပကုမ္ပဏီများ[448]၊ တပ်မတော်[449]၊ ဘာသာရေးခေါင်းဆောင်များ[450]နှင့် ပြည်ပ NGOs/CBOs[451] တို့ဖြစ်ကြသည်။

**၁။ ညှိနှိုင်းဆွေးနွေးမှုများ**

KHRG မှလက်ခံရရှိထားသော သတင်းအစီရင်ခံစာအစောင် ၂၄ စောင်တွင် ရွာသားများသည် ညှိနှိုင်းဆွေးနွေးခြင်းကို ၄င်တို့၏ဗျူဟာအဖြစ်အသုံးပြု၍ စုပေါင်းလုပ်ဆောင်ခြင်းနှင့် တစ်ဦးချင်း မကျေနပ်ချက်များအပေါ် ဆွေးနွေးတိုင်ပင်မှုများကို ဖော်ပြထားသည်။ ဤဗျူဟာများမှာ ကရင်လူ့အခွင့်အရေး

[440] source# 72, #68, #80, #54 တွင်ကြည့်ပါ။
[441] ဥပမာ Source# 44 #106 တွင်ကြည့်ရှုပါ။
[442] အချို့အစီရင်ခံစာများတွင် တစ်ခုထက်မနည်းသောကျေးရွာများ၏နည်းဗျူဟာအမျိုးအစားပါဝင်ပါသည်။
[443] ဥပမာ Source# 69 တွင်ကြည့်ရှုပါ။
[444] ဥပမာ Source# 16 တွင်ကြည့်ရှုပါ။
[445] ဥပမာ Source# 18 တွင်ကြည့်ရှုပါ။
[446] ဥပမာ Source# 30 တွင်ကြည့်ရှုပါ။
[447] ဥပမာ Source# 44 တွင်ကြည့်ရှုပါ။
[448] ဥပမာ Source# 64 တွင်ကြည့်ရှုပါ။
[449] ဥပမာ Source# 46 တွင်ကြည့်ရှုပါ။
[450] ဥပမာ Source# 39 တွင်ကြည့်ရှုပါ။
[451] ဥပမာ Source# 47 တွင်ကြည်ယှုပါ။

အဖွဲ့ KHRG မှ မှတ်တမ်းတင်ခဲ့ပြီး သတင်းရယူရာတွင် ကရင်ခရိုင် (၇) ခုအတွင်း ခရိုင် (၄) ခုမှကောက်နှုတ်တင်ပြထားခြင်းဖြစ်သည်။ ၎င်းခရိုင်(၄) ခရိုင်မှာ သထုံခရိုင်[452]၊ ဖာပွန်ခရိုင်[453]၊ ဒူးပလာယာခရိုင်[454] နှင့် ဘားအံခရိုင်[455]တို့ဖြစ်ကြသည်။ ပြစ်မှုကျူးလွန်သူများမှာ တပ်မတော်[456]၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ငြိမ်းချမ်းရေးကောင်စီ[457]၊ မြန်မာပုဂ္ဂလိကကုမ္ပဏီများ[458]၊ တစ်ဦးချင်းကြွယ်ဝချမ်းသာသူများ[459]၊ ကရင်နယ်ခြား စောင့်တပ်များ[460]၊ မြန်မာအစိုးရအာမှုဆောင်များ[461] နှင့် ပြည်ပ NGOs/CBOs များဖြစ်ကြသည်။[462]

"*ဇ--- ရွာနေ စောဟ--- ကပြောတယ်။ လမ်းဘေးနားကသူတို့ပိုင်တဲ့ လယ်တွေမှာလယ်သွားလုပ်ချင်တယ်။ ခုထိ အုပ်ချုပ်ရေးမှူးက သူတို့ကိုယ်ပိုင်မြေပေါ်မှာ အလုပ်လုပ်ဖို့ အခွင့်မပေးသေးဘူး*"

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားပေးပို့သော ဒေသတွင်းနောက်ဆုံးအခြေအနေ။ ဇ --- ရွာ၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်၊ ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၃ စက်တင်ဘာလတွင် ရရှိသည်)[463]

ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ထံတင်ပြခဲ့သည့်ဖြစ်ရပ်တစ်ခုတွင် ရွာသားများနှင့်ရွာသူကြီးများက မြေယာပြဿနာများကိုဖြေရှင်းရန် အစည်းအဝေးများထိုင်ခဲ့ကြသည်။ အစည်းအဝေးအတွင်း ရွာသားများက တင်ပြတောင်းဆိုခဲ့သည်မှာ ကရင်အမျိုးသားအစည်းအရုံး KNU မှ၎င်းတို့အား[464] မြေယာလုပ်ကိုင်ခွင့်ပြုချက်ဂရမ်[465] များ ထုတ်ပေးရန်ဖြစ်သည်။ အခြားဖြစ်ရပ်တစ်ခုတွင် ရွာသားများသည် ရေကာတာတည်ဆောက်ရာတွင် ၎င်းတို့ဆုံးရှုံးသွားခဲ့သောမြေယာများအတွက် လျော်ကြေးငွေများရရှိရန်

[452] source# 44, #45, #48, #88, #93 တွင်ကြည့်ရှုပါ။
[453] source# 106, #69 တွင်ကြည့်ရှုပါ။
[454] source# 58, #82, #67, #61, #9b, #10b, #64, #53, #52, #50 တွင်ကြည့်ရှုပါ။
[455] source# 25, #30, #79 တွငကြည့်ရှုပါ။
[456] source# 67, #88, # 93, #100, #106, #79 တွင်ကြည့်ရှုပါ။
[457] source# 75, #81 တွင်ကြည့်ရှုပါ။
[458] source# 6, #44, #45, #52 တွင်ကြည့်ယူပါ
[459] source# 61, #9b တွင်ကြည့်ရှုပါ။
[460] source# 25, #30 တွင်ကြည့်ရှုပါ။
[461] source# 50, #53, #10b, #69 တွင်ကြည်ယူပါ။
[462] source# 48 တွင်ကြည့်ရှုပါ။
[463] source# 50 တွင်ကြည့်ရှုပါ။
[464] Source# 44 တွင်ကြည့်ရှုပါ။
[465] မြေယာလုပ်ကိုင်ခွင့်ပြုချက်ဂရမ်ဆိုသည်မှာ ဥပဒေနှင့်အညီထုတ်ပြန်သော ပိုင်ဆိုင်မှုပြ တရားဝင်စာရွက်စာတမ်းဖြစ်သည်။ ၎င်းစာရွက်စာတမ်းသည် မြေယာသိမ်းဆည်းမှုများမှကာကွယ်ရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြေယာသိမ်းဆည်းမှုဖြစ်ပေါ်လာပါက ၎င်း မြေယာပိုင်ဆိုင်ကြောင်းအသိအမှတ်ပြု စာရွက်အားသက်ဆိုင်ရာအာဏာပိုင်များထံ တင်ပြထုတ်ဖော်နိုင်သည်။ ၎င်းမြေယာလုပ်ကိုင်ခွင့်ပြုချက်ဂရမ်များသည်မကြာခဏ မြန်မာအစိုးရအမှုဆောင်များ၏ ပယ်ဖျက်ခြင်းခံရပြီး တရားဝင်မဟုတ်ပါဟုလည်း ထုတ်ဖော်ပြောဆိုခဲ့သည်။

တပ်မတော်သားများနှင့် ဆွေးနွေးတိုင်ပင်ခဲ့သော် တပ်မတော်သားများမှာ ရွာသားများ၏တောင်းဆိုမှုကို နားထောင်ပေးရန်ငြင်းဆန်ခဲ့သည်။[466]

ထိုသို့ညှိနှိုင်းဆွေးနွေးခြင်း၏ရလာဒ်များမှာ များသောအားဖြင့် ရွာသားများ၏ အခြားနည်းဗျူဟာများနှင့် အလားတူပင်ဖြစ်ပါသည်။ တခါတရံ ရွာသားများက မိမိတို့၏မြေယာများအတွက် လျော်ကြေးငွေများရရှိခြင်း[467]၊ သိမ်းဆည်းခံထားရသောမြေယာများကို ပြန်လည်ရရှိခြင်း များရှိသော်လည်း မြေယာပိုင်ရှင်အများစုမှာ ၎င်းတို့၏မြေယာများကို ပြန်လည်ရရှိခြင်းမရှိပေ[468]။ ဆွေးနွေးတိုင်ပင်မှုများသည် အခါများစွာ မအောင်မြင်သော်ငြားလည်း အချို့သောအခြေအနေများတွင် အောင်မြင်မှုအလားအလာများကို တွေ့မြင်ရပါသည်။ ဥပမာတစ်ခုဆိုရပါက ကြာအင်းဆိပ်ကြီး မြို့နယ်၊ ဒူးပလာယာခရိုင်တွင် ရွာသားများနှင့် မြေယာပိုင်ရှင်များ စုဝေး၍ သူးလေကုမ္ပဏီနှင့် ညှိနှိုင်းဆွေးနွေးရာ၌ ၎င်းတို့၏လယ်ယာစိုက်ခင်းပေါ်တွင် ကျောက်ကြိတ်စက်ထောင်ထားခြင်းအား ကန့်ကွက်ခဲ့ကြသည်။ ဤဖြစ်ရပ်တွင် ရွာသားများ၏ ဆွေးနွေတိုင်ပင်မှုမှာ အောင်မြင်ခဲ့ပြီး နောက်ဆုံးတွင် ဆောက်လုပ်ရေးအလုပ်သမားများသည် အခြားသော နေရာ၌ ၎င်းတို့၏စက်ကို ပြောင်းရွှေ့ခဲ့ကြသည်။[469]

သို့သော်ငြားလည်း ဆွေးနွေးတိုင်ပင်မှုသည် စွန့်စားမှုတစ်ခုပင်ဖြစ်သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှစုစည်းထားသော အခြားသောအစီရင်ခံစာများတွင် ရွာသားများထုတ်ဖော်ပြောဆိုလာသည်မှာ ၎င်းတို့သည် တိုင်ပင်ဆွေးနွေးမှုပြုလုပ်ရန် တပ်မတော်များအား ချဉ်းကပ်ရာတွင် ခြိမ်းခြောက်ခြင်းခံခဲ့ရသည်ဟုဆိုပါသည်။[470] ဤအောက်ပါပြောဆိုမှုတွင် မြေယာအသိမ်းခံထားရသော ရွာသားတစ်ဦးသည် တပ်မတော်သားများနှင့် ထိတွေ့ဆွေးနွေးတိုင်ပင်ရန်ကြိုးပမ်းခဲ့ရာ နောက်ဆုံးတွင် တပ်မတော်အရာရှိ တစ်ဦး၏ ကြမ်းကြုတ်စွာ ခြိမ်းခြောက်ခြင်းကို ခံခဲ့ရပါသည်၊

"*ကျေးရွာစုအုပ်ချုပ်ရေးမှူးမှ ထိုသူများ(တပ်မတော်) အား 'နင်တို့ပြောတော့ ဘယ်သူမှငါးမများရဘူးဆို ဒါနဲ့နင်တို့က အခုငါးများနေတယ်' ဟုပြောသောအခါ သူတို့ (တပ်မတော်) မှကျေးရွာသူကြီး အားပြန်လည်ဖြေကြားသည်မှာ 'ဘာမှပြောမနေနဲ့၊ နင့်အလုပ်မဟုတ်ဘူး၊ ပြောရဲရင်ပြောကြည့် နောက်နောင် တပ်မတော်နဲ့ ကရင်အမျိုးသားအစည်းအရုံး KNU အကြားနောက်တစ်ခေါက်တိုက်ပွဲဖြစ်ရင် နင်သိလိမ့်မယ်' တပ်မတော်မှ ကျေးရွာသူကြီးနှစ်ဦးအား 'နင်တို့မှာခေါင်းဘယ်နှစ်လုံးရှိလဲ' ဟုလည်းမေးခဲ့သည်။*"[471]

[466] source# 79 တွင်ကြည့်ရှုပါ။

[467] source# 30, #106 တွင်ကြည့်ရှုပါ။

[468] source# 18, #10b, #75, #79 တွင်ကြည့်ရှုပါ။

[469] source# 64 တွင်ကြည့်ရှုပါ။

[470] source# 67 တွင်ကြည့်ရှုပါ။

[471] ဤဖြစ်ပွားမှုတွင် တပ်မတော်စစ်သားသည် အတိအကျကျေးရွာသူကြီးအား သေစေရန် အလို့ငှာ ခြောက်လှန့် ပြောဆိုခဲ့ခြင်း ဖြစ်သည်။

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားပေးပို့သော ဒေသတွင်းနောက်ဆုံးအခြေအနေ။ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဒူးပလာယာခရိုင်၊ ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၃ ဒီဇင်ဘာလတွင် ရရှိသည်)[472]

## ၂။ မြန်မာအစိုးရထံ အသနားခံတင်ပြတောင်းဆိုခြင်း

KHRG ကွင်းဆင်းလုပ်ရှားသော ကရင်ခရိုင် (၇)ခုအတွင်းမှ လက်ခံရရှိသော အစီရင်ခံစာများထဲမှ (၂၃) စောင်သည်မြန်မာအစိုးရထံ အသနားခံတင်ပြတောင်းဆိုခြင်း နှင့်ဆက်စပ်သည်။ ခရိုင် (၇) ခုမှာ သထုံခရိုင်၊[473] တောင်ငူခရိုင်၊[474] ညောင်လေးပင်ခရိုင်၊[475] ထားဝယ်ခရိုင်၊[476] ဖာပွန်ခရိုင်၊[477] ဒူးပလာယာခရိုင်[478] နှင့် ဘားအံခရိုင်[479] တို့ဖြစ်ကြသည်။ ဤဖြစ်ရပ်များတွင် ရွာသားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုကို ကျူးလွန်သူများမှာ တစ်ဦးချင်းကြွယ်ဝချမ်းသာသူများ၊[480] ကရင်နယ်ခြားစောင့်တပ်များ၊[481] မြန်မာအစိုးရတပ်မတော်၊[482] ကရင်အမျိုးသားအစည်းအရုံး၊[483] အစိုးရအမှုဆောင်များ၊[484] မြန်မာပုဂ္ဂလိက ကုမ္ပဏီများ၊[485] နိုင်ငံခြားကုမ္ပဏီများ၊[486] ကရင်အမျိုးသားအကျိုးပြုတပ်မတော်[487] နှင့် အခြားသော အမည်မသိ ကျူးလွန်သူများ[488] ဖြစ်ကြသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစ၍ ဒေသခံများသည် မြန်မာအစိုးရထံ အသနားခံတင်ပြတောင်းဆိုခြင်းသည် ၎င်းတို့တွေ့ကြုံနေရသော လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာများနှင့် စိုးရိမ်မှုများကို ဖြေရှင်းချက် နည်းလမ်းတစ်ခု အနေဖြင့်သိမြင်လာကြသည်။

ဤနည်းအားဖြင့် လုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျသော်လည်းကောင်း၊ အဖွဲ့အစည်း (သို့) အသင်းအဖွဲ့[489]မှ တဆင့်သော်လည်းကောင်း၊ ကျေးရွာဥက္ကဋ္ဌအား ကိုယ်စားလှယ်[490] အဖြစ်သော်လည်းကောင်း အစီရင်ခံတင်ပြရပါသည်။ အစိုးရထံအသနားခံတိုင်ကြားခြင်းမှာ တစ်ခါတရံ အောင်မြင်မှုရရှိသော်ငြားလည်း ဖြစ်ရပ်အများစုမှာ ရွာသားများ၏မြေယာများ ပြန်လည်ရရှိရန်တောင်းဆိုရာတွင် ပယ်ချခံရခြင်း သို့မဟုတ်

[472] source# 67 တွင်ကြည့်ရှုပါ။
[473] source# 63 တွင်ကြည့်ရှုပါ။
[474] source# 72, #46, #88 တွင်ကြည့်ရှုပါ။
[475] source# 54, #19 တွင်ကြည့်ရှုပါ။
[476] source# 80 တွင်ကြည့်ရှုပါ။
[477] source# 22, #6, #77, #26, #102, #1b, #2b, #3b တွင်ကြည့်ရှုပါ။
[478] source# 68, #27, #84, #9b, #61 တွင်ကြည့်ရှုပါ။
[479] source# 25, #76, #56 တွင်ကြည့်ရှုပါ။
[480] source# 22, # 68, #72, #54, #19, #56, # 9b, #61 တွင်ကြည့်ရှုပါ။
[481] source# 22, #26, #1b, #2b, #25, #76, #56, #3b တွင်ကြည့်ရှုပါ။
[482] source# 22, #102, #72, #54, #46, #84, #88, #76 တွင်ကြည့်ရှုပါ။
[483] source# 22, #46, #77, #56 တွင်ကြည့်ရှုပါ။
[484] source# 6, #77, #27, #72, #80, #63, #19, #84, #56, #3b တွင်ကြည့်ရှုပါ။
[485] source# 6, #68, #80, #1b, #2b, #3b တွင်ကြည့်ရှုပါ။
[486] source# 76 တွင်ကြည့်ရှုပါ။
[487] source# 22, #76, #56 တွင်ကြည့်ရှုပါ။
[488] source# 72 တွင်ကြည့်ရှုပါ။
[489] source# 25 တွင်ကြည့်ရှုပါ။
[490] source# 81 တွင်ကြည့်ရှုပါ။

ထိုက်သင့်သော နစ်နာကြေးများရရှိရန် ငြင်းပယ်ခံခဲ့ရခြင်းများရှိခဲ့သည်။[491] ထိုမျှသာမကသေး ရွာသားများ၏ တင်ပြချက်များအပေါ် တုံ့ပြန်မှုတစုံတရာ မရရှိခဲ့သည့် အခြေအနေများလည်း များစွာရှိခဲ့ပါသည်။ [492]

*"ရွှေကျင်ကျောက်နဂါးရေကာတာကို ၂၀၁၀ မှာဆောက်လုပ်ပြီးစီးခဲ့တယ်၊ အဲ့ဒီရေကာတာကြောင့် မြေဧကပေါင်း (၁၈၀၀) ရေလွှမ်းမိုးခြင်းခံခဲ့ရပြီး လယ်ယာမြေများနှင့် သီးနှံခြံများမှာလည်း ပျက်စီးဆုံးရှုံးခဲ့ရတယ်။ ရွှေကျင် (ဆောထီး) မြို့နယ် နှင့် ကျောက်ကြီးမြို့နယ်မှာနေတဲ့ ရွာသားများမှာ သူတို့ရဲ့ မြေယာဆုံးရှုံးမှုများအတွက် လျော်ကြေးငွေများ တောင်းခံခဲ့ကြပေမယ့် ယခုအချိန်ထိ အစိုးရက ဘာတစ်ခုမျှ အတည်ပြု ပြောဆိုထားခြင်းမရှိဘူး။"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားပေးပို့သော ဒေသတွင်းနောက်ဆုံးအခြေအနေ။
ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်၊ ပဲခူးတိုင်းအရှေ့ပိုင်း (၂၀၁၃ စက်တင်ဘာလတွင်ရရှိသည်)[493]

*"နို့ကူးကျေးရွာစုမှာနေထိုင်ကြတဲ့ ရွာသားတွေက ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ (USDP) ကယူထားတဲ့ သူတို့ရဲ့ လယ်ယာမြေ ဒါမှမဟုတ် စားကျက်မြေ ဧက ၂၀ အတွက် လျော်ကြေးပြန်ပေးဖို့ တောင်းဆိုခဲ့တယ်။ အဲ့ဒီနောက် သူတို့က ဒီလယ်ယာမြေတွေကို ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ဝင်ငွေရှာဖို့ အသုံးပြုမယ်။ ဒါပေမဲ့ အခုအချိန်ထိ ရွာသားတွေ တောင်းဆိုတာနဲ့ပတ်သက်ပြီးတော့ ဘာအဖြေတစ်ခုမှ အတည်ပြုလုပ်ပေးတာမျိုး မရှိသေးဘူး။ နို့ကူးရွာက စားကျက်မြေတွေ ဆုံးရှုံးသွားတာဟာ ရွာသားတွေရဲ့ စားနပ်ရိက္ခာ နဲ့ တိရိစ္ဆာန်တွေအတွက်စားကျက်မြေတွေ ထိခိုက်နစ်နာသွားစေတယ်"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားပေးပို့သော ဒေသတွင်းနောက်ဆုံးအခြေအနေ။
ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်၊ ပဲခူးတိုင်းအရှေ့ပိုင်း (၂၀၁၃ စက်တင်ဘာလ တွင်ရရှိသည်)[494]

## ၃။ NGOs/CBOs ထံများသို့တင်ပြခြင်း

၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ လက်ခံရရှိခဲ့သော ကျေးလက် နည်းဗျူဟာဆိုင်ရာ အစီအရင်ခံစာ (၈၉) ခုအနက်မှ (၁၇) ခုမှာ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ၏ကွင်းဆင်းလေ့လာရာ ခရိုင်ဒေသ (၄) ခုဖြစ်သည့် သထုံခရိုင်၊[495] ဖာပွန်ခရိုင်၊[496] ဒူးပလာယာခရိုင်[497] နှင့် ဘားအံခရိုင်[498] များမှ လက်ခံရရှိခဲ့သည်။ ထိုအစီရင်ခံစာ (၁၇) ခုမှာ ရွာသားများမှ ကိုယ်တိုင်သော်လည်းကောင်း၊ တိုင်ကြားစာများဖြင့်သော်လည်းကောင်း NGO နှင့် CBO များထံသို့ ၎င်းတို့၏နစ်နာမှုများအတွက် တိုင်ကြားချက်များကို မှတ်တမ်းတင်ပြုစုထားခြင်း ဖြစ်သည်။

491 source# 76, #22, #72 တွင်ကြည့်ရှုပါ။
492 source# 54, #80, #63 တွင်ကြည့်ရှုပါ။
493 source# 54 တွင်ကြည့်ရှုပါ။
494 source# 54 တွင်ကြည့်ရှုပါ။
495 source# 10, 45 တွင်ကြည့်ရှုပါ။
496 source# 39, 14, 51, 106 တွင်ကြည့်ရှုပါ။
497 source# 62, 84, 60, 49, 59, 64, 81 တွင်ကြည့်ရှုပါ။
498 source# 78, 76 တွင်ကြည့်ရှုပါ။

ထိုနစ်နာမှုများကို ဖြစ်စေသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် သဘာဝအရင်းအမြစ်များကို တူးဖော်ထုတ်လုပ်ခြင်းများကြောင့် အဓိကဖြစ်ကြသည်။ ထိုသို့ ရွာသူရွာသားများက NGO များနှင့် CBO များထံသို့ ချဉ်းကပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းတို့အပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများမှ ကာကွယ်မှုရရှိရန်နှင့် (သို့) ၎င်းတို့၏ဆုံးရှုံးမှုများအတွက် ထိုက်သင့်သော လျော်ကြေးငွေများ ပြန်လည်ရရှိရန် တို့ဖြစ်သည်။ ထိုချိုးဖောက်မှုများနှင့် ပါတ်သက်၍ ရွာသားများသည် ပြစ်မှုကျူးလွန်သူများကို NGO များနှင့် CBO[499] များထံ တိုင်ကြားသတင်းပေးပို့ခဲ့သည်။ ထိုလူ့အခွင့်အရေးချိုးဖောက်မှုကို ကျူးလွန်သူများမှာ ကရင်နယ်ခြားစောင့်တပ်[500]၊ ပုဂ္ဂလိကကုမ္ပဏီများ၊[501] နိုင်ငံခြားကုမ္ပဏီများ၊[502] ကရင်အမျိုးသား အကျိုးပြုတပ်မတော်[503]၊ ကရင်အမျိုးသားအစည်းအရုံး[504]၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်[505]၊ ကရင်ငြိမ်းချမ်းရေး တပ်ပေါင်းစု[506]၊ ကရင်ငြိမ်းချမ်းရေးကောင်စီ KNU/KNLA-PC[507]၊ မြန်မာအစိုးရအာဏာပိုင်များ၊[508] ဘာသာရေးခေါင်းဆောင်များ၊[509] မြန်မာအစိုးရတပ်မတော်၊[510] တစ်ဦးချင်းကြွယ်ဝချမ်းသာသူများ[511] နှင့် အခြားသောချိုးဖောက်သူများ[512]စသဖြင့် များစွာ ပါဝင်ကြသည်။

**၄။ KNU/KNLA ထံချဉ်းကပ်အသနားခံတင်ပြခြင်း**

KHRG မှလက်ခံရရှိသော အစီရင်ခံစာ (၁၃) စောင်တွင် ဒေသခံများ KNU/KNLA ထံအသနားခံတင်ပြတောင်းဆိုမှုများကို ဖော်ပြထားပြီး ၎င်းတို့သည် KHRG သတင်းကောက်ယူရာ ကရင်ခရိုင် (၇) ခုအတွင်း (၆) ခု၌ဖြစ်ပွားသော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြေယာသိမ်းဆည်းမှုများနှင့် ဆက်စပ်နေပါသည်။

၎င်းခရိုင် (၆)ခုမှာ သထုံခရိုင်၊[513] တောင်ငူခရိုင်၊[514] ညောင်လေးပင်ခရိုင်၊[515] ဖာပွန်ခရိုင်၊[516] ဒူးပလာယာခရိုင်[517] နှင့်ဘားအံခရိုင်[518]တို့ဖြစ်ကြသည်။ အစီရင်ခံစာပါပြစ်မှုကျူးလွန်သူများမှာ ကရင်နယ်ခြားစောင့်တပ်၊[519]

[499] source# 76, 31 တွင်ကြည့်ရှုပါ။
[500] source# 62, 78, 76 တွင်ကြည့်ရှုပါ။
[501] source# 60, 59, 64, 81, 45 တွင်ကြည့်ရှုပါ။
[502] source# 76, 62, 64, 49 တွင်ကြည့်ရှုပါ။
[503] source# 62, 76 တွင်ကြည့်ရှုပါ။
[504] source# 81 တွင်ကြည့်ရှုပါ။
[505] source# 16 တွင်ကြည့်ရှုပါ။
[506] source# 16 တွင်ကြည့်ရှုပါ။
[507] source# 76 တွင်ကြည့်ရှုပါ။
[508] source# 84, 39, 106 တွင်ကြည့်ရှုပါ။
[509] source# 78, 39 တွင်ကြည့်ရှုပါ။
[510] source# 31, 62, 78, 84, 76, 64, 14, 45, 106 တွင်ကြည့်ရှုပါ။
[511] source 10, 14, 16, 45 တွင်ကြည့်ရှုပါ။
[512] source #81 တွင်ကြည့်ရှုပါ။
[513] source# 42, 86 တွင်ကြည့်ရှုပါ။
[514] source# 44, 72 တွင်ကြည့်ရှုပါ။
[515] source# 19 တွင်ကြည့်ရှုပါ။
[516] source# 82, 17, 22 တွင်ကြည့်ရှုပါ။

မြန်မာအစိုးရတပ်မတော်၊[520] ကရင်အမျိုးသာအစည်းအရုံး၊[521] မြန်မာအစိုးရအမှုဆောင်များ၊[522] ပုဂ္ဂလိကကုမ္ပဏီများ၊[523] နိုင်ငံခြားကုမ္ပဏီများ၊[524] ကရင်အမျိုးသားလွတ်မြောက်ရေးတပ်၊[525] ပုဂ္ဂလိက ကြွယ်ဝချမ်းသာသူများ၊[526] ကရင်အမျိုးသားအကျိုးပြုတပ်မတော်[527] နှင့် အခြားသော အမည်မသိ ကျူးလွန်သူများ[528]ပါဝင်ကြသည်။

ရွာသားများက KNU/KNLA ထံအသနားခံတင်ပြခြင်းသည် ၎င်းတို့တွေ့ကြုံနေရသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ဖြေရှင်းချက် (သို့) တုန့်ပြန်ချက်များ ရရှိစေရန်ဖြစ်ပါသည်။ မြန်မာအစိုးရထံ အသနားခံတင်ပြခြင်း နှင့်ဆင်တူသော်လည်း ယေဘုယျအားဖြင့် ဤသို့လုပ်ဆောင်ရာတွင် အစီရင်ခံစာများ တင်ပြခြင်း၊[529] လူကိုယ်တိုင်သွားရောက်တွေ့ဆုံ တင်ပြခြင်း[530]၊ အသင်းအဖွဲ့များမှတဆင့် (သို့) ကိုယ်စားလှယ်အဖြစ် ရွာသူကြီးများမှ[531]တဆင့် လုပ်ဆောင်ခဲ့သည်။ KNU/KNLA ထိန်းချုပ်ရာနယ်မြေ (သို့) လွှမ်းမိုးရာနယ်မြေဒေသများတွင် နေထိုင်သော ရွာသားများသည် ၎င်းတို့၏ ပြဿနာအခက်အခဲများကို KNU/KNLA ထံ တင်ပြပြီးနောက် ၎င်းတို့ကိုယ်စား အရေးယူပေးရန်မျှော်လင့်ပါသည်။[532]

ရွာသားများသည် KNU ထိန်းချုပ်ရာနယ်မြေအတွင်းရှိသော ၎င်းတို့၏မြေယာများကို မြေလွတ်မြေရိုင်းများအဖြစ် သတ်မှတ်ခံရပြီးနောက် ခုတ်ထွင်ရှင်းလင်း၍ ရာဘာစိုက်ပျိုးရေးများ အဖြစ်သို့ အသွင်ကူးပြောင်းခြင်း ခံရသောအခါ ရွာသားများက KNU/KNLA ထံ ပြဿနာဖြေရှင်းပေးရန် အကူအညီတောင်းခံမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

နသူးမြို့နယ်၊ ဘားအံခရိုင်မှ KHRG ကွင်းဆင်းအလုပ်သမားတစ်ဦးက ဖော်ပြသည်မှာ၊

"*ချမ်းသာတဲ့သူတွေ …ပြီးတော့အချို့ဒေသခံစီးပွားရေးသမားတွေ ပူးပေါင်းပြီးတော့ အင်ပင်ရှိတဲ့ သစ်တောတွေကိုသိမ်းဖို့လုပ်တယ်။ ပြီးတော့သူတို့ပြောတယ် မြေတွေကမြေလွတ်မြေရိုင်းတဲ့ ဒါကြောင့်ဒီမြေတွေ*

[517] source# 81, 10b တွင်ကြည့်ရှုပါ။
[518] source# 15,56, 31 တွင်ကြည့်ရှုပါ။
[519] source# 42, 86, 56, 17, 22, 30 တွင်ကြည့်ရှုပါ။
[520] source# 15, 86, 17, 72, 22, 30 တွင်ကြည့်ရှုပါ။
[521] source# 42, 81, 56, 22 တွင်ကြည့်ရှုပါ။
[522] source# 82, 44, 56, 72, 10b တွင်ကြည့်ရှုပါ။
[523] source# 42, 86, 81, 82, 44, 17 တွင်ကြည့်ရှုပါ။
[524] source# 15 တွင်ကြည့်ရှုပါ။
[525] source# 17 တွင်ကြည့်ရှုပါ။
[526] source# 42, 56, 72, 22 တွင်ကြည့်ရှုပါ။
[527] source# 56, 22 တွင်ကြည့်ရှုပါ။
[528] source# 81, 72 တွင်ကြည့်ရှုပါ။
[529] source# 9b, 80 တွင်ကြည့်ရှုပါ။
[530] source# 54 တွင်ကြည့်ရှုပါ။
[531] source# 2b, 3b တွင်ကြည့်ရှုပါ။
[532] source# 56 တွင်ကြည့်ရှုပါ။

*ပေါ်မှာ သစ်လုပ်ငန်းတွေလုပ်ပြီးတော့ ဒီမြေတွေကိုရာဘာခြံတွေအဖြစ် ဆက်လုပ်လိုက်တယ် ... ဒါကြောင့် ကျွန်တော်တို့ဒါတွေကို ဂရုမစိုက်ဘူး ဒါမှမဟုတ် မကာကွယ်ဘူးဆိုရင်၊ ဒီအတိုင်းဘဲ လူတွေကိုရာဘာဆက်ပြီး စိုက်ခွင့်ပေးရင်တော့ နောက် ၅ နှစ်လောက်ကြာရင်ကျွန်တော်တို့ရဲ့ နွားတွေ (စားကျက်မြေတွေ အသိမ်းခံရသောကြောင့်) တစ်ကောင်မှ ရှိတော့မှာမဟုတ်ဘူး။ ပြီးတော့ အင်ဖက်ကောက်ဖို့ အင်ပင်တွေ လည်းရှိတော့မှာမဟုတ်ဘူး။ ရွာသားတွေကတော့ KNU ခေါင်းဆောင်ပိုင်းတွေဖြစ်ကြတဲ့ KNU သစ်တော ဌာနဆိုင်ရာခေါင်းဆောင်များ၊ KNU မြို့နယ်ဦးစီးမှူးများ၊ KNU ခရိုင်မှူးများထံ ဒီပြဿနာတွေကို အမြန်ဆုံးဖြေရှင်းပေးပါလို့တောင်းဆိုထားတယ်။"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားပေးပို့သော ဒေသတွင်းနောက်ဆုံးအခြေအနေ၊ နဘူးမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ်အလယ်ပိုင်းဒေသ (၂၀၁၃ အောက်တိုဘာလတွင်ရရှိသည်။)[533]

တဖန် ရွာသားများက ပုဂ္ဂလိကကုမ္ပဏီများ၏ စီမံကိန်းများကြောင့် အသိမ်းခံရသော ၎င်းတို့၏မြေယာများနှင့် ပတ်သက်၍လည်း KNU/KNLA ထံ တိုင်ကြားတောင်းဆိုမှုများကို ဆက်လက်လုပ်ဆောင်နေကြပါသည်။ တစ်ခုသောအခြေအနေတွင် ကုမ္ပဏီများမှ ဘိလပ်မြေစက်ရုံတစ်ခု ဆောက်လုပ်ရန် စီမံကိန်းချရာတွင် ထိုစီမံကိန်းအကောင်အထည်ဖော်လုဆဲဆဲ အချိန်၌ KNU/KNLA မှ ဆက်လက်အကောင် အထည်ဖော်ဆောင်ရန် ခွင့်တောင်းမှုကို ငြင်းပယ်ခဲ့သည်။

*"ဘားအံမြို့နယ်ထဲကို ဝင်ရောက်လာတဲ့ ကုမ္ပဏီနှစ်ခုရှိတယ်။ မိဖိုင်းတောင် ကုမ္ပဏီနဲ့ စိုးနိုင်ဖြိုးကုမ္ပဏီ။ စိုးနိုင်ဖြိုးကုမ္ပဏီက မယ်ကရောရွာမှာ ဘိလပ်မြေစက်ရုံဆောက်ဖို့ ရည်ရွယ်ထားတယ်... သူတို့က ဒေသခံလက်နက်ကိုင်အဖွဲ့ (KNU-KNLA) ရဲ့ အမြင်သဘောထားကို မေးတယ်။ ဒါပေမယ့် လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်တွေကတော့ ချက်ခြင်းဆုံးဖြတ်ချက် မချခဲ့ဘူး။ ၂၀၁၄ ဧပြီလ ၂၈ ရက်နေ့မှာ မြို့နယ်အဆင့် အုပ်ချုပ်ရေးမှူးတွေနဲ့ KNU အရာရှိတွေက မယ်ကရောရွာကို သွားပြီး ရွာသားတွေနဲ့ တွေ့ဆုံ အစည်းအဝေးလုပ်ခဲ့ကြတယ်။ အစည်းအဝေးတက်ရောက်လာတဲ့ သူတွေကတော့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနဲ့ ဌာနဆိုင်ရာ အစိုးရဝန်ထမ်း (၅) ဦးအပါအဝင် စိုးနိုင်ဖြိုးကုမ္ပဏီက ကိုယ်စားလှယ်တွေ တက်ရောက်ကြတယ်။ ဘိလပ်မြေစက်ရုံဆောက်လုပ်ရေးကို သဘောတူလားလို့ ရွာသားတွေကို မေးတော့ တစ်ယောက်မှ သဘောမတူခဲ့ဘူး။ ရွာသားတွေက ခွင့်မပြုတဲ့အတွက်ကြောင့်လည်း KNU နဲ့ KNLA ခေါင်းဆောင်ပိုင်းက အဲ့ဒီဘိလပ်မြေစက်ရုံ ဆောက်လုပ်ဖို့ကို ခွင့်မပြုတော့ဘူး။"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားပေးပို့သော ဒေသတွင်းနောက်ဆုံးအခြေအနေ၊ ဘားအံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း။ (၂၀၁၄ ဇူလိုင်လတွင် လက်ခံရရှိခဲ့သည်)[534]

---

533 source# 56 တွင်ကြည့်ရှုပါ။

534 source# 86 တွင်ကြည့်ရှုပါ။

## ၅။ သမရိုးကျမြေယာမှတ်ပုံတင်ခြင်း

KHRG မှ သမရိုးကျမြေယာမှတ်ပုံတင်ခြင်းဆိုင်ရာ သတင်းအစီရင်ခံစာ (၈) စောင်ကို တောင်ငူခရိုင်[535] နှင့် ဘားအံခရိုင်တို့မှလက်ခံရရှိခဲ့သည်။[536] ဤဖြစ်ရပ်များတွင် ရွာသားများသည် ၎င်းတို့တွင် ရှိထားပြီးသော မြေယာစာရွက်စာတမ်းများအား ၎င်းတို့၏ မြေယာများကိုသိမ်းယူခြင်းမှကာကွယ်ရန် (သို့) ၎င်းတို့၏ မြေယာများကို ကာကွယ်ရန် မြေယာများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမတိုင်မီ သို့မဟုတ် စီမံကိန်းကာလ အတွင်းတွင် မြေယာများကို ကြိုးစားမှတ်ပုံတင်ခဲ့ကြသည်။ ဤဖြစ်ရပ်များတွင် မြေယာသိမ်းဆည်းမှု (သို့) ကရင်နယ်ခြားစောင့်တပ် BGF[537]၊ မြန်မာပုဂ္ဂလိကကုမ္ပဏီများ၊[538] နိုင်ငံခြားပုဂ္ဂလိကကုမ္ပဏီများ၊[539] နိုင်ငံတကာ NGOs များ၊[540] ကရင်အမျိုးသားအစည်းအရုံး KNU၊[541] မြန်မာအစိုးရအမှုဆောင်များ၊[542] ဘာသာရေးခေါင်းဆောင်များ၊[543] မြန်မာ့တပ်မတော်၊[544] ငွေကြေးကြွယ်ဝချမ်းသာသူများ[545] နှင့် အခြားသောသူများ[546]မှ သိမ်းယူရန် ကြိုးပမ်းခြင်းတို့ပါဝင်သည်။

ဤလုပ်ငန်းစဉ်တွင် ကရင်အမျိုးသားအစည်းအရုံး KNU မှသော်လည်းကောင်း မြန်မာအစိုးရမှ သော်လည်းကောင်း မြေယာတိုင်းထွာမှုများလည်း ပါဝင်ပါသည်။ ထို့နောက် ၎င်းတို့သည် မြေယာပိုင်ဆိုင်မှုပြ စာရွက်စာတမ်းများအား ထုတ်ပေးပါသည်။ မြန်မာအစိုးရမှ သမရိုးကျ မြေယာမှတ်ပုံတင်ခြင်းများ လုပ်ဆောင်ပေးသော်လည်း ၎င်း၏လုပ်ငန်းစဉ်မှာ စံညွှန်းထားသတ်မှတ်ပုံအရကြည့်လျှင် ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိဘဲ ၎င်း၏မြေယာဆိုင်ရာကျင့်ထုံးများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လည်း ပါဝင်ပါသည်။ ထို့အပြင် သမရိုးကျမြေယာမှတ်ပုံတင်ခြင်းတွင် ၎င်းတို့လျှောက်ထားသောမြေယာများသည် အစိုးရမှ မြေလွတ်မြေရိုင်း (သို့) မြေလပ်အဖြစ်သတ်မှတ်ခြင်း ခံထားရလျှင် ၎င်းမြေယာများသည် သိမ်းဆည်းခံရနိုင်သည်။[547] ထပ်မံဖြည့်စွက်ရပါလျှင် အချို့သောအစီရင်ခံစာများတွင် ဖော်ပြချက်အရ

---

535 source# 47, 48, 44, 46 တွင်ကြည့်ရှုပါ။
536 source# 11, 30 တွင်ကြည့်ရှုပါ။
537 source# 13-115-S1 တွင်ကြည့်ရှုပါ။
538 source# 44 တွင်ကြည့်ရှုပါ။
539 source# 48, 47 တွင်ကြည့်ရှုပါ။
540 source# 48 တွင်ကြည့်ရှုပါ။
541 source# 46 တွင်ကြည့်ရှုပါ။
542 source# 47, 48, 44, 11 တွင်ကြည့်ရှုပါ။
543 source# 47, 48 တွင်ကြည့်ရှုပါ။
544 source# 46, 30 တွင်ကြည့်ရှုပါ။
545 source# 18 တွင်ကြည့်ရှုပါ။
546 source# 11 တွင်ကြည့်ရှုပါ။
547 အသေးစိတ်ဆက်လက်ဖတ်ရှုရန် စိုက်ပျိုးရေးအခန်း တွင်ဖော်ပြထားသော လစ်လပ်သောမြေ၊ မြေလပ် နှင့် မြေလွတ်မြေရိုင်းဆိုင်ရာဥပဒေတွင်ကြည့်ယူပါ။ Appendix 3 တွင်လည်းကြည့်ရှုနိုင်ပါသည်။

ရွာသားများသည် မြို့နယ်ဆိုင်ရာဦးစီးမှုးများမှ မြေယာဆိုင်ရာစာရွက်စာတမ်းများ လက်ခံရရှိခဲ့သော်လည်း တပ်မတော်ကမူ ၎င်းစာရွက်စာတမ်းများကို တရားဝင်အဖြစ်လက်ခံရန် ငြင်းဆိုခဲ့ကြသည်။[548]

*"နဘူးမြို့နယ်တွင်ဖြစ်ပွားခဲ့သော မြေယာကိစ္စအရ ရွာသားများသည် ၎င်းတို့၏ မြေယာများနှင့် စိုက်ခင်းများအားပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ကြသည်။ ၂၀၁၃ မေလတွင် ရွာသားများသည် ၎င်းတို့၏ မြေယာစာရွက်စာတမ်းများ ရရှိစေရန် ကော့ကရိတ်မြို့နယ်ရှိ မြန်မာအစိုးရရုံးထံ သွားရောက်တောင်းဆိုခဲ့ကြသည်။ ယင်းရွာသားများသည် မြေယာခွင့်ပြု ချက်စာရွက်စာတမ်းများနှင့်တကွ ၎င်းတို့၏ မူလမြေပေါ်တွင် ဆက်လက်လုပ်ကိုင်ရန် ပြန်လာခဲ့ကြသည်။ ထို့နောက် ရွာသားများသည် ထိုမြေယာစာရွက်စာတမ်းများအား တပ်မတော် ခြေမြန်တပ်ရင်းအမှတ် (၅၄၈) သို့ တင်ပြရာတွင် စစ်တပ်မှူးမှ 'နင်တို့မြေယာစာရွက်စာတမ်းတွေက တရားဝင်မဟုတ်ဘူး ဒါကြောင့်နင်တို့မြေပေါ်မှာ လုပ်စားခွင့်မရှိဘူး၊ အဲ့ဒါတွေက တပ်ပိုင်မြေတွေ' ဟု ပြောခဲ့သည်။"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားပေးပို့သော ဒေသတွင်းနောက်ဆုံးအခြေအနေ။ နဘူးမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၃ ဇူလိုင်လတွင် ရရှိသည်)[549]

ရွာသားများသည် ၎င်းတို့၏မြေယာများကို သိမ်းယူခြင်းမှကာကွယ်ရန် ကြိုးစား၍မြေယာအသုံးချမှု ဌာနတွင် မှတ်ပုံတင်ခဲ့သော်လည်း ရွာသားများမှာ မြေယာ သိမ်းယူခံရခြင်းမှကာကွယ်ခြင်း သို့မဟုတ် သိမ်းယူခံထားရသော ၎င်းတို့၏မြေယာများအတွက်လျော်ကြေးများ ရရှိရန်ကြိုးစားရာတွင် အောင်မြင်မှု မရခဲ့ကြောင်း KHRG ထံတင်ပြခဲ့သည်။ အခြားသောဖြစ်ရပ်များတွင် ရွာသားများလက်ဝယ်ရှိ မြေယာအသုံးချခွင့်စာရွက်စာတမ်းများရှိထားသည့်အပေါ် ၎င်းတို့ ပိုင်ဆိုင်သော ပစ္စည်းများအား အတင်းအဓမ္မရောင်းချ၍ ၎င်းတို့မြေပေါ်ဆက်လက်လုပ်ကိုင်နိုင်ရန် လက်နက်ကိုင်အဖွဲ့များအား လာဘ်ထိုးပေးရသည်။ သို့မှသာလျှင် ၎င်းတို့၏မြေများပြန်လည်ရရှိကြပါလိမ့်မည်။

*"နယ်ခြားစောင့်တပ်ဗိုလ်မှူးမှ 'နင့်မြေနင်ပြန်လိုချင်ရင် ငါ့ကိုပိုက်ဆံ ၆ သိန်းလာပေး ပြီးမှနင့်မြေပြန်ပေးမယ်' ဟုပြောသောအခါ နော်ပီရော်မှာ ပြန်လာ၍ သူမ၏ရွှေနှင့် နွား ၅ ကောင်အားရောင်း၍ ရရှိလာသောငွေများအား နယ်ခြားစောင့်တပ် BGF ဗိုလ်မှူးထံပေးအပ်ခဲ့သည်။ နယ်ခြားစောင့်တပ် BGF ဗိုလ်မှူးမှငွေလက်ခံရရှိပြီးနောက် မြေများအားမူလပိုင်ရှင်ထံ မည်သည့်စာရွက်စာတမ်းမျှပေးအပ်ခြင်းမရှိဘဲ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် နယ်ခြားစောင့်တပ် BGF ဗိုလ်မှူးက "ငါတို့နင့်မြေကိုလာမရှုပ်တော့ဘူး"ဟု ပြောခဲ့သည်။"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦး၏ ဓာတ်ပုံမှတ်တမ်းတစ်ခုမှ ဖော်ပြချက်။ ပိုင်ကျုံမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၃ခုနှစ် ဇူလိုင်လ တွင်ရရှိသည်)[550]

---

[548] source# 30 တွင်ကြည့်ရှုပါ။
[549] source# 30 တွင်ကြည့်ရှုပါ။
[550] source# 30 တွင်ကြည့်ရှုပါ။

## ၆။ အခြားသောနည်းဗျူဟာများ

၂၀၁၂ခုနှစ် ဒီဇင်ဘာလမှစ၍ ကရင့်လူ့အခွင့်အရေးအဖွဲ့ KHRG မှ သုနေသနပြုရာ ကရင်ခရိုင် (၇) ခုအတွင်း (၄) ခုမှလက်ခံရရှိသော အစီရင်ခံစာ (၁၂) စောင်တွင် ရွာသားများ၏ တုံ့ပြန်မှုနှင့် ပတ်သက်သော အခြားသောနည်းဗျူဟာများနှင့် အချက်အလက်များအား ဖော်ပြထားပါသည်။ ၎င်းခရိုင်များမှာ တောင်ငူခရိုင်၊[551] ဖာပွန်ခရိုင်၊[552] ဒူးပလာယာခရိုင်[553] နှင့် ဘားအံခရိုင်[554]တို့ပါဝင်သည်။ ရွာသားများမှာ ၎င်းတို့၏မြေများအား အဓမ္မ သိမ်းပိုက်ခြင်းတို့မှ ကာကွယ်ရန် ကြိုးစားရာတွင် ဆန္ဒပြတောင်းဆိုမှုများ၊[555] သတင်းမီဒီယာထံ တင်ပြခြင်းများ၊[556] ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အတွက်လျာထားသောပစ္စည်းများ ဖျက်ဆီးခြင်း[557] နှင့် တိုင်ရိုက် မျက်နှာချင်းဆိုင် တွေ့ဆုံခြင်း[558]များပါဝင်သည်။

ရွာသားများသည် ၎င်းတို့မြေများအဓမ္မသိမ်းယူခြင်းမှကာကွယ်ရန် နည်းလမ်းတစ်ခုအနေဖြင့် ၎င်းတို့၏မြေများကို ဆုံးရှုံးစေမည့် စီမံကိန်းများအား ရှေ့ဆက်လုပ်ဆောင်ခြင်းမပြုရန် ဝိုင်းဝန်းတားဆီးသည့် လုပ်ဆောင်မှုများကို အသုံးပြုသည်။[559]

*"မယ်ဝေကျေးရွာစုအတွင်းနေထိုင်သော ရွာသားများ၏ ကြားသိထားပုံအရ ကုမ္ပဏီမှ ရွှေတူးဖော်မှုအား မယ်ဝေချောင်းတွင်ပြုလုပ်ရန်ရှိသည်။ ဒေသခံပြည်သူများသည်... စီမံကိန်းအားကန့်ကွက်ရန် အချင်းချင်း စည်းရုံး၍ ကျေးရွာအုပ်စုလူကြီးများနှင့်အတူ ၎င်းစီမံကိန်းကို ပြတ်ပြတ်သားသား ကန့်ကွက်စာများအား လမ်းနှင့် ချောင်းတစ်လျှောက်တွင် ကပ်ထားခဲ့ကြသည်။ မယ်စေကျေးရွာစုနေ ဒေသခံများသည် လာမည့်နှစ် ရွှေတူးဖော်မှုအား ကန့်ကွက်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏မျိုးဆက်သစ် ကလေးငယ်များနှင့် တူ၊ တူမများ၏ ရှေ့ရေးကိုရှေးရှု၍ ၎င်းတို့၏စားဝတ်နေရေး အခွင့်အလမ်းများအတွက် သဘာဝပတ်ဝန်းကျင် သစ်တောများအား ဆက်လက်ထိန်းသိမ်းလိုခြင်းဖြစ်သည်။"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားပေးပို့သော ဒေသတွင်းနောက်ဆုံးအခြေအနေ။ ဒွယ်လိုးမြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ်မြောက်ပိုင်း (၂၀၁၃ခုနှစ် နိုဝင်ဘာလတွင် ရရှိသည်)[560]

[551] source# 46 တွင်ကြည့်ရှုပါ။
[552] source# 17, 13b, 89, 13, 36, 1b, 2b တွင်ကြည့်ရှုပါ။
[553] source# 61, 64 တွင်ကြည့်ရှုပါ။
[554] source# 77, 110 တွင်ကြည့်ရှုပါ။
[555] source# 13 တွင်ကြည့်ရှုပါ။
[556] source# 3b တွင်ကြည့်ရှုပါ။
[557] source# 14 တွင်ကြည့်ရှုပါ။
[558] source# 110 တွင်ကြည့်ရှုပါ။
[559] source# 36 တွင်ကြည့်ရှုပါ။
[560] source# 13 တွင်ကြည့်ရှုပါ။

အချို့သောဖြစ်ရပ်များတွင် ရွာသားများ၏ နည်းဗျူဟာများသည် အောင်မြင်မှုရရသော်လည်း၊ ဥပမာအနေဖြင့် အထက်တွင်ဖော်ပြခဲ့သော အုပ်စုဖွဲ့ဆန္ဒထုတ်ဖော်မှုများ၊ ရွာသားများက အခြားသော နည်းလမ်းများဖြင့်ကြိုးစားရာတွင် ရွာသားများအတွက် အမှန်တကယ်အကျိုးရှိသော ရလာဒ်များ မရကြချေ။ အခြားဖြစ်ရပ်တွင် သစ်လုပ်ငန်းအပေါ် KNU/KNLA-PC (ငြိမ်းချမ်းရေးကောင်စီ)အား ထိပ်တိုက်တွေ့ဆုံဖြေရှင်းခဲ့သော ဘုန်းကြီးတစ်ပါးသည် ၎င်း၏သစ်လုပ်ငန်းပေါ်ဆန့်ကျင်မှုကြောင့် သတ်ဖြတ်ခြင်း ခံခဲ့ရသည်။[561]

*"အရင်က KNU/KLNA-PC တွေကခြံထဲမှာ သစ်လုပ်ချင်တယ်။ ဒါပေမယ့် ဘုန်းကြီးက သစ်လုပ်ခွင့်မပေးခဲ့ဘူး။ ကျွန်တော်ထင်တာကတော့ သူကဘုန်းကြီးကို သိပ်ကြိုက်ပုံမရဘူး…အောက်တိုဘာ ၈ ရက်နေ့ ၂၀၁၄မှာ ကျွန်တော်တို့က ကထိန်ပွဲ ကျင်းပခဲ့တယ်။ ကျွန်တော်တို့စေတီတစ်ဆူရှိတယ်။ ပြီးတော့ ကျွန်တော်တို့ ဘာသာကို ကျွန်တော်တို့လေးစားတယ်။ အောက်တိုဘာလ ၉ ရက်နေ့မှာ ဘုန်းကြီးကိုဖမ်းသွားတယ်…ပြီးတော့ ဘုန်းကြီးကိုစစ်တပ်စခန်းထဲပြန်ခေါ်သွားတော့ ကနထ လမ်းဘက်ခြမ်းသွားခဲ့တယ်၊ သူတို့က ၁ ဖာလုံ[562] အကွာလောက်လည်းရောက်ရော ဘုန်းကြီးကိုရိုက်၊ ကျောကုန်းကိုမီးနဲ့ရှို့ ပြီးတော့ သတ်ပစ်လိုက်ကြတယ်"*

ဦး အ--- (ကျား၊ ၄၉ နှစ်) တလော်သောရွာ၊ ပိုင်ကျုံမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၄ အောက်တိုဘာလတွင် တွေ့ဆုံမေးမြန်းခဲ့သည်)[563]

---

[561] source# 110 တွင်ကြည့်ရှုပါ။

[562] ဖာလုံအခေါ်သည် အကွာအဝေးကိုဖော်ပြပြီး ကီလိုမီတာအားဖြင့် ၀.၂ ကီလိုမီတာရှိသည်။

[563] source# 110 တွင်ကြည့်ပါ။

**ကျေးလက်နည်းဗျူဟာများဆိုင်ရာ ဖြစ်ရပ်လေ့လာမှု ထီးလုံရေကာတာ၊ ဘားအံခရိုင်**

ထီးလုံရေကာတာသည် ထီးလုံမြို့နယ်၊ ဘားအံခရိုင်တွင်တည်ရှိသည်။ ၎င်းရေကာတာဆောက်လုပ်ရေးသည် ၂၀၀၆ခုနှစ်တွင် စတင်ပြီး ၂၀၁၀ ခုနှစ် တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ပျက်စီးဆုံးရှုံးမှုများ ရှိသော်လည်း အဓိကအားဖြင့် ရေလွှမ်းမိုးခြင်းဖြစ်ရပ်များကို ရွာသားများက ကရင်လူ့အခွင့်အရေး KHRG ထံ ၂၀၁၄ ခုနှစ် မတ်လထိတိုင် တင်ပြခဲ့သည်။ ရေကာတာဆောက်လုပ်ရေးကြောင့် မြေသိမ်းခံထားရသောရွာသားများ သို့မဟုတ် ရေးလွှမ်မိုးမှုနောက်ဆက်တွဲကြောင့် ရွှေ့ပြောင်းခဲ့ရသောရွာသားများသည် နည်းမျိုးစုံဖြင့်၎င်းတို့၏ မြေယာများအတွက် လျော်ကြေးရရှိရန် ကြိုးပမ်းခဲ့ကြသည်။ အစီရင်ခံစာတင်ပြချိန်တွင် ရွာသားများသည် အခြားသောမီဒီယာများနှင့် ၎င်းတို့၏မြေယာများ ဆိုင်ရာဖြစ်ရပ်များကို ဗီဒီယို၊ ဓာတ်ပုံမှတ်တမ်းများနှင့်တကွ တင်ပြပြီး ၎င်းတို့၏မြေယာသိမ်းဆည်းခံရမှုများနှင့် ပတ်သက်၍ အစိုးရဝန်ကြီးထံ တရားဝင်အသနားခံစာတင်ခဲ့သည်။ ၎င်းရွာသားများမှာ လျော်ကြေးများ မရရှိသေးသော်လည်း ဒေါ်နန်းစေးဝါဆိုသူ နယ်မြေဆိုင်ရာလွှတ်တော်အမတ်မှာ ဒေသခံရွာသားများနှင့် တွေ့ဆုံပြီး ၎င်းတို့၏ စိုးရိမ်မှုများအား တင်ပြရန်သဘောတူပေးခဲ့သည်။ ထို့နောက် ဒေါ်နန်းစေးဝါမှာ လျော်ကြေးကိစ္စနှင့်ပတ်သက်၍ အထက်ကရင်ပြည်နယ်ဝန်ကြီးချုပ် နှင့် မြေယာဆိုင်ရာစုံစမ်းစစ်ဆေးရေးကော်မရှင်[564] အားတင်ပြပေးရန် ကတိပေးခဲ့သည်။ ဆုံးဖြတ်ချက်ရလာဒ်မရသေးမီမှာပင် ရွာသားများသည် မိမိကိုယ်တိုင်ယုံကြည်စွာဖြင့်သာ ထောက်ခံပြောကြားပြီး ဖြစ်ပေါ်လာမည့်အခြေအနေအဆင့်များကို ၎င်းတို့ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းခဲ့သည်။

*"ထီးလုံမြို့နယ်၊ ဘားအံခရိုင်တွင်းမှာ ထီးလုံရေကာတာဆောက်လုပ်တာနဲ့ ပတ်သက်ပြီးတော့ (အစိုးရနှင့် တစ်ဦးချင်းကြွယ်ဝချမ်းသာသူများ)က မြေယာကေပေါင်း (၃၀၀၀) ကိုသိမ်းယူခဲ့ကြတယ်။ ဤစီမံကိန်း၏ ရလာဒ်အနေနဲ့ ရွာသားများမှာ ဒုက္ခအမျိုးမျိုးနှင့်တွေ့ကြုံခဲ့ရတယ်။ ရွာသားတွေ လုပ်စားဖို့မြေတွေဆုံးရှုံးပြီး ဆက်လက်ရှင်သန်ဖို့ ကျပန်းအလုပ်တွေနဲ့ပဲ လုပ်ကိုင်စားသောက် ကျင်လည်ခဲ့ရတယ်။ ပြီးတော့ သူတို့ဒေသမှာ အလုပ်မရှိတာနဲ့ပဲ သူတို့ရဲ့ သားသမီးတွေ ဘန်ကောက်ကို အလုပ်လုပ်သွားလုပ်ခဲ့ကြတယ်… ရွာသားတွေက စာရွက်စာတမ်းနဲ့ ရေလွှမ်းမိုးခံထားရတဲ့ မြေစာရင်းတွေကို ကျွန်တော့်ဆီ တင်ပြထားပုံအရကတော့ မြေနေရာပေါင်း (၄၀) ရှိတယ်။ သူတို့တွေ အသိမ်းခံရတဲ့မြေကေပေါင်းနဲ့ မြေအသိမ်းခံထားရတဲ့သူတွေ စာရင်း ကျွန်တော့်ဆီတင်ပြတယ်။ ဒါ့အပြင် သူတို့ကျွန်တော့်ဆီ အစိုးရ နဲ့ ချမ်းသာကြွယ်ဝသူတွေက သိမ်းထားတဲ့ မြေကေပေါင်းနဲ့ မြေအသိမ်းခံထားရသူနာမည်စာရင်းတွေတင်ပြတယ်။ သူတို့တွေကျွန်တော့်ကို သူတို့ကိုယ်တိုင် မြေအသိမ်းခံထားရတုန်းက ရိုက်ထားဗီဒီယိုတွေ နဲ့ သူတို့ မြေပိုင်ရှင်စာရင်းတွေပေးခဲ့တယ်"*

KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ရေးသားပေးပို့သော ဒေသတွင်းနောက်ဆုံးအခြေအနေ။ ထီးလုံမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၄ မတ်လတွင်ရရှိသည်)[565]

---

[564] မြေယာဆိုင်ရာစုံစမ်းစစ်ဆေးရေးကော်မရှင်သည် ဩဂုတ်လ ၂၀၁၂ တွင်လယ်သမားရေရာကော်မတီမှ မြေယာပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများအား ဖော်ပြရန်ရည်ရွယ်၍ဖွဲ့စည်းခဲ့သည်။ ၎င်း၏ပထမအစီရင်ခံစာမှာ ၂၀၁၃ မတ်လ တွင်ထုတ်ပြန်ခဲ့ပြီး ၎င်းအစီရင်ခံစာတွင် တစ်နိုင်ငလုံ အတိုင်းအတာဖြင့် ဖော်ပြချက်အရ ၂၀၁၂ ဇူလိုင်လမှ ၂၀၁၃ ဇန်နဝါရီလအတွင်း မြန်မာစစ်တပ်မှမြေကေပေါင်း ၂၅၀၀၀၀ ကျော်ကို သိမ်းပိုက်ခဲ့ကြောင်းထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းကော်မရှင်သည် စစ်တပ်မှကျူးလွန်သောမြေယာသိမ်းဆည်းမှုများသာဖော်ပြပြီး အခြားသောကျူးလွန်သူများအားမဖော်ပြခဲ့ခြင်းကြောင်း ဝေဖန်ခြင်းခံခဲ့ရသည်။ အင်တာနက်လိပ်စာ Rampant Land Confiscation Requires Further Attention and Action from Parliamentary Committee တွင်ကြည့်ယူပါ။ မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ၊ ၂၀၁၅ မတ်လတွင်ကြည့်ရှုခဲ့သည်။ ထက်နိုင်ဇော်နှင့် အေးကျော်ခိုင်တို့မှ 'စစ်တပ်မှများစွာသော မြေယာသိမ်းဆည်းမှုတွင်ပါဝင်ခဲ့သည် ပဏာမအစီရင်ခံစာ' ဧရာဝတီသတင်းဌာန၊ ၂၀၁၄ မတ်လ

[565] Source# 77 တွင်ကြည့်ပါ။

## [ခ] ၂၀၁၁ခုနှစ် မှ ၂၀၁၂ခုနှစ် ထိ ပြောင်းလဲလာသောဖြစ်ပေါ်မှုကိစ္စရပ်များအားနှိုင်းယှဉ်ဖော်ပြခြင်း

ယခင်က ၂၀၁၁ ခုနှစ် မှ ၂၀၁၂ ခုနှစ်ကြားကာလအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်း မြေယာသိမ်းဆည်းမှုဆိုင်ရာ KHRG ၏ အစီရင်ခံစာချုပ်အတွင်း ရွာသားများ၏တုန့်ပြန်မှုဆိုင်ရာဗျူဟာနှင့် ပတ်သက်၍ ဖြစ်ရပ် (၇၄) ခုအား လုပ်ဆောင်တင်ပြခဲ့သည်။ ယခုအစီရင်ခံစာတွင် ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ မြေယာဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများအပေါ်တုန့်ပြန်မှုများ အစီရင်ခံစာ (၉၈) စောင်ကို ဖော်ပြခဲ့သည်။ "ရပ်တည်ရာပျောက်ဆုံးခြင်း" အစီရင်ခံစာ နှင့်နှိုင်းယှဉ်ပါက ယခုအစီရင်ခံစာ ရေးသားချိန်အတွင်း ဤပြန်လည်တုန့်ပြန်မှုနှင့် စပ်လျဉ်းသည့် အစီရင်ခံစာစောင်များ ပိုမို များပြားလာပါသည်။ ထို့ကြောင့် ရွာသားများ၏ တုန့်ပြန်မှုများသည် ဆက်လက်ဖြစ်ပေါ်နေပြီး တုန့်ပြန်မှု အမျိုးအစားများ၏ ပြောင်းလဲမှုဖြစ်စဉ်များကို တွေ့ရှိနိုင်သည်။ ထို့အပြင် ဤဖြစ်ရပ်စုစုပေါင်းဖြစ်ရပ်များတွင် တုံ့ပြန်မှုဗျူဟာများဆိုင်ရာ အမျိုးအစားများမှာ ဤအစီရင်ခံစာချုပ် တင်ပြရာကာလအတွင်း ပိုမို များပြားလာသည်ကိုလည်း တွေ့ရသည်။ ရွာသားများသည် တုံ့ပြန်မှုအားပြုလုပ်ရာတွင် တိုင်ပင်ဆွေးနွေးမှုဖြင့် သဘောတူညီမှုရယူခြင်း၊ အသနားခံတင်ပြခြင်းများ အကြိမ်ရေအားဖြင့်တိုးလာပြီး မြေယာများသမရိုးကျ မှတ်ပုံတင်ပြီး NGOs/CBOs များထံတင်ပြခြင်းများသည် ဤအစီရင်ခံစာတင်ပြသည့် ကာလအတွင်း ပိုမိုများပြားလာသည်ကို တွေ့ရသည်။ ဤသို့ဖော်ပြခြင်းအားဖြင့် ၎င်းဗျူဟာများသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ မတိုင်မီ အသုံးမပြုခဲ့ဟု မဆိုလိုပါ။ သို့သော် ယခု ဤအစီရင်ခံစာသုတေသနပြုရာ အချိန်ခါတွင် ရွာသားများသည် ၎င်းတို့၏ အခွင့်အရေးအား ကာကွယ်ရန်နှင့် ၎င်းချိုးဖောက်မှုများအား ကိုင်တွယ်ဖြေရှင်းရန် ဤတုန့်ပြန်မှုဆိုင်ရာနည်းဗျူဟာများအား မကြာခဏ ဖော်ပြလေ့ရှိသည်။





အထက်ဖော်ပြပါပုံကို ၂၀၁၄ခုနှစ် ဧပြီလ ၁ ရက်၊ ကရင်ပြည်နယ် အနောက်မြောက်ပိုင်းရှိ သံတောင်ကြီးမြို့နယ်၊ ဒ---ကျေးရွာရှိ ရုံးတွင် ရိုက်ယူခဲ့သည်။ ကရင်အမျိုးသားအစည်းအရုံးသည် ဒေသခံရွာသူရွာသားများ အနာဂတ်တွင် မြေယာအခက်အခဲများ ပေါ်လာပါက ရွာသူရွာသားများအနေဖြင့် ၎င်းတို့၏မြေယာများအတွက် ထိန်းသိမ်းကာကွယ်နိုင်ရန်နည်းလမ်းများကို ရွာသူရွာသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ [ပုံ-KHRG]







ဤပုံများကို ၂၀၁၄ခုနှစ် ဧပြီလ ၂၇ရက်၊ ကရင်ပြည်နယ် အနောက်မြောက်ပိုင်းရှိ သံတောင်ကြီးမြို့နယ်တွင် ရိုက်ယူခဲ့သည်။ ပုံတွင် ရွာသူရွာသားများက သောက်ရေခပ်မြစ်တွင် တည်ဆောက်ထားသော ဒုတိယရေကာတာတစ်ခုကို ဆန့်ကျင်ဆန္ဒပြကြသော ပုံကိုပြသည်။ သောက်ရေခပ်မြစ်တွင် ယခင်က ဆောက်လုပ်ခဲ့သော ထိုးဘိုရေကာတာသည် ရေလွှမ်းမိုးမှုကြောင့် လယ်သမားများ၏ လယ်ယာမြေများ ပျက်စီးခဲ့ခြင်းနှင့် တံတားတစ်စင်းသည်လည်း နစ်မြုပ်ခဲ့ရသည်။ ရွာသူရွာသားများသည် ရွှေစွမ်းအင်ကုမ္ပဏီမှ ဆောက်လုပ်သည့် ဒုတိယရေတာတမံကို ရပ်တန့်ရန် နှင့် ထိုဒေသအတွင်း ရှိ ဒေသခံများ သွားရေးလာရေး လွယ်ကူရန် တံတားတစ်စင်း ဆောက်လုပ်ပေးရန်အတွက်စည်းရုံးလှုံ့ဆော်ကြသည်။ရွာသူရွာသားများမှ ၎င်းတို့၏စီမံကိန်းကို ကုမ္ပဏီမှရပ်တန့်ရန် အတည်ပြုခြင်းမရှိဘဲ ၎င်းတို့တောင်းခံထားသော တံတားဆောက်လုပ်ရန်အစား ဒေသခံများ မြစ်ကို ဖြတ်သွားဖြတ်လာရာတွင် အသုံးပြုရန်အတွက် ဖောင်တစ်ခုကို ထောက်ပံ့ပေးခဲ့သည်ဟု တင်ပြခဲ့သည်။ [ပုံ-KHRG]

| | |
|---|---|
|  |  |
| အထက်ဖော်ပြပါပုံသည်မွန်ပြည်နယ်မြောက်ပိုင်းရှိဘားအံမြို့နယ်၊ဟ---ကျေးရွာရှိရွာသားတစ်ဦး၏အမွေရရှိထားသောမြေ ယာပေါ်တွင်အိမ် ဆောက်လုပ်ခြင်းနှင့်ပတ်သက်ပြီး ၂၀၁၃ခုနှစ် စက်တင်ဘာလ၂၈ရက်နေ့စွဲဖြင့်မြန်မာလွှတ်တော်နှင့်ဆိုင်သော မြေယာစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့အမှတ်(၉)သို့လိပ်စာတပ်ထားသောတိုင်ကြားစာတစ်စောင်ဖြစ်သည်။၎င်းတိုင်ကြားစာကိုစောတ--မှတင်ပြထားပြီး၎င်းကကျေးရွာခေါင်းဆောင်စောလှစိန်နှင်စောတင်မောင်စိန်တို့မှ၎င်း၏အမွေအဖြစ်ရရှိပိုင်ဆိုင်ထားသော မြေယာပေါ်တွင်ပိုင်ရှင်ကိုမည်သည့် ဆွေးနွေးတိုင်ပင်ခြင်းမှုမပြုလုပ်ခြင်းနှင့် မည်သည့် လျော်ကြေးငွေမှုပေးဆောင်ခြင်းမရှိဘဲ အိမ်များတည်ဆောက်ခြင်းအကြောင်းကို တိုင်ကြားထားပါသည်။ [ပုံ-KHRG] | အထက်ဖော်ပြပါပုံသည် ၂၀၁၃ခုနှစ် အောက်တိုဘာလ ၂၀ရက်နေ့စွဲဖြင့်တိုင်ကြားစာတစ်စောင်ဖြစ်သည်။၎င်းသည်ကရင်ပြည်နယ်တောင်ပိုင်းနှင့် အလယ်ပိုင်းရှိ လယ်မြေအသိမ်းဆည်းခံခဲ့ရသောရွာသူရွာသားများ၏ အမည်များကိုစာရင်းပြုစုထားသည်။ ၎င်းတိုင်ကြားစာကို ကရင်နယ်ခြားစောင့်တပ်၏တပ်ရင်း အမှတ် ၁၀၂၂မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံသို့ပေးပို့သည်။ ၎င်းစာထဲတွင် ကရင်နယ်ခြားစောင့်တပ်၏တပ်ရင်း အမှတ် ၁၀၂၂မှ တပ်ရင်းမှူးဗိုလ်မှတ်သုံမှ စစ်ဘက်ရေးရာတွင် အသုံးပြုရန်အတွက် ၁,၀၀၀ ဧကခန့်ရှိသော ရွာသူရွာသားများ၏ မြေယာများကို သိမ်းဆည်းခဲ့ခြင်းအကြောင်းကို စွပ်စွဲရေးထားသည်။ ၎င်း၏ကိုယ်ရေးကိုယ်တာတွင် သုံးစွဲရန်အတွက်လည်း ရွာသူရွာသားများဆီမှ နောက်ထပ်မြေဧကပေါင်း ၆၄၂ ဧကကျော်ကိုလည်းသိမ်းယူခဲ့ပြီး ရွာသူရွာသားများကိုလည်း ဤကဲ့သို့ခြိမ်းခြောက်ပြောဆိုခဲ့သည်။ "*နင်တို့မြေယာကိုပြန်ရချင်ရင် နင်တို့ ကရင်နယ်ခြားစောင့်တပ်မှာလာစစ်မှုထမ်းဆောင်ရမယ်။မဟုတ်လို့ရှိရင်နင်တို့မြေယာတွေအတွက် တရားဥပဒေနဲ့ ရင်ဆိုင်ဖြေရှင်းရမယ်။ ငါနင်တို့မြေယာတွေကိုသိမ်းယူတာမကြိုက်ဘူးဆိုလို့ရှိရင်ငါနင်တို့ကို ထောင်ထဲထည့်လိုက်မယ်။*" [ပုံ-KHRG] |





အထက်ဖော်ပြပါပုံများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၈ရက်၊ ကရင်ပြည်နယ်တောင်ပိုင်းရှိ ကျုံဒိုးမြို့နယ်တွင်ရိုက်ယူခဲ့သည်။ထိုပုံများသည် ကျောက်တူးဖော်ရေးလုပ်ငန်းကြောင့်ဒေသခံမြေယာများပျက်စီးခြင်းနှင့်ပတ်သက်ပြီးဂ--- ကျေးရွာမှကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ တင်ပြသောတိုင်ကြားစာတစ်စောင်ကိုပြသည်။စီမံကိန်းလုပ်ငန်းမှကျောက်တုံးများသည်လယ်ထဲရှိ ရေမြောင်းများကို ပိတ်မိသောကြောင့် အကျိုးဆက်အနေဖြင့် ရွာသူရွာသားများ လယ်လုပ်၍ မရဘဲဖြစ်နေသည်။ လယ်ပိုင်ရှင်များသည် ကျောက်တုံးဖောက်လုပ်ပြီး သောအခါတွင်ထိုကျောက်တုံးများကိုကြိုးစား၍လိုက်ကောက်ပြီးရှင်းလင်းခဲ့ဖူးသည်။သို့သော်အရာမရောက်ပေ။ ရွာသူရွာသားများအနေဖြင့် ဤအကြောင်းအရာကို ကြိုးစား၍ဖြေရှင်းရာတွင် မိုင်းဖောက်လုပ်ခြင်းလုပ်ငန်းကို အရေးယူဆောင်ရွက်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးဆီသို့ ဤတိုင်ကြားစာကို တင်ပြသည်။ [ပုံ-KHRG]



အထက်ဖော်ပြပါပုံကို ကရင်ပြည်နယ်တောင်ပိုင်းရှိကျုံဒိုးမြို့နယ်၊မ--ကျေးရွာရှိကျောက်တုံးမိုင်းဖောက်လုပ်ရေးလုပ်ငန်းကြောင့်မြေယာများပျက်စီးသွားခြင်းအကြောင်းကိုဒေသခံရွာသားတစ်ဦးကတင်ပြသည်။ကျောက်တုံးဖောက်လုပ်မှုကြောင့်မရမ်းကုန်းကျောက်ဆောင်အနားရှိရွာသားများအားဆိုးကျိုးများဖြစ်စေသည်။ကျောက်တုံးကြီးများခွဲခြင်းကြောင့်စိုက်ပျိုးရေးအတွက်အသုံးပြုသောရေစီးဆင်းရာလမ်းကြောင်းပိတ်ထားပြီး ဆိုးဝါးစွာ ဖျက်ဆီးပစ်ခဲ့သည်။ မ---ကျေးရွာခေါင်းဆောင်အပါအဝင် လယ်ယာပိုင်ရှင်များသည် မ---ကျေးရွာဘုန်းကြီးကျောင်းတွင် ထိုအကြောင်းကို တင်ပြခဲ့သည်။ [ပုံ- KHRG]



အထက်ဖော်ပြပါပုံကို ၂၀၁၃ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်၊ ကရင်ပြည်နယ်တောင်ပိုင်းရှိ ကျုံဒိုးမြို့နယ်တွင် ရိုက်ယူခဲ့သည်။ ထိုပုံသည်ကျေးရွာကောင်စီဥက္ကဋ္ဌဖြစ်သူဦးနယူးအောင်နှင့် ကျောင်းအုပ်ဦးအောင်ငြိမ်းတို့မှ၁၉၈၅ခုနှစ်ကတည်းကသိမ်းပိုက်ထားသောမြေယာကိုရွာသူရွာသားတစ်ဦးကညွှန်ပြသည့်ပုံကိုပြသည်။ရွာသူရွာသားများသည်၎င်းတို့၏ဖျက်ဆီးထားသောမြေယာနှင့်သိမ်းဆီးထားသောမြေယာများအတွက်မည်သည့်လျော်ကြေးငွေမျှ မရရှိပေ။ မြေပိုင်ရှင် ဦးဘ---၊၎င်း၏သား ဦးဂျ---၊ ဦးအာ---နှင့်၎င်း၏သမီးမ ပ---တို့သည် ဤအဖြစ်အပျက်ကို တင်ပြခဲ့သည်။ လျော်ကြေးငွေ မရရှိသောအခြားသော လယ်ပိုင်ရှင်များ ရှိနေသေးသည်ကိုလည်း ၎င်းတို့တင်ပြခဲ့သည်။ [ပုံ- KHRG]



မြန်မာပြည်အရှေ့တောင်ပိုင်း ဒေသရှိ ကရင်ရွာသူရွာသားများသည် ၎င်းတို့၏ လယ်ယာမြေများအား အမျိုးမျိုးသော မြေယာသိမ်းဆည်းသူများထံ မှ သိမ်းဆည်းခြင်းများကို ပျံ့နှံ့စွာ ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ ဤမြေယာသိမ်းဆည်းမှုများသည် မြန်မာအစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံး ကေအဲန်ယူ တို့၏ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ မှ အပစ်ခတ်ရပ်စဲရေးမူကြမ်းပြုလုပ်ပြီး ကတည်းက မြန်မာပြည်ရှေ့တောင်ပိုင်းရှိ နိုင်ငံခြားရင်းနှီးမြုပ်နှံမှု နှင့် ပြည်တွင်းရင်းနှီးမြုပ်နှံမှုများ လျှင်မြန်သည့် ကြီးမားများပြားလာမှုကြောင့် ဖြစ်သည်ဟု အဆိုပြုနိုင်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ၏ ၂၀၁၃ ခုနှစ်မှ [Losing Ground] "ရပ်တည်ရာပျောက်ဆုံးခြင်း ခေါင်းစဉ်" အမည်ရှိ ပထမ အစီရင်ခံစာတွင် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ မှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ကြားရှိ အစီရင်ခံစာပြုစုသည့် ကာလအတွင်း ဤမြေယာသိမ်းဆည်းခြင်းအကြောင်းကို သတင်းမှတ်တမ်း ပြုစုခဲ့ပြီး ဖြစ်ပါသည်။ ဤ **"ကျွန်ုပ်တို့ ရွာသားများ ပြောသည့် အသံ တစ်ခုတည်းဖြင့် ဘာများဖြစ်လာနိုင်မည်နည်း"** ဟူသည့် အစီရင်ခံစာတွင်မူ ယခင် ထုတ်ဝေခဲ့သည့် အစီရင်ခံစာမှ ဆက်လက်ဖြစ်ပွားလျက်ရှိသော မြေယာအကြောင်းအရာများအား ယခု အစီရင်ခံစာ ပြုစုနေစဉ် ရှာဖွေတွေ့ရှိခဲ့သော အကြောင်းအရာများ နှင့် ပြန်လည် ဖော်ပြထားခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာသည်လည်း ဒေသခံတို့၏ မြေယာသိမ်းဆည်းခြင်းသို့ တုံ့ပြန်မှုများ၊ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ဒေသခံ လူမှုအသိုင်းအဝိုင်းနှင့် တစ်ဦးချင်းဆီမှ လက်ဝယ်ထားရှိသည့် ကိုယ်စားပြု အဖွဲ့အစည်း နှင့် ၎င်းတို့၏ ကိုယ်ပိုင် လူ့အခွင့်အရေးအား ကြိုးစားပြီး ကာကွယ်နေချိန်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အဟန့်အတားများ စသည်တို့အား မီးမောင်းထိုးပြရန် ရှာဖွေထောက်ပြထားပါသည်။ ဤအစီရင်ခံစာသည် ဒေသခံတို့၏ အမြင်ရှုထောင့်နှင့် ရွာသူရွာသားများ၏ အသံများကို ဦးစားပေး ဖော်ပြထားပါသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် ဒေသခံအဖွဲ့အစည်းများ၊ အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအား မြန်မာပြည်အရှေ့တောင်ဘက်ရှိ ဒေသခံ လူထုများ ရင်ဆိုင်ကြုံတွေ့နေရသည့် အတွေ့အကြုံနှင့် ပူပင်သောကများအတွက် ထိုအဖွဲ့အစည်းများမှ မြေယာ မူဝါဒများ နှင့် စနစ်တကျ ဆွဲထားသည့်စီမံကိန်းဆုံးဖြတ်ချက်များ ပြုလုပ်သည့်အခါ ပိုမိုထိရောက်စွာအကျိုးသက်ရောက်မှု ပြုစေရန် ရည်ရွယ်ပါသည်။

*"အခုကြည့်ပါလား၊ ကျမတို့ရဲ့ အဘိုးအဘွားတွေဆီက ပေးထားတဲ့မြေတွေ၊ အကုန်လုံးပျက်စီးကုန်ပြီး။ သူတို့ကတော့ ပိုက်ဆံယူပြီး စီးပွားရေးတွေလုပ်တယ်၊ ကျမတို့က အရှုံးခံရတယ်၊ အနာခံရတယ်။ ကျမတို့ ဘာမှလည်းမရဘူး။ အနစ်နာခံရတယ် ဘယ်လောက်အထိတောင် အနိုင်ကျင့်လဲ ကျမတို့ကို။ လူဆိုတာဘာလဲ။ လူချင်းအတူတူဘဲ၊ သူများထိမလား၊ နာမလား သူတို့မသိဘူး။ သူတို့ကတော့ တခြားလူတွေ ဘယ်လိုခံစားရမလဲဆိုတာ မသိကြဘူး။ သူတို့ပိုက်ဆံရရင်တော်ပြီး၊ သူတို့အမြတ် ရဖို့ဘဲ သိတယ်၊ တခြားလူတွေဘယ်လိုခံစားရလဲ၊ သူတို့ အဘိုးအဘွားလယ်လား အဲဒါ။ ပြောလိုက်ရင် တစ်ယောက်မှ မဟုတ်ဘူး။ အဲ့ဒါလူလား၊ လူမဟုတ်ဘူး တိရိစ္ဆာန်တွေ... သူတို့အတွက်ကတော့ သူတို့လုပ်ချင်တာကို ပိုက်ဆံအိတ်တွေနဲ့ လုပ်လို့ရတယ်။ ကျမတို့ကတော့ ပါးစပ်နဲ့ပြောနေရုံနဲ့ ဘာဖြစ်လာနိုင်မလဲ။*

နော်တ --- (အမျိုးသမီး)၊ ဒ --- ကျေးရွာ၊ ကျုံဒိုးမြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၄ခုနှစ် နိုဝင်ဘာလ တွေ့ဆုံမေးမြန်းထားသည်)

၁၉၉၂ခုနှစ်တွင်စတင်တည်ထောင်ခဲ့သောကရင်လူ့အခွင့်အရေးအဖွဲ့အစည်းသည်လွတ်လပ်သောအဖွဲ့အစသည်တစ်ခုဖြစ်ပြီးဒေသခံပြည်သူများအနေဖြင့်တွေ့ကြုံခံစားနေရ သောအဖြစ်အပျက်များနှင့်လူ့အခွင့်အရေးချိုးဖောက်ခံရများကိုစုဆောင်းမှတ်တမ်းယူနိုင်စေရန်သင်တန်းပို့ချပေးခြင်းနှင့်လိုအပ်သည့်ထောက်ကူပစ္စည်းများပံ့ပိုးပေးလျက်ရှိသည်။ထိုအပြင်ရရှိသည့်သတင်းအချက်အလက်များကိုဖြန့်ဝေပေးခြင်းနှင့်ချိုးဖောက်မှုများကိုကာကွယ်လျက်ရှိသည့်ရွာသားများ၏နည်းဗျူဟာများပိုမိုကောင်းမွန်စေရန်၎င်းတို့နှင့်ပူး ပေါင်းလုပ်ဆောင်မှုများလုပ်ခြင်းဖြင့်မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေပိုမိုတိုးတက်ကောင်းမွန်လာစေရန်ကြိုးပမ်းလျှက်ရှိပါသည်။ကျွန်ုပ်တို့၏လုပ်ငန်းများကိုအသေးစိတ်သိလိုပါက **www.khrg.org** တွင် ဖတ်ရှုနိုင်ပါသည်။

KHRG ကရင်လူ့ အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း